A အောင်ဖြတ်စိုး
၈၁၉ပ

အခန်း (၁)

အချိန်က တရုတ်ပြက္ခဒိန် ဆယ်လပိုင်း။

မိုးရာသီမို့ ရာသီဉတုက သင့်တင့်မျှတနေ၏။

လင်အန်းမြို့ကလေးမှာ မြောက်ပိုင်းဒေသမှ မြို့ကလေး တစ်မြို့ဖြစ်ပြီး စစ်မြာ ဦး ကျနေသဖြင့် စစ်ရေး၊ နိုင်ငံရေးတို့ဖြင့် ရှုပ်ထွေးနေသည်။

ထိုမြို့ကလေးတွင် သာယာလှပသော ရေကန် တစ်ကန်ရှိသည်။

မို့ချိုရေကန်ဟူ၏။

ညနေဆည်းဆာ၏ နေခြည်ရွှေရည်များက မို့ချို ရေကန်ပေါ်သို့ ခပ်စောင်းစောင်း ထိုးစိုက်ချနေသည်။

ကန်ရေပြင်တွင်လှိုင်းကြက်ခွပ်ကလေးများ ဘောင်ဘင်ရိုက်နေသည်မှာ မျက်စိပသာဒ တင့်မောလှ၏။ ကန်အလယ် ခပ်လှမ်းလှမ်း၌ ကြာပန်းကြာဖူးများက ငွားငွားစွင့်စွင့် ပွင့်လန်းနေသည်။

တစ်ချက်တစ်ချက် လေပြည်သုတ်လိုက်လျှင် ကြာပန်း ရနံ့များက ပျံ့လွင့်လာတတ်သည်။

ကြာပန်းရနံ့နှင့်အတူ ကြာခူးသူ အမျိုးသမီးကလေး များ၏ ချိုလွင် ကြည်အေးသော တေးသံများက ပျံ့လွင့်လာသည်။

ကန်ဘောင်၏ နံဘေးတွင် မီးခိုးရောင်ဝတ်စုံနှင့် လူတစ်ဦး တွေမှိုင်စွာ ထိုင်နေသည်။

နေဝင်တော့မည်။

လေပြည်က တသုန်သုန်ဖြူးလာ၏။

အဝေးဆီမှ သီချင်းသံက မရပ်မနားသေး။

ကြည်လင်အေးမြလှ၏။

သဘာဝ ပတ်ဝန်းကျင်နှင့် အဆက်ပြတ် ကင်းကွာနေသလို ဖြစ်နေသော မီးခိုးရောင် ဝတ်စုံဝတ်သူ ခေါင်းထောင် ထလာသည်။

ရေကန်၏ အလှမ်းဝေးနေသော နေရာ၌ လှေသဗ္ဗာန်ဏ လေးများ ကူးလူး လှော်ခတ် သွားလာ နေသည်ကို တွေ့ရသည်။

ထိုအချိန်တွင် မင်းမှုထမ်းလို လူအချို့ အရက် မူးမူးဖြင့် ချင်းတကြော်ကြော် အော်ဆိုနေသံ ထွက်လာပြန်သည်။



ထိုသူများသည် မို့ချိုရေကန်သို့ လျှောက်လာပြီးဇရပ်ငယ် တစ်ခုဆီသို့ ဦးတည်နေသည်။

ဟိတ်ဟန်တကြီးဖြင့် လျှောက်လာပြီးလျှင် တစ်ယောက် သောသူက ရေကန်တွင်းသို့ ထွီခနဲ တံတွေးတစ်ချက် ထွေး ထုတ်လိုက်သည်။

လူတစ်ယောက်က ရယ်ရယ်မောမောဖြင့်....

'ဟိုက မိန်းမတွေ ဘာသီချင်းဆိုနေမှန်း မသိဘူး၊ သုံးလေး ယောက်လောက် သွားခေါ်ခဲ့ရင် ကောင်းမယ်ထင်တယ်'

အလယ်မှ ဆရာကြီးအသွင်ရှိသူက အားပါးတရ ရယ်မော လိုက်သည်။

သူ့မျက်လုံးထဲတွင် ရမ္မက်ခိုးများ လျှံဝေနေ၏။

'နန်းတွင်းထဲက အခြောအလှတွေနဲ့တော့ တစ်မျိုး တစ်ဘာသာ ထူးမှာပဲ'

နှစ်ယောက်သားမှာ အော်ကြီးဟစ်ကျယ် ရယ်မော ပစ် လိုက်ကြ၏။

နံဘေးမှ ကိုယ်ရံတော်တို့သည်း လိုက်ရယ်ကြသည်။

အရာရှိဖြစ်သူ၏ နှာခေါင်းမှာ စွန်နူတ်သီး၊ ကြက်ဘူခွေး နှုတ်သီးလို ဖြစ်နေသည်။

မျက်လုံးအစုံက ဂနာမငြိမ်။

ရမ္မက်ခိုးများ ဝေနေသည်။

သူ့အရပ်က သာမန်လူတစ်ယောက်ထက် ခေါင်း တစ်လုံး စာ ပိုမြင့်နေသည်။

သူနှံဘေးမှလူများက စုန့် မင်းဆက်၏ မင်းမှုထမ်းများ ဖြစ်ကြ၏။

သူကိုယ်တိုင်ကမူ ကျင်းလူမျိုး ဖြစ်သည်။

တိုင်းရေးပြည်ရေး ရှုပ်ထွေးနေသည့်အချိန်တွင်မူ မိမိ၏ပြည်သူ မိန်းမပျိုလေးများအား လူမျိုးခြားလက်သို့ အပ်နှင်းလိုခြင်း ခြေတော်တင်လိုခြင်းတို့ကား အတော်ပင် စက်ဆုတ် ရွံရှာဖွယ် ကောင်းလှချေသည်။

ကျင်းလူမျိုး အရာရှိကြီးသည် ကြာပန်း ခူးဆွတ်နေသည့် မိန်းမပျို ကလေးများကို အာရုံ စူးစိုက် သဘော တွေ့နေသည်။

စုန့်မင်းဆက် အမှုထမ်းတစ်ယောက်က မျက်နှာလိုမျက်နှာ ရဖြင့် မိန်းမပျိုလေးများကို အော်ဟစ်ကာ လက်ယပ် ခေါ်သည်။

မိန်းမပျိုလေးများမှာ သူ့သီချင်းသံနှင့် သူ့အာရုံ ဝင်စားပြီး သူခေါ်သည်ကို မကြား။

သီချင်းဆိုမြဲ ဆိုနေ၏။

ကျင်းလူမျိုး အရာရှိ ဒေါသထွက်လာသည်။

အရက်အလည်း အရှိန်တက်၊ ရမ္မက်ကလည်း အရှိန်တက်လာသည်မို့ ရေကန်ဘက်သို့လှည့်၍ ခါးကိုင်းကာ....

'ဟဲ့_မင်းတို့ကို ခေါ်နေတာ မကြားဘူးလား'

ဟု အသံက အတော်ပင် ကျယ်လောင်သည်။

သီချင်းသံက မရပ်။



မိန်းမပျိုလေးတစ်ယောက်က ဦးဆောင်ဆိုနေပြီး ကျန်မိန်းမပျိုလေးများက နောက်မှ သံပြိုင်ရွတ်ဆိုနေခြင်းဖြစ်၏။

ကျင်းလူမျိုး အရာရှိသည် အရက်ရှိန် အလွန် တက်လာသည်မို့ ဝေါခနဲ အန်ချလိုက်၏။

စုန့်မင်းဆက် အမှုထမ်းက ကပျာကယာ ပြေးပွေ့ ထားသည်။

အန်ဖတ်များက သူ့ကိုယ်ပေါ်တွင် ပေကျံကုန်၏။

တိုင်းတစ်ပါးသား အန်ဖတ်ကိုပင် ထိုအမှုထမ်းမရွံရှာ။

ကျင်းလူမျိုး အရာရှိက တဝေါဝေါဖြင့် ဆက်အန်သည်။

စကားသံများကလည်း ဆူညံကုန်၏။

သာယာလှသော မို့ရေကန်၏ ညနေဆည်းဆာသည် အရုပ်ဆိုး အကျည်းတန်သွား၏။

'မဆူကြနဲ့၊ တိတ်ကြစမ်း'

အော်ဟစ်ငေါက်ငမ်းသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

ကျင်းလူမျိုး အရာရှိသည်ပင် အော့အန်ခြင်း ရပ်တန့်သွားသည်။

ကျင်းလူမျိုး တမန်တော်နှင့် ဘုရင့်နန်းတွင်း အရာရှိကြီးကို ဟန်ကား နှောင့်ယှက်ဝံ့သူ ရှိနေသဖြင့် အံ့အား သင့်သွားကြသည်။

အသံ ထွက်ပေါ်လာရာဆီသို့ လှည့်ကြည့်လိုက်လျှင် ကန်ဘောင်ပေါ်တွင် ထိုင်နေသော မီးခိုးရောင်ဝတ်စုံနှင့် လူကိုတွေ့လိုက်ကြရပေသည်။

'ဘယ်ကကောင်လဲကွ၊ ဒီမှာလာပြီး အော်ကြီး ဟစ်ကျယ်လုပ်ရဲတာ၊ မင်းမှာ မျက်လုံး မပါဘူးလား၊ ဒီလူတွေကို ဘယ်သူအောက်မေ့နေလို့လဲ ခွေးမသား'

ကိုယ်ရံတော်အစောင့်တစ်ဦးက ဓားမကိုဆုပ်ကိုင်ကာ မီးခိုးရောင်ဝတ်စုံနှင့်လူအား အော်ငေါက်ဆဲဆိုသည်။

ရှေ့သို့ လှမ်းတက်လိုက်သည်နှင့် ဖတ်ခနဲအသံနှင့်အတူ ကိုယ်ခန္ဓာက ရေကန်ထဲသို့ ကျသွားတော့သည်။

'ထွီ ....မင်းတို့လိုမျိုးမစစ်တဲ့ခန္ဓာကိုယ်တွေရေကန်ထဲကျသွားတာ ရေကန်ညစ်ပတ်တယ်'

မီးခိုးရောင်ဝတ်စုံနှင့် လူရိပ် လှစ်ခနဲရောက်ရှိလာပြီး ထိုသူကို ရေထဲမှဆယ်မကာ တအားလွှဲယမ်းပစ်လိုက်သည်။

'ဝုန်း....'

ဝါးသုံးပြန်လောက်အကွာတွင် ကျသွားပြီး ပြန်မထနိုင်တော့။

မိမိတို့၏လူ ခံလိုက်ရလျှင် အခြားကိုယ်ရံတော်နှင့် အရာရှိအသီးသီးတို့ အော်ဟစ်ကာ ဓားကိုယ်စီ ဆွဲကိုင်တိုက်ခိုက်သာကြသည်။

မီးခိုးရောင်ဝတ်စုံနှင့် လူကိုယ်ရိပ်က တမုဟုတ်ချင်းလှုပ်ရှားသွားသည်။



ကိုယ်ရံတော်တို့မှာ အရက်ကလည်းမူးနေ။ သိုင်းပညာအဆင့်အတန်းကလည်း နိမ့်ကျသည်မို့ တဒင်္ဂအတွင်းမှာပင် မီးခိုးရောင်ဝတ်စုံနှင့်လူ၏ ဆွဲယမ်းပစ်ပေါက်ခြင်းကို ခံရကာ ပြန်မထနိုင်ကြတော့။

ကိုယ်ရံတော်အားလုံး လဲကျကုန်ပြီ။

ကျင်းလူမျိုး တမန်တော်နှင့် ဆုံနိမ့်မင်းဆက် အရာရှိတို့သာ ကျန်တော့သည်။

ဆုန်နိမ့်မင်းဆက်အရာရှိ ထိဘ်သန့်တုန်လှုပ်ကာ လိပ်ပြာလွင့်မတတ် ဖြစ်သွား၏။

မီးခိုးရောင်ဝတ်စုံနှင့်လူ ကိုယ်ကို ဖျတ်ခနဲ လှုပ်လိုက်လျှင် သူတို့နှစ်ယောက် ရှေ့သို့ရောက်ရှိလာသည်။

'မင်းတို့ကိုသတ်ရတာ ငါ့လက်ညစ်ပတ်တယ်'

မီးခိုးရောင်ဝတ်စုံနှင့်လူက စက်ဆုပ်ရွံရှာဟန် နှာခေါင်းရှုံ့ကာ ပြောသည်။

ကျင်းလူမျိုး တမန်တော်သည် မာန်သွင်း အော်ဟစ်ကာ ရှေ့သို့ ခြေလှမ်းတစ်လှမ်း တိုးတက်လာကာ လက်ချောင်းဖြင့် ကုတ်ဆွဲ၏။

စွန်လက်သည်းကုဘ်ပညာ ဖြစ်ပေသည်။

မီးခိုးရောင်ဝတ်စုံနှင့်လူသည် လက်ကိုဆန့်ထုတ်ပြီး တစ်ဖက်လူ၏တိုက်ကွက်ကို ချေဖျက်လိုက်သည်။

ကျင်းလူမျိုးတမန်တော် သူ့အခြေအနေကို သူသိလိုက်သည်။

အရေးကြီးသော အနေအထားသို့ ရောက်ရှိနေပြီမို့ အစွမ်းကုန် အားအင်ထုတ်သုံးကာ တိုက်ခိုက်တော့သည်။

ဆုန်မင်းဆက် အရာရှိကြီးမှာမူ ဒူးနှစ်ဖက် ထောက်ကာ အသက်ချမ်းသာပေးရန် တောင်းပန်အသနားခံနေသည်။

ကျောင်းလူမျိုး တမန်တော် မည်သို့ပင် တိုက်ခိုက်တိုက်ခိုက် မီးခိုးရောင်ဝတ်စုံနှင့်လူ လက်တစ်ဖက် မြောက်လိုက်သည်နှင့် သူ့တိုက်ကွက်ကို ချေဖျက်ပြီးဖြစ်နေသည်။

မီးခိုးရောင်ဝတ်စုံနှင့်လူသည် ကျောင်းလူမျိုး တမန်တော်၏ တိုက်ကွက်ကို ရင်ဆိုင်နေသော်လည်း သူ့အာရုံက ရေကန်ဆီမှ ပျံ့လွင့်လာသော သီချင်းသံသို့သာ ရောက်နေသည်။

ချိုကြည်အေးမြသည့် တေးသံသာကို အလျှင်မပြတ်စေလိုဟန်ရှိ၏။

ထိုအချိန်တွင် ရေအသွင်သို့ကြည်လင်ပါးလွှာသော ခါးစည်းကြိုးပဝါစတစ်စက လေထဲတွင်ဝဲလွင့်လာပြီး တမန်တော်ကြီး၏ လည်ပင်းကို ရစ်ပတ်သွားသည်။

တမန်တော်ကြီး၏ လက်နှစ်ဖက် အလိုအလျောက် ရပ်တန့်သွားသည်။

ခါးစည်းကြိုးက ရှတ်တရက်တင်းအသွား တမန်တော် မျက်လုံးပြူး လျှာထွက်သွားကာ အသက်ပျောက်သွားရတော့သည်။

ခါးစည်းကြိုးပြေသွား၏။ ဆုန်မင်းဆက်အရာရှိ၏လည်ပင်းပေါ်သို့ ရောက်သွားပြန်သည်။

'ကယ်... ထယ်ကြ'



အရာရှိကြီးအော်သံမဆုံးလိုက်။ ကြည်လင်သောအသံတစ်သံက ရယ်ရယ်မောမော ထွက်ပေါ်လာသည်။

'သူတို့ကိုသတ်ဖို့ ရှင့်လက်နှစ်ဖက် ပေကျံသွားမယ်ဆိုရင် ကျွန်မက ရှင့်အတွက်သတ်ပေးလိုက်တယ်၊ မကောင်းဘူးလား'

စကားမဆုံးခင် ကန်ဘောင်ဆီသို့ ချောမောလှပသော အမျိုးသမီးတစ်ယောက် ရောက်ရှိလာသည်။

ခါးစည်းကြိုးလည်း သူမ၏အင်္ကျီစထဲသို့ ပြန်လည်ရောက်ရှိသွားတော့သည်။

မီးခိုးရောင်ဝတ်စုံနှင့်လူမှာ ပင်ပန်းနွမ်းနယ်ဟန်ဖြင့် ရယ်မောနေ၏။

ဘာမျှဆက်လက်ပြောဆိုခြင်းမရှိ။

သီချင်းသံကိုသာ ဆက်လက်နားထောင်နေသည်။ ထိုသူအား ရှောက်ချူးရွှေပင်တည်း။

အမျိုးသမီးကြီးမှာ ကျောက်စုယုံဖြစ်ပေသည်။

* * *

'မောင်လေးရှောက် ဘာတွေများ နားစွင့်ထောင်နေရှာတာလဲ'

ကျောက်စုယုံက မေးလာသည်။

ကျောက်ချူးရွှေက သီချင်းသံကို နားစွင့်နေလျက်မှ....

'မမနားထောင်ကြည့်စမ်းပါ၊ ဒီသီချင်းက ထန့်ဖန်းရဲ့သီချင်းသံနဲ့မတူဘူးလား'

ကျောက်စုယုံ အခဝေးသို့မျှော်ကြည့်ကာ မျက်လုံးအစုံဝင်းလက်သွားသည်။

သို့သော် ဝမ်းနည်းသည့်အရိပ်အရောင်က ဖျတ်ခနဲပေါ်လာလေသည်။

'မမဘယ်သိနိုင်ပါ့မလဲ၊ မိန်းကလေးထန်ရဲ့ သီချင်းဆိုသံကိုမမမှမကြားဖူးတာပဲ'

ပြောရင်းမှ ကျောက်စုယုံစိတ်ထဲတွင် ဝမ်းနည်းလွမ်းဆွတ်သလို ခံစားလာရသည်။

ရှောက်ချူးရွှေနှင့် ကျောက်စုယုံတို့သည် ကွမ်းတုံကွမ်းစီးနယ်မှ ကျားရဲဆယ်ဖော်လီမဲ၊ ဟူဖု၊ စက်ယွင်း၊ ဟုန်ဝှာ၊ ဟူချိုင်တို့နှင့်တကွ ချန်ကျင့်ကွေ၊ တာတု၊ ထက်ဝင်းရွှဲ့၊ ချူနန်းကူ၊ ကိုယ်တော်လေးလင်၊ ယန်တို၊ ခုံပြည့်လီ၊ မုံရှမ်းဖုန်တို့ကိုတာဝန်ခွဲဝေနေရာဖြန့်ပြီး ကျူးကျော်သူ ကျင်းစစ်သည်တို့အားတိုက်ပွဲဝင်ခဲ့သည်။

ထိုကာလအတွင်း ဝူချိုင်သည် ကျင်းလူမျိုး အမျိုးသမီးကြီးတစ်ယောက်ကို စွဲလမ်းကာ ကျင်းစစ်တပ်ထဲသို့ ခိုလှုံဝင်ရောက်သွားသည်။

ကိုယ်တော်လေးလင်မှာ ရန်သူတပ်စခန်းကို ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ရင်း နယ်ကျခဲ့သည်။



နောက်ပိုင်းတွင် ကိုယ်တော်လေးလင်၏ သတင်းအစ[illegible]ကိုမျှမရရှိခဲ့။

ယန်တို၊ မုံရှမ်းဖုံ၊ ခုံပြည့်လီတို့တစ်တွေမှာ ကျန်းစွေ့ဝမ်ကွေ့ တပ်မှူးနှစ်ယောက်၏ တပ်ဖွဲ့ထဲသို့ လူခွဲဝင်ရောက်သွားသည်။

ကျန်းစွေ့နှင့် ဝမ်ကွေ့တို့နှစ်ဦးမှာ ချင်ကွေ့၏ကုန်းချောခြေထိုးခြင်းကြောင့် ပုန်ကန်သူဟု အပြစ်ဒဏ်တပ်ကာ အမျိုးမျိုးနှိပ်စက်ညှဉ်းဆဲခံခဲ့သည်။

ကျန်းစွေ့မှာ သေသည်အထိ ဝန်မခံခဲ့၊ ဝမ်ကွေ့မှာအတင်းအကျပ် ဖိနှိပ်မှုကြောင့် သက်သေအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

ထို့နောက်ပိုင်းတွင် မုန်ရှမ်းဖုံ၊ ခုံပြည့်လီတို့နှစ်ဦး၏သတင်းကို မကြားရတော့။

ယန်တိုကား စစ်တပ်အာဏာရုပ်သိမ်းခံရသည့် ရွှဲ့ဖေးအားကာကွယ်မှုပေးရန်အတွက် လိုက်ပါသွားခဲ့ရာ အမျိုးသားသစ္စာဖောက်တို့၏ လုပ်ကြံမှုကို ခံခဲ့ရသည်။

မုံယုံကုံးမှာ တိုက်ပွဲတွင် ကျဆုံးသွား၏။

လီမဲ၊ ဟူဖု၊ စက်ယွင်း၊ ဟုန်ဝှာ၊ ချင်ကွေ့ကွေ၊ တာတု၊ ထက်ဝင်းရွှဲ့၊ ချူနန်းကုတို့ တစ်တွေမှာ ရှောက်ချူးရွှေ နောက်သို့ လိုက်ပါနေဆဲဖြစ်၏။

ရှောက်ချူးရွှေသည် ရှောင်လင်၊ ဝူတန်၊ ဩဇာအာဏာဂိုဏ်း၊ မိုးဘုရင်ကြီးကျူးတို့၏ သိုင်းပညာအသီးသီးကို ရရှိ

ါနေပြောက်သားပြီး ယခုအချိန်တွင် လွန်စွာမှအဆင့်မြင့်မြင့်သို့ က်ရှိသွားခဲ့လေပြီ။

သုံ့မိုက်ချင်းမြို့ ပြည်မကြီး သေ့သောက်ယှဉ်ပြိုင်ပွဲ စင်မြင့် ပေါ်မှ ပညာနှင့် လုံးဝမဆိုင်တော့။

သူ့ပညာများကို အားလပ်သည့် အချိန်များတွင် သူ့ ညီနောင်ရဲဘော်တို့အား တတ်နိုင်သမျှ သင်ကြား ပြသပေး သည်။

ယခုအချိန်တွင် သူ့အဆင့်မှာ ထင်းကျင့်ထိုက်ရှန်တို့ထက်ပင် မြင့်မား သာလွန်နေပြီ ဖြစ်၏။

ကျောက်စုယုံမှာ ရှောက်ချူးရှေနှင့် အတူတွဲကာ တိုက်ပွဲ ဝင်ခဲ့သည်မှာ နှစ် နှစ်ကျော်ခန့်ပင် ရှိခဲ့ပြီ။

သူမ၏ တစ်သက်တာတွင် ကြုံတွေ့ခဲ့ရသည့် တိုက်ပွဲ၏ အရေ အတွက်ကား မနည်းတော့။

ပြဿနာမျိုးစုံနှင့် ကြုံရသလို ယောကျ်ားမျိုးစုံနှင့်လည်း မိတ်ဆွေအဖြစ် သိကျွမ်း ရင်းနှီးခဲ့သည်။

ဘာကြောင့်ရယ် မသိ။

ရှောက်ချူးရှေနှင့် ရင်းနှီးမိတ်ဆွေဖြစ်ရသည်ကို သူ့ရင်ထဲ တွင် ကြည်နူး ပီတိဖြစ်မိလေသည်။

အစပိုင်းတွင် သူမသည် လီချိန်ကြိုး၏အမိန့်အရ ရှောက်ချူး ရှေနှင့် ပူးတွဲပြီး တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။

အနေကြာလာသောအခါ မျိုးချစ်တပ်ဖွဲ့၏ အစားဆင်းရဲ အနေဆင်းရဲခြင်း။ မိမိနိုင်ငံအတွက် အသက်ကို ဂရုမထားဘဲ



ရှပ်ရှပ်ချွ ချွ ရဲရဲ တိုက်ခိုက်နေခြင်းတို့ကိုတွေ့ပြီး ကိုယ်ချင်း စာနာမိခဲ့သည်။

တိုက်ပွဲဝင် ရဲဘော်များကိုလည်း လေးစား ချစ်ခင်လာ ခဲ့သည်။

အမိန့်အရ တာဝန်အရဟု မယူဆတော့။

မျိုးချစ်စိတ်နှံ့တွင်းသို့ ထိုးနစ်သည်ထက် နစ်လာခဲ့တော့ သည်။

လီချိန်ကြိုးနှင့် သူမ တွေ့ခဲ့ကြစဉ် အချိန်တုန်းကလည်း ဤအတိုင်းပင်။

နောက်မဆုတ်ဘဲ ရှေ့သို့သာ အစဉ်တစိုက် ထိုးနစ်ဝင် ခဲ့သည်။

သူ့ကုသိုလ်ကံထူးကာ ကြွယ်ဝချမ်းသာသော မိသားစုမှ ပေါက်ဖွားလာခဲ့သည်။

ရုပ်ရည်ချောမောလှပသလို ဉာဏ်ပညာလည်း ထက်မြက်၏။

ထို့ပြင် တေးဂီတနှင့် အကပညာတွင်လည်း ပါရမီရှိ ဝါသနာထုံခဲ့သည်။

တစ်ခုသောနွေရာသီတွင် သူ့စိတ်ထဲ၌ စိတ်ကူးဆန်း အတွေး ဆန်းတစ်ခု ဝင်ရောက်လာခဲ့သည်။

အိမ်ထဲတွင် ထိုင်ပြီး အိမ်ထောင်ကျမည့်အချိန်ကို မျှော်လင့် စောင့်စားမနေချင်။

ဘဝအတွက် အကျိုးထူးရှိလာလိမ့်မည်ဟုလည်း မယူဆ။ သိုင်းလောကထဲဝင်ပြီး ဗဟုသုတရှာမှီးမည်ဟု ဆုံးဖြတ်လိုက် သည်။

ထိုအချိန်တွင် မမျှော်လင့်ဘဲ လီချိန်ကြိုးနှင့် တွေ့ရသည်။ ထောင်သောင်းမကသော လူထဲတွင် တစ်ခါ တွေ့ဆုံရသည်နှင့် တစ်သက်မမေ့နိုင်အောင်ပင် လီချိန်ကြိုး၏ အားအန်တန်ခိုးက ထက်မြက်နေသည်။

သို့နှင့် မိသားစု၏ ချမ်းသာကြွယ်ဝမှုစည်းစိမ်၊ စေ့စပ်ထားသော သတို့သားတို့ကို စွန့်လွှတ်ကာ လီချိန်ကြိုးနှင့်အတူ သိုင်းဇလာကထဲသို့ ဝင်ရောက်တော့သည်။

သည်ကတည်းက သူမ နောက်မဆုတ်တော့။

ရှေ့သို့သာ တိုးပြီးရင်း တိုးဝင်သည်။

သူမသည် မှက်ဉာဏ်ကောင်းလှသဖြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်တတ်သည်။

အမှားကို မြင်တတ်သည်။

လီချိန်ကြိုး၏ ညီနောင်တို့သည် သူမကို ချစ်ခင်လေးစားကြသည်။

ကြောက်ရွံ့ရှိသေကြ၏။

သူမ စကားကို နားထောင်ကြသည်။

သူမ၏ စွမ်းဆောင်ချက်ကြောင့်ဟုပဲပြောပြော ပံ့ပိုးမှုဟုကြောင့်ပဲဆိုဆို ဩဇာအာဏာဂိုဏ်းသည် အခြေခိုင် အောင်မြင်လာသည်။

သူမနှင့် လီချိန်ကြိုးတို့သည် ငယ်ရွယ်သော ချစ်သူများမဟုတ်ကြတော့။

သိုင်းပညာလောက၏ စံပြချစ်သူများအဆင့်သို့ ရောက်ရှိလာသည်။



ကျောက်စုယုံသည် သူ့ကိုယ်သူ သိသည်။

သူမ၏ အလှ၊ သူမ၏ အက၊ သူမ၏ တေးဂီတ၊ သူမ၏ စိတ်၊ သူမ၏ ခန္ဓာကိုယ်တို့ကို သူမကိုယ်တိုင် ပိုင်ဆိုင်ခြင်း မရှိတော့။

လီချိန်ကြိုးသည်သာ အားလုံးကို ပိုင်ဆိုင်သွားတော့သည်။

ထိုပိုင်ဆိုင်မှုကို ပေးဆပ်လိုက်ရသည့်အတွက် ကျောက်စုယုံ ကျေနပ်သည်။

လီချိန်ကြိုးနှင့်အတူတကွ သွားလာနေလျှင် သူ့အဝတွင် အရာရာ ပြီးပြည့်စုံသည့်အလား ရှိနေသည်။

ကျေနပ်ပီတိစိတ်ဖြစ်နေမိသည်။

ယခင်က လီချိန်ကြိုး အပေါ်တွင် အင်အားများစွာ ရှိခဲ့သည်။

သေဆုံးသူတို့ သေဆုံးကုန်၏။

ဆုတ်ခွာဖောက်သူတို့ သစ္စာဖောက်ကုန်၏။

သူမတစ်ယောက်တည်းသာ ထာဝရသစ္စာဖြင့် လီချိန်ကြိုး နားမှာ အမြဲနေမည်ဟု ဆုံးဖြတ်ထားသည်။

လီချိန်ကြိုး ခေါင်းထောင် ဝင့်ကြွားလာမည့် အချိန်ကို စောင့်မျှော်နေမည်။

လီချိန်ကြိုးအနားတွင် သူ အမြဲတစေ ရှိနေသင့်သည်ဟု ယုံကြသည်။

သူမသည် လီချိန်ကြိုးအတွက် မရှိမဖြစ်သော ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ခံယူလာသည်။

ထို့ကြောင့် ဩဇာအာဏာဂိုဏ်း၏ အကြောင်းအရာတို့ကို စုံစမ်း မေးမြန်းလာသည်။

ဂိုဏ်း၏ ဆုပေးဒဏ်ပေးစနစ်က ပြင်းထန်သည်။

စည်းကမ်းကြီးမားတင်းကျပ်သည်။

ဂိုဏ်း၏ အင်အားကလည်း တစ်နေ့တခြား တောင့်တင်းကြီးမားလာသည်။

သို့အတွက် အဖွဲ့သားတို့ မာန်မာနတက်လာကြသည်။

သိုင်းပညာကို အလွဲသုံးစားလုပ်ပြီး လူတကာအပေါ် အနိုင်ကျင့် လွှမ်းမိုးလာသည်။

မကောင်းမှုဒုစရိုက်လုပ်ငန်းဘက်သို့ ဆက်နွယ်ရောက်ရှိလာသည်။

လုပ်ရပ် သွေဖည်လာသဖြင့် သိုင်းလောက ပုဂ္ဂိုလ်တို့၏ အထင်သေး ရှုတ်ချခြင်းကိုခံခဲ့ရသည်။

ထိုအချက်များကို ကျောက်စုယုံ တဖြည်းဖြည်း သိမြင်လာတော့သည်။

ဂိုဏ်းသန့်ရှင်းရေးလုပ်ရမည်။

စည်းကမ်းသတ်မှတ်ချက် ထုတ်ပြန်ရဦးမည်ကို နားလည်လာ၏။

ယခင်က သိရှိနားလည်သည်ထက် ရှောက်ချူးရွှေနှင့်အတူ တကွတွဲတာ ကျူးကျော်သူများအား တိုက်ထုတ်သည့်အချိန်တွင် ပို၍သိရှိခံစားလာရသည်။

ရှောက်ချူးရွှေနှင့်သူသည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရင်း သွေးမြေကျခဲ့ရသည်။



ကျောက်စုယုံသည် ရှောက်ချူးရွှေနှင့် လီချိန်ကြိုးကိုချိန်ထိုးနှိုင်းယှဉ်ကြည့်လာမိ၏။

လီချိန်ကြိုးသည် လူများစွာကို သတ်ဖြတ်ခဲ့သော်လည်း သူကိုယ်တိုင် သွေးမြေခသည့်အဖြစ်မျိုး မရှိခဲ့။

သူ့ကိုယ်ပေါ်တွင် သွေးစွန်းထင်းခြင်းလည်း မကြုံခဲ့။

လူသတ်သည့်အလုပ်ကို အမိန့်တစ်ခုတည်းဖြင့်သာပြီးပျောက်စေခဲ့သည်။

သူသတ်သည့်လူမှာ ဂိုဏ်းအတွက် အနှောင့်အယှက် အဟန့်အတားဖြစ်သူများ၊ လူဆိုးလူမိုက်များ ဖြစ်သော်လည်း ကိုယ့်အမျိုးသားများသာဖြစ်၏။

ရှောက်ချူးရွှေမှာ ပါးစပ်နှင့် အလုပ်လုပ်သူ မဟုတ်၊ ကိုယ်တိုင်ဦးဆောင်တာသတ်ဖြတ်သည်။

သူသတ်သည့်လူများက အမျိုးသား သစ္စာဖောက်များ၊ အမိနိုင်ငံကိုကျူးကျော်သူများ၊ သတ်သင့် သတ်ထိုက်သူများသာ ဖြစ်၏။

လူသတ်တာချင်းတူသော်လည်း လူသတ်ရသည့်အကြောင်းအချက် အနှစ်သာရခြင်းကမူ ကွာခြားလှ၏။

တဖန် လီချိန်ကြိုးတွင် စိတ်ခံစားချက် အလွန်ပင်နည်းပါးလှသည်။

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ကို အလွယ်တကူ မတွေ့ရတတ်။

ရှောက်ချူးရွှေကမူ စိတ်ခံစားချက် အလွန်ပြင်းထန်၏။

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ကို ရ်ဖန်ရံခါသာဖော်ပြတတ်၏။

ကျောက်စုယုံသည် မျိုးချစ်ရဲဘော်များနှင့်အတူ တိုက်ပွဲဝင်ရင်း ထိုလူသိုက်ကို ချစ်ခင်လာသည့်စိတ်များပင် ကူးစက်ခံစားလာရ၏။

လီချိန်ကြိုးနှင့် ရှောက်ချူးရှေကို နှိုင်းယှဉ်ကြည့်ရာတွင် ကွာဟသောအဓိကအကြောင်းချက်တစ်ခုကို ကျောက်စုယုံတွေ့မိပြန်သည်။

ရှောက်ချူးရှေ၏ အချစ်မေတ္တာစိတ်သည် ခိုင်မြဲပြင်းထန်လေသည်။

ထန်ဖန်းကို အမြဲမပြတ် တမ်းတနေသည်။

မေ့ပျောက်သည့်နေ့ဟူ၍ တစ်ရက်မျှမရှိခဲ့။

သူမနှင့် လီချိန်ကြိုးတို့မှာမူ သံယောဇဉ် ကြီးမားသော်လည်း အကြင်နာတရားမဲ့သလို ဖြစ်နေ၏။

တကယ့် သံယောဇဉ်မေတ္တာတရား၊ စစ်မှန်စွာဖြင့် ရှိနေခြင်းလားဆိုသည်ကိုမူ သူမ မဝေခွဲတတ်။

ရှောက်ချူးရှေသည် အာဇာနည်သူရဲကောင်းပီပီ သွေးမြေကျကာ အမျိုးသားတိုက်ပွဲဝင်နေသည်။

မိမိနှင့်ခွဲခွာကာ မျိုးချစ်ရဲဘော်များနှင့် လက်ရေတပြင်တည်း တိုက်ပွဲဝင်နေသည်ကို ထန်ဖန်းအနေနှင့် ကျေနပ်နိုင်ပါ့မလား။



မိမိအရေးထက်၊ မိမိတို့အချစ်ရေးထက် တိုင်းပြည်ရေးကို ဦးစားပေးနေသည့် ရှောက်ချူးရှေအပေါ် အမျက်သိုဒေါသထွက်နေလေမလား။

သို့ဆိုလျှင် ထန်ဖန်းသည် ရှောက်ချူးရှေအပေါ် နားလည်မှုမရှိခြင်း၊ အမြင်ကျဉ်းမြောင်းနေခြင်းဟု ကျောက်စုယုံစဉ်းစားမိသည်။

ထန်ဖန်း တစ်ယောက်တည်းသာလျှင် ရှောက်ချူးရှေ၏စိတ်ကို ပျော်ရွှင်အောင်၊ တက်ကြွအောင်ဖန်တီးပေးနိုင်သည်မဟုတ်ပါလား။

ထိုအကြောင်းအရာကို စဉ်းစားမိသောအခါ ကျောက်စုယုံမှာ အထိတ်တလန့်ပင် ဖြစ်သွားမိသည်။

လီချိန်ကြိုးသည် မိမိအပေါ် ထန်ဖန်းလိုပင် မြင်ယောင်နေမလား။

မိမိသည်လည်း လီချိန်ကြိုးကို ဥပေက္ခာ ပြုထားမိလေသည်လား။

သူ့ရင်ထဲတွင် လွမ်းမောစိတ် ဝင်လာသည်။

လီချိန်ကြိုးကို လွမ်းမောတမ်းတလာသည်။

'သတိရလိုက်တာ အစ်ကိုရယ်'

❋ ❋ ❋

ခနစ္စယ် ကျိုးသွားပြီ။

ကံန်ရေပြင်ဆီမှ သီချင်းသံများအာ ပျံ့လွင့်နေဆဲ။

ရှောက်ချူးရွှေမှာ သီချင်းသံတွင် အာရုံလွင့်မျောပြီး ထန်ဖန်းအား လွမ်းဆွတ်တမ်းတနေသည်။

သူ့ရင်ဘတ်မှ ဒဏ်ရာကို သူ သတိမရနိုင်။

ကျောက်စုယုံ၏ ပြောင်းလဲသွားသော အမူအရာကို သတိမထားနိုင်။

ထန်ဖန်း၏ နှလုံးသားလိပ်ပြာအသာ သူ့ကို ချုပ်ကိုင်ထား၏။

'တစ်နေ့နေ့တော့ တုကျုံးနယ်ဘာ ထန်မိသားစုဆီ သွားပြီး ထန်ဖန်းကို ရှာရမယ်'

ရှောက်ချူးရွှေရင်ထဲ ဆုံးဖြတ်ချက် ချလိုက်သည်။

အန်ဘောင်ပေါ်တွင် ထိုင်နေရာမှ မတ်တတ် ထရပ်အာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

သူ့အတွေးထဲတွင် ထန်ဖန်းကို ရှာဖွေရေးသာ စိုးစဉ်နေသည်။

ကျောက်စုယုံသည် ရှောက်ချူးရွှေ တစ်စုံတစ်ရာကို စဉ်းစားနေကြောင်း သိလိုက်သည်။

သူ့မျက်လုံးအစုံက ရှောက်ချူးရွှေလူးလားတုံ့ခေါက်လမ်းလျှောက်နေသည်ကို စူးစိုက်ကြည့်နေ၏။

ရှောက်ချူးရွှေ၏ မျက်နှာပေါ်တွင် ကြည်နူးဝမ်းသာသည့် အရိပ်များ၊ စိတ်မတင်မကျဖြစ်ကာ မှုံကုတ် သွားမှုများ ဖြစ်ပေါ်လာသည်ကို သူအသတိပြုမိသည်။



'မောင်လေးက တုကျုံးနယ်ကို သွားချင်လို့လား'

ကျောက်စုယုံက ညင်သာစွာမေးသည်။

ရှောက်ချူးရွှေ ခြေလှမ်းတုံ့ခနဲ ရပ်လိုက်မိသည်။

ခေါင်းကို တဗျင်းဗျင်းကုတ်ကာ ရယ်ကျဲကျဲဖြင့်...

'မမ ဘယ်လိုလုပ် သိသလဲ'

ကျောက်စုယုံသည် အနီးရှိ ကုက္ကိုပြင်ကို လက်တစ်ဖက်ဖြင့် ထောက်မှီ ထားရင်း....

'မောင်လေးရဲ့ မျက်နှာက ဝမ်းသာလိုက်၊ တွေမှိုင်သွားလိုက်နဲ့ ဖြစ်နေတာပဲ၊ တကယ်လို့ တိုင်းပြည် အရေးကို စဉ်းစားလိုက်ရင် ဝမ်းသာနိုင်စရာ ရှိမှာမဟုတ်ဘူး၊ ဒီတော့ မောင်လေးဟာ ကိုယ့်ဘဝ ရှေ့ရေးကို စဉ်းစားနေတာပဲ ဖြစ်ရမှာပေါ့၊ မောင်လေးဘဝအကြောင်း စဉ်းစားရင် မိန်းကလေးထန် မပါဘဲ ပြီးပါ့မလား၊ ဒါကြောင့်မမမေးနိုင်တာပေါ့'

ရှောက်ချူးရွှေ ရှက်ပြုံးပြုံးထာ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်တော် တုကျုံးနယ်ကို သွားချင်နေတယ်၊ ဒါပေမယ့်သူက ကျွန်တော့်ကို တွေ့မှတွေ့ချင်ပါ့မလား မသိဘူး၊ နောက်ပြီး ထန်မိသားစုရဲ့ စည်းကမ်းချက်တွေ ဘယ်လိုရှိတယ် ဆိုတာလဲ ကျွန်တော် မသိပါဘူး'

ကျောက်စုယုံ ကိုယ်ကို လှုပ်နွဲ့ကာ ရယ်မောလိုက်၏။

'ငါ့မောင်က တော်တော် အ တာပဲ၊ စည်းကမ်း ချက်တွေဘာတွေ အရေးစိုက်မနေစမ်းပါနဲ့၊ မိန်းကလေးထန်ဟာ သိုင်းသမား တစ်ယောက်ပဲ၊တကယ်လို့ မောင်လေးအပေါ် စေတနာစစ်နဲ့ ချစ်တယ်ဆိုရင် မောင်လေးနဲ့ အတူတူ လိုက်လာမှာပဲ၊

သွားချင်ရင် မြန်မြန်သာသွား၊ မောင်လေးကို သူ စောင့်နေလိမ့်မယ်၊ နောက်ကျသွားရင် လွဲနေဦးမယ်’

မောင်လေးကို သူ စောင့်နေလိမ့်မယ် ဟူသော စကားကို ပြောမိချိန်တွင် ကျောက်စုယုံ၏ စိတ်ထဲ၌ အလိုလို ဝမ်းနည်းလာမိသည်။

ဘာကြောင့်ရယ် မသိ။

ရှောက်ချိုးရွှေကို မောင်အရင်းတစ်ယောက်ပမာ ချစ်ခင်မိပြီး နှမြောစိတ် ဝင်နေမိသည်။

ရှောက်ချိုးရွှေ အတန်ကြာအောင်ပင် စဉ်းစားနေလေသည်။

နောက်ဆုံးမှ ဆုံးဖြတ်ချက် ချဟန်ဖြင့်....

‘မမအော ဂိုဏ်းချုပ်ကြီးလီကို သွားတွေ့မလား’

ကျောက်စုယုံစိတ်ထဲ ဝမ်းနည်းမှုက ပို၍ ကြီးမား လာလေသည်။

မိမိက သွားတွေ့ရသည်ထက် လီချိန်ကြိုးက ဘာကြောင့် မိမိကို လာမတွေ့နိုင်ရတာလဲဟု ဖြစ်တင်မေးခွန်းကလေး ရင်ထဲတွင် ပဲ့တင်ထပ်သွား၏။

ဝမ်းနည်းစိတ်ကို ထိန်းချုပ်ကာ ဟန်မပျက် ရယ်မောလိုက်၏။

‘သူ့မှာ အလုပ်ကိစ္စတွေ အားလပ်မှာ မဟုတ်ပါဘူး ကွယ်၊ မမတို့ နှစ်ယောက်က ကိုယ့်ခံယူချက်နဲ့ကိုယ် တစ်ယောက်ကိစ္စကို တစ်ယောက်က ဝင်မစွက်ဘူး၊ အဲဒါ အကျင့် တစ်ခုလို ဖြစ်နေပြီ’



ရှောက်ချိုးရွှေသည် ဝတ်ရုံပေါ်မှ ဖုန်မှုန့်၊သဲမှုန့် ရွှံ့စက်တို့ကို လက်ဖြင့် ခါထုတ်လိုက်သည်။

‘ဒါဆို ကျွန်တော် အခုပဲ သွားတော့မယ်’

ကျောက်စုယုံ အံ့အားသင့်သွား၏။

‘ဟင်....အခုချက်ချင်း သွားတော့မယ် ဟုတ်လား’

‘ကျွန်တော့်ကို အကျိုးအကြောင်းပြောပြအားပေးစကား ဆိုတဲ့အတွက် မမကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အခုချက်ချင်း သွားတော့မယ်’

ကျောက်စုယုံ မျက်လွှာချလိုက်သည်။

သူ့ အကြည့် အာရုံ မြေကြီးပေါ်သို့ ရောက်ရှိ သွားလေသည်။

‘နည်းနည်းလေးတောင် မစောင့်နိုင်တော့ ဘူးလား’

ရှောက်ချိုး ရွှေ နားမလည်နိုင်ဟန်ဖြင့်....

‘ဘာဖြစ်လို့လဲ၊ ဘာကြောင့် အချိန် ဆွဲနေရတာလဲ’

ကျောက်စုယုံ အတန်ကြာ ငေးငိုင်နေရင်းမှ ခေါင်းမော့သည်။

မျက်ဝန်းအိမ်တွင် ရစ်ဝဲလာသည့် မျက်ရည်ကြည် တို့ကိုမျက်တောင်တဖျပ်ဖျပ်ခပ်ကာ သိမ်းဆည်းထားလိုက်၏။

သက်ပြင်း တစ်ချက်ကို ရှူသွင်းပြီး အားတင်းကာ ပြုံးလိုက်သည်။

‘အနည်းဆုံး ဒီညဦးပိုင်းလောက်တော့ စောင့်ပေး ပါလား၊ အရက်ပွဲလေးတစ်ခု စီစဉ်ပြီး မောင်လေးရဲ့ညီနောင်တွေနဲ့ နှုတ်ဆက်ပွဲ လုပ်ကြရင် မကောင်းဘူးလား’

ရှောက်ချူးရှေ့ ငိုင်ငိုင်ခတွေသွားသည်။

သူနှင့်အတူ ဆိုးတူကောင်းဘက် တိုက်ပွဲ ဝင်လာသည့် ညီနောင်တို့၏ မျက်နှာကို မြင်ယောင်လာသည်။

အမျိုးသားရေး ဖြစ်သည့်တိုင် မိမိအခေါ် ယုံကြည်ချစ်ခင်မှုဖြင့် မဆုတ်မနစ် လိုက်ပါတိုက်ပွဲဝင်နေကြသည်ကို သူစဉ်းစားမိသည်။

ထိုသူများကို နှုတ်မဆက်ဘဲ ရုတ်တရက် ထွက်ခွာ သွားဖို့ မသင့်။

'အင်း....ကောင်းသားပဲ၊ ဒါဆိုပေမယ့် မမကို ဒုက္ခပေးသလို ဖြစ်နေပြီ'

ကျောက်စုယုံ လွင်လွင်ကလေး ပြုံးလိုက်သည်။

'ဒီလောက်နဲ့ ဘာမှ ဖြစ်မသွားပါဘူးကွယ်'

ထိုစကား ပြောရင်းမှ လွန်ခဲ့သော သုံးနှစ်ခန့် အချိန်က အဖြစ်အပျက်ကို ပြန်စဉ်းစားနေမိသည်။

ပြည်မကြီး သွေးသောက် အဓိပတိ ရွေးချယ်သည့် စင်မြင့်အောက်တွင် ကျူးစွန့်ရှေ့သည် ရှောက်ချူးရှေ့အား သတ်ဖြတ်ရန် ကြိုးစားလာသည်။

မိမိက ကျူးစွန့်ရှေ့၏ နောက်ကျောဘက်တွင် ခနရာဝင်ယူခဲ့သဖြင့် ကျူးစွန့်ရှေ့ မစွန့်စားရဲ။

အသာလျှိုကာ ထွက်ခွာသွားခဲ့သည်။

ထိုစဉ်က ရှောက်ချူးရှေ့ ကျေးဇူးတင်စကားတစ်ခွန်းပြောခဲ့ဖူးသည်။



ထည်ညီနောက်ပိုင်း နှစ်နှစ်ကျော်ခန့် အတူတူ တိုက်ပွဲဝင်အားရင်းနှီးမှု ရလာပြီးသော်လည်း အားနာ စကား ဆိုနေ ချေသေးသည်။

ရှောက်ချူးရှေ့၏ စိတ်ခံစားမှုကို ကျောက်စုယုံ နားမလည်နိုင်တော့။

သီချင်းသံက လေပြည်နှင့် အတူ လွင့်မျောနေဆဲ။

ရေကန်ပေါ်သို့ ထိုးကျလာသည့် အလင်းရောင် တို့ကတဖြည်းဖြည်း မှိန်ဖျော့သွားသည်။

သီချင်းသံတို့လည်း ဝေးသည်ထက် ဝေးလာ၏။

ကြယ်ရောင် လရောင်တို့သာ တစ်စတစ်စ ဝင်ရောက် လာခတော့သည်။

* * *

မို့ချို ကန်တော်၏ ကမ်းစပ်နံဘေးတွင် မိုးမခပင်ကြီး ငွားငွားစွင့်စွင့် ရှိနေသည်။

မိုးမခပင်၏ သစ်ခက် သစ်ကိုင်းတို့က လရောင် အောက်တွင် ခါ၊ ကိုင်းကိုင်း အဘိုးအိုတစ်ယောက် ရပ်နေသည့်နှယ် ရှိ၏။

မိုးမခပင်ကြီးအောက်တွင် ကြေးပွဲခုံတန်း ရှည်ကြီး ရှိသည်။

စားပွဲခုံပေါ်တွင်ကား အရက်ကရား သုံးလုံး၊ အစိမ်းကြော် တစ်ပန်းကန်၊ ခရုနှပ်ကြော်၊ ဆိပ်လျာ ကင်တို့ နေရာယူထား၏။

ထိုင်ခုံ အသီးသီးတွင် ထက်ဝင်းရွှေ၊ ချူနန်းကုဟွူဖု၊ စက်ယွင်၊ ဟုန်ဝှာ၊တာတုတို့ ရှိနေသည်။

ဟင်းလျာနံ့များ တခေထောင်းထော ထနေသည်မို့ သူတို့ အားလုံးမှာ သွားရည်ယိုလျက် ရှိနေကြသည်။

ဤညစ်ခံပွဲကား ရှောက်ချူးရွှေ ခရီးထွက်ခြင်း အဘွက် နှုတ်ဆက်ပွဲ ဖြစ်၏။

ထက်ဝင်းရွှေ့တို့မှာ ဆာလောင်နေကြသော်လည်း မစား သောက်နိုင်ကြသေး။

ကျောက်စုံယုံ၏ ဟင်းလျာလက်ရာ စုံသင်အောင် ရောက်ရှိမလာသေး။

ကွမ်းတုံနယ်သားများ ကြိုက်နှစ်သက်သော မြွေခေါင်းနှပ်ဒ့ အခြားဟင်းလျာများ ကျန်သေးသည်။

ထို့ပြင် လီမဲနှဗီချန်ကျုဇ့်တွေကိုလည်း ရောက်မလာနိုင် ကြသေး။

ဟင်းရနံ့များက နှာခေါင်းကို လာချူနေကြသဖြင့် ဆာလောင်မွတ်သိပ်သည့်ဒဏ်ကို မခံနိုင်ခတော့။

'ခွေးမသားလီမဲနဲ့ချန်ကျုဇ့်ကွေက ဘာဖြစ်လို့ အခုထက်တိ ရောက်မလာနိုင်ရသေးတာလဲ'

ထက်ဝင်းရွှေ့ စိတ်ထဲ ကျိတ်၍ကျိန်ဆဲရေရွတ်လိုက်သည်။

ချူနန်းကုမှာ ဗိုက်ဆာလွန်းအော အူလိပ်လာသည်။



ထမင်းအိုးတစ်လုံးချက်ခန့်အချိန်အထိ စောင့်သော်လည်း ချန်ကျုင့်ကွေတို့ ပေါ်မလာသေး။

စားပွဲပေါ်မှ ဟင်းလျာများက အေးစက်လာပြီး နောက် ထပ် ချက်ပြုတ်ထားသည့် ကျောက်စုယုံ၏ ဟင်းနံ့များကလည်း မွှေးကြိုင်လာသည်။

ချူနန်းကုမှာ ဆာလောင်လွန်းသဖြင့်ပါးစပ်မှသွားရည်များ ပင် စီးကျလာသည်။

'ရှင်ကတော့ ကလေးတွေလို လည်ပတ် ပတ်ပေးရတော့မယ်၊ တော်တော် သွားရည်ကျတတ်တဲ့လူပဲ'

စက်ယွင်းက ရယ်ရယ်မောမော ဝင်ပြောသည်။

ချူနန်းကုက ကျဲမြီးတိုစွာဖြင့် စားပွဲကိုဝုန်းခနဲလက်နှင့်ပုတ် လိုက်ပြီး....

'ဗိုက်ဆာနေတာကို ဘယ်လိုလုပ် ဟန်ဆောင်နိုင်တော့မလဲ၊ ကျုပ်တော့ သည်းမခံနိုင်တော့ဘူး၊ . စားရင်းနဲ့ပဲ စောင့်တော့ မယ်....'

ပြောပြောဆိုဆိုပင် တူတစ်စုံကိုကောက်ယူပြီး ဟင်းခွက်နှိုက် ရန် ဟန်ပြင်သည်။

ခေါင်းမော့တာ ရှောက်ချူးရွှေကိုကြည့်လိုက်လျှင် ရှောက် ချူးရွှေက ပြုံးလျက်ခေါင်းယမ်းပြသည်ကို တွေ့လိုက်ရသဖြင့် လက်တွန့်သွားသည်။

ချူနန်းကုတို့အားလုံးမှာ မည်သူ့ကိုမျှဂရုမစိုက်သော်သည်း ရှောက်ချူးရွှေကိုမူ လေးစားရှိသေကြသည်။

ထိုအတွက် တူအစုံကို အောက်သို့ပြန်ချလိုက်ရသည်။

ရှောက်ချူးရွှေက အမင်းကြီးကို မော့ကြည့်လျက် ညည်းညည်း ညူညူ လေသံဖြင့်....

'တော်တော်ထူးဆန်းနေပြီ၊ လီမဲနဲ့ချန်ကျင့်ကွေ့တို့က ဘာကြောင့် ရောက်မလာရသေးတာလဲ၊ ချန်ကျင့်ကွေ့ဟာ ဒီလိုပွဲကြီးလမ်းကြီးမျိုးဆို သိပ်သဘောကျတာ၊ မလာဘဲမနေနိုင်ဘူး၊ လီမဲက အမြဲတမ်းကတိတည်တဲ့ လူတစ်ယောက်၊ ပျော်ပျော်နေတတ်တဲ့ လူတစ်ယောက်၊ သူမရှိရင်ပွဲမစည်ဘူး၊ သူတို့နှစ်ယောက် ရောက်လာကြမှာပါ'

ထိုအချိန်တွင် ကျောက်စုယုံ၏ နောက်ထပ်ဟင်းလျာများ ရောက်ရှိလာပြန်သည်။

ဟင်းခွက်များက သင်းပျံ့မွှေးကြိုင်စွာ တထောင်းထောင်းထနေသဖြင့် အားလုံးကို သွားရည်ကျစေသည်။

ဗိုက်ကြီးဘဲ့တုမှာ ဟန်မဆောင်နိုင်ဘဲ ခါးပင်မတ်သွားမိသည်။

'အို....ဂျုံစေ့နဲ့ ပိတုန်းပေါင်းပါလား၊ သိပ်ကောင်းတဲ့ ဟင်းလျာပဲ'

ကျောက်စုယုံက ရယ်လိုက်၏။

'ကြက်သား နှပ်ရှိသေးတယ်၊ ရှင်တို့ တောင်ပိုင်းသားတွေ အကြိုက်ပေါ့'

ကျောက်စုယုံမှာ စကားပြောရင်းမှ ရှောက်ချူးရွှေ၏ တွေဝေနေသည့်မျက်နှာ၊ စားပွဲတွင် လွတ်နေသော ထိုင်ခုံနှစ်လုံးတို့ကိုကြည့်ကာ စိတ်ထဲတွင် နားလည်သဘောပေါက်သွားမိသည်။



'ဘယ်လိုလဲ၊ ချန်ကျင့်ကွေ့နဲ့လီမဲတို့ ရောက်မလာကြသေးပါလား'

ဤစကားမေးလိုက်သံအဆုံးတွင်ရုတ်တရက်အော်ဟစ်သံကြီး တစ်သံ ထွက်ပေါ်လာတော့သည်။

* * *

လက်နတ်ချင်း ထိခတ်သံများက တချွင်ချွင်ထွက်ပေါ်နေသည်။

ဝတ်စုံဖြူနှင့် လူတစ်ယောက်က အကျီစကို တံတောင်ဆစ်အထိ လိပ်တင်ထားသည်။

ဝတ်ရုံ၏အောက်ဘက်အပိုင်းက ဒူးဆစ်နေရာတွင် တစ်စုံတစ်ယောက်က ဓားဖြင့် တိတိရိရိခုတ်ဖြတ်ထားသလို ညီညီညာညာ ပြတ်တောက်နေသည်။

သူ၏အသွင်သဏ္ဌာန်က ဟိတ်ဟန်မာန်မာနများ ပေါ်လွင်လှသည်။

ဓားချက်တစ်ချက် ခုတ်လိုက်တိုင်း မာန်ဖီသံများ ထွက်ပေါ်လာသည်။

လက်ထဲမှ ဓားရှည်ကလည်း မှောက်လိုက်လှန်လိုက် အလင်းရောင်ဖြစ်လာသည်။

မှောင်သည့်အချိန်၌ အနီပုပ်ရောင်ရှိပြီး လင်းသည့်အချိန်၌ သွေးရောင် ထွက်ပေါ်လာသည်။

ထိုဓားကား ရှေးဟောင်းဓားမြတ်တစ်လက်ဖြစ်၏။

ထိုသူသည် လူနှစ်ယောက်နှင့် အကြိတ်အနယ် တိုက်ခိုက်နေသည်။

ထိုသူနှစ်ယောက်ကား ချန်ကျင့်ကွေနှင့် လီမဲ့တို့ ဖြစ်ကြပေသည်။

သူတို့အနီးတွင် ဝတ်ရုံစိမ်းဝတ်လူတစ်ယောက်က ဘေးတွင် ရပ်ကာ တိုက်ပွဲအခြေအနေ စောင့်ကြည့်နေသည်။

ထက်ဝင်းရွှေ့မှာ ထိုအခြေအနေကိုတွေ့လျှင် အကြီးအကျယ် ဒေါသထွက်သွားရသည်။

'ခွေးကောင်တွေ မင်းတို့ကြောင့် ငါအစားကောင်းကောင်း မစားရဘူး၊ အူလိမ်နေပြီ'

ရှေ့သို့လှမ်းတက်ကာ တိုက်ခိုက်မည့်ဟန်ပြုသည်။

ကျောက်စုယုံခန္ဓာကိုယ်က အသာလှုပ်ယိမ်း လိုက်သည်နှင့် ထက်ဝင်းရွှေ့ရှေ့သို့ ရောက်သွား၏။

'အရမ်းအရမ်းမလုပ်နဲ့၊ အခြေအနေကြည့်ပြီးမှ လှုပ်ရှားရင်ကောင်းမယ်'

ကျောက်စုယုံက တီးတိုးလေသံဖြင့် သတိပေးသည်။



ထိုအချိန်တွင် ဝတ်စုံဖြူဝတ်ဆင်ထားသော အရပ်မြင့်မြင့်နှင့်လူသည် သွေးနီရောင်လွှမ်းသော ဓားရှည်ကို ဝှေ့ယမ်းတိုက်ခိုက်လာသည်။

ချန်ကျင့်ကွေကလည်း တန်ပြန်တိုက်ခိုက်ခုခံသည်။

တစ်ဖက်လူက ဓားသွားကို လက်ဝါးလိုင်းအားပမာ ရိုက်ချလာသဖြင့် ချန်ကျင့်ကွေ အရှိန်မသတ်နိုင်ဘဲ နောက်သို့ခြေလှမ်းခြောက်လှမ်းခန့်ဆုတ်ပေးလိုက်ရသည်။

ခြောက်လှမ် ဆုတ်အပြီး နောက်ထပ်ခြေလှမ်း တစ်လှမ်းထပ်ဆုတ်ရကာ ကိုယ်ဟန်ကိုမထိန်းနိုင်ဘဲ ဗိုင်းခနဲ နောက်ဘက်မှ သစ်ပင်တစ်ပင်နှင့် ဝင်ဆောင့်မိ၏။

သစ်သီးနှင့် သစ်ရွက်အချို့ လျောခနဲ ကြွေကျကုန်သည်

လီမဲ့မှာ ချန်ကျင့်ကွေ နောက်ဆုတ်သွားရသည်နှင့် ကိုယ်ကို စကြာရဟတ်ကဲ့သို့ လည်ပတ်ပြီး ဝတ်ရုံဖြူ၏ နောက်ကျောဆီသို့ ရောက်သွား၏။

တစ်ပြိုင်နက်တည်းပင်ထိုသူ၏နောက်ကျောဘက်မှရှင်တောက်သွေးကြောကွက်ကို ဖမ်းဆွဲတိုက်ခိုက်သည်။

'ယား....'

ဝတ်စုံဖြူ မာန်သွင်း အသံပေးပြီး နောက်ပြန်လှည့်ကာ ရင်ဆိုင်လိုက်သည်။

လရောင်အောက်တွင် ထိုသူ၏မျက်နှာကို ထင်ရှားပီသစွာ တွေ့လိုက်ရသည်။

ကျောက်စုယုံရင်ထဲ လှုပ်ခုန်သွားသည်။

ထိုသူမှာ အရပ်မြင့်သလောက် နွားပျိုတစ်ကောင် ပမာ သန်မာလှသည်။

သို့သော် သူ့ဆံပင်၊ မုတ်ဆိတ်၊ ပါးမြိုင်းမွေးများက ဆွတ်ဆွတ်ဖြူနေ၏။

ရုတ်ဘရက်မြင်လိုက်ရသော အလင်းရိပ်တွင်ပင် ထိုသူသည် အသက်အရွယ်ကြီးရင့်သော အဘိုးအိုတစ်ယောက် ဖြစ်ကြောင်း သိသာနိုင်ပေသည်။

အဘိုးကြီးနောက်ပြန်လှည့်လိုက်လျှင် လီမဲ၏လက်ချောင်းများက သူ့ရင်ဘတ်နေရာသို့ ဦးတည်သွားလေ၏။

ရင်ဘတ်ဆီသို့ လက်ရောက်လာသော လီမဲ ကုတ်ဆွဲ၍ မရ။

ကုတ်ဆွဲချိန်တွင်ပင် ထိုသူ၏ဓားချက်က ကျလာသဖြင့်လီမဲ ၏ လက်အစုံမှာ ဆက်လက်လှုပ်ရှားပါက ပြတ်တောက်သွားရန်သာ ရှိသည်။

စက်ယွင်း ထိုအခြေအနေကို မြင်ရလျှင် ထိတ်လန့်တကြီး အော်ဟစ်လိုက်မိသည်။

အဘိုးကြီး၏ဓားချက်က လမ်းတဝက်အရောက်တွင် မထင်မှတ်ဘဲ ရပ်တန့်သွားရသည်။

လီမဲကိုစိုက်ကြည့်ပြီး ခေါင်းခါယမ်းပြလိုက်ပြန်သည်။

'မဖြစ်ဘူး....မဖြစ်ဘူး၊ မင်းမှာလက်နက်မရှိဘူး၊ မင်းကိုနိုင်ရင်လဲ ငါ့အနေနဲ့ လူစွမ်းကောင်းတစ်ယောက် ပီသမှာ မဟုတ်တော့ဘူး'



အဘိုးကြီးက ပြောပြောဆိုဆိုပင် နောက်ကျောတွင်ချိတ်ဆွဲထားသော ဓားရှည်တစ်လက်ကို ဆွဲထုတ်လိုက်သည်။

လီမဲအား ကမ်းပေးကာ....

'ရော့...ဒီဓားရှည်ဟာ မင်းနဲ့ဆိုရင် လိုက်ဖက်လိမ့်မယ်၊ အဲဒီဓားကိုယူပြီး ငါနဲ့တိုက်ခိုက်စမ်း'

လီမဲဓားရှည်ကိုလှမ်း ယူလိုက်၏။

လက်ထဲသို့ရောက်သည်နှင့် ဓားအိမ်မှရှမ်းခနဲ ဆွဲထုတ်သည်။

ထိုဓားကား အခြားသောဓားရှည်ထက် တစ်ဝက်ခန့် ပို၍ ရှည်လျားနေသည်။

ခုနစ်ပေခန့်ပင်ရှိသည်။

ဓားအသွားက ပြောင်လက်ကာ ဓားရှက်တွင်စာလုံးအချို့ ရေထွင်းထားသည်။

ထိုစာလုံးကိုကြည့်ပြီး လီမဲမျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်အံ့အားသင့်သွားသည်။

တစ်ခဏမျှ မှင်တက်နေမိပြီး အသံကျယ်ကြီးဖြင့်....

'ဝက်ဖြူဘုရင့်ရဲ့ ဓားရှည်ပါလား'

ကျောက်စုယုံနှင့် ရှောက်ချူးရွှေတို့မှာ ထိုစကားသံကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ၏။

ဝက်ဖြူဘုရင်ဓားရှည်သည် တစ်ချိန်ကပန်းပဲဆရာအကျော်အမော် ပိုင်ကျူး၏အဖိုးတန် ဓားကောင်းတစ်လက်ဖြစ်၏။

ပိုင်ကျူးသည်ပန်းပဲဆရာတစ်ယောက်ဖြစ်သော်လည်းဓားသိုင်းပညာမည့်၊ အဆင့်မြင့်မြင့်ပင် တတ်ကျွမ်းထားသည်။

သူ၏ဓားသိုင်းပညာကို အထင်ကြီးအားကိုးသူကား သူ တပါးအပေါ်တွင်လည်း ကောက်ကျစ် ရက်စက်တတ်၏။

သို့တိုင် သူ့ကိုယ်သူ သမာဓိရှိသူ၊ ဂုဏ်ရှိသူ တစ်ယောက် အဖြစ်သည်းခံ ထင်မှတ်နေ၏။

အဖြူရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်လေ့ရှိသဖြင့် သိုင်း လောကသားများက ဝက်ဖြူဘုရင်ဟု ခေါ်ဆိုခဲ့ကြသည်။

သူ့ဓားရှည်ကိုလည်း ဝက်ဖြူဘုရင်ဓားရှည်ဟု အမည်ပေး ကြသည်။

တစ်နေ့တွင် ပိုင်ကျူးသည် သူလိုပင် ဝတ်စုံဖြူဝတ်ဆင် လေ့ရှိသည့် ဓားသမားတစ်ဦးနှင့် တွေ့ဆုံခဲ့သည်။

ထိုသူ၏ဘွဲ့အမည်မှာ လက်တစ်ထောင်လူဝံ ဟူ၏။

ချင်းချန်ဂိုဏ်း၏ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်ပြီး လင်ကျွင့် လုံပင်ဖြစ်၏။

ထိုစဉ်ကတည်းက လင်ကျွင့်လုံ၏ အသက်အရွယ် ကြီးရင့်နေ ပြီဖြစ်သော်လည်း သိုင်းပညာတွင် ပေါ့ပါး ဖျတ်လတ်စွာ လှုပ်ရှားနိုင်သည်။

သာမန်လူငယ်ဆယ်ယောက်နှင့်ပူးပေါင်း တိုက်ခိုက်သည့်တိုင် အနိုင်မယူနိုင်။

သူသည် ပိုင်ကျူးနှင့်တွေ့ဆုံသောအခါ ကောင်းစွာ အနိုင် ယူခဲ့ပေသည်။

ယခု ကျော့ကုစယုံတို့တွေ့လိုက်ရသည်မှာ လင်ကျွင့်လုံဖြစ်၏။



သူသည် သိုင်းလောကတွင် နာမည်အရှိန်ကျနေသူတစ်ဦးဟု ဆိုနိုင်သော်လည်း သူ့ဟန်ပန်၌အရှိန်အဝါနှင့်ဆိုလျှင် ဝါရင့် ဓားသမားတစ်ဦးဟု ဆိုနိုင်ပေသည်။

လ မဲသည် ဓားရှည်ကိုလက်ခံယူပြီးလျှင် လင်ကျွင့်လုံနှင့် သုံးလေးကွက်မျှ ရင်ဆိုင်တိုက်ခိုက်၏။

အဖြူအနီအလင်းတန်းနှစ်ခုက ပျံဝဲလှုပ်ရှားနေပြီး အလွန် ပင် ကြည့်၍ကောင်းလှပေသည်။

လ မဲသည် အတန်ကြာ တိုက်ခိုက်ပြီးလျှင် အခြေအနေ မဟန်သည်နှင့်....

'ဓားပညာမှာ ခင်ဗျားကိုကျူပ် မနိုင်နိုင်ဘူး၊ ခင်ဗျား မတရားဘူး'

လင်ကျွင့်လုံကလည်း တိုက်ခိုက်နေရင်းမှ....

'ဘာမတရားရမှာလဲ၊ မင်းကို ငါဓားရှည်တစ်လက် ပေး ထားတာပဲ'

စကားပြောနေကြသော်လည်း လက်က တုံ့နှေးခြင်းမရှိ။

ဓားလက်ပေါင်း ရာချီမက လည်ပတ်နေသလို လ မဲကို ထိုးစိုက်တိုက်ခိုက်နေသည်ဟုပင် ထင်ရ၏။

လ မဲမှာ အကင်းပါး ဖျတ်လတ်သူတစ်ယောက် ဖြစ်သော် လည်း မျောက်တစ်ကောင်သို့ ခြေလက်မြန်ဆန်လှသည့် အဘိုး ကြီး၏ တိုက်ခိုက်လာမှုကြောင့် အသက်ရှူမှားမတတ်ပင် ဖြစ် လာရသည်။

သို့သော် ရှုတ်နောက်နောက်ခပြောင်ချော်ချော်ဖြင့် တိုက်ခိုက် တတ်သူတစ်ယောက် ဖြစ်ပေရာ သူ့စကားကြောင့် လက်

တစ်ထောင်လူဝ လင်ကျင့်လုံမှာ ချက်ချင်းမင် မြန်ဆန်ရာမှ နှေးကွေးသွားသည်။

သူ့စကားကိုနားထောင်ပြီးမှ တိုက်ခိုက်မည့်ဟန်မျိုးဖြစ်လာသည်။

ထိုအချိန်တွင် လီမဲသည် အခွင့်ကောင်းယူကာ လင်ကျင့်လုံကို ခြေထောက်ဖြင့် လှမ်းကန်ချိတ်ဆွဲလိုက်သည်။

လင်ကျင့်လုံ ဒယီးဒယိုင်ဖြစ်ကာ လဲကျလုမတတ် ဖြစ်သွားတော့သည်။

လီမဲ လှောင်ပြောင်ရယ်မောလာသည်။

'ကျုပ်က ဓားပညာကို လေ့ကျင့်ခဲ့တာမှမဟုတ်ဘဲ၊ ဓားရှည်ရတော့ကော ကျုပ်အတွက် ဘာအသုံးကျမှာလဲ'

လင်ကျင့်လုံမှာ လီမဲလက်ချက်ကြောင့်ယိမ်းယိုင်လဲလုမတတ် ဖြစ်ခဲ့ရသဖြင့် အတော်ကလေး မကျေမနပ် ဖြစ်နေ၏။

လီမဲ၏စကားကို နားမထောင်ဘဲ ဓားရှည် ဆန့်ထုတ်ပြီး လီမဲအား ခုတ်ပိုင်းမည့်ဟန်မျိုး ပြုလုပ်လာသည်။

လီမဲ၏ သိုင်းပညာသည် အမှန်စင်စစ် လီကျင့်လုံကို မမီ။

သို့သော်....

ဤနှစ်အတွင်း ရှောက်ချူးရွှေဆီမှ ပညာအတော် ရလိုက်သဖြင့် လင်ကျင့်လုံသည် သူ့ကို ထိခိုက်အောင် မခုတ်နိုင်ပါချေ။

နှစ်ယောက်သားမှာ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နိုင်ခဲ့ကြ၏။



ချန်ကျင့်ကွေသည် နံဘေးမှနေ၍....

'အဘိုးကြီး ခင်ဗျားရဲ့ သွားနီနီဓားရှည်ကျုပ်ကို ပေးမလား၊ ခင်ဗျားနဲ့ကျုပ် ဓားချင်းယှဉ်ပြိုင်မယ်'

လင်ကျင့်လုံ မျက်လုံးအစုံ ဝင်းလက် တောက်ပသွားသည်။

'ကောင်းတယ်၊ မင်းက ဓားပညာ တတ်တယ် ဆိုတော့ အဘော်ပဲ၊ မင်းကို အဲဒီဓား ပေးလိုက်တော့ကော ဘာဖြစ်ရမှာလဲ၊ အခုမကြေ ဓားနဲ့တုံ့ပြန်မယ်'

ကျောက်စုယုံမှာ ဤစကား ကြားလိုက်ရမှ ထိုအဘိုးကြီးအား လက်တစ်ထောင်လူဝ လင်ကျင့်လုံ အစစ်အမှန် ဖြစ်ကြောင်း သံသယကင်းစွာ လက်ခံ ယုံကြည်လိုက်လေတော့သည်။

* * *

လက်တစ်ထောင် လူဝ လင်ကျင့်လုံသည် တစ်ချိန်က ဓားရှည်သုံးလက်ဖြင့် သိုင်းလောကတွင် နာမည်ကြီးခဲ့သည်။

သူ၏ ပထမ ဓားရှည်တစ်လက်က ပန်းပဲဆရာကြီး ပိုင်ကျူး၏ ဝင်ပြူဘုရင် ဓားရှည် ဖြစ်၏။

ဒုတိယ ဓားရှည်မှာ သွေးနီနီ ဓားရှည်ဟု ခေါ်သည်။

ကျုံးနန်ဓားဂိုဏ်း ပြိုကွဲသွားရခြင်းသည် လက်တစ်ထောင် လူ၏ လက်ချက်ဖြစ်ပေသည်။

ထိုစဉ်က ကျုံးနန်ဓားဂိုဏ်း၏ ဂိုဏ်းချုပ်နှင့် လက်ထောက် အဆင့်မြင့် ပုဂ္ဂိုလ်ငါးဦးတို့သည် ဩဇာအာဏာဂိုဏ်း အတွက် အလုပ်လုပ်ပေးခဲ့ကြသည်။

ဤကိစ္စကို လင်ကျွင့်လုံ မကျေနပ်။

သို့နှင့် ပွင့်ပွင့်လင်းလင်း ထင်ထင်ပေါ်ပေါ်ပင် တိုက်ခိုက် ရန် စိန်ခေါ်လိုက်သည်။

ထိုစဉ်တုန်းက လင်ကျွင့်လုံသည် အနီရောင်သမ်းသော ဓား ရှည်တစ်လက်ကို အသုံးပြုကာ ကျုံးနန် ဓားဂိုဏ်း၏ အဆင့်မြင့် ပုဂ္ဂိုလ်ငါးဦးကို တိုက်ခိုက်အနိုင်ယူခဲ့သည်။

သူ့ကြောင့်ပင် ကျုံးနန်ဓားဂိုဏ်း ပြိုကွဲပြီး သိုင်းလောက တွင် နာမည်မရှိတော့။

လင်ကျွင့်လုံသည် သူ့ကိုယ်သူ ကျေနပ်ပီတိဖြစ်ကာထို ဓား ရှည်ကို သွေးနီနီ ဓားရှည်ဟု မှည့်ခေါ်လိုက်သည်။

တတိယဓားရှည်က အခဲမကျေဓားရှည်ဖြစ်သည်။

လင်ကျွင့်လုံသည် သွေးနီနီ ဓားရှည်ကို ချန်ကျွင့်ကွေ့အား ပေးလိုက်ပြီး အခဲမကျေဓားရှည်ကို ဆွဲထုတ်လိုက်သည်။

ထိုဓားရှည်မှာ လေးထောင့်သဏ္ဍာန် အပြားရှည်ကြီး ဖြစ် သည်။

အရောင်က အဝါရောင် သမ်းနေသည်။



ရုတ်တရက်ကြည့်လျှင် သာမန်ဓားတစ်လက်ဟု ထင်ရသော် လည်း လင်ကျွင့်လုံအတွက်မှာ အဖိုးအတန်ဆုံး ဓားတစ်လက် ဖြစ်ပေသည်။

သူငယ်စဉ် ချင်းချန်ဂိုဏ်းထဲသို့ ဝင်စဉ်ကာလက ဂိုဏ်းထဲမှ ဝါရင့်ပုဂ္ဂိုလ်ဘစ်ဦး အပေါ် ကျေးဇူး ရှိခဲ့ဖူးသည်။

သို့အတွက် ဤဓားရှည်ကို လက်ဆောင် ရခဲ့ခြင်း ဖြစ် သည်။

နောက်ပိုင်းတွင် သူသည်ဓားပညာသာအာရုံနစ်မွန်းခဲ့သဖြင့် ဂိုဏ်းအဖွဲ့မှ ဝါရင့်ပုဂ္ဂိုလ်တို့နှင့် အလှမ်း ကွာသွားခဲ့သည်။

သူ၏ သွေးသောက် မောင်နှမ၊ ညီအစ်ကိုများက သူ့ကို စောင့်နေချိန်တွင် ဂိုဏ်းအဖွဲ့ကြီးသည် မြူခိုးတိမ်တိုက် ပမာ ပျောက်ကွယ်ခဲ့ရသည်။

ညီနောင်များ သေကြေဒဏ်ရာရရှိခြင်း၊ တစ်ကွဲတစ်ပြားစီ ပျံ့နှံ့သွားကြခြင်းတို့ကြောင့် သူတစ်ယောက်လည်း ကျန်ရစ် ခဲ့ရသည်။

သူ့ရင်ထဲတွင် မကျေနပ် အခဲမကြေစိတ် ဖြစ်ပေါ် လာ သည်။

သို့ကြောင့် ဤဓားရှည်ကို အခဲမကျေ ဓားရှည်ဟု မှည့် ခေါ်ခဲ့ခြင်း ဖြစ်သည်။

လင်ကျွင့်လုံသည် သူတကာနှင့် ဓားချင်း ယှဉ်ပြိုင်ရသည်ကို ဝါသနာထုံ၏။

လီမဲနှင့် တိုက်ခိုက်စဉ်တွင် သွက်လက်မြန်ဆန်မှုက မတိမ်း မယိမ်း ရှိနေသဖြင့်စိတ်ထဲတွင် ဝမ်းသာသွားသည်။

သို့သော် လိမ်မဲသည် ဓားပညာတွင် မကျွမ်း။
ဆက်လက်ယှဉ်ပြိုင်ရန် သူစိတ်မဝင်စားတော့။

ချန်ကျင့်ကွေက စိန်ခေါ်လာသောအခါ သူအလွန်ပင်ပီတိဖြစ်သွား၏။

ချန်ကျင့်ကွေကို သွေးနီနီဓားရှည် ပေးလိုက်ပြီးလျှင် တိုက်ယှဉ်ပြိုင်ရန် အသင့်ပြင်လိုက်၏။

ချန်ကျင့်ကွေက ဓားရှည်ကို လက်ခံယူလိုက်ပြီးလျှင် အေးစက်စက် ရယ်မောလိုက်၏။

တစ်ပြိုင်နက်တည်းပင် ဓားချက်တစ်ချက် ထိုးသွင်း လိုက်သည်။

ဓားချက်က အတော်ပင် ကြောက်စရာ ကောင်းလှ၏။
လင်ကျင့်လုံ အထင်မသေးရဲ။

သို့သော် ဓားချက်ကိုခုခံလိုက်ပြီးသောအခါ သူ့စိတ်ထဲတွင် စိတ်ပျက်သွားရပြန်သည်။

ချန်ကျင့်ကွေ၏ ဓားအားလှိုင်းသည် ပြင်းထန်လှသော်လည်း စနစ်ကျ မှန်ကန်သော ဓားကွက်မဟုတ်။

လက်သီးအားကို ဓားရှည်ဆီသို့ ပို့လိုက်ခြင်း ဖြစ်သည်။

ချန်ကျင့်ကွေသည် တိုက်ကွက်နှစ်ဆယ်ခန့် ယှဉ်ပြိုင်ပြီးသောအခါ ဇောချွေးများပြန်လာသည်။

သင်ယူခဲ့သည့် ဓားကွက်က မများလှသဖြင့် လင်ကျင့်လုံကို ရင်မဆိုင်နိုင်။

လက်သီးဟန်ခြေဟန်တို့ဖြင့် ပြောင်းလဲတိုက်ခိုက်လျှင်လည်း လင်ကျင့်လုံ၏ ဓားစက်ကွင်းထဲမှ လွတ်မည်မဟုတ်။



ထို့ကြောင့် အကြံတစ်ခု ရရှိလိုက်သဖြင့် တိုက်ခိုက်ခြင်းကို ရပ်တန့်ပစ်လိုက်သည်

'အဘိုးကြီး ဓားပညာချင်း ယှဉ်ပြိုင်လို့ကတော့ ခင်ဗျားကို မယှဉ်နိုင်ဘူး၊ အစ်ကိုကြီး ရောက်ကလဲ့ရင် ကျုပ်တို့ အထဲမှာ ဓားပညာရှင် တစ်ယောက်ရှိသေးတယ်၊ ခင်ဗျားကို အပြတ်အသတ် အနိုင်ယူဖို့ အသင့်ဖြစ်နေပြီ'

လင်ကျင့်လုံမှာ အရှိန်ရနေချိန်တွင်ချန်ကျင့်ကွေကတိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်သဖြင့် မကျေမနပ် ဖြစ်သွားရသည်။

သို့သော် ပြိုင်ဘက်ကောင်းတစ်ယောက် ရှိနေသဖြင့် ဝမ်းသာမိလိုက်ပြန်သည်။

'ဘယ်သူလဲ၊ ခေါ်လိုက်စမ်း၊ ငါကလဲ အဆင်သင့်ပဲ'

ချန်ကျင့်ကွေက ထီမထင်ဟန် နှာခေါင်းရှုံ့လိုက်ပြီး....

'အဲဒီလူရဲ့ နာမည်က မိုးမြေသိမ့်သိမ့်တုန်လောက်အောင် ထင်ရှားကျော်ကြားတယ်၊ သူ အခု လက်ထဲမှာ ဓားမရှိဘူး၊ နို့မဟုတ်ရင် ခင်ဗျားကို ဆုံးမလိမ့်မယ်၊ သူနဲ့တွေ့တာ ခင်ဗျားအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်'

လင်ကျင့်လုံ အကြီးအကျယ် ဒေါပွသွားသည်။
စိတ်ထဲတွင်လည်း ထူးဆန်းသလို ဖြစ်သွားမိ၏။

'ပေါက်ကရတွေ လျှောက်ပြောမနေစမ်းနဲ့၊ အခု သူဘယ်မှာလဲ၊ အဲဒီလူနဲ့ မယှဉ်ပြိုင်ရဲရင် ငါ့အမည်ကို လင်ကျင့်လုံလို့ မခေါ်နဲ့တော့'

'ခင်ဗျား တကယ်ပဲ သတ္တိရှိနေလို့လား'

လင်ကျွိဳ့လို ရင်ကော့ကာ ဟန်မာန်အပြည့်ဖြင့် လူအားလုံးဘက်သို့ လှည့်လိုက်သည်။

'ဘာလို့ သတ္တိမရှိရမှာလဲ၊ မှင်းရဲ့ လူကိုသာ ခေါ်လိုက်စမ်း'

'ကောင်းပြီ'

ချန်ကျင့်ကွေက ပြောပြီးသည်နှင့် လူတစ်ယောက်ထံသို့ လက်ညှိုးညွှန်လိုက်သည်။

'သူပဲ'

သူလက်ညှိုးညွှန်ပြလိုက်သည့်သူကား ဗိုက်ကြီးဆရာတော် တာ့တုဖြစ်နေလေသတည်း။

ဧရှာက်ချူးရှေတို့အားလုံး ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

တာ့တုပင် သူ့နားကို မယုံနိုင်အောင် ဖြစ်နေမိ၏။

သူ့လက်ကို ရင်ဖြင့် အသာပုတ်ပြီး ချန်ကျင့်ကွေ လက်ထဲမှ ဓားရှည်ကို လက်ညှိုးညွှန်ပြလိုက်မိသည်။

သူ့စိတ်ထဲတွင်လည်း ဇဝေဇဝါ ဖြစ်နေ၏။

ချန်ကျင့်ကွေ ခေါင်းညိတ်ပြလိုက်လျှင် အော်ဆဲလုမတတ်ပင် ဒေါသထွက်သွားရတော့သည်။

သူသည် အမိဝမ်းထဲမှ ထွက်ကတည်းက ယခုအချိန်ထိ လက်နှစ်ဖက်ကိုသာ အားကိုးခဲ့ရသည်။

ရန်သူ၏ ဓားရှည်ကို လုယူခဲ့သည်မှလွဲ၍ တိုက်ခိုက်ရန်အတွက် ဓားရှည်ကို ကိုင်ဖူးခြင်းပင် မရှိ။



အဘယ်သို့လျှင် ချန်ကျင့်ကွေက မိမိအား ဓားပညာရှင် ထိတ်ထိတ်ကြဲဟု ခေါ်ဝေါ်သုံးနှုန်းလိုက်သည်ကို တာ့တု မစဉ်းစားတတ်။

လင်ကျွင့်လုံသည် မာန်တက်သော အမူအရာဖြင့် တာ့တုထံသို့ လျှောက်လှမ်းလာသည်။

တာ့တုရင်ထဲတွင် စိုးရိမ်ပူပန်လာမိသည်။

လက်ဝါးကို ရင်ဘတ်ရှေ့တွင် ထောင်ကာ အကာအကွယ် ပြုထားပြီး....

'ခွေးမသား ချန်ကျင့်ကွေ....ငါ'

ဒေါသတကြီး အော်ဟစ်လိုက်သည့် တာ့တု၏ စကားသံက မဆုံးလိုက်၊ လင်ကျွင့်လုံက အလျင်အမြန် ကြားဖြတ်ကာ....

'သူက ခြေသိုင်းလက်သိုင်းပညာကို တတ်တဲ့လူမှ မဟုတ်ဘဲ၊ ဒီတော့ ခင်ဗျားရဲ့ ပြိုင်ဘက် မဟုတ်နိုင်ဘူးကော၊ ဓားသိုင်းချင်း ယှဉ်ပြိုင်တာ အကောင်ဆုံးပဲ'

လင်ကျွင့်လုံမှာ တာ့တု၏ မျက်မှောင်ကြုတ်နေပုံကိုကြည့်ပြီး ချန်ကျင့်ကွေ၏ စကားကြောင့် စိတ်ထဲတွင် ဝမ်းသာသွားသည်။

ဓားရှည်ကိုလည်း တာ့တုထံသို့ ပစ်ပေးလိုက်၏။

'ရော့-ဓားရှည်၊ ကျုပ်မှာ ရှိတယ် ဖမ်းယူပေတော့'

တာ့တု ဓားရှည်ကို ဖမ်းယူလိုက်၏။

ပြောင်နေသော သူ့ခေါင်းတုံးထက်တွင် နှင်းရည်နှင့် ချွေးတို့ ရောထွေးကာ စိုရွှဲလာ၏။

ထိုအချိန်တွင် ချန်ကျင့်ကွေ့ အားပါးတရ ရယ်မောလိုက်၏။

'ဒီမှာအဘိုးကြီး၊ ကျုပ်ရဲ့ ဓားပညာကလဲ မညံ့ပါဘူး။ ကျုပ်ကို အရင်ယှဉ်ပြီးမှ သူနဲ့ ယှဉ်ပြိုင်ပါ'

လင်ကျင့်လုံကသည်း ကျေနပ်စွာ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား....ဓားပညာနဲ့ မင်းကို အနိုင်ယူဖို့ မခက်ပါဘူး'

ချန်ကျင့်ကွေ့က ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ၊ ပကတိ အေးဆေးတည်ငြိမ်သော လေသံဖြင့်....

'ဒါဆို အခုစနိုင်ပြီ'

လင်ကျင့်လုံ တောက်တစ်ချက် ခေါက်လိုက်သည်။

လက်ကို ဆန့်တန်းကာ နောက်ကျောဘက်သို့ ဓားထုတ်ရန် လှမ်းလိုက်သည်။

သူ့စိတ်ထဲတွင် တအံ့တဩနှင့် ကြောင်စီစီ ဖြစ်သွားသည်။

ဓားမရှိတော့။

သူ့ဓားသုံးလက်စလုံးက လီမဲ၊ ချန်ကျင့်ကွေ့နှင့် တာ့တုတို့၏ လက်တွင်းသို့ ရောက်ရှိနေခဲ့ချေပြီ။

ထိုအချိန်တွင်မှ လင်ကျင့်လုံစိတ်ထဲ အခုတော်ကလေး တုန်လှုပ်သွားရသည်။

အော်ဟစ်ဆဲဆိုမည့်ဆဲဆဲတွင် ချန်ကျင့်ကွေ့ ခုန်ဝင်ကာ ဓားရှည်ကို ဝှေ့ယမ်းလာသည်။

'ဓားပညာချင်း ယှဉ်မယ်ဆိုလာလေ၊ ဘာလုပ်နေတာလဲ'



လင်ကျင့်လုံ မျက်နှာ နီမြန်းစွာဖြင့်....

'ငါ့မှာ ဓားမှမရှိဘဲကွ'

ချန်ကျင့်ကွေ့ လှောင်ရယ်ရယ်လိုက်သည်။

'ဓားမရှိဘူး ဟုတ်လား၊ ဒါဆိုရင် ကျုပ်တို့လက်ထဲက ဓားကို လာလုပေါ့ဗျ'

လင်ကျင့်လုံ ဓားသိုင်းပညာတွင် အဆင့်မြင့်သော်လည်း အတွင်းအားဘက်တွင် တာ့တုကိုမမီ၊ ခြေသိုင်းလက်သိုင်းကွက်တွင် ချန်ကျင့်ကွေ့ကို မယှဉ်နိုင်။

ကိုယ်ခန္ဓာ လှုပ်ရှားမှုတွင် လီမဲလောက် လျင်မြန်ဖြတ်လတ်မှုမရှိ၊ ထို့ကြောင့် လက်နှစ်ဖက် သက်သက်ဖြင့် သူတို့လက်ထဲမှ ဓားရှည်ကို လုယူရန်မဖြစ်နိုင်။

လုံသော် မခံချင်စိတ်နှင့် ဒေါသစိတ်က လွှမ်းမိုးနေသဖြင့်....

ခြေဖနောင့်တစ်ချက် ဆောင့်ချလိုက်ကာ....

'လုဆိုလဲ လုတာပေါ့ကွာ၊ ဘာဆန်းတာမှတ်လို့လဲ'

ပြောပြောဆိုဆိုပင် လက်ဝါးအစုံကို ကြက်ခြေခတ်သဏ္ဌာန်ယှက်ပြီး လက်နက်ဖမ်းချုပ်ပညာကို အသုံးပြုလာ၏။

ထိုအချိန်တွင် ဩဇာအာဏာသံ အပြည့်ပါသော စကားသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

'အာကွေ့-အရမ်းလျောက်မလုပ်နဲ့'

ထိုစကားသံကြောင့် ချန်ကျင့်ကွေ့၏ ပြောင်စပ်စပ်မျက်နှာ ချက်ချင်းပင် မှုင်သေတည်ငြိမ်သွားသည်။

ဝ တိုက်ခိုက်ရန် အသင့်ဖြစ်နေသော လက်နှစ်ဖက်သည်လည်း ရွှေလိုအလျောက် ဘေးသို့ ချလိုက်မိသည်။

ကျုပ် လင်ကျင့်လုံ နောက်သို့ လှည့်ကြည့်လိုက်၏။

ခံ့ညားချောမောသော လူငယ်တစ်ယောက် သူ့ကို စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူငယ်၏ ရှောက်ချူးရွှေပင်တည်း။

○

အခန်း ( ၂ )

လရောင်က မြူနှင်းများနှင့်အတူ ဖြာကျနေသည်။

ဗိုးဦး၏ လေပြည်က လတ်ဆတ်စွာ ပျံ့သန်းနေသည်။

ညဉ့်ဦးယံ သဘာဝပန်းချီက ဆွတ်ပျံ့သာမောဖွယ်ကောင်းလှသည်။

လင်ကျင့်လုံသည် စူးရှထက်သော မျက်ဝန်းအစုံဖြင့် မိမိကို စူးစိုက်ကြည့်နေသည့် လူငယ်ကိုမြင်ရလျှင် စိတ်ထဲတွင် တုန့်လှုပ်သွားမိသည်။

'မင်း... မင်း ဘယ်သူလဲ'

သူ့ကိုယ်သူ တင်ဆည်းကာ မေးလိုက်သည်။

ရှောက်ချူးရွှေ နှစ်လိုဖွယ်ပြုံးရယ်လိုက်ပြီး....

'ရှောက်ချုံးရွှေ'

လင်ကျင့်လုံ မျက်လုံးအရောင် တောက်လက်သွား၏။

'ရှောက်ချုံးရွှေ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော် ရှောက်ချုံးရွှေပါပဲ၊ ဆရာကြီးက လက်တစ်ဆောင်လူဝ' လင်ကျင့်လုံ မဟုတ်လား'

လင်ကျင့်လုံသည် ရှောက်ချုံးရွှေက ယရှိတသော တလေးတစား ပြောဆို ဆက်ဆံလာသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

လီမဲ မှူး မခံမရပ်နိုင်ဖြစ်ကာ....

'အစ်ကိုကြီး....ဒီသေခြင်းဆိုး အဘိုးကြီးက ကျုပ်တို့နဲ့ ဘာ ရန်ငြိုးရန်စ ဘာပြဿနာမှမရှိဘဲ ဟိုက်ခိုက်ဖို့ သွေးဆာနေတဲ့ လူကြီးပဲ၊ ဟောဟို ဝတ်စုံစိမ်းနဲ့လူက အစ်ကိုကြီး ရှောက်နဲ့ တွေ့ဖို့ ရောက်လာခဲ့တယ်၊ ဒီသေခြင်းဆိုးကြီးက အစ်ကိုကြီးရဲ့ နာမည်ကို ကြားလိုက်တာနဲ့ အစ်ကိုကြီးနဲ့ ဓားသိုင်းယှဉ်ပြိုင်ဖို့ အတင်းတောင်းဆိုလာတော့ဘာပဲ၊ ကျုပ်တို့ကြားရုံနဲ့ အမြင်ကတ်လာပြီး အစ်ကိုကြီးနဲ့ သိုင်းပညာ ယှဉ်ပြိုင်ချင်ရင် ကျုပ်တို့ကို အရင် နိုင်အောင်လုပ်လို့ ပြောလိုက်တယ်၊ ဒီလူကြီး က ဒီ့ပြင် သိုင်းပညာတွေနဲ့ မယှဉ်ဘဲ ဓားချင်းယှဉ်ပြိုင်ဖို့ လုပ်လာခဲ့တယ်၊ နို့မို့ ရင်လား....ဟင်း....'

လီမဲ၏ တိုင်တိုင်ပြောပြောစကားကြောင့် လင်ကျင့်လုံမှာ ဣန္ဒြေမထိန်းနိုင်အောင်ပင် ဒေါသထွက်လာသည်။

'တောက်....မင်းတို့က ဓားချင်းမယှဉ်ရဲတာကို ဝန်မခံဘဲ တခြားအပိုစကားတွေ လာပြောမနေစမ်းနဲ့'



ရှောက်ချုံးရွှေ မနေသာတော့။

'လီမဲ အဲဒီလို မဖွယ်မရာစကားမျိုးမပြောနဲ့လေ'

လင်ကျင့်လုံသည် လူတစ်ဖက်သားအပေါ် ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်း ဆက်ဆံတတ်သော်လည်း သိုင်းလောကတွင် နာမည်ကောင်းရှိသည့် သိုင်းသမားကြီးတစ်ဦးဖြစ်ပေသည်။

မိုးတုချင်ကြီးကျုံးနှင့် ဩဇာအာဏာဂိုဏ်းတို့က သူ့ကို ချော့ချည်တစ်ခါ ချောက်ချည်တစ်လှည့်ဖြင့် စည်းရုံးသိမ်းသွင်းသော်သည်း သူက လက်မခံခဲ့။

စိတ်ခေတ်ကြွခိုင်သူတစ်ယောက်ပင်ဘည်း။

လင်ကျင့်လုံသည် ရှောက်ချုံးရွှေကို အကဲခတ်ကြည့်နေ၏။

အတန်ကြာမှ....

'မင်းကို သိုင်းလောကသားတွေက ဂိုဏ်းအသီးသီးရဲ့ အစွမ်းထက်တဲ့ ဓားသိုင်းပညာတွေ တတ်ကျွမ်းထားတယ်လို့ ပြောနေကြတယ်၊ ကျုပ်ကလဲ ဓားသိုင်းပညာကို သေတဲ့အထိ ခုံမင်မြတ်နိုးတဲ့ လူတစ်ယောက်ပဲ၊ လာ....ကျုပ်တို့ ယှဉ်ပြိုင်ကြည့်ကြရအောင်၊ မင်းကသာ ကျုပ်ကို နိုင်ခဲ့မယ်ဆိုရင် ကျုပ်ခင်းကို တစ်သက်လုံး အစ်ကိုကြီးလို့ ခေါ်လိုက်မယ်'

လင်ကျင့်လုံက ကိုယ့်ကိုယ်ကိုယ် အထင်ကြီး ယုံကြည်သည့် လေသံဖြင့် ပြောသည်။

ချုန်ကျင့်တွေ့မှာ ထိုစကားကြောင့် အူဘက်မတတ် ရယ်မောလိုက်၏။

'ကောင်းတယ်....သိပ်ကောင်းတယ်၊ အဘိုးကြီး....တစ်သက်လုံး အစ်ကိုကြီးလို့ ခေါ်မှာယ်ဆိုတာ ခင်ဗျားကိုယ်တိုင် ပြော

တာနော်၊ တော်ကြာ ကျုပ်တို့က စကားနဲ့ ခင်ဗျားကို အပိုင်ချုပ်တယ်လို့ မပြောနဲ့'

ရှောက်ချူးရွှေ ရယ်မောလိုက်သည်။

'ဆရာကြီးရဲ့ဓားပညာက တကယ့်ကိုအစွမ်းထက်လှပါတယ်၊ ပညာချင်းယှဉ်ပြိုင်ဖို့ မလိုပါဘူး၊ ဆရာကြီးရဲ့ ဓားပညာဟာ ဇမ္ဗူတစ်လွှားမှာ နံပါတ်တစ်လို့ လက်ခံယုံကြည်ပါတယ်'

လင်ကျင့်လုံ သဘောကျစွာ ရယ်မောလိုက်၏။

'ဟီး ဟီး ဟီး....မင်း တော်ဘယ်၊ ဒီလို အလိုက်တသိရှိမှ ကျုပ်အဘိုးကြီးအတွက် အလုပ်ပိုမရှုပ်တော့ဘူး'

စက်ယွင်းမှာ ကိုယ့်ကိုယ်ကိုယ် အထင်တကြီး ဖြစ်နေသော လင်ကျင့်လုံကို ကြည့်ပြီး ထွီခနဲ တံတွေးတစ်ချက် ထွေးလိုက်သည်။

'အတော် အရှက်နည်းနဲ့ လူကြီးပဲ၊ အစ်ကိုကြီးရှောက်က ရှင့်ကို လက်တစ်ဖက်တည်းနဲ့တောင် အနိုင်ယူနိုင်တယ် သိလား'

လင်ကျင့်လုံ ဒေါသထွက်ကာ မျက်လုံးပြူးလာ၏။

'ဘာပြောတယ်၊ ငါ့ကို လက်တစ်ဖက်တည်းနဲ့ ရင်ဆိုင်ရဲပြီး မရှုံးခဲ့ရင်... ငါ... ငါ....'

ထက်ဝင်းရွှဲက ထွီခနဲ တံတွေးတစ်ချက် ထွေးထုတ်လိုက်ပြီး....

'သိပ် လေကြောကြီးမနေနဲ့၊ ခင်ဗျားကြီးကြောင့် ကျုပ်တို့တစ်တွေ ဆာလှပြီ၊ သတ္တိမရှိဘူးဆိုရင် မရှိဘူးသာ ပြောလိုက်'

လင်ကျင့်လုံမှာ စိတ်ကို အဆွခံလိုက်ရသဖြင့် မခံချင်ဖြစ်လာသည်။



'ကောင်းပြီ၊ တကယ်လို့ ငါရှုံးခဲ့ရင် ဒီဓားသုံးလက်နဲ့အတူ မင်းတို့နောက်ကို တစ်သက်လုံးလိုက်ခဲ့မယ်၊ ဘယ်လမ်းခရီးပဲ လိုက်ရ လိုက်ရ ငါမကြောက်ဘူး' လိုက်ဖြစ်အောင် လိုက်ခဲ့မယ်'

ထိုစကားကြားလိုက်ရလျှင် ထက်ဝင်းရွှဲတို့အားလုံး ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

ရှောက်ချူးရွှေကမူ အားတုံ့အားနာအမူအရာဖြင့်....

'ဒီလိုဆိုလဲ ကောင်းသားပဲ၊ တကယ်လို့ ဆရာကြီးနဲ့ ကျွန်တော် ယှဉ်ပြိုင်ခဲ့ရင် ကျွန်တော်က ဓားပညာနဲ့ ယှဉ်ပြိုင်ပါမယ်၊ လက်သီးနဲ့ ခြေထောက်ကို လုံးဝမသုံးဘူး'

လင်ကျင့်လုံမှာ ရှောက်ချူးရွှေစကား ကြားလိုက်ရသဖြင့် ပြုံးစိစိဖြစ်သွားသည်။

ရှောက်ချူးရွှေက ခြေသိုင်း လက်သီးသိုင်း အသုံးပြုသာလျှင် မိမိ၏ ဂုဏ်သိက္ခာကျဆင်းလျှင် ကျဆင်းသွားနိုင်သည်။

ယခု ရှောက်ချူးရွှေက ဓားကွက်ကို အသုံးပြုသော်သည်း ခြေလက်ဖြင့် တုံ့ပြန်ခြင်းမပြုဟု ဆိုလာသောကြောင့် ရယ်ချင်စိတ်ပင် ဖြစ်ပေါ်လာမိသည်။

'ကောင်းပြီ၊ ဒီစကားကို မင်းဘာသာမင်း ပြောတာ၊ ငါသာ မင်းလက်ချက်နဲ့ ရှုံးနိမ့်ခဲ့ရင် မင်းနောက်ကို တစ်သက်လုံး လိုက်ခဲ့မယ်၊ ဘယ်တော့မှ နောက်ဆံမတင်းစေရဘူး၊ ကျွန်တစ်ယောက်လို့ သတ်မှတ်ရင်လဲ ဘယ်တော့မှ မညည်းမညူ ဘူး'

ရှောက်ချူးရွှေက လက်သီးနှစ်ဖက်ကို ဆုပ်ကာ ဆရာကြီး တစ်ယောက်လိုပင် အရိုအသေပြုသည်။

သူသည် တုံ့ပြန်ခြင်းမပြုဘဲ လင်ကျင့်လုံ၏ ဓားပညာကို ယှဉ်ပြိုင်ခြင်းသည် ဝူတန်း၊ ရှောင်လင်၊ ဩဇာအာဏာဂိုဏ်း၊ မိုးဘုရင်ကြီးကျူးတို့၏ အဆင့်မြင့်ပုဂ္ဂိုလ်ရှစ်ဦးထံမှ ရရှိထားသော ပညာ၊ အနန္တမူလ အားတိုးဆေးစွမ်း၊ ပန်းချောင်းဓားသိုင်းပညာ တုရှဲ့စန်း၊ ယန်တိုတို့၏ ဓားသိုင်းပညာများနှင့် ရှောင်လင်ဝူတန် ပူးတွဲ လျှို့ဝှက်သိုင်းပညာကျမ်း အစွမ်းတို့ကြောင့် လင်ကျင့်လုံကို အနိုင်ယူခြင်းမျိုးမဟုတ်ချေ။

ထိုပညာများဖြင့် လင်ကျင့်လုံကို အနိုင်ယူရန် ခက်ခဲမည် မဟုတ်။

သူသည် ကရုဏာမဲ့သိုင်းကျမ်းမှ ပညာရပ်များကို သင်ကြား တတ်မြောက်ခဲ့ပေရာ ထိုပညာအစွမ်းအစကို စမ်းသပ်ကြည့်ချင် နေပေသည်။

ထိုပညာအရ ခြေလက်ကို အသုံးမပြုဘဲ လင်ကျင့်လုံ၏ တိုက်ခိုက်မှုအား တုံ့ပြန်မည်ဖြစ်ပေသည်။

လမ်မဲ၊ ချန်ကျင့်ကွေနှင့် တာ့တုတို့သုံးယောက်က သူတို့ လက်ထဲမှ ဓားရှည်ကို လင်ကျင့်လုံအား ပြန်လည် ပေးအပ် လိုက်သည်။

လင်ကျင့်လုံက ဓားရှည်နှစ်လက်ကို နောက်ကျောတွင် ချိတ်ဆွဲလိုက်၏။

အခဲမကြေ ဓားကိုသာ ကိုင်ဆောင်လျက် ရှေ့သို့ ခြေလှမ်း သုံးလှမ်း လှမ်းတက်လိုက်သည်။



ခြေလှမ်း သုံးလှမ်းက အတော်ကလေးကျဲကာ ရှောက်ချူး ရွှေနှင့် အနီးကပ်လာသည်။

အခဲမကြေဓားမှာ သုံးပေခန့်သာရှိပြီး ယခုအကွာအဝေး မှာ ရှောက်ချူးရွှေနှင့် သုံးပေခန့်ပင်မကွာတော့။

ဓားရှည်ကို ဝှေ့ယမ်းတိုက်ခိုက်ရန် အကောင်းဆုံး အခန့် အထား ဖြစ်၏။

လင်ကျင့်လုံသည် ထိပ်တန်း ဓားသိုင်းပညာရှင်တစ်ဦးဖြစ် သည်မို့ မတိုက်ခိုက်ခင် အချိန်တွင် တစ်ဖက်လူအား သတိပေး စကား ပြောတတ်သည်။

သို့တိုင် တကယ်တမ်းတိုက်ခိုက်သည့်အခါတွင် တစ်ဖက်လူ အတွက် ရှောင်တိမ်းရ ခက်သွားစေတတ်ပေသည်။

သူသည် ခြေလှမ်း လှမ်းပြီးသည်နှင့် ဓားရှည်ဖြင့် တိုက်ခိုက် ရန် ဟန်ပြင်သည်။

ရှောက်ချူးရွှေကား ပြုံးစိစိဖြင့် ရှေ့သို့ ခြေလှမ်းတစ်လှမ်း ရွတ်တရက် လှမ်းတက်လိုက်သည်။

ဓားရှည်နှင့်လူက ပို၍ နီးကပ်သွားသည်။

လင်ကျင့်လု၏ ရှေ့သို့ တိုးသောအရှိန်ကား တန့်ခနဲ ရပ်သွားသည်။

အကွာအဝေးချင့်ချိန်၍ နောက်သို့ပင် ခြေလှမ်းတစ်လှမ်း ဆုတ်ပေးလိုက်ရသည်။

သူ ခြေလှမ်းဆုတ်လျှင် ရှောက်ချူးရွှေကခြေလှမ်းတစ်လှမ်း ထပ်တက်လာသည်။

လင်ကျင့်လု ဘာမျှမတတ်နိုင်။

နောက်သို့ ခြေတစ်လှမ်း ဆုတ်ပြန်သည်။

ရှောက်ချူးရွှေကလည်း ရှေ့သို့ခြေတစ်လှမ်းတက်ပြန်သည်။

သူ တစ်လှမ်းဆုတ်တိုင်း ရှောက်ချူးရွှေ တစ်လှမ်းတက်လာသဖြင့် လင်ကျွင့်လုံမှာ ဓားကွက် မသုံးနိုင်ခင် နောက်သို့ ခြေလှမ်းလေးလှမ်းဆုတ်ပြီး ဖြစ်နေ၏။

သူ့တွင် ဓားရှည်ကို ဝှေ့ယမ်းနိုင်သည့် အခွင့်အရေး မရှိတော့။

နောက်သို့ တစ်လှမ်း ထပ်ဆုတ်လိုက်ပြန်သည်။

ထိုခြေလှမ်းဆုတ်ခြင်းသည် ဟန်ပြသာဖြစ်၏။

တကယ်တမ်းတွင် ရှေ့သို့ ခြေလှမ်းတက်လိုက်ခြင်း ဖြစ်၏။

ခြေလှမ်းက ကျဲသလို အချပ်ကလည်းမြင့်သည်မို့ ရှောက်ချူးရွှေနှင့် တစ်ပေခန့်ပင်ကွာတော့သည်။

ရှောက်ချူးရွှေနှင့် မျက်နှာခြင်းဆိုင်မိလျှင် လက်ထဲမှဓားရှည်ကို စိုက်ကာ ရှောက်ချူးရွှေ၏ နောက်ကျောဘက် နှလုံးနေရာဆီသို့ ထိုးစိုက်ချလိုက်သည်။

လင်ကျွင့်လုံသည် ရှောက်ချူးရွှေက တုံ့ပြန်ခြင်း မပြုဘဲ သူ့အားနောက်သို့ ခြေလှမ်းလေးလှမ်း ဆုတ်သွားအောင်လုပ်လာနိုင်ခဲ့သဖြင့် ဒေါသချေးပြန်လာသည်။

နဂိုကရှောက်ချူးရွှေအပေါ် ခင်မင်လိုသည့် စိတ်ဆန္ဒဖြစ်ပေါ်ခဲ့ဖြင့် ရှောက်ချူးရွှေအား ဒဏ်ရာရအောင် မလုပ်ချင်ပေ။

သို့သော်....

ဤတစ်ကြိမ်တွင် အထင် မသေးရဲတော့။



ထို့ကြောင့် အားကုန်သုံးကာ သူ့ခန္ဓာကိုယ် ကြီးဖြင့် ရှောက်ချူးရွှေ၏ ပြေးသမ်းကို ပိတ်ဆို့လိုက်သည်။

တစ်ဖက်မှသူ့ကိုခြေလှမ်း မလှမ်းနိုင်အောင် ထိန်းချုပ်ပြီးမှ အဆင့်မြင့်ပညာကို ထုတ်သုံးမည်ဖြစ်သည်။

သို့သော်....

ထိုအချိန်မှာပင် ရှောက်ချူးရွှေ၏ ခန္ဓာကိုယ်က သူ့အမြင့်အာရုံတွင် မတွေ့ရတော့။

လေပွေတစ်ချက် ဝှေ့ယမ်းတိုက်ခိုက် သွားသလိုသာ ထင်လိုက်ရသည်။

ရှောက်ချူးရွှေမှာ ပေါ့ပါးသောကိုယ်ဟန်ဖြင့် မိုးမခပင်၏ အကိုင်းတစ်ကိုင်းပေါ်သို့ ရောက်ရှိသွားပေပြီ။

လင်ကျွင့်လုံမှာ ဓားဦးချွန်အား သူ့ဘက်သို့ လှည့်ထားရှောက်ချူးရွှေ၏ နောက်ကျောသို့ ထိုးစိုက်ချခဲ့သည်။

ရှောက်ချူးရွှေ ရုတ်တရက်ပျောက်ကွယ်သွားပြီး လေပွေမွှေ့သလို ဖြစ်လာသဖြင့် ဓားအရှိန်ကို မရပ်တန့်နိုင်တော့ဘဲ သူ့ရင်ဝသို့ သူထိုးချမိတော့သည်။

ဓားဦးချွန်က သူ့ရင်ဝသို့ စပါးလုံး တစ်ထောက်စာလောက် စိုက်ဝင်သွားပြီး ရှောက်ချူးရွှေ၏ လက်တစ်ဖက်ရုတ်ခြည်းဝှေ့ယမ်းလိုက်သည်။

မိုးမခကိုင်းတစ်ကိုင်းက လေထုကိုထိုးခွဲကာ လင်ကျွင့်လုံ၏ လက်ကောက်ဝတ်ကို ထိမှန်သည်။

လင်ကျွင့်လုံ လက်ကောက်ဝတ်ထုံကျဉ်သွားပြီး အင်အားများလျော့ကျသွား၏။

ခေါးရှည်က ခန္ဓာကိုယ်ထဲသို့ ဆက်လက်မထိုးသွင်းနိုင်တော့။ ကြောင်စိစိဖြင့်သာ ရပ်နေမိတော့သည်။

ကျောက်စုယုံ လွင်လွင်လှုပ်လှုပ်ကလေး ရယ်မောလိုက်မိ၏။

'ရှင်ဘာလက်နက်နဲ့ အသုံးပြုနေတာလဲ'

ကျောက်စုယုံက လင်ကျင့်လုံကိုမေးသည်။

လင်ကျင့်လုံ မှင်တက်နေမိရာမှ....

'ခေါးရှည်'

'ရှင်ဘာသိုင်းပညာကို အသုံးပြုနေတာလဲ'

'ခေါးသိုင်းပညာ'

ကျောက်စုယုံ တခစ်ခစ် ရယ်မောလိုက်၏။

'ကျောက်ချူးရှေ ရှင့်ရဲ့ ပညာနဲ့ ခေါးကွက်ကို ခြေသက်လုံးဝမသုံးပဲ အနိုင်ယူလိုက်ပြီ ဒါကို ရှင်လက်ခံသလား'

ကျောက်စုယုံမှာ ထိုစကာ ပြောလိုက်ပြီးမှ သူ့စိတ်ထဲတွင် မသိုးမသန့်ဖြစ်သွားသည်။

အဘယ့်ကြောင့် ရှောက်ချူးရှေဘက်မှလိုက်ကာ ဝမ်းသာအားရ ပြောဆိုနေမိကြောင်းလည်း မစဉ်းစားတတ်အောင် ဖြစ်ရသည်။

အမှတ်မထင်ပင် သူ့ဘေးတွင်ရပ်နေသည့် ဝတ်စုံစိမ်းနှင့်လူကို ကြည့်လိုက်မိသည်။

ထိုလူ၏ ကိုယ်လုံးကိုယ်ထည်က သူ့မျက်စိထဲတွင် တရင်းတနှီးရှိနေသည်။



အစိမ်းရောင်ခါးစည်းကြိုးကို ခပ်ပြေပြေအလေးချည်နှောင်ထားသဖြင့် ပိန်သလားဝသလားမခန့်မှန်းနိုင်။ မျက်လုံးအစုံတမူ သူ့ဘက်သို့ လှည့်ကြည့်ခြင်းမရှိ။ တိုက်ပွဲအခြေအနေကိုလည်း တစ်ချက်မျှမလေ့လာ။

မည်မျှအရေးကြီးသည့် ကိစ္စဖြစ်နေပါစေ၊ သူနှင့် မသက်ဆိုင်သလိုရှိနေ၏။

ထိုသူက မည်သူပေနည်း။

လင်ကျင့်လုံ၏မျက်နှာမှာ အရောင်အမျိုးမျိုး ပြောင်းလဲလာသည်။

ကျောက်စုယုံ၏ အမေးစကားကို သွင်သွင် ခေါင်းခါယမ်းပစ်လိုက်သည်။

'မသတ်မှတ်နိုင်ဘူး၊ ကျုပ်ရှုံးပြီလို့ မသတ်မှတ်နိုင်ဘူး၊ ဒါဟာ ကျုပ်ပေါ့ဆခဲ့လို့သာ ဖြစ်တယ်'

ရှောက်ချူးရှေသည် မိုးမခပင်ထက်မှဆင်းကာ လင်ကျင့်လုံရှေ့သို့ ခြေတစ်လှမ်း လှမ်းတက်လိုက်သည်။

'ဆရာကြီး က ဆက်ပြီးစမ်းသပ်ချင်ရင်လဲ ကျွန်တော့်ဘက်က အဆင်သင့်ပါပဲ'

လင်ကျင့်လုံ အခဲမကြေ ခေါးကိုမြေကြီးထဲသို့ သေးနိုင်နိုင် ခေါးကို ဆွဲထုတ်လိုက်ပြန်သည်။

ခေါးအသွားမှာ အနီရောင်အလင်းတန်းက ရှောက်ချူးရှေမျက်နှာဆီသို့ ရိုက်ခတ်သွားသည်။

ရှောက်ချူးရှေ နောက်ထပ် စကား မပြောတော့။

လင်ကျင့်လုံ သည်တစ်ကြိမ်တွင် အစွမ်းကုန် ထုတ်သုံးလာမည်ကို သိရှိနေ၏။

လင်ကျင့်လုံက ဓားချက်တစ်ချက် ရုတ်တရက်ထုတ်သည်။

ရှောက်ချူးရွှေ၏ ခန္ဓာကိုယ်က ရိပ်ခနဲ လေပွေမွှေ့သည့်ပမာ လှုပ်ရှားသွားပြီး လင်ကျင့်လုံ၏ နောက်ကျောသို့ရောက်ရှိလာသည်။

ရှောက်ချူးရွှေသည် စောစောက လင်ကျင့်လုံအား ကရုဏာမဲ့သိုင်းကျမ်းထဲမှ လေပွေပမာဟန်ကို အသုံးပြုကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။

ကရုဏာမဲ့သိုင်းကျမ်းတွင် မိုး၊ မြေ၊ ဘုရင်၊ ဆွေမျိုး၊ ဆရာသမား၊ ရွှေ၊ သစ်တုံး၊ ရေ၊ မီး၊ လမင်း၊ နေမင်း၊ ပဘဝီအနေအထား၊ လေ၊ တို့ကိုအခြေပြုထားပြီး သိုင်းပညာ အဖြစ်ပြောင်းလဲ ဖန်တီးကာ ရန်သူကို တိုက်ခိုက် အနိုင်ယူနိုင်ပေသည်။

လေပွေပမာဟန်သည် ထိုအခြေခံ ဆယ့်လေးမျိုးထဲမှ တစ်မျိုးဖြစ်၏။

ရှောက်ချူးရွှေသည် လေတိုက်အားအသုံးပြုကာ လေခပ္ပကဲ့သို့ဖြတ်ကျော်သွားပြီး လင်ကျင့်လုံအား ကိုယ့်ဘာသာကိုယ့်ဓားဖြင့် ထိုးသွင်းမိအောင် ပြုလုပ်နိုင်ခဲ့သည်။

ယခုရှောက်ချူးရွှေ လင်ကျင့်လုံ၏ နောက်ဘက်သို့ ရောက်ရှိသွားချိန်တွင် လင်ကျင့်လုံ၏ နောက်ကျောတွင် လက်တစ်ချောင်း ပို့လာသည့်အလား ဝတ်ဖြူဘုရင် ဓားရှည်ကရှောက်ချူးရွှေ၏ သေကွင်းသေကွက်ကို နေရာသေ့ ကြေကွက် သုံးဆယ့်ခြောက်နေရာသို့ ထိုးစိုက်လာသည်။

ထိုအချိန်တွင် လရောင်က နေရောင်ပမာလင်းလက်လာသလို ထင်မှတ်ရ၏။

ဓားအလင်းတန်းတစ်ခု တိုးလာသလို လင်ကျင့်လုံမှတ်ထင်လိုက်မိသည်။

သို့သော်....

ရှောက်ချူးရွှေကား သူ့ရှေ့တွင် မရှိတော့။

သူ့တိုက်ကွက်ကိုမူ မရုပ်သိမ်းနိုင်။

သွေးနီနီဓားရှည်နှင့် အခဲ့မကျေဓားရှည်တို့ အချင်းချင်း ခုတ်ထစ်မိ၏။

လင်ကျင့်လုံ နဖူးပေါ်တွင် ချွေးများ တဒီးဒီး ကျလာသည်။

တိုက်ခိုက်လေပျာယာခတ်လေ ဖြစ်လာ၏။

ပိုမြန်လေ ဖြစ်လာ၏။

နောက်ဆုံးတွင် သူ့လက်ထဲမှ ဓားရှည်နှစ်လက်သည်အချင်းခုတ်ထစ်ထိခိုက်မိပြီး တစ်လက်က ပန်းခြုံအကြားသို့ ကျသွားသည်။

တစ်လက်ကမူ ထင်းရှူးပင်တစ်ပင်၏ ပင်စည်ထဲသို့စိုက်ဝင်သွားသည်။

လမင်းကြီးက ငြိမ်သက်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်ကာ မည်သည့် အသံဗလံမှ ထွက်ပေါ်မလာ။

ရှောက်ချူးရွှေသည် လရောင်အောက်တွင် ရှိနေ၏။

လရောင်က သူ့ပခုံးပေါ်တွင် ငွေခြည်နှင့်ဖောက်လုပ်ထားသော ပဝါတစ်ထည်လို လွှမ်းခြုံထားသည်။

လေပြည်ကလေ တစ်ချက် ဝေ့ခနဲ တိုက်ခတ်လာသည်။

လင်ကျင့်လုံမှာ သည်တော့မှ မိမိအင်္ကျီအောက်အစားများ ချွေးဖြင့် ရွှဲရွှဲစိုနေသည်ကို သတိထားမိသည်။

သူ့ဓားရှည် နှစ်လက်သည် အချင်းချင်း ခုတ်ထစ်တိုက်ခိုက်နေချိန်တွင် နံဘေး၌ရှိနေသော ရှောက်ချူးရွှေက တုံ့ပြန်လာပါလျှင် မိမိတွင် လက်ဆယ်ဖက် ရှိသည့်တိုင် သေရုံမှ တစ်ပါး အခြားမရှိတော့ကြောင်း လင်ကျင့်လုံ နားလည်မိသည်။

လရောင်အောက်တွင် လင်ကျင့်လုံမှာ ကြက်သီးများပင် တဖျန်းဖျန်း ထသွားမိသည်။

သူ့စိတ်ထဲတွင်လည်း ရှောက်ချူးရွှေက မိမိကို မှော်ပညာဖြင့် ယှဉ်ပြိုင်နေခြင်းလားဟု သံသယဖြစ်သွား၏။

သို့သော်....

သူသည် မှော်အတတ်ပညာကို ယုံကြည်သူမဟုတ်။ မရှိနိုင်ဟုသာ သတ်မှတ်ထား၏။

'ဆရာကြီး နောက်ထပ်စမ်းကြည့်ဦးမလား'

လင်ကျင့်လုံ ချုံပုတ်နှင့် ထင်းရှူးပင်တို့တွင် စိုက်ဝင်နေသော ဓားရှည်နှစ်လက်ကို နုတ်ယူလိုက်သည်။

ထို့နောက် မာန်သွင်းအော်ဟစ်ကာ ရှောက်ချူးရွှေဘက်သို့ ခုန်လွှားတက်လာ၏။



တစ်ဆက်တည်းပင် ဓားရှည်သုံးလက်ကို ရှောက်ချူးရွှေထံသို့ ပစ်ပေါက်လိုက်တော့သည်။

အနီရောင်၊ ရွှေရောင်၊ ငွေရောင် ဓားအလင်းတန်း သုံးခုက ရှောက်ချူးရွှေထံသို့ တန်းတန်းမတ်မတ် ပြေးဝင် သွားလေသည်။

သူ့ခန္ဓာကိုယ်ကလည်း ဓားရှည်နောက်မှ အတူ လိုက်ပါသွား၏။

လက်သီးသိုင်း၊ ခြေထောက်သိုင်း တို့ကို သူအဆင့်မြင့်မြင့် တတ်ကျွမ်းထားခြင်းမရှိသော်လည်း ယခု အနေအထားက သူ့သေကိုယ်သေ ယှဉ်ပြိုင်ရမည့် အနေအထားဖြစ်နေသည်။

ဤဓားကွက်သည် သူ၏ နောက်ဆုံး ပွဲသိမ်းတိုက်ကွက်အနေအထား ဖြစ်နေသည်။

ဓားရှည်သုံးစင်းက နေရာသုံးနေရာသို့ ခွဲဖြာ ထွက်သွားပြီး ရှောက်ချူးရွှေ ထံသို့ ပြေးဝင်လာသည်။

သို့သော်....

ရှောက်ချူးရွှေ နောက်သို့ ဆုတ်လျှင်လည်း ဆုတ်စရာလမ်းကို လင်ကျင့်လုံက အသေပိတ်ဆို့ထားပြီး ဖြစ်နေသည်။

လင်ကျင့်လုံ အစီအစဉ်နှင့် တိုက်ကွက်ဟန်က အကွက် စေ့လှပေသည်။

ရှောက်ချူးရွှေ အတွက်က အသုံးမကျ။

ရှောက်ချူးရွှေသည် နောက်သို့လည်း မဆုတ်။

လက်ဖြင့်လည်း ခါယမ်း ယပ်ထုတ်ခြင်းမပြု။

'ဘွမ်း....'

နေကန်တွင်းသို့သာ ခုန်ဆင်းချလိုက်သည်။

သူသည် ယခင်က ရေကူး ကျွမ်းကျင်သူ တစ်ယောက် မဟုတ်။

ကံရှာမဲ့ သိုင်းကျမ်းထဲမှ ရေပညာကို သင်ကြား တတ်မြောက်ထားသဖြင့် ရေကူးကျွမ်းကျင်စရာ မလိုတော့။

ရေပန်းပွားများက ရှတ်တရက် ဖြာထွက်ပြီး ခေါ်ရှည် သုံးလက်၏ ပစ်မှတ်ကို လွဲချော်အောင် ပက်ထုတ်လိုက်သည်။

ခေါ်ရှည်က ရေပန်း၏ အရှိန်ကြောင့် နောက်သို့ ဦးလည်ကာ လင်ကျင့်လုံထံသို့ ပြန်လှည့်သွားသည်။

လင်ကျွင့်လုံသည် ရှောင်တိမ်းမည်ဆိုက ရှောင်တိမ်း နိုင်သည်။

သို့သော်....

ရေမှုန်ရေမွှားများက ဖြာထွက်လာသဖြင့် သူ့အမြင်အာရုံ ဝေဝါးသွား၏။

ရေမှုံ ရေမွှားများက အနီရောင်၊ အဖြူရောင်နှင့် ရွှေဝါရောင်များ ဖြာထွက်နေပြီး သူ့စိတ်ထဲတွင် ကြည့်၍ ကောင်းသည်ဟုပင် ထင်မှတ်နေ၏။

ထိုအချိန်တွင် ခေါ်ရှည်သုံးလက်က ရေမှုံရေမွှားများ ကြားမှ ဖောက်ထွက်လာပြီး လင်ကျင့်လုံထံသို့ တိုးဝင်လာသည်။

လင်ကျင့်လုံမှာ လက်တစ်ထောင်လှုံ့ဘွဲ့ ရထား သည်မို့ လက်လှုပ်ရှားမှုက အလွန်ပင် လျင်မြန်သွက်လက်သည်။

သို့သော်....



မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်အတွင်း ခေါ်ရှည် နှစ်လက်ကိုသာ ဖမ်းဆွဲနိုင်ခဲ့၏။

သွေးနီနီခေါ်ရှည်နှင့် ဝက်ဖြူဘုရင် ခေါ်ရှည်တို့ ဖြစ်၏။

အခဲမကြေ ခေါ်ရှည်ကိုမူ ဖမ်းယူရန် အချိန်မမီတော့။

ခေါ်ရှည်က သူ့လည်မျိုဆီသို့ တိုးဝင်လာပြီဖြစ်သည်။

လက်တစ်ထောင် လှုံ့မှာ ခေါ်ရှည်ဖြင့် သူ့အသက် ပျောက်ရတော့မည့် အခြေအနေဖြစ်သည်။

ထိုအချိန်တွင် ရှောက်ချူးရွှေသည် ရေကန်ထဲမှ ရုတ်တရက် ပေါ်ထွက်လာကာ ခေါ်သွားနေရာကို ပါးစပ်ဖြင့် ဖမ်းကိုက်လိုက်သည်။

ခေါ်ရှည်ကို ကိုက်မိသည့် အချိန်တွင် ခေါ်အဖျားက ကျင့်လုံ၏လည်မျိုနှင့် ထိမုန်တိုးဝင်ရန် တစ်လက်မပင် မပြည့်တော့။

ရှောက်ချူးရွှေ ခေါ်ရှည်ကို ပါးစပ်ထဲမှ ထွေးမထုတ်နိုင်ခင်မှာပင်လင်ကျင့်လုံမှာ မြေပေါ်တွင်အလျင်အမြန်ဒူးထောက်ချလိုက်တော့သည်။

'အစ်ကိုကြီး'

လင်ကျင့်လုံ ခေါ်ဝေါ်လိုက်သံက လှိုက်လှိုက် လှဲလှဲပင် ရှိနေတော့သည်။

ဝတ်ရုံစိမ်းကြီး ဝတ်ထားသူသည် မည်သည့်အသံဗလံမျှမပြု။

လက်ရှိ ဖြစ်ပျက်နေသည့် ကိစ္စများသည် သူနှင့် မဆိုင်သလို ရှိနေ၏။

ကျောက်စုယုံမှာ ဤအချိန်ကျမှပင်ထိုသူ၏မျက်နှာပေါ်တွင် မျက်နှာဖုံးအတုတစ်ခု စွပ်ထားမှန်း သိလိုက်တော့သည်။

သူ့မျက်နှာဖုံးက လူနှင့် အတော်ကလေး တူသော်လည်း သက်ဝင်လှုပ်ရှားခြင်းကား မရှိ။

ဤလူသည် မျက်နှာဖုံးစွပ် လူတစ်ယောက်၏ မျက်နှာမှ လှီးထုတ်ယူကာ တပ်ဆင်ထားသလို ထင်မှတ်ရပေသည်။

ကျောက်စုယုံသည် ထိုအတွေးတွေးလိုက်မိလျှင် တိုက်ပွဲပေါင်းများစွာကို ရင်ဆိုင်ကြုံတွေ့ရသော်လည်း ဘာကြောင့်ရယ်မသိ ကြက်သီးဖြန်းဖြန်း ထသွားရလေသည်။

ရှောက်ချူးရွှေသည်လည်း ယခုမှပင် ထိုဝတ်ရုံစိမ်းနှင့်လူကို သတိပြုမိသည်။

ထိုသူသည် စိတ်ထဲတွင် အတော်ထူးဆန်းသလို ခံစားရ၏။ မည်သို့သော ထူးခြားချက်ရှိနေသည်ကိုမူ သူကိုယ်တိုင်ပင် မသိနိုင်။

'ဒီက နောင်ကြီးကို ဖိတ်ခေါ်ပါတယ်'

ရှောက်ချူးရွှေက လက်သီးနှစ်ဖက်ဆုပ်ကာ ဝတ်ရုံစိမ်းဝတ်လူကိုပြောသည်။

ဝတ်ရုံစိမ်းလူက အရေးမစိုက်ခြင်းမရှိဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

'နောင်ကြီး ဒီကိုရောက်လာတာ အကြောင်းကိစ္စတစ်ခုခု ရှိလိမ့်မယ်လို့ ထင်ပါတယ်၊ ဘာကိစ္စများပါလဲ ခင်ဗျာ'

ရှောက်ချူးရွှေက တလေးတစားပင် မေးသည်။

ထိုသူက အသံတိုးတိုး ခပ်အက်အက်ဖြင့်....

'မင်းကို ကစ်တေဆီကို သတင်းတစ်ခု လာပို့တာပဲ'



ရှောက်ချူးရွှေမှာ ထိုသူ တမင်အသံဖျက်ကာ ပြောဆိုနေမှန်း သိရှိ၏။ လျှို့ဝှက်လွန်းသောလူကို သူ့စိတ်ထဲတွင်ရင်းနှီးကျွမ်းဝင်သလို ခံစားမိသည်။

မည်သူဖြစ်နိုင်သနည်းဟု တွက်ချက် စဉ်းစားနေမိသည်။ သို့သော် ထိုသူယူဆောင်လာသည့် သတင်းကို စဉ်းစားမိလျှင် တုန်လှုပ်စရာ ကောင်းနေ၏။

သူ့ရင်ထဲတွင် စိုးရိမ်ပူပန်မှုလည်း ဖြစ်ပေါ်လာရသည်။

ဝတ်ရုံစိမ်းနှင့်လူက လေးလံသောအသံဖြင့်....

'ကျုပ်ယူလာတဲ့ သတင်းကတော့ လီချိန်ကြိုး သေဆုံးသွားပြီဆိုတာပဲ'

ရှောက်ချူးရွှေမှာ ထိုသတင်းကို ကြားလိုက်ရလျှင် အံ့အားသင့်တုန်လှုပ်သွားရသည်။ သူသည် ဤမျှတုန်လှုပ်သွားရလျှင် ကျောက်စုယုံ မည်ကဲ့သို့ ခံစားရမည်ကို ကိုယ်ချင်းစာကာ လှမ်းကြည့်လိုက်မိသည်။

ကျောက်စုယုံမှာ ထိုဝတ်ရုံစိမ်းလူ၏ စကားကို ကြားလိုက်သည်နှင့် ပလမဆုံးတုံ့ပြန်မှုက မယုံကြည်နိုင်ခြင်း ဖြစ်ပေသည်။

ဤကိစ္စသည် အမှန်တကယ် မဟုတ်နိုင်ဟုယူဆကာ သူ့ခေါင်းကိုမော့လိုက်သည်။ ထိုအချိန်တွင် ရှောက်ချူးရွှေက သူ့ထံသို့ လှမ်းကြည့်လိုက်သည်။

အကြည့်ချင်း ဆုံသည်။ တစ်ခဏတွင်းမှာပင် ကျောက်စုယုံ၏ အသွင်က နူးညံ့ပျော့ပျောင်းသည့် အသွင်သို့ ပြောင်းလဲသွားသည်။

ကျောက်စုယံ့ ခေါင်းမော့လိုက်ချိန်တွင် မျက်နှာဖုံးစွပ်နှင့် ဝတ်ရုံစိမ်းလူသည် သူ့ကို တစ်ချက် စိုက်ကြည့်လိုက်သည်။

ကျောက်စုယံ့ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်စဲနေသည်ကို တွေ့ရသဖြင့် ထိုသူ ဆတ်ခနဲ တုန်လှုပ်သွားမိသည်။

'ကျွန်မ မယုံနိုင်ဘူး'

ကျောက်စုယံ့က ယတိပြတ်လေသံဖြင့် ပြောသည်။

ဝတ်ရုံစိမ်းနှင့်လူကလည်း အခိုင်အမာလေသံဖြင့်....

'ဒီသတင်းဟာ မမှားနိုင်ဘူး'

ကျောက်စုယံ့၏ မျက်လုံးအစုံက ထိုသူကိုစိုက်ကြည့်နေသည်။ ထိုသူ၏မျက်နှာက ရုပ်သေတစ်ခုလို သက်ဝင်လှုပ်ရှားခြင်း မရှိသော်လည်း ကျောက်စုယံ့၏ရင်ထဲတွင် အမျိုးအမည်မသိသော ခံစားမှုတစ်ခု ဖြစ်ပေါ်လာရသည်။

ထိုဝတ်ရုံစိမ်းနှင့် လူ၏စကားသည် တကယ်ဖြစ်နိုင်သည်။

သို့သော် သူ့ရင်ထဲတွင်မူ လုံးဝ မယုံကြည်နိုင်ချေ။

လီချိန်ကြိုး မသေနိုင်။

သူသည် အေးအေးဆေးဆေး နေတတ်သူတစ်ကောက်ဖြစ်ကြောင်း ကျောက်စုယံ့သိသည်။ သက်ရှိဘင်ရှားစဉ်တွင် မိုးနှင့်မြေကို တုန်လှုပ်စေပြီး သေသည့်အချိန်တွင်လည်း ကျော်ကျော်ကြားကြား အကျိုးရှိစွာဖြင့် သေမည့်လူစားမျိုး ဖြစ်သည်။

သိုင်းလောကနှင့် မိမိကို ယခုကဲ့သို့ တိတ်တဆိတ်ခွဲခွာသွားမည်ဟု ကျောက်စုယံ့ လုံးဝမယုံကြည်။

'ကျွန်မ မယုံကြည်နိုင်ဘူး'

ကျောက်စုယံ့ အံကြိတ်ကာ ထပ်ပြောလိုက်ပြန်သည်။



သူ့စိတ်ထဲတွင် လီချိန်ကြိုး အမြဲရှိနေသည်။ ဘယ်တော့မှ ခွဲခွာထွက်ပြေးမသွား။ သေချင်းတရားကို ရင်ဆိုင်ရလျှင်ပင် မိမိကို ချန်ထားရစ်ခဲ့မည်မဟုတ်။

မိမိသည် ကြေးရုဘက်မိသားစုမှ ခွဲထွက်ကာ လေလွင့်နေသော လူရွယ်လီချိန်ကြိုးနောက်သို့ကောက်ကောက်ပါအောင် လိုက်ခဲ့သူဖြစ်၏။

လီချိန်ကြိုး ဘာပဲလုပ်လုပ် ကျေနပ်ကြည်နူးစွာ ခွင့်လွှတ်နိုင်ခဲ့သည်။ လီချိန်ကြိုး မိန်းမကိစ္စ ဘယ်လောက်ရှုပ်ရှုပ် မိမိ အပေါ်တွင် ချစ်ကြင်နာမှုတစ်စက်ကလေးလျော့နည်းသွားခြင်း မရှိ ယုံကြည်ကာ ခွင့်လွှတ်ဖြေသိမ့်နိုင်ခဲ့သည်။

ကျောက်စုယံ့သည် ခိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်ပြီးလျှင် စောစောကကြော်ချက်ပြီးခဲ့သော ဘဲတောင်ပံဟင်းတစ်ပွဲကို သွားယူသည်။

သူ့အမူအရာက တည်ငြိမ်နေသည်။

သူ့ ခြေလှမ်းများက မှန်ကန် တည်ငြိမ်နေသည်။

လူအားလုံးမှာ မည်သူမျှ အသံဗလံမပြုကြ။ သူ့ လှုပ်ရှားမှုကိုသာ စောင့်ဆိုင်းကြည့်ရှုနေကြသည်။ တခဏအကြာတွင် ဟင်းဘစ်ခွက်ကိုယူလာပြီး မှန်မှန်ပင်လျှောက်လာသည်။ စိတ်တည်ငြိမ်မှုကြောင့် ဟင်းခွက်ကိုင်သောလက်ပင် တုန်ယင်ခြင်းမရှိ။

သို့သော် ဟင်းခွက်ကို စားပွဲပေါ်သို့ တင်လိုက်သည့်အချိန်တွင်မူ....

'ချလွမ်....'

ဟင်းခွက်ကာ ရုတ်တရက် ကြွကွဲအက်ကြေမွကုန်သည်။

လူအားလုံးမှာလည်း ယခုမှပင် နားလည်သဘောပေါက်သွားမိကြသည်။

ကျောက်စုယုံသည်မိမိ၏ စိတ်ဓာတ်ကျရှုံးမှုကို အတင်းချိုးနှိမ်ထိန်းချုပ်ကာ အတွင်းအားကို လက်ချောင်းများသို့ ပို့လွှတ်ထားခဲ့သည်။ သို့အတွက် ပန်းကန်လုံးမှာ အတွင်းအားဒဏ်ကြောင့် ကြေမွသွားခဲ့ခြင်း ဖြစ်ပေသည်။

ပန်းကန်လုံးကွဲသွားသည်နှင့် အထဲမှ ဟင်းလျာများ လွင့်စင်ပျံ့ထွက်လာ၏။

ကျောက်စုယုံ၏ အတွင်းအားအောက်တွင် ဘဲတောင်ပံနှင့် ကြေစတို့သည် လက်နက်ပုန်းသဖွယ် ဖြစ်သွား၏။

ကျောက်စုယုံမှာ နှယ်နှယ်ရရ ပုဂ္ဂိုလ်တစ်ယောက်မဟုတ်။

ထိတ်လန့်တကြီး ဖြစ်သွားပြီးလျှင် ကြေအကွဲစဟင်းလျာတို့ကို ဂ.ပျာကယာ လှမ်းဆွဲဖမ်းလိုက်သည်။

ထိုပစ္စည်းများကို ဖမ်းသည့်အချိန်တွင် သူမ၏ ခန္ဓာကိုယ်က ခုံပေါ်မှ ပန်းကန်တို့ကို ထိခတ်မိကာ ဟင်းသုံးလေးမည် မှောက်ကုန်သည်။

ကျောက်စုယုံ အလျင်အမြန်ပင် ထိုဟင်းခွက်တို့ကို ဖမ်းလိုက်ပြန်သည်။

သို့သော် အာရုံစိုက်မှု လွန်ကဲသွားသဖြင့် ဟင်းပန်းကန်များ ကွဲကြေသွားရကာ စားပွဲခုံလည်း မှောက်သွားတော့သည်။



ကျောက်စုယုံ မှာ မိမိလုပ်ရပ်များ အလွဲလွဲအချော်ချော်ဖြစ်ကုန်သဖြင့် မြေကြီးပေါ်တွင် ဒူးထောက်ထိုင်ချလိုက်တော့သည်။

သူသည် လူအားလုံးကို ကျောပေးကာ ဒူးထောက်ထိုင်ချလိုက်ခြင်း ဖြစ်၏။

သူ့ ခန္ဓာကိုယ်က မလှုပ်။

သို့သော် သူမ၏ သေးသွယ်သော ပခုံးနှစ်ဖက်မှာ လှုပ်သည်ဆိုရုံ ရှုံ့လိုက်ပြန့်လိုက် ဖြစ်နေသည်ကို ရှောက်ချူးရှေတို့ မြင်နေကြရသည်။

လူအားလုံးမှာ တခဏမျှ မှင်တက်ငေးမောနေမိကြ၏။

အရင်ဆုံး သက်ဝင်လှုပ်ရှားလာလူမှာ ရှောက်ချူးရှေဖြစ်၏။ ရှောက်ချူးရှေသည် သူမအနီးသို့ လျှောက်သွားပြီး နူးညံ့ညင်သာသော လေသံသဖြင့်....

'မမ ကျောက်၊ ကျွန်တော် တို့ တစ် တွေ ဩဇာ အာ ဏာ ဂိုဏ်းဌာနချုပ်ကို သွားကြည့်ကြရင် မကောင်းဘူးလား'

ကျောက်စုယုံ နောက်ပြန်လှည့်မကြည့်။

မျက်နှာကိုသာ လက်ဝါးအစုံဖြင့် အုပ်ထားသည်။

အတန်ကြာမှ မျက်နှာတွင် အုပ်ထားသော လက်ကို ဖယ်ရှားကာ တည်ငြိမ်သောလေသံဖြင့်....

'သူမသေနိုင်ပါဘူး ကွယ်'

ရှောက်ချူးရှေက ကျောက်စုယုံ၏ ပခုံးကို ညင်သာစွာ ထိကိုင်လိုက်သည်။

'ဟုတ်တယ်-သူမသေနိုင်ဘူး၊မမကျောက်လဲ ဝမ်းမနည်းဘူး'

ကျောက်စုယုံက ခေါင်းကို အောက်သို့ နှိမ့်ချလိုက်သည်။

ရှောက်ချိုးရွှေ၏ သက်ဖဝါးမှာ လေထုကိုသာ ဆုပ်ကိုင်မိတော့သည်။

ရှောက်ချိုးရွှေ ရင်ထဲတွင် အနည်းငယ် အုံ့ဩသွားကာ မျက်နှာတစ်ပြင်လုံးသည်း စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရသည်။

ကျောက်စုယုံ၏ ရင်ထဲတွင်လည်း လှုပ်ရှားသွား၏။

ရှောက်ချိုးရွှေသည်အခါတိုင်း အချိန်များတွင် သူ့အပေါ် အစ်မအရင်းသဖွယ် ဆက်ဆံခဲ့သော်လည်း သူ့ရင်ထဲတွင်မူ ရှောက်ချိုးရွှေကို သူစိမ်းဆန်လွန်းသည်ဟု ထင်မှတ်ခဲ့သည်။

ယခု ရှောက်ချိုးရွှေ၏ စိတ်မချမ်းမြေ့စရာ သတင်းစကားကြားရသည့်အချိန်တွင် ဖျောင်းဖျနှစ်သိမ့်သောအားဖြင့် ကြည်နူးပီတိ ခွန်းကလေး ဖြစ်လာမိသည်။

သို့သော် သူ့စိတ်ထဲတွင် လီချိန်ကြီးကိုသာ သတိရနေ၏။ လီချိန်ကြီး၏ မျက်နှာသာ မြင်ယောင်နေ၏။

'အစ်ကိုရယ် ရှင်မခံသနိုင်သေးပါဘူး၊ တကယ်လို့ရှင်သေခဲ့ရင်လဲ ကျွန်မရှင့်အပေါ် မကောင်းတဲ့ အပြုအမူမျိုး မလုပ်စေရဘူး၊ ကျွန်မမှာလဲ ခံစားချက်အပြည့်အဝရှိပါတယ်၊ ရှင်သေပေမယ့် ကျွန်မကျန်နေသေးတယ်၊ ဘယ်သူပဲဖြစ်ဖြစ် ရှင့်ကို သတ်တဲ့သူဟာ ရှင့်ထက် အသက်ရှင်ရမှာ သေအောင် ကျွန်မ ကလဲ့စားချေရမယ်'

ကျောက်စုယုံစိတ်ထဲတွင် ဆုံးဖြတ်ရင်း ဖြည်းညင်းစွာ မတတ်ထရပ်လိုက်သည်။



လရောင်အောက်တွင် သူမ၏ မျက်နှာအမူအရာမှာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချပြီးဟန်ဖြင့် ကြည်လင်နေ၏။

'ကျွန်မ ဘစ်ခေါက်လောက် ပြန်သွားကြည့်ရမယ်'

'နေဦး....'

စကားသံတစ်သံက ကျောက်စုယုံဆုံးဖြတ်ချက်ကို ဖုံးလွှမ်းသွားသည်။

ထိုစကားပြောလိုက်သူမှာ လီမဲဖြစ်ပေသည်။

ကျောက်စုယုံသည်စကားကိုစဉ်းစားဆုံးဖြတ်ပြီးမှပြောလိုက်ခြင်းဖြစ်၏။

သူ့စကားကို မည်သူမျှ ဝင်ရောက်ပြင်ဆင်နိုင်ခြင်းမရှိကြောင်း အားလုံးသိ၏။

သို့သော် လီမဲမှာ ဤလူသိုက်ထဲတွင် စေ့စပ်သေချာသူတစ်ယောက်ဖြစ်၏။

ဖျတ်လတ်အားကောင်းပါးသူတစ်ယောက်ဖြစ်၏။

'တကယ်လို့ ဂိုဏ်းချုပ်ကြီးလီလုပ်ကြံခံရတာဆိုရင် သူ့ကို သတ်တဲ့လူဟာ ဦးနှောက်ပိုင်းဆိုင်ရာ အတွင်းအားပိုင်းဆိုင်ရာ သိုင်းပညာဘက်ဆိုင်ရာမှ မမကျောက်ထက်မက ကျွန်တော်တို့ တစ်တွေ ထက်တောင် အဆင့်ပိုမြင့်နိုင်တယ်၊ မမကျောက် တစ်ယောက်တည်းသွားရင် လက်စားချေဖို့ထက်သွားပြီး အသေခံသလို ဖြစ်နေလိမ့်မယ်'

လီမဲ စကားအကျိုးအကြောင်း ဆီလျော်နေသင့်မြတ်ခဲ့နေ၏။

ဟူဖုမှာစကားအပြောအဆိုနည်းသလိုစိတ်ကောင်းစေတနာကောင်း ရှိသူတစ်ယောက်ဖြစ်၏။

ထို့ပြင် ရန်သူနှင့်ရဲရဲရင်ဆိုင်ဝံ့သူလည်းဖြစ်သည်။

'မမကျောက် မမဟာ ကျွန်တော်တို့တစ်တွေရဲ့ အစ်မကြီး တစ်ယောက်ဖြစ်တယ်၊ ကလဲ့စား ချေဖို့ဆိုရင် ကျွန်တော်တို့ တစ်တွေလဲ လိုက်ခဲ့မယ်၊ သွားအသေခံရင်လဲအတူတူပဲဖြစ်ရမယ်'

ကျောက်စုံယုံ ရယ်မောပစ်လိုက်၏။ ချက်ချင်းပင် ဒူးထောက် လိုက်ကာ သူ့အသံကလည်း လေးနက်တည်ငြိမ်နေသည်။

'တကယ်လို့ ဂိုဏ်းချုပ်ကြီးသာ သေသွားခဲ့ရင် ရှင်တို့ တစ်တွေရဲ့ သစ္စာတရားနဲ့ မိတ်ဆွေကောင်းပီသမှုကို ကျွန်မ ဒီနေ့ကပဲ ခင်ပွန်းသည်ရဲ့ကိုယ်စား ကျေးဇူးတင်စကားပြောချင် ပါတယ်'

ကျောက်စုယုံသည်ပြောရင်းမှမျက်ရည်များစီးကျလာသည်။ သို့သော် သူ့လေသံကမူ တည်ငြိမ်နေဆဲပင်ရှိ၏။

'ကျွန်မရဲ့ခင်ပွန်းသည် သေဆုံးသွားခဲ့ပြီမို့ ကျွန်မအနေနဲ့ ဌာနချုပ်ကို ပြန်ပြီး လုပ်စရာရှိတာတွေ လုပ်သင့်တယ်၊ ရှင်တို့ တစ်တွေက ဩဇာအာဏာဂိုဏ်းထဲကမဟုတ်တဲ့အတွက် ဘာမှ လုပ်ပေးစရာမလိုပါဘူး၊ တကယ့်လူသတ်ကောင်ကို ကျွန်မစုံစမ်း ခဲ့ပြီး တစ်ယောက်တည်းမတုံ့ပြန်နိုင်ရင်တော့ ရှင်တို့တစ်တွေရဲ့ အကူအညီကိုယူပါမယ်၊ ကံဆိုးပြီး ကျွန်မ အသတ်ခံရရင်လဲ ရှင်တို့တစ်တွေ သိလောက်နိုင်ပါလိမ့်မယ်၊ ကျွန်မတို့ဇနီးမောင်နှံ ကို သတ်တဲ့လူရဲ့အင်အား အရှိန်အဝါကို သိနိုင်မှာပါ'

စက်ယွင်းသည် ဒူးထောက်ထိုင်ချကာ မျက်ရည်များ ရစ်ဝဲ လာ၏။

'ဒါဆို မမတစ်ယောက်တည်း သွားမလို့ပေါ့'



ကျောက်စုံယုံ မချိပြုံးပြုံးလိုက်၏။

'ဟုတ်တယ် မမတစ်ယောက်တည်း သွားမလို့ပဲ'

ချန်ကျင့်ကွေကလည်း....

'မမတစ်ယောက်တည်း ဩဇာအာဏာဂိုဏ်းကို သွားမယ်၊ ဟုတ်လား'

'သူသေသွားပြီမဟုတ်လား၊ သူ့ရုပ်ကလပ်ကို ကျွန်မတာဝန် ယူပြီး သင်္ဂြိုဟ်ပေးရမှာပေါ့'

ကျောက်စုယုံ၏စကားက ပြတ်သားကာ သင့်မြတ်လျော်ကန် နေပေသည်။

ရှောက်ချူးရှေ၏ မျက်လုံးအစုံရှေ့တွင် တိမ်မည်းတစ်အုပ် ဖြတ်ပြေးသွားသလို မှောင်ခနဲဖြစ်သွား၏။

လမင်းကိုလည်း တိမ်ညိုတစ်စု ဖုံးလွှမ်းလိုက်သဖြင့် တဒင်္ဂ မှောင်အတိ ကျသွားလေသည်။

* * *

ရှောက်ချူးရှေရင်ထဲတွင် လေးလံလာသည်။ လမ်ချိန်ကြိုး သေပြီဆိုသောသတင်း။

ကျောက်စုယုံ၏ သိုသိပ်ကျိတ်မှိတ်ကာ ဝမ်းနည်းခံစားရမှု အခြေအနေတို့ကိုကြည့်ပြီး သူ့စိတ်နှလုံးထဲတွင် ညှဉ်းပန်းစွာ ခံစားနေရသည်။

သူ့ရင်ဘတ်ထဲတွင် လေးလံနေသလို သူ့စကားသံများကလည်း နွေးကွေးလေးလံနေသည်။

သက်ပြင်းတစ်ချက်ကို မသိမသာလေးချလိုက်မိ၏။

'ကောင်းပြီလေ ဒါဆိုရင်လဲ မမကျောက်ကို ခရီးတစ်ထောက်လောက် လိုက်ပို့ကြတာပေါ့'

ချူနန်းကုက ရုတ်တရက်ကြားဝင်ကာ....

'ကျွန်တော်ကတော့ အစ်ကိုကြီးရှောက်ကို မမကျောက်နဲ့ အတူတူလိုက်သွားစေချင်တယ်'

ချန်ကျင့်ကွေက ချူနန်းကုကို တစ်ချက်စေ့ကြည့်လိုက်လေသည်။

'ဘာဖြစ်လို့လဲ'

ချူနန်းကုက ဟိတ်ကြီးဟန်ကြီးဖြင့်....

'ကျုပ်တို့တစ်တွေ လိုက်သွားကြရင် သိုင်းပညာအဆင့် သိပ်မမြင့်တာမို့ မမကျောက်ကိုအကူအညီပေးနိုင်မှာမဟုတ်ဘူး အစ်ကိုကြီး ရှောက်ကတော့ သိုင်းပညာ အဆင့်မြင့်တဲ့အပြင် စဉ်းစားတွေးခေါ်တတ်တဲ့ ဉာဏ်ပညာ ထက်မြက်တာမို့လို့ ဒီတာဝန်တွေကို ထမ်းဆောင်နိုင်လိမ့်မယ်'

ရှောက်ချူးရှွေမှာ ထန်ဖန်းကိုသွားရှာလိုစိတ် ပြင်းပြနေ၏။ ကျောက်စုယုံကို လိုက်ပို့ပြီး ထန်ဖန်းမိသားစုရဲတိုက်ဆီ ဆက်သွား



လျှင် အဆင်ပြေမည်ဟု ဆုံးဖြတ်ကာ ချူနန်းကု၏အကြံပြုချက်ကို ခေါင်းညိတ်လက်ခံလိုက်သည်။

'ကျုပ်လဲ လိုက်သွားရင် ကောင်းမယ်လို့ ထင်တယ်'

ထက်ဝင်းရွှဲ့က ဝင်ပြောသည်။

မှည်သူကမျှ သူ့စကားကို ထောက်ခံခြင်း ငြင်းဆိုခြင်း မပြုကြ။

'ကျုပ်သာလိုက်မသွားရင် တကယ်လို့ အစ်ကိုကြီးရှောက်နဲ့ မမကျောက်ကိုဖြစ်စေ တစ်စုံတစ်ယောက်က မဖွယ်မရာ ပြောဆိုလာတဲ့အခါ ပြန်ပြီးဆဲဖို့ ခက်နေလိမ့်မယ်'

ချူနန်းကု စိတ်မရှည်ဟန်ဖြင့်....

'ပေါက်ကရတွေ ပြောမနေစမ်းနဲ့၊ ဆဲကြဆိုကြစတမ်းဆိုရင် ကျုပ်သံပါးစပ်ချူနန်းကုကို ဘယ်သူ မီမှာလဲ၊ ဒါကြောင့် လိုက်ချင်းလိုက်ရင် ကျုပ်သာ ထိပ်ဆုံးက လိုက်သွားနိုင်မယ်'

ကျန်ကျင့်ကွေမှာ ပွဲကြီးပွဲကောင်း တွေ့ဆုံရမည်ကို လိုလားနှစ်သက်သူ ဖြစ်၏။

သူ ကျန်နေရစ်မည်စိုးသဖြင့် အသံကျယ်ကျယ် အော်ဟစ်ကာ....

'သိပ်လဲ လောမနေကြပါနဲ့၊ သွားချင်ရင် အားလုံးပဲ အတူတူသွားကြတာပေါ့'

လင်ကျွန့်လုံမှာ ရှောက်ချူးရှွေတို့အဖွဲ့ထဲ ဝင်ခါစမို့ သိပ်သဘောမပေါက်။

'ဘယ်ကိုသွားကြမလို့လဲ၊ ကျုပ် လိုက်ခဲ့လို့ ရမလား'

'အဲဒါတွေ တစ်ခုမှမကောင်းဘူး'

ငြိမ်သက်နေသော ဝတ်စုံစိမ်းနှင့်လူက ရုတ်တရက် အေးစက်စက် ဝင်ပြောသည်။

'ဘာလို့ မကောင်းရမှာလဲ'

'မကောင်းဘူးလို့ ဘာကြောင့်ပြောနိုင်တာလဲ'

ထက်ဝင်းရဲ့နှင့် ချန်ကျင့်ကွေတို့က ရှေ့ဆင့်နောက်ဆင့်ပင် ဒေါသသံနှင့် ဝင်မေးသည်။

ဝတ်ရုံစိမ်းနှင့်လူက တည်ငြိမ်သော လေသံဖြင့်....

'လူတစ်အုပ်တစ်မကြီးနဲ့ အတူတူသွားကြရင် ရုတ်ရုတ်သဲသဲဖြစ်ပြီး ထိတ်သန့်ကုန်ကြလိမ့်မယ်၊ သိဒတဲ့ အခထောက်အထားတွေ အရဆိုရင် လီချိန်ကြိုးဟာ လူတစ်စုရဲ့ လုပ်ကြံသတ်ဖြတ်တာကို ခံလိုက်ရတာပဲ၊ သူ့ကိုသတ်ဖို့ ကြိုးစားတဲ့ လူဟာလဲ ချက်ချင်း သေသွားခဲ့တယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးလီကို သတ်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး၊ သို့ဝှက်ကောက်ကျစ်တဲ့ အစီအစဉ်တွေ ရှိကောင်းရှိနေလိမ့်မယ်၊ လူသတ်သမားဟာ မမကျောက် ခြောက်အသာကို စောင့်နေကောင်း စောင့်နေလိမ့်မယ်၊ လုပ်ကြံကောင်း လုပ်ကြံသိမ့်ဦးမယ်၊ မမကျောက် တစ်ယောက်တည်း အရင်သွားရင် သူတို့တစ်တွေ ဘယ်လို အကြံနဲ့ လုပ်နေတယ်ဆိုတာ စုံစမ်းနိုင်တယ်၊ ခင်ဗျားတို့အားလုံး လိုက်သွားချင်ရင် ကွယ်ရာကနေတိတ်တဆိတ်လိုက်ပြီး ကာကွယ်ပေးဖို့ပဲ သင့်တယ်၊ဒါပေမယ့် ခင်ဗျားတို့တစ်တွေနဲ့ မမကျောက်ကို ကာကွယ်ပေးဖို့ဆိုတာ မလွယ်ကူဘူး၊ ဒါကြောင့် နောင်ကြီးရှောက်ချူးရွှေတစ်ယောက်ပဲ လိုက်သွားရင် ပိုအဆင်ပြေနိုင်မယ်'



ရှောက်ချူးရွှေ တစ်ခဏမျှ စဉ်းစားလိုက်၏။

ဝတ်ရုံစိမ်းနှင့်လူ၏ ပြောစကားများက အကျိုးအကြောင်း ဆီလျော် သင့်မြတ်နေအည်။

'ဟုတ်ပါတယ်၊ ဒီနောင်ကြီးပြောတာ မှန်ပါတယ်၊ဒီတော့ မမကျောက် ရှေ့က အရင်သွားပါ၊ ကျွန်တော် နောက်ကလိုက်ပြီး စောင့်ရှောက်ပေးပါမယ်၊ အခွင့်သင့်ရင်လဲ ဂိုဏ်းချုပ်ကြီးအတွက် ကလဲ့စားချေကြတာပေါ့'

လီမဲမှာ ပျော်ပျော်နေတတ်သော်လည်း ဖြတ်ထိုးဉာဏ်ကောင်းသူတစ်ယောက်ဖြစ်သည်။

အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်ပြီးလျှင်....

'အစ်ကိုကြီးရှောက် ဒီတစ်ခေါက်လိုက်သွားတာဟာ မမကျောက် ခင်ပွန်းအတွက် ကလဲ့စားချေဖို့ပဲဖြစ်တယ်၊အစ်ကိုကြီးရှောက်အတွက် အရင်ဆုံး သတိစိုက်ရမယ့်ဟာက ဩဇာအာဏာ ဂိုဏ်းဟာ အတောင့်တင်းဆုံးဂိုဏ်းကြီးပဲ၊ ဒီသုံးလေးနှစ်အတွင်းမှာ အတော့ကို ဆုံးရှုံး လျော့နည်းခဲ့ရတယ်၊ ဒီအင်အားစုတွေဟာ ဘယ်သူ့လက်ထဲရောက်နေသလဲဆိုတာ မပြောတတ်ဘူး၊ အစ်ကိုကြီးရှောက် အခုနေနဲ့ သတိများများ ထားနိုင်မှ နောက်ဆက်တွဲဖြစ်မယ့် ပြဿနာတွေက ကင်းလွတ်နိုင်မယ်'

ဟုနိဝှသည် စကားကိုပြတ်ပြတ်တောက်တောက်နှင့် လိုရင်းရောက်အောင် ပြောတတ်သူ ဖြစ်သည်။

လီမဲ စကားအဆုံးတွင်....

'တကယ်လို့ အဲဒီအင်အားတွေ လျှိုရွှေဖုန်းလက်ထဲရောက်သွားတယ်ဆိုရင်တော့ မလွယ်ဘူး၊ သူက ရက်စက်ကြမ်းကြုတ်

သွားအေးတယ်၊ ဒီလိုလူစားမျိုး လောကကြီးမှာ နောက်ထပ်ရှာတွေ့နိုင်မယ်ထောင် မထင်ဘူး၊ သူ့ကိုပဲ အထူးသတိထားဖို့ ပြောချင်ပါတယ်'

ရှောက်ချူးရွှေ ခေါင်းညိတ်ပြလိုက်သည်။

'အခြေအနေကို သုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင်လုပ်ပါ့မယ်၊ ဘာမှ မစိုးရိမ်ပါနဲ့'

ဟုန်ဝှာတို့ ပြောရင်းမှ ကျောက်စုယုံဘက်သို့ လှည့်ကာ....

'ဒါနဲ့ မမကျောက် စိတ်ထဲမှာ ဘယ်လိုထင်မြင်နေသလဲ'

ကျောက်စုယုံ စိတ်ရှုပ်ထွေးနေသည်။

သူ့နှလုံးသားတွင် လီချိန်ကြိုး မသေဘူး၊ မယုံဘူးဆိုသော စကားသံများက ပဲ့တင်ထပ်နေသည်။

သူသည် တစ်နှစ်ကျော် နှစ်နှစ်ခန့်ပင် ဩဇာအာဏာဂိုဏ်း၏ အပြင်ဘက်သို့ ရောက်ရှိကာ ရှောက်ချူးရွှေနှင့်အတူ တိုက်ပွဲဝင်ရောက်နေ၏။

ထိုအစီအစဉ်သည် မျိုးချစ်စိတ်ဖြင့် လှုပ်ရှားသလို လီချိန်ကြိုးက မိမိကို ဂရုစိုက်လာအောင် ဖန်တီးခြင်း ဖြစ်ပေသည်။

ယခုအချိန်တွင် သူတို့နှစ်ယောက်၏ အချစ်က အေးတိအေးစက် ဖြစ်နေခဲ့ကြသည်။

ငယ်နုစဉ်တုန်းက ကြင်နာမှုများ၊ ယုယမှုများ ချစ်ကြည်နူးခဲ့မှုများက နေလာနှင်းပျောက်သလို လွင့်ပြယ်ခဲ့ရသည်။

သို့သော် လီချိန်ကြိုး သေဆုံးသွားပြီဟူသော အသိကြောင့် ကျောက်စုယုံ၏ နှလုံးသားသည် ရေခဲတုံးပမာ အေးစိမ့်သွားရသည်။



မီးကျီခဲပမာ လောင်မြိုက်ပူကျွမ်းနေသည်။

တစ်ချိန်တစ်ခါ သူမ ပျိုရွယ်စဉ်ကာလက လီချိန်ကြိုးသည် အခြား မိန်းမပျိုများနှင့် သွားလာ ပျော်မွေ့နေသည်ကို မြင်ရပြီး စိတ်ထိခိုက်ကြေကွဲရသည်။

လီချိန်ကြိုး ရင်ထဲတွင် အခြားမိန်းမပျိုတို့၏ အရိပ်အငွေ့ ကိန်းဝပ်ကောင်း ကိန်းဝပ်နေမည်။

မိမိသည် သူ့အတွက် အရေးကြီးသလား အဓိကထားသလားကိုလည်း သံသယများ ထင်လာသည်။

မာန်မာနကြီးခဲ့သော ကျောက်စုယုံသည် ထိုစဉ်ကတည်းက ယုံကြည်ချက်များ မှိန်ပါး မှေးဖျော့ကုန်သည်။

ကြေကွဲမှုစိတ်အနာကလေးရရှိခဲ့သည်။

ထိုနှစ်များ မတိုင်မီက သူမ၏ သိုင်းပညာသည် လျို့ရွှေဖုန်းထက် အဆင့်မြင့်ခဲ့သည်။

လျို့ရွှေဖုန်းကလည်း ထိုအချက်ကို သိသည်။

နောက်ပိုင်းတွင် သူမ၏ သိုင်းပညာက လျို့ရွှေဖုန်းကို မည်သို့မျှ မကျော်လွှားနိုင်တော့။

သူမသည်သိုင်းပညာလေ့ကျင့်ခြင်းကိုမှန်မှန်မပြုလုပ်တော့ဘဲ ဂီတ အနုပညာဘက်သို့ ပြန်လည် မွေ့ပျော်လာခဲ့သည်။

အချစ်၏ ဆာလောင်မွတ်သိပ်မှုကို အနုပညာထဲတွင် နှစ်မြုပ်ဖြေဖျောက်ခဲ့သည်။

သို့ဖြင့် လီချိန်ကြိုးနှင့် တဖြည်းဖြည်း ကင်းကွာသလို ဖြစ်လာသည်။

သူ့ရင်ထဲတွင်မူ လမ်ချိန်ကြိုးကိုသာ မပြယ်သောသစ္စာဖြင့် မျှော်လင့်နေခဲ့သည်။

လမ်ချိန်ကြိုးနှင့် ခွဲခွာကာ ရှောက်ချိုးရွှေနှင့် အတူတူ သွားလာလှုပ်ရှားနေချိန်တွင်ပင် လမ်ချိန်ကြိုး ရောက်အလာကို စောင့်ဆိုင်နေခဲ့သည်။

လမ်ချိန်ကြိုးကား ပေါ်မလာ။

သူမရှိလျှင် လမ်ချိန်ကြိုး လွတ်လွတ်လပ်လပ် ပျော်ပါးနိုင်လိမ့်မည်ဟုပင် ထင်မှတ်ယုံကြည်ခဲ့မိသည်။

ယခု လမ်ချိန်ကြိုး သေဆုံးသွားပြီဆိုသော သတင်းစကားကြားရသောအခါ သူ့စိတ်နှလုံးမှာ ချုန်းချုန်းကျ ကြေကွဲသွားရသည်။

သူ့နှလုံးသားမျှား နာကျင် ကျွမ်းမြည့်ခဲ့ရသည်။

စိတ်အားရှိ ပြင်းထန်စွာ ခံစားရသောအခါ သူ့သိုင်းပညာသည် ခန္ဓာကိုယ်မှ တစ်စစီ ပျံလွင့်သည်ဟု ထင်မှတ်လာသည်။

သူမ ရင်ထဲတွင် သောက မည်မျှပင် ရှုပ်ထွေးနေပါစေ၊ ဤကိစ္စကို ရှောက်ချိုးရွှေအား ပြောပြရပေမည်။

ရှောက်ချိုးရွှေတွင် တစ်ဖက်သားကို ယုံကြည်အားကိုးစေနိုင်သော အလွန် ထူးဆန်းသည့် စွမ်းရည် အာနိသင်တို့ ရှိနေသည်ကို သူမ ယုံကြည်ထားသည်။

'မောင်လေး ရှောက်....'

ကျောက်စုယုံအသံက သိမ်မွေ့ ကြေကွဲနေသည်။

ရှောက်ချိုးရွှေ ခေါင်းမော့ကာ သူမကို ကြည့်လိုက်သည်။



ကျောက်စုယုံက စီးကျလာသည့်မျက်ရည်စများကို တို့သုတ်လိုက်ရင်း....

'မောင်လေးကို ပြောစရာရှိလို့ လိုက်ခဲ့ပါဦး'

ပြောပြောဆိုဆိုပင် ရှေ့မှ လျှောက်လှမ်းထွက်သည်။

ရှောက်ချိုးရွှေ ခြေလှမ်းမှန်းမှန်းဖြင့် လိုက်ခဲ့သည်။

လရောင်က ဖျိုးဖျိုးဖျဖျကလေး သာနေ၏။

လေပြည်က တစ်ချက်တစ်ချက် အေးမြစွာ တိုက်ခတ်လာသည်။

နှစ်ယောက်သားမှာ ပခုံးချင်း ယှဉ်လျှောက်လာသဖြင့် ကျောက်စုယုံ၏ ကိုယ်သင်းနံ့ကလေးကို ရှောက်ချိုးရွှေ ခံစားနေရသည်။

ဂန္ဓာရုံ၏ဆွဲဆောင်မှုကြောင့် ရှောက်ချိုးရွှေ၏စိတ်လှုပ်ရှားသွားမိသည်။

သို့သော် သူ့စိတ်ကို မှုညစ်မတင်အောင် ထိန်းချုပ်လိုက်နိုင်၏။

ခြေလှမ်း ဆယ့်ငါးလှမ်းခန့် လျှောက်မိလျှင် ယာခင်းမြကွက်တစ်ခုဆီသို့ ရောက်လာ၏။

ကောက်ပဲသီးနှံပင်များက လေပြည်တွင် ယိမ်းနွဲ့ကနေသည်။

မြက်စာခြောက်ရုပ်တစ်ရုပ်က ကောက်ပဲသီးနှံခင်းထဲတွင် အရောင်နှင့် ဝင့်ထည်နေ၏။

ကျောက်စုယုံ အသွင်သဏ္ဌာန်မှာ နှလုံးသား ဆင်းမဲ့နေသူ တစ်ယောက်လို အေးစက်စက် ဖြစ်နေ၏။

စာခြောက်ရှပ်ရွှေ့သို့ရောက်လျှင် ကျောပေးကာ ရပ်နေမိသည်။

လရောင်က သူမမျက်နှာ နှမ်းဖျော့ဖျော့ကို ထိုးစိုက်ကျနေသည်။

သူမ၏မျက်ဝန်းအိမ်တွင်မျက်ရည်ကြည်ကလေးများသီဝေ့နေ၏။

သို့သော်....

သူမ၏ အမူအရာကမူ ပြတ်သားမာန်တက်မှု ရှိနေ၏။

'မောင်လေးကို မမတစ်ခု ပြောစရာရှိတယ်'

ရွှောက်ချူးရွှေ စိတ်ထဲတွင် ဘာကြောင့်ရယ်မသိ။

ဒိန်းခနဲ လှုပ်ခုန်သွားရသည်။

အရေးကြီးသော အကြောင်းအရာ တစ်ခုခု ဖြစ်မည်ကိုမူ သူ့စိတ်ထဲမှ အလိုလိုသိရှိနေသည်။

'ဘာကိစ္စများ ပြောစရာရှိနေလို့လဲ'

'မမရဲ့ လက်ရှိသိုင်းပညာက စိတ်ထိခိုက်မိတဲ့အတွက် အား တွေပျံ့ထွက်ကုန်ပြီ၊ အခုဆိုရင် အတွင်းအား ဆယ်ပုံပုံရင် နှစ် ပုံလောက်ပဲ ကျန်တော့မယ်၊ ဩဇာအာဏာ ဂိုဏ်းကို သွားရင် လဲ မမဘာမှ လုပ်နိုင်တော့မှာ မဟုတ်ဘူး'

ရွှောက်ချူးရွှေစိတ်ထဲ၌ ဒိန်းခနဲ ဖြစ်သွားပြန်သည်။

ကျောက်စုယုံက နှစ်သိမ့်အားပေးသော လေသံဖြင့်....

'အို... ဘာမှမပူပါနဲ့၊ မမကျောက် စိတ်ချလက်ချသာနေပါ ကျန်တော် လိုက်ခဲ့မှာပဲ'

ကျောက်စုယုံ မချိပြုံးကလေး ပြုံးလိုက်၏။



'ဩဇာအာဏာဂိုဏ်းရဲ့ ကိစ္စတွေအပေါ်မှာမောင်လေးက အမြဲတမ်း မကျေမနပ်နိုင်ခဲ့အောင် ဖြစ်ခဲ့တယ် မဟုတ်လား'

'ဩဇာအာဏာဂိုဏ်းရဲ့ကိစ္စဟာတစ်မိုးအောက်တစ်ယောက် လူတွေရဲ့ ကိစ္စပဲ၊ ဒါကြောင့် ဝင်မစွက်ဖက်လို့ မဖြစ်ဘူး'

'အခုအချိန်မှာ မမရဲ့ သိုင်းပညာက ယော့ဒီ စာခြောက် ရှပ်လိုပဲ၊ တစ်ချက်မှ အထိခံလို့ မဖြစ်တော့ဘူး၊ မောင်လေး ကလဲ တန်ဖန်းကို သွားရှာရဦးမှာ မဟုတ်လား၊ မောင်လေး ရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို မဆီမဆိုင်တဲ့ ဂိုဏ်းအဖွဲ့ ထဲမှာ ပြဿနာတက် ပဋိပက္ခ မဖြစ်စေချင်ဘူး'

ရွှောက်ချူးရွှေ ဘာမျှပြန်မပြော။

ကျောက်စုယုံကိုသာ တွေငိုင်ကြည့်နေမိသည်။

* * *

လရောင်အောက်တွင် ကျောက်စုယုံ၏ အပြုံးက တောက်ပ လက်လွင်နေ၏။

လေပြည်အဝေ့တွင် ဝဲလွင့်ကျ လာသော ဆံနွယ်စတို့ကို အသာအယာ လက်ဖြင့် သပ်တင်လိုက်ရင်း မှ၍ ပြုံးကလေး ပြုံးလိုက်ပြန်သည်။

'လောကကြီးမှာ အဖိုးအထိုက်တန်ဆုံးဟာ သံယောဇဉ်
မေတ္တာတရားပါကွယ်'

ကျောက်စုယုံ နူးညံ့ညင်သာစွာ ပြောသည်။

ရှောက်ချူးရွှေမှာ အတွေး အာရုံထဲတွင် နစ်မြောနေ
သည်။

ဝိုမေတောင်၏ ကျင်တိန်းတောင်ထိပ်ပေါ်တွင် လီချိန်ကြ
သည် လူပေါင်းရာချီရှိနေသည့်အနက် သူတစ်ယောက်တည်းကို
သာ မျက်လုံးထဲတွင် စွဲထင်အကြည့်ရောက်နေခဲ့သည်။

ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံခဲ့သည်။

ပဌမဦးစွာ ဆုံတွေ့ခြင်းဖြစ်သော်လည်း သူ့ အပြောအဆို
အမူအရာနှင့် လုပ်ကိုင်ပုံတို့က မိတ်ဆွေကောင်း တစ်ယောက်
ပီသမှုန်း သိသာနိုင်သည်။

ရှောက်ချူးရွှေသည် ရန်သူမိတ်ဆွေ ဆိုခြင်းထက် မိတ်
ဆွေကောင်းပီသသူ၊ သစ္စာတရား စောင့်သိသူကို အလေးထား
အခင်မင်ဆုံးဖြစ်၏။

ထို့ကြောင့် ခိုင်မာသော ခံယုံဖြင့်....

'ဒါတင် မကသေးပါဘူးမမ၊ လောကကြီးမှာ မိတ်ဆွေ
ကောင်း ပီသခြင်းဆိုတာ ရှိသေးတယ်၊ ဂိုဏ်းချုပ်ကြီး လီဟာ
ကျွန်တော့် အပေါ် အတော်ကလေး ကောင်းခဲ့တယ်၊ ခင်မင်
ရင်းစွဲရှိခဲ့တယ်၊ သူ့ဖခင်သူ ဘာပဲဖြစ်နေဖြစ်နေ သူ့ကိစ္စကို
ကျွန်တော်ဒီအတိုင်း ကြည့်မနေနိုင်ဘူး၊ ဒီကိစ္စ ပြီးပြတ်တော့မှ
ထန်ဖန်းကို သွားရှာရင်လဲ ကျွန်တော့်အတွက် နောက်မကျနိုင်



သေးပါဘူး၊ ဘယ်သူမှ ကျွန်တော့်စိတ်ကို လာ ဟန့်တားလို့
မရပါဘူး'

ကျောက်စုယုံ လှုပ်လှုပ်နွဲ့နွဲ့ကလေး ရယ်လိုက်၏။

'ဘယ်သူကများ မောင်လေးကို ဟန့်တားမှာတဲ့လဲကွယ်'

ပြောရင်းမှ မြက်စာခြောက်ရုပ်ကို ကြည့်လိုက်သည်။

စာခြောက်ရုပ်တွင် ခမောက်ဆောင်းထားသည်။

လေလမ်းကြောင်းအတိုင်း မျက်နှာမူထားသဖြင့် တလှုပ်
လှုပ် ယမ်းနေ၏။

သူမစိတ်ထဲတွင် မြက်စာခြောက်ရုပ်ကပါ ဆဘော ကျစွာ
ရယ်မောသည်ဟု ထင်မှတ်မိ၏။

လယ်ကွင်းပြင် နောက်ဘက်ရှိ တောင်တန်းကြီးမှာ လရောင်
အောက်တွင် ပျင်းရိငြီးငွေ့စွာ လဲလျောင်းနေ၏။

ကောက်ပဲသီးနှံများက လူတစ်ယောက် ကောင်းစွာ ပုန်း
အောင်းခိုနေနိုင်ပေသည်။

ကျောက်စုယုံ အတွေးများ လွင့်ပျံ့နေစဉ်မှာပင် ဓား
အလင်းတန်း တစ်ခုက လက်ခနဲ ဖြစ်သွားသည်။

အနီရောင် အလင်းတန်းတစ်ခုက ကျောက်စုယုံထံသို့ ခုန်ဝင်
လာသည်။

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေ။

ကြောက်စရာကောင်းသော လုပ်ကြံမှု။

အနီရောင် အလင်းတန်းက ဖျတ်လတ်သလို ဓားအလင်း
တန်းက လျင်မြန်သည်။

ကျောက်စုယုံ ဘယ်ညာနှစ်ဖက်ဆီသို့ ခွဲဝင်လာခြင်း ဖြစ်သည်။

ဓားချက်က အဆင့်မြင့်သည်။

တစ်ချက်တည်းဖြင့် လူ့အသက်ကို နုတ်ယူနိုင်သည်။

လက်ဝါးက အနီရောင်သမ်းကာ ပို၍ပင် ရက်စက်ကြမ်းလှ၏။

သိုင်းလောကတွင် ပြောပြောနေသည့် သွေးနီလက်ဝါး။

ကျောက်စုယုံသည် ဝမ်းနည်းကြေကွဲလွန်းသဖြင့် သိုင်းပညာအတော်များများ ဆုံးရှုံးသွားခဲ့ရသည်။

ဓားရှည်နှင့် လက်ဝါးတို့က လျင်မြန်စွာပင် သူမဆီသို့ ဦးတည်ဝင်နေ၏။

ရှောက်ချူရွှေ၏ လှုပ်ရှားမှုက မြန်ဆန်သည်။

လက်ကိုဆန့်ထုတ်ကာ အနီရောင်အရိပ်၏ နောက်ကျောဖက်ရှိ ကျဲယန်သွေးကြောကို ဖမ်းကုတ်ပြီး ပစ်လွှင့်လိုက်သည်။

သို့သော်ဓားအသွားကမူ ကျောက်စုယုံလည်ပင်းကို ခုတ်မိတော့မည်။

ရှောက်ချူးရွှေ ကယ်တင်ရန် အချိန်မမီတော့။

လှုပ်ရှားမှုဘစ်ခုကို အမြန်ဆုံး ပြုလုပ်လိုက်ရသည်။

သူ့ခန္ဓာကိုယ်ကိုရှေ့သို့ လှမ်းတက်ကာ ကျောက်စုယုံရှေ့မှ ကာလိုက်သည်။

ဓားအသွားကို ပခုံးထက်သို့ ကျရောက်အောင် အောင့်ခံပေးလိုက်သည်။



ဓားအရှိန်က အောက်သို့ စူးနစ်စွာ မကျရောက်နိုင်ခင် အတွင်းအားဖြင့် ကြွက်သားကိုရှုံ့ပြီး ဓားသွားကို ညှပ်လိုက်သည်။

တစ်ပြိုင်တည်းပင် လက်ချောင်းကို ဆန့်ထုတ်လိုက်၏။

သူ့လက်ချောင်းက ဓားကိုင်သူ၏ ညာဘက်လက်မောင်းအကြေးမှ ချီဘန်သွေးကြောကို ဖမ်းဆုပ်မိသည်။

ဓားကိုင်သူ၏ လက်တွင်အားမရှိတော့။

ဓားကိုလွှတ်ချပြီး ထွက်ပြေးရန် ပြင်သည်။

မရ။ ရှောက်ချူးရွှေ လက်တစ်ချောင်းအားက ရှောင်သံမကျိ လက်ချောင်းအားဖြစ်သဖြင့် အလွန်မာကျောသည်။

တစ်ဖန်ဝူတန်ဂိုဏ်း၏ အတွင်းအားကြောင့်ပို၍ ပြင်းထန်သွားသည်။

ထိုသူမလှုပ်ရှားလျှင် ဘာမျှဖြစ် လှုပ်ရှားရုန်းကန်လိုက်သဖြင့် တစ်ကိုယ်လုံးရှိ အရိုးအဆစ်များ ပြုတ်ထွက်သွားသလို မြေကြီးပေါ်သို့ ဗိုင်းခနဲ ဒူးထောက်ကျသွားသည်။

ရှောက်ချူးရွှေ၏ပခုံးတွင် သွေးများ စီးကျနေ၏။

ဓားချက်ထိသည့်ဒဏ်ရာကြောင့် သွေးများ တစိမ့်စိမ့်စီးကျလာခြင်းဖြစ်သည်။

ကျောက်စုယုံသည် စိုးရိမ်တကြီး ကပျာကယာပင် ရှောက်ချူးရွှေ၏ ပခုံးပေါ်မှ ဓားဒဏ်ရာကိုသာ ကြည့်သည်။

'မလှုပ်နဲ့ မမဓားကို အသာနှုတ်ယူလိုက်မယ်'

ကျောက်စုယုံ အံကြိတ်ကာ ဓားကိုဆွဲထုတ်ပစ်လိုက်သည်။

သွေးများက ဒလဟောစီးဆင်းလာသည်။

ကျောက်စုယုံ အလျှင်အမြန်ပင် ဒဏ်ရာကို ဆေးဖြူးပေး လိုက်သည်။

မြေကြီးပေါ်တွင် ဒူးထောက် လဲကျနေသူအား ခေါ်မြန် နှတ်ဆိုး တုကျဲဖြစ်၏။

တုကျဲသည် မောတိုက်တကြီးဖြင့် အနားယူပြီး နောက် ထခုန်ရန် ဟန်ပြင်လိုက်၏။

ရှောက်ချူးရှွေက သူ့ပခုံးပေါ်ရှိ ဝူကူးသွေးကြောကွက် ကို ထိုးပိတ်ပစ်လိုက်သည်။

တုကျဲ၏ခန္ဓာကိုယ်ကြီး မြေကြီးပေါ်သို့ လဲကျသွား၏၊

ကျောက်စုယုံ အနီးသို့ကပ်သွားပြီး....

'ရှင့်ကို ဘယ်သူက ဒီလိုလုပ်ဖို့ ခိုင်းလိုက်တာလဲ'

တုကျဲမပြောရဲ။

ဩဇာအာဏာ ဂိုဏ်းထဲတွင် လီချိန်ကြိုးအပေါ် မည်သူ သစ္စာဖောက်ရဲသနည်း။

ကျောက်စုယုံအပေါ် မည်သူ မရှိမသေလုပ်ရဲသနည်း။

လျှိရွှေဖုံးအပေါ် မည်သူ မကြောက်ရွံ့ပဲ နေမည်နည်း။

နောက်ဆုံးတွင်တုကျဲမှာ မတတ်သာသောအဆုံးပဲ အံကြိတ်ကာ ထုတ်ပြောလာရသည်။

'မိုးဘုရင်ကြီး ကျူးက စေလွှတ်လိုက်တာပါ'

ကျောက်စုယုံ ရှေ့သို့ခြေလှမ်း တက်လိုက်ပြန်သည်။

လျှိရွှေဖုံးက စေလွှတ်လိုက်တာ မဟုတ်ဘူးလား'



သစ္စာဖောက်သူ လူဆိုးလူမိုက်တို့မှာ မည်သူပင်ဖြစ်စေ လီချိန်ကြိုးနှင့် ကျောက်စုယုံတို့ရှေ့တွင် လိမ်မပြောရဲ တုကျဲ ခေါင်းကို ခါယမ်းလိုက်သည်။

ရှောက်ချူးရှွေက မျက်မှောင်ကြုတ်ကာ....

'သူ့ကို ယုံရသလား'

ကျောက်စုယုံ ခပ်ယဲ့ယဲ့ကလေး ပြုံးလိုက်၏။

'သူတို့တစ်တွေ မမကို မလိမ်ညာရဲပါဘူး၊ လီချိန်ကြိုးဟာ ဂိုဏ်းထဲမှာရှိစဉ်တုန်းက မမကိုမရှိမသေမလေးမစား လုပ်ခဲ့ဖူး မပြုဘူး၊ နို့မဟုတ်ရင် သူဟာဂိုဏ်းချုပ်မလုပ်ပဲ နေနိုင်တယ်'

ကျောက်စုယုံ မျက်လွှာချလိုက်၏။

တစ်အောင့်ခန့်ကြာမှ မျက်လုံးအစုံပင့်တင်ကာ ညင်သာစွာ အသက်ရှူသွင်းလိုက်သည်။

'သူဟာ ဝင်းမှူးကြီး လျှိရွှေဖုံးကိုလဲ ဒီလိုပဲဆက်ဆံခဲ့ တယ်'

ရှောက်ချူးရှွေ အတန်ကြာအောင်တွေဝေနေပြီးမှ တုကျဲ အားစိတ်မချဟန်ဖြင့်....

'ကိုယ်တော်လေးလျှိက စေလွှတ်လိုက်တာ တကယ်မဟုတ် ဘူးလား'

တုကျဲမဖြေ ကျောက်စုယုံက လေသံခပ်အုပ်အုပ်ဖြင့်....

'မေးနေတာဖြေစမ်း'

တုကျဲမဖြေပဲ မခံနရဲ။

'မဟုတ်ပါဘူး'

ထိုအချိန်တွင် လီမဲ၊ ဟူဖို စက်ယွင်းနှင့် ထက်ဝင်းရွှဲ့တို့ တပ်ဇတ္တ အသံကြားရာဆီသို့ လျှောက်လာကြသည်။

ရှောက်ချူးရွှေနှင့် ကျောက်စုယုံတို့ကို အကျိုးအကြောင်းမေးမြန်းသည်။

သွေးရိပ်နတ်ဆိုး၊ မြက်စာချောက်ရှပ်နံဘေး၌ သေဆုံးနေပြီ။

တုကျဲ အဖမ်းခံနေရသည်ကို မြင်လိုက်ရမှ စိတ်အေးသွားကြတော့သည်။

သွေးရိပ်နတ်ဆိုးသည် မြက်စာ ချောက်ရှပ်နံဘေးတွင် သေဆုံးသွားပြီဖြစ်၏။

သွေးရိပ်နတ်ဆိုး သေဆုံးရခြင်းကို သူတို့သတိမထားမိကြ။

ရှောက်ချူးရွှေသည် သွေးရိပ်နတ်ဆိုးကို ကဗျာဏယာတုံ့ပြန်လိုက်စဉ်ကမိမိရရ ဖမ်းကုတ်နိုင်ခဲ့ခြင်းမရှိခဲ့

သူ့လက်ဖြဒ်ို လွဲပစ်ခြင်းကိုသာခံသွားရရှာသည်။

သည့်အတွက် သွေးရိပ်နတ်ဆိုးသည် ချက်ခြင်းပင် ပြန်ထလာနိုင်၏။

ထိုအချိန်တွင် ရှောက်ချူးရွှေသည် ဓားချက်ထိမှန်ခံနေရချိန်ဖြစ်၏။

အကယ်၍ သွေးရိပ်နတ်ဆိုးသာ တန်ပြန် ခုန်အုပ်သွားခဲ့ပါလျှင် ကျောက်စုံယုံနှင့်ရှောက်ချူးရွှေတို့သည် ခုခံနိုင်မည်မဟုတ်။

သို့သော် ထိုအချိန်တွင် နောက်ကျောဘက်မှ စာချောက်ရှပ်သည် ရုတ်တရက်လက်တစ်ဖက်ဆန့်ထုတ်လာ၏။



ကောက်ရိုးဖြင့် ဖုံးအုပ်ထားသော လက်တွင် လက်ညှိုးတစ်ချောင်းသာ ပေါ်ထွက်လာ၏။

ထိုလက်ညှိုးသည် သွေးရိပ်နတ်ဆိုး၏ နထင်သွေးကြောနေရာသို့ စိုက်ဝင်သွား၏။

သွေးရိပ်နတ်ဆိုးသည် အသံတစ်ချက်မျှမပြုနိုင်ဘဲ ဘုမသိဘမသိဖြင့် လဲကျသွားတော့သည်။

ရုတ်တရက်ကြည့်လျှင် ရှောက်ချူးရွှေ၏ ကုတ်ဆွဲမှုကြောင့် အသက်သေဆုံးသွားရခြင်းသာ ဖြစ်ပေသည်။

ဤအချက်ကို မြက်စာချောက်ရှပ်လူမှ အခြားမည်သူမျှ မသိလိုက်ကြ။

မြက်စာချောက်ရှပ်သည် ရှောက်ချူးရွှေနှင့် ကျောက်စုယုံတို့၏ နောက်ကျောရိပ်ကို ကြည့်နေပြီး မျက်ရည်စီးကြောင်းနှစ်ကြောင်း စီးကျလာ၏။

ထိုစာချောက်ရှပ် မျက်ရည်စီးကျနေသည်ကို ရှောက်ချူးရွှေကိုယ်တိုင်ပင် မသိရှိ။

'မမကျောက် သူ့ကိုဘယ်လိုလုပ်မလဲ'

ရှောက်ချူးရွှေက တုကျဲကိုကြည့်ပြီးမေးသည်။

ကျောက်စုယုံက တုကျဲဘက်သို့လှည့်ကာ....

'ရှင် အသက်သေချင်သလား၊ ရှင်ချင်သလား'

မိမိအသက်ကို မည်သူမဆိုမြတ်နိုးကြသည်များဖြစ်၏။

ထုကျဲသည် အသိဉာဏ်ရှိသောလူသားတစ်ကောက်ဖြစ်သည်မို့ သူ့အသက်ကိုသူ ခင်တွယ်မြတ်နိုးပေသည်။

သေလိုမည်မဟုတ်။

ကျောက်စုယုံ လျှို့ဝှက်ပြုံး ပြုံးလိုက်၏။

'ရှင်အသက်ဆက်ရှင်ချင်တယ်ဆိုရင် ကောင်းတာပေါ့'

ရုတ်ဘရက် လက်ဆန့်ထုတ်ကာ တုက္ကဲ့၏ ထင်ထုသွေးကြော ကို ဖမ်းချုပ်လိုက်သည်။

တုက္ကဲ့ ပါးစပ်ဟသွား၏။

ကျောက်စုယုံသည် အင်္ကျီအိတ်ထဲမှ အဖြူရောင်ဆေးလုံး တစ်လုံးကို ထုတ်ယူပြီး လက်ညှိုးလက်မဖြင့် တောက်လိုက်သည်။

ဆေးလုံးထ တုက္ကဲ့၏သည်မျိုထဲသို့ ချောက်သွားသည်။

တုက္ကဲ့ မျက်လုံးပြူးသွား၏။ ဆေးလုံးကို ထွေးထုတ်ပစ်လိုက် ချင်သော်လည်း ကျောက်စုယုံက သူ့လည်မျိုအောက်မှ ရှင်ကြီး သွေးကြောကို ရိုက်ပုတ်လိုက်သည်။

ဆေးလုံးက တုက္ကဲ့၏လည်မျိုမှတစ်ဆင့် ဝမ်းဗိုက်တွင်းသို့ ဂလုခနဲကျရောက်သွားတော့သည်။

တုက္ကဲ့ မတတ်နိုင်တော့။

ထပ်မံ၍ မခုန်းကန်နိုင်တော့။ မျက်နှာတစ်ပြင်လုံး မည်းပြာ ကျသွားသေတော့သည်။

* * *



ကျောက်စုယုံစိတ်ထဲတွင် အလုံးစုံကို သိရှိနေလိုက်သည်။

သူမ၏ သိုင်းပညာသည် လမ်းချိန်ကြီးသေဆုံးသွားပြီဆိုသော သတင်းကို ကြားလိုက်ရသဖြင့် ယခုအချိန်တွင် အတွင်းအား ယ်ပုံပုံလျှင် သုံးပုံခန့်သာရှိတော့သည်။

စောစောက ခေါ်မြန်နတ်ဆိုးတုက္ကဲ့နှင့် သွေးရိပ်နတ်ဆိုးတို့ ယောက် ဝိုင်းဝန်းတိုက်ခိုက်လာသည့် အချိန်တွင် မိမိ၏ င်းပညာဖြင့် မတုံ့ပြန်နိုင်တော့မှန်း သိရှိလိုက်သည်။

သို့သော် သူမ၏အမူအရာက အေးဆေးတည်ငြိမ်စွာပင် နေလေသည်။

'ကျွန်မရဲ့ ဘသာမထူးဆေးလုံးကိုသောက်ခဲ့ပြီးပြီမို့ တကယ်လို့ ကျွန်မကိုထပ်ပြီး သစ္စာဖောက်ရင် ရှင်လျက်နဲ့သေသွားနိုင် ယ်ဆိုတာသိတယ်မဟုတ်လား၊ ဒါကြောင့် ရှင်ဘယ်လိုလုပ်ရ ယ်ဆိုတာ သိမှာပေါ့'

တုက္ကဲ့ အံကိုတင်းတင်းကြိတ်ထားသည်။

သူ့နဖူးပြင်ထက်တွင် ချွေးသီးချွေးပေါက်များ ယိုစီးကျ နေ၏။

ခေါင်းကိုမူ တဆတ်ဆတ်ညိတ်ပြလိုက်ရလေသည်။

ဘသာမထူးဆေးလုံးအကြောင်းကို သူသိသည်။

ဤဆေးလုံးသုံးမိသူသည် သေလျက်နှင့် ရှင်နေသူနှင့်မခြား တော့ပေ။

ပြေဆေးမှာ ဖော်စပ်သူထံတွင်သာရှိ၏။ မည်သူမျှ အခြား ည်းလမ်းဖြင့် ပြေကုရ၍မရ။

ဖြေဆေးမှားခဲ့လျှင် သို့မဟုတ် တစ်လတစ်ကြိမ်ဖြေဆေးကို မသောက်မိပါလျှင်အဆိပ်သင့်ကာဒုက္ခရောက်သွားနိုင်ပေသည်။

ဆေးဒဏ်ကို မခံနိုင်သဖြင့် ကိုယ့်အသားကိုပင် ကိုယ်ပြန်ကိုက်စားနိုင်ပေသည်။

အလွန်ကြောက်စရာ ကောင်းသော ဆေးလုံးဖြစ်သည်မို့ သေမထူးဆေး လုံးဟုပင် မှည့်ခေါ်ထား၏။

တုကွဲနှင့် မျက်နှာချင်းဆိုင် တိုက်ခိုက်မိလျှင် မိမိ၏ခန္ဓာကိုယ်အားအင်ဖြင့် အနိုင်ယူနိုင်မည်မဟုတ်ကြောင်း ကျောက်စုယံသိသည်။

ထို့ကြောင့် ဤသို့အဆိပ်ဆေးဖြင့် ထိန်းချုပ်လိုက်ခြင်းဖြစ်ပေသည်။

သူမသည် သိုင်းပညာနှင့် အတွင်းအားတို့ ဆုံးရှုံးသွားသော်လည်း တိုက်ကွက်ဟန်နှင့် သွေးကြောပိတ်ပညာတို့ကိုမူ ကောင်းစွာ ကျွမ်းကျင်နေပေသေးသည်။

ဤအချက်တစ်ချက်နှင့်ပင် တစ်ဖက်လူကို တုန်လှုပ်သွားအောင် လုပ်နိုင်ပေသည်။

သို့သော် မိုးဘုရင်ကြီးကျူးလိုလူမျိုးနှင့် တွေ့ဆုံလျှင်ကားအသက်ရှင်နိုင်ဖို့ မလွယ်ကူချေ။

'ကျွန်မအတွက် အခုအချိန်မှာ လူအင်အားလိုအပ်နေတယ်ဒါကြောင့် ရှင့်ကိုမသတ်သေးဘဲထားတာပဲ'

'ဟုတ်ကဲ့'

တုကွဲ၏တစ်ကိုယ်လုံးတွင် ချွေးသီးချွေးပေါက်များ စိမ့်ထွက်စမ်းရေပမာ တသွင်သွင်စီးကျနေ၏။



ကျောက်စုယံက သူ့ကို စူးစိုက်ကြည့်ကာ....

'မိုးဘုရင်ကြီးကျူးက ကျွန်မကို ဘာကြောင့် သတ်ချင်ရတာလဲ'

တုကွဲမှာ ယခင်တတည်းက ကျောက်စုယံ၏အမေးစကားကို မဖြေကြားဘဲ မနေနိုင်။ ယခုသေမထူးဆေးလုံးကို သောက်မိထားပြီမို့ ပို၍ပင်ကြောက်ရွံ့လေးစားနေရပေသည်။

'ဂိုဏ်းချုပ်ကြီး လ ေသပြီဆိုတော့ မိုးဘုရင်ကြီးကျူး ဟာဖြောအာဏာဂိုဏ်းထဲက အရေးပါတဲ့လူတစ်ချို့ကို ရှင်းပစ်ဖို့ကြိုးစားနေကယ်၊ ဌာနချုပ်မှာဆိုရင် သူ့ပြိုင်ဘက်ကိုယ်တော်လေး လျှိုပဲရှိတယ်၊ အပြင်မှာကျတော့ မမကျောက်ပဲရှိတယ်၊ ဒါကြောင့် စောစောကအခွင့်အရေးရတဲ့အတွက် မမကျောက်ကို အရင်ဆုံးရှင်းပစ်လိုက်ဖို့ လုပ်ကြံလာခဲ့ရတာပါပဲ'

ကျောက်စုယံ အထိတ်တလန့်အမူအရာဖြင့်....

'ဂိုဏ်းချုပ်ကြီး....သူ....သူ တကယ်ပဲ သေသွားပြီလား'

တုကွဲမှာ ကျောက်စုယံက လီချိန်ကြိုး သေဆုံးသွားသည်ကို လုံးဝ မယုံကြည်နိုင်အောင်ဖြစ်နေကြောင်း မြင်တွေ့လိုက်ရသဖြင့် အလွန်ပင် အံ့ဩတုန်လှုပ်သွားမိလေသည်။

'ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီးဟာ ပန်းခြံထဲမှာ ဆုန့်မိန်ကျူး ကောင်းစုလန်နဲ့ ကျိချန်စင်းတို့ ပူးပေါင်းလုပ်ကြံတာကို ခံလိုက်ရတယ်၊ အပေါက်တစ်ခုနတ်ဆိုး ကျိချန်စင်းကတော့ ဂိုဏ်းချုပ်ကြီးနဲ့အတူ သေဆုံးသွားရပါတယ်'

ကျောက်စုယံ၏ခြေလှမ်းများက အလိုအလျောက် နောက်သို့နှစ်လှမ်း ဆုတ်မိလျက်သား ဖြစ်သွားသည်။

သူ့နှုတ်ခမ်း၊ သူ့မျက်နှာပေါ်တွင် သွေးရောင်မရှိတော့။

သူ့မျက်လုံးများက ကြောင်စီနေသည်။

'ကောင်းစုလန်နဲ့ ဆုန့်မိန့်ကျူးတို့က ဂိုဏ်းချုပ်ကြီးကို သတ်လိုက်ကြတယ် ဟုတ်လား၊ မဖြစ်နိုင်ဘူး၊ ဒါဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

'ကျွန်တော်တို့လဲ မယုံကြပါဘူး၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးရဲ့ အလောင်းကိုတော့ သေသေချာချာကို တွေ့ခဲ့ရတယ်'

ကျောက်စုံယုံမှာ ထိန်းချုပ်မရအောင်ပင် တုန်လှုပ်လာသည်။

'ဂိုဏ်းချုပ်ကြီးရဲ့ အလောင်းကို တွေ့ခဲ့ရတယ် ဟုတ်လား'

တုကျဲ သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဂိုဏ်းချုပ်ကြီးသာတကယ်တမ်းရှိနေသေးရင် မိုဘုရင်ကျူးက မမကျောက်ကိုသတ်ရဲပါ့မလား၊ကျွန်တော်ကကော မိုဘုရင်ကျူးအတွက် အသက်ပေး ဆောင်ရွက်ဝံ့ပါ့မလား'

အရုဏ်အလင်းရောင်က ဝိုးတဝါး ဖြာကျလာသည်။

ကျောက်စုံယုံ၏အသွင်မှာ ဦးစ အလင်းရောင်အောက်တွင် ဖြူဆွတ်သော သစ်ခွပန်းတစ်ပွင့်ပမာ ဖြစ်နေတော့သည်။

'အလောင်းရှိနေတယ်ဆိုပေမယ့်လဲ ကျွန်မတော့မယုံနိုင်ဘူး၊ ဂိုဏ်းချုပ်ကြီးဟာ ဒီလိုလူမျိုး သစ္စာဖောက်ရဲ့ လုပ်ကြံခံရပြီး သေမှာမဟုတ်ဘူး'

ကျောက်စုံယုံမှာ အကျောက်အကန် ငြင်းဆန်စကားဆိုနေသော်လည်း သူ့ဦးနှောက်ထဲမှ ယုံကြည်၍မရနိုင်အောင် ဖြစ်နေသည်။



သူ့နှလုံးသားက ဆွတ်ကျင်ကျင်ခံစားနေရသည်။

သောက၏ အဖော်မျက်ရည်များက ပါးပြင်ပေါ်သို့ ပြေးဆင်းလာသည်။

အတန်ကြာအောင်ပင် မျက်ရည်ကို မသုတ်မိ။

နောက်ထပ် စီးကျလာမည့်မျက်ရည်ကို တင်းဆည်ထိန်းချုပ်ထားပြီး ရှိလက်စမျက်ရည်တို့ကို အခြောက်ခံထားလိုက်သည်။

မျက်ရည်ခြောက်သွားမှ ဆုံးဖြတ်ချက်တစ်ခုကို တိုးတိုးချလိုက်၏။

'ကောင်းပြီလေ၊ ဒါဆိုလဲ ကျွန်မတို့ဌာနချုပ်ကို အခုပဲ ပြန်သွားကြတာပေါ့'

ရှောက်ချူးရှေသည် ကျောက်စုံယုံ၏ အခြေအနေကိုသိထားသည်။

သိုင်းပညာနှင့် အတွင်းအားတို့ ဆုံးရှုံးနေချိန်တွင် ခားမြန်နှတ်ဆိုး၊တုကျဲနှင့်အတူသွားပါက ကျောက်စုံယုံအတွက်အန္တရာယ်များ ဖို့သာ ရှိပေသည်။

'ကျွန်တော်တို့တစ်တွေလဲ လိုက်ခဲ့ကြမယ်'

အရုဏ်က မြင့်တက်လာပြီ ဖြစ်၏။

ထန်တော်တစ်ဝိုက်တွင် ကြာပန်းကြာစွယ် ခူးဆွတ်မည့် မိန်းကလေးများ၏ သီချင်းသံက စည်ဝေလာကြပြန်သည်။

'ခင်ဗျားတို့သွားရင် ကျုပ်လဲ လိုက်ခဲ့မယ်'

ဝတ်ရုံစိမ်းနှင့်လူက ဝင်ပြောသည်။

ချန်ကျဲ့ဇွီကွေ့ဏာ မကျေမနပ်ဖြစ်ကာ....

'ဘာကြောင့် လိုက်ရမှာလဲ၊ ကျုပ်တို့တစ်တွေတောင်မလိုက်နိုင်ကြဘူး၊ ခင်ဗျားက ဘာမို့လို့လဲ'

ဝတ်ရုံစိမ်းနှင့်လူ အမူအရာ အသွင်အပြင် အေးအေးဆေးဆေးရှိနေသည်။

'ဒီသတင်းကို အရင်ယူလာတာက ကျုပ်ပဲ၊ တကယ်လို့ ကျုပ်ကသာ ပေါက်တရုတ်တွေလျှောက်ပြောမိရင် အခုလောက်ဆို အလိမ်ပေါ်သွားနိုင်တယ်၊ အသက်တောင် သေချင်သေသွားနိုင်တယ်၊ တကယ်လို့ ကျုပ် ထွက်သွားခဲ့ရင် သတင်းအမှားလာပို့တာဖြစ်ဦးတော့ ကျုပ်ကို ဖမ်းချုပ်ပေမယ့် အချိန်မမီနိုင်တော့ဘူး'

'ဟုတ်တယ်၊ ခင်ဗျားပြောတာ သဘာဝကျတယ်'

ရွှေခေါးရှင်ဟူဖုသည် ရိုးသားမှုရှိကာ တစ်ဖက်သားအပေါ် သက်ညှာ စာနာတတ်သူဖြစ်သဖြင့် စဉ်းစဉ်းစားစား ဝင်ပြောလာသည်။

ကျောက်စုယုံမှာမူ စိတ်နှလုံးကြေကွဲနေသည်မို့ စိတ်ရှုပ်ထွေးစွာ ဝတ်ရုံစိမ်းနှင့်လူ၏မျက်နှာ ရုပ်ဆိုးရုပ်ပမာဖြစ်နေသော်လည်း သူ့ခန္ဓာကိုယ်ပေါ်မှ အငွေ့အသက်က တစ်ဖက်လူကို ဆွဲဆောင်လှမ်းနိုင်သည့်သဘောမျိုး သက်ရောက်နေသဖြင့် ချန်ကျင့်ကွေ့တို့မှာ ပေါက်တရုတ်စကားများဖြင့် မတုံ့ပြန်ရဲကြချေ။

လီမဲ့အာသာ ခေါင်းကို အသာစောင်းငဲ့ကြည့်လျက် သံသယအမေး မေးလာသည်။



'အတူတူသွားခွင့်ပြုလိုက်ရင် အန္တရာယ်မများနိုင်ဘူးလား၊ တကယ်လို့ ခင်ဗျားဟာ အတွင်းသူလျှိုဖြစ်ခဲ့ရင် ကိုယ့်ခြေမကို ခဲနဲ့ပြန်ထုလိုက်သလို ဖြစ်မနေဘူးလား'

ဝတ်ရုံစိမ်း၏ကြွက်သားတစ်ချောင်း ရှုံ့တွန့်သွား၏။

မျက်နှာပေါ်မှ အရေပြားသားပင်အနည်းငယ်လှုပ်ရှားသွားလေသည်။

ရယ်မောလိုက်မှန်း သိသာပေသည်။

'ခင်ဗျားတို့ မယုံကြည်ရင်လဲ ကိစ္စမရှိဘူး၊ ဒီက မမကျောက်က ကျုပ်ကို ယုံကြည်ရင် ပြီးတာပဲ'

ကျောက်စုယုံ ဝိုးတဝါးအာရုံထဲတွင် ထိုစကားကိုမူ သဲသဲကွဲကွဲ ကြားလိုက်ရ၏။

အလွန်လည်း အံ့ဩသွားမိသည်။

'ကျွန်မက ရှင့်ကို ဘာကြောင့် ယုံကြည်ရမှာလဲ'

ဝတ်ရုံစိမ်းနှင့်လူသည် ကျောက်စုယုံရှေ့သို့ ခြေလှမ်း လှမ်းတက်လိုက်သည်။

'မမကျောက်ကို ကျုပ်ပစ္စည်းတစ်ခုပြမယ်၊ အဲဒါဆိုရင် မမကျောက်ကျုပ်ကိုယုံကြည်သွားပါလိမ့်မယ်'

ကျောက်စုယုံစိတ်ထဲတွင် အတွေးအဆန်းဖြစ်သွား၏။

စိတ်ထဲတွင်လည်း ကြိုတင်ပြင်ဆင်ထားလိုက်သည်။

ဝတ်ရုံစိမ်းလူက ရှေ့သို့ တစ်လှမ်း လှမ်းတက်လိုက်ပြီး သူ့လက်သီးဆုပ်ကို ကျောက်စုယုံ မြင်သာရုံ ဖြန့်ပြလိုက်သည်။

'ဒီပစ္စည်းကို ကြည့်ပါ'

ဝတ်ရုံစိမ်းလူက ချန်ကျဗိုက်ကွေတို့မမြင်အောင် ကျောဖြင့်ကာပြီး လက်ထဲမှ သေးငယ်သော ပစ္စည်းတစ်ခုကို ပြလည်း။

'အို....'

ကျောက်စုရဲ့ အာမေဋိတ်သံထွက်သွား၏။

လူအားလုံးမှာ စိုးရိမ်သွားမိကြ၏။

လ°မဲ့နှင့်ဗို ထက်ဝင်းရွှေတို့ ခြေဖျားထောက်ကာ မျှော်ကြည့်သည်။

ဘာကိုမျှ မမြင်ရ။

ကျောက်စုယုံသည် တိုက်ပွဲများစွာ ကြုံတွေ့ဖူးသလို ဗဟုသုတလည်း ကြွယ်ဝသူတစ်ယောက်ဖြစ်သည်။

ယခုလို ဝမ်းနည်းနေသည့်အချိန်တွင် ထိတ်လန့်တကြီး ရေရွတ်မိမည်ဟု သူတို့အားလုံး ထင်မှတ်မထားကြ။

ဝတ်ရုံစိမ်းလူ၏ လက်သီးဆုပ်ထဲမှ ပစ္စည်းသည်သာမန်ပစ္စည်းတစ်ခုမဟုတ်နိုင်တော့ချေ။

ထိုသူသည် လက်ချောင်းကို ဆန့်ထုတ်လိုက်ပြီး ကျောက်စုယုံ၏ နောက်ကျောပေါ်တွင် စာလုံးတစ်လုံး ရေးပြလိုက်၏။

ကျောက်စုယုံ ခေါင်းညိတ်လိုက်ပြီး မျက်နှာပေါ်တွင် ပြုံးယောင်သန်းလာ၏။

'ကောင်းပါပြီ'

တခုတု ခေါင်းတုံးပြောင်ကြီးဖြင့် ရှေ့သို့ တိုးဝင်လာ၏။

နားမလည်နိုင်သော မျက်လုံးများဖြင့် ကျောက်စုယုံကို ကြည့်ပြီး ဝတ်ရုံစိမ်းနှင့်လူကို လက်ညှိုးညွှန်လျက်....

'သူ....သူက ဘယ်သူလဲ'



ကျောက်စုယုံ ပေါ့ပါးစွာပင် ပြုံးလိုက်သည်။

'ကျုပ်မနဲ့ အတူတူသွားလို့ ဖြစ်ပါတယ်'

ကျောက်စုယုံစကားကြောင့် ရှောက်ချူးရွှေပင် အံ့ဩသွားရသည်။

မိုးချိုကန်၏ ကမ်းစပ် လှေငယ်ကလေးများ လှုပ်ရှားနေကြပြီ။

အရှက်ဦး၏ ရောင်ခြည်တွင် ရေပြင်ကိုခွဲလျက် လှော်ခတ်ရွက်လွှင့်နေကြသည်။

လှေပေါ်တွင် မိန်းမတချို့ ထိုင်နေကြပြီး သီချင်းဆိုရင်း ကြာပန်းကြာစွယ်များ ခူးဆွတ်နေကြ၏။

ရှောက်ချူ ရွှေသည် ကျောက်စုယုံရှေ့သို့ ခြေလှမ်းတစ်လှမ်း လှမ်းတက်လိုက်သည်။

ထိုအချိန်တွင် ကျောက်စုယုံ၏စကားသံ ရုတ်တရက် ပေါ်လာသည်။

'မောင်လေးရှောက်၊ မမက ဒီမောင်ကြီးနဲ့အတူတူ အရင်လိုက်သွားနှင့်မယ်၊ တုကျဲ့ဏတော့ ကုန်းလမ်းကနေလိုက်ခဲ့ပစေ၊ မောင်လေးနဲ့ဒီကညီနောင်တတွေ နောက်က လိုက်လာကြပေါ့၊ မှကောင်းဘူးလား'

ရှောက်ချူးရွှေ ကြောင်စီစီဖြစ်သွားသည်။

ဝတ်ရုံစိမ်းနှင့်လူက ကြားဖြတ်ကာ....

'ကောင်းတယ်၊ ဒီလိုပဲစီစဉ်ကြတာပေါ့'

ပြောပြောဆိုဆို လက်တစ်ဖက်ကို မြှောက်လိုက်၏။

လှေငယ်တစ်စင်းက ချက်ချင်းပင် ကမ်းဘက်သို့ ကပ်လှော်ခဲ့လာသည်။

ဝတ်ရှုံစိမ်းနှင့် လူသည် ကျောက်စုယုံ၏ လက်ကိုဆွဲကာ လှေပေါ်သို့ တက်သွား၏။

* * *

ရေလှိုင်းက ခပ်ပျော့ပျော့ ရိုက်ခတ်နေသည်။

ရေကန်ပြင်တွင် လေပြည်က တသုန်သုန်တိုက်ခတ်နေ၏။

ဝတ်ရှုံစိမ်းနှင့် ကျောက်စုယုံတို့၏ အင်္ကျီစသည် လေပြည်တွင် တဖျပ်ဖျပ် ရိုက်ခတ်နေသည်။

ရှောက်ချူးရှေသည် တရွှေ့ရွှေ့ ဝေးကွာသွားသော လှေငယ်ကို ငေးကြည့်နေမိသည်။

ဝတ်ရှုံစိမ်း၏ကျောရိပ်သည် ကျယ်ပြန့်သော်လည်း ဂတ်ရှုံထဲရှိခန္ဓာကိုယ်မှာ အတော်သေးငယ်လှသည်ကို လေတိုက်ခတ်မှုကြောင့် ရှောက်ချူးရှေ သိမြင်နေရသည်။

ထိုသေးငယ်သော ကိုယ်ဟန်ကို သူ့မျက်စိထဲတွင် အတော်ကလေး ရင်းရင်းနှီးနှီး တွေ့မြင်ဖူးကြောင်း သိရှိလာသည်။

ရှောက်ချူးရှေရင်ထဲ ဒိတ်ကနဲ ခုန်လှုပ်သွားသည်။



ကြာပန်းကြာစွယ်ခူးသည် အမျိုးသမီးကလေး လှေငယ်ကို ရေလယ်သို့ လှော်ခတ်နေကြသည်။

သီချင်းသံများက ပြန့်လွင့်လာ၏။

ရှောက်ချူးရှေရင်ထဲ စစ်ခနဲကျဉ်သွားရ၏။

ထိုရင်းနှီးနေသောကိုယ်ဟန်သည် ထန်ဖန်း၏ကိုယ်ဟန်များ ဖြစ်နေမလား။

ထန်ဖန်းဆိုပါလျှင် အဘယ့်ကြောင့် မိမိအား နှုတ်ဆက်မသွားရလေသနည်း။

ထန်ဖန်းမဟုတ်လျှင်လည်း အဘယ့်ကြောင့် မိမိမြင်လွှာထဲတွင် ရင်းနှီးသောကိုယ်ဟန်ထား ဖြစ်နေရသနည်း။

လှေငယ် တဖြည်းဖြည်း အဝေးဆီသို့ရောက်သွားပြီးကျောက်စုယုံနှင့် ဝတ်ရှုံစိမ်းတို့မှာ လှေပေါ်တွင် မတ်မတ်ရပ်လျက်ပင်နေသည်။

ဝတ်ရှုံစိမ်းမှာ နောက်သို့ တစ်ချက်ကလေး ပြန်လှည့်မကြည့်ခဲ့ချေ။

သီချင်းသံက အဆက်မပြတ် ပေါ်ထွက်နေဆဲ။

ရှောက်ချူးရှေ ကြောင်အမ်းအမ်းဖြင့် ရပ်နေမိသည်။

သူ့ဦးနှောက်ထဲတွင် အတွေးပေါင်းစုံတို့ ဝင်ရောက်နေ၏။

သူ့အတွေးထဲမှ သူ့နှလုံးသားအသိက ဆုံးဖြတ်ချက်တစ်ခုကိုချကာ သူ့စိတ်အစဉ်အား လှုပ်ခတ်တုန်ယင်သွားတော့၏။

'ဟုတ်တယ်၊ သူပဲ....သူပဲဖြစ်ရမယ်'

ရှောက်ချူးရှေသည် ဆောက်တည်ရာမရသူပမာ ရုတ်တရက်ရှေ့သို့ လျှောက်လှမ်းလိုက်ရာ ရေထဲသို့ကျလုနီးပါးဖြစ်သွား၏။

သူ၏အမှတ်မထင် လှုပ်ရှားမှု ကြောင့် ထက်ဝင်းရွှဲ့ အားလုံးမှာ ဟန့်တားလိုသော်လည်း အချိန်မမီတော့။

ထိုအချိန်မှာပင် လူရိပ်တစ်ရိပ်က နတ်ဝိညာဉ်အလား ခုန်ဝင် ရောက်ရှိလာပြီး ရှောက်ချူးရွှေကို ဟန့်တားလိုက်၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတောအတွင်းဖြစ်ပျက် ခဲ့သည့် အဖြစ်အပျက်။

ရှောက်ချူးရွှေ တွေဝေလွင့်ပါးရာမှ ပြန်နိုးထလာချိန်တွင် ထိုလူရိပ်က သူ့မူပိုင်ဝေ့ သွေးကြောနေရာကို ရိုက်ပုတ်ပြီးဖြစ် နေသည်။

ထိုမျှသာမကသေး တစ်ဆက်တည်းပင် ချန်ကျင်း၊ နှောင်ဝ ဖုန်းဖူအစရှိသော သွေးကြောဆယ့်လေးနေရာတို့ကိုပါ ပိတ် လိုက်ပြန်သည်။

ရှောက်ချူးရွှေသည် ရှောင်လင်၊ ဝူတန်းသိုင်းကျမ်းထဲမှ အပူခေတ် အအေးလှိုင်းဖြင့် သွေးကြောကွက်ကို ဖြေမည့် အချိန်တွင်ထိုသူသည် လျှပ်တစ်ပြက်ဟန်ဖြင့် လေထဲမှနေ၍သူ့ကို ဖမ်းလိုက်ပြီး သွေးကြောကွက် သုံးဆယ့်ခြောက်နေရာကို ပိတ် လိုက်ပြန်သည်။

ရှောက်ချူးရွှေကလည်း ခေသူတစ်ယောက်မဟုတ်။

အနန္တမူလ အားတိုးဆေးအစွမ်းကို ထုတ်ကာ သွေးကြော အားအရှိန်ဖြင့် ထွင်းဖောက်နိုင်ရန် လုပ်လာ၏။

သို့သော် သူသည် သူ့ကိုပွေ့ချီပြီး မြေကြီးပေါ်သို့ ခြေချမိ သည့်အချိန်တွင် သွေးကြောမကြီး နှစ်ဆယ့်ငါးနေရာကို ထိုး ပိတ်လိုက်ပြန်သည်။



ရှောက်ချူးရွှေ အတွင်းအားဖြင့် သွေးကြောပွင့်အောင် မလုပ်နိုင်တော့၊ အတွင်းအားကိုသာ ခန္ဓာကိုယ်တစ်ဝိုက်သို့ ဖြန့်ပို့ ပြီး တစ်ဆင့်ချင်း တစ်ဆင့်ချင်း သွေးကြော ပွင့်အောင် ကြိုးစားရတော့သည်။

ရှောက်ချူးရွှေကို ဖမ်းဆီးသွားသူကားအတော်ပင်တတ်နိုင် သူ တစ်ယောက်ဖြစ်ပေ၏။

ရှောက်ချူးရွှေ၏ နောက်ထပ်အရေးကြီးသည့် သွေးကြော ကွက် ဆယ့်လေးနေရာကို ပိတ်လိုက်ပြန်သည်။

ရှောက်ချူးရွှေမည်သို့မျှ ခုခံနိုင်သည့် စွမ်းအားမရှိတော့။

ထိုသူသည် သွေးကြောပိတ်ပြီးတည်းနှင့် တစ်ချက်မျှမနားဘဲ လေထဲသို့ ခုန်ပျံတက်လိုက်၏။

လက်သီး၊ လက်ဝါး၊ ခြေထောက်၊ လက်နက်ပေါင်းစုံတို့က ထိုသူကိုပင် ပြိုင်တူပင် တိုက်ခိုက်လာကြသည်။

လျှပ်တပြက် တိုက်ခိုက်လိုက်သူများကား ထက်ဝင်းရွှဲ့၊ ချူနန်းကု၊ တာ့တု၊ ဟူဖုံ ဟန်ဝှာနှင့် စက်ယွင်းတို့ ဖြစ်ကြ၏။

သူတို့၏တိုက်ခိုက်မှုက ထိုသူကို ထိမှန်ခြင်းမရှိ။

အချည်းနှီးဖြစ်သွားကြသည်။

နောက်တစ်ကြိမ် ထပ်မံတိုက်ခိုက်မည့်အချိန်တွင် ထိုသူ၏ အင်္ကျီစရှည်သည် လေထဲတွင် ဖောင်းပွသွားပြီး ခြင်္သေ့ဆိုးကြီး တစ်ကောင်ပမာပျံဝဲသွားသလို လယ်ကွက်နံဘေးမှစာချောက် ရုပ်ဆီသို့ တိုးဝင်မိတော့သည်။

လေထဲမှပင် ခြေထောက်ကိုဆန့်ထုတ်ကာ စာခြောက်ရုပ် အား ခတ်ဆတ်ဆတ်ကန်ထုတ်လိုက်၏။

ခြေကန်အားကြောင့် စာချောက်ရုပ်မှာ လွင့်ပျံ စုတ်ပြတ်ထွက်ကုန်သည်။

ထိုသူမျက်မှောင်ကြုတ်လိုက်မိသည်။

'စောစောက ဒီစာခြောက်ရုပ် မျက်ရည်ကျနေသေးသားပဲ'

ပြောပြောဆိုဆိုပင် မြက်စာချောက်ရုပ်မျက်လုံးပေါက်ထဲသို့ လက်နှိုက်ကြည့်သည်။ စိုထိုင်းစိုထိုင်းဖြစ်နေသည်ကို စမ်းမိ၏။

ထိုအချိန်တွင် ထက်ဝင်းရွှေ့တို့တစ်တွေသည် ညာသံပေးကာ လိုက်လာကြသည်။

ထိုသူသည် ရှောက်ချူးရွှေကို ပွေ့ချီလျက်မှ သိမ်းငှက်တစ်ကောင်လို ပျံထွက်လိုက်သည်။ ထို့နောက် ရေ့သို့အားသွန်ထွက်ပြေးတော့သည်။

ထက်ဝင်းရွှေ့တို့ အားကုန်ထုတ်ကာ ပြေးလိုက်ကြသည်။

ထိုသူမှာ လူတစ်ယောက်ကိုပွေ့ချီထားရင်း ပြေးနေသည်ကပင် မိမိတို့ထက် မြန်ဆန်နေသဖြင့် ထက်ဝင်းရွှေ့တို့ရင်ထဲ အကြီးအကျယ်ပင် တုန်လှုပ်သွားမိကြသည်။ သို့သော် သူတို့ဇွဲမလျော့ဆက်လိုက်ကြ၏။

မှာန်စန်း ဘုရားကျောင်းအနီးသို့ ရောက်လျှင် ထိုသူနှင့်ရှောက်ချူးရွှေတို့၏ အရိပ်အရောင်ပင် မတွေ့ကြရတော့။ ထက်ဝင်းရွှေ့တို့ ပျာယာခတ်သွားကြသည်။

ထိုသူသည် မည်သူဖြစ်မည်နည်း။

ရှောက်ချူးရွှေတွင် အန္တရာယ်ရှိနိုင်မည်လော။



ဩဇာအာဏာဂိုဏ်း၏ ရှုပ်ထွေးနေသော အရေးအခင်းတွင် ရှောက်ချူးရွှေမရှိလျှင် ဖြေရှင်းနိုင်ပါမည်လော။

မည်ကဲ့သို့ တုံ့ပြန်ရလေမည်နည်း။

ထက်ဝင်းရွှေ့တို့တစ်တွေ စိတ်ရှုပ်ထွေး သောကရောက်သွားကြရတော့သည်။

❁

## အခန်း ( ၃ )

အသုဘအခန်းက တခြားအခန်းများနှင့်မခြား။

ကြီးကျယ်ခမ်းနားခြင်း သိပ်မရှိ။

လီချိန်ကြိုး၏ အရှိန်အဝါ ကြီးမား မြင့်မားလွန်းလှသော်လည်း သေဆုံးခြင်းကမူ ထွေထွေထူးထူးမရှိ။

ထူးခြားချက်ဆို၍ တစ်ခုသာရှိသည်။

လီချိန်ကြိုး၏ ရုပ်ကလပ်ထားရှိရာ အခန်းသို့ ဖြတ်ကျော်လာရမည့် လမ်းသာ ဖြစ်သည်။

အလောင်းထားရှိရာ အခန်းသို့ ရောက်လျှင် ပန်းခြံကို ကျော်ဖြတ်လာရမည် ဖြစ်သည်။



ထိုပန်းခြံကား လီချိန်ကြိုး ခင်တွယ်နှစ်ခြိုက်သော ပန်းခြံတစ်ခြံဖြစ်၏။

ပျိုးထောင်ပြုစုထားသော ပန်းခြံတစ်ခုဖြစ်သည်။

သူ့ခွင့်ပြုချက်မရလျှင် ဤပန်းခြံထဲသို့ ဝင်ခွင့်မရှိ။

ဝင်ရောက်လာပါလျှင်လည်း အထူး ထူး အပြားပြား သော လျှို့ဝှက်ထောင်ချောက်ရှင် ခုနစ်ဆယ့်လေးမျိုးနှင့် ထောင်ချောက်သေ နှစ်ဆယ့်ခုနစ်မျိုး ရှိသည်။

ထိုထောင်ချောက်များကို တော်ရုံတန်ရုံ အဆင့်ဖြင့် ဖြတ်သန်းရန် မလွယ်ကူ။

အကြောင်းမသိလျှင် ကွီခနဲ ထောင်ချောက်တွင်းသို့ သက်ဆင်းမိကာ သေကြေရမည်ဖြစ်၏။

သို့အတွက် အသုဘ အခန်းထဲသို့ လူစိမ်းသူစိမ်းများ ရောက်ရှိမှု နည်းပါးလှ၏။

လီချိန်ကြိုး၏ အလောင်းကို လီချိန်ကြိုး အသက် ထင်ရှားရှိစဉ်က လက်အောက် အဖွဲ့သားတို့ သတင်း ပေးပို့သည်ကို နားထောင်သော အခန်းထဲတွင် ပြင်ဆင်ထားသည်။

အခန်းနံရံများတွင် ပန်းချီကား အချို့နှင့် အခန်းအလယ်တွင် စားပွဲတစ်လုံး ထိုင်ခုံတစ်လုံးသာ ရှိနေသည်။

စားပွဲခုံက မဟော်ဂနီသားဖြင့် ပြုလုပ်ထားပြီး ရှေးဟောင်းအနုလက်ရာ ဆန်သည်။

အနည်းငယ် မြင့်မားနေသလို ကုလားထိုင်ကလည်း ပို၍မြင့်နေ၏။

ထိုင်ခုံတွင် ထိုင်ချထိုက်လျှင် ဘတင်း လာရောက် ပေးပို့သူ ထက်ပင် ခေါင်းတစ်လုံးစာ ပိုမြင့်နေသည်။

ဤထိုင်ခုံတွင် ထိုင်နေသူသည် အဆင့်မြင့် ပုဂ္ဂိုလ်သာ ဖြစ်သည်။

လီချိန်ကြိုးသည် စားပွဲခုံတစ်ခုခြားပြီး စကား ပြောဆိုရသည်ကို နှစ်သက်သည်။

လူနှင့် ကွာကွာလှမ်းလှမ်းနေရာတွင် စိတ်ချလက်ချနေလိုက်သည်။

သို့သော်....

လူတကာနှင့်မူ မိတ်ဆွေဖွဲ့လိုသည့် ဆန္ဒကား သူ့ ရင်တွင် အမြဲတမ်း ရှိခဲ့သည်။

ယခုသော်ကား သူသေဆုံးသွားခဲ့ပြီ။

သူ့စားပွဲခုံသည်လည်း မရှိတော့။

သူ့ရုပ်ကလပ် ထည့်သွင်းရန် ခေါင်းတလားအဖြစ် ပြုပြင်ဖန်တီးခဲ့ချေပြီ။

ထိုစားပွဲခုံကို ခေါင်းတလားအဖြစ် ပြုလုပ်ရန် စီစဉ် ဆုံးဖြတ်ထားသူကား လျှိုရွှေဖုန်းဖြစ်သည်။

လီချိန်ကြိုး သေသွား သည်နှင့် ထိုအစီအစဉ်ကို ချခဲ့သည်။

ထိုလုပ်ဆောင်ချက်အတွက် စဉ်းစားစရာ အချက် နှစ်ချက်သာ ရှိသည်။

သစ္စာစောင့်သိခြင်းနှင့် သစ္စာမဲ့ခြင်းတို့ပင်တည်း။



ဩဇာအာဏာဂိုဏ်းသည် မည်မျှ အင်အား ဆုတ်ယုတ်ဆင်းရဲနေပါစေ၊ အခေါင်းတစ်လုံးကို မဝယ်ယူနိုင်ခြင်း မရှိ။

လျှိုရွှေဖုန်း ဤသို့ပြုလုပ်ဖန်တီးရခြင်းမှာ လီချိန်ကြိုးသည် ဩဇာအာဏာဂိုဏ်းထဲတွင် အာဏာ ပျက်ပြယ် သွားသည်ကို ကိုယ်စားပြုခြင်းပေလော။

သို့မဟုတ် လီချိန်ကြိုး အနှစ်သက်ဆုံးသော ပစ္စည်းကိုလီချိန်ကြိုးနှင့်အတူ ထည့်သွင်းလဂ္ဂိုဟ်ကာ သစ္စာ စောင့်သိခြင်းကို ပြုလိုက်ခြင်းပေလော။

လျှိုရွှေဖုန်းမှ တစ်ပါး မည်သူမျှ ဝေခွဲ နိုင်ခြင်း မပြုနိုင်ကြ။

လီချိန်ကြိုး စားပွဲခုံ မရှိတော့သော်လည်း သူထိုင်ခဲ့သည့် ထိုင်ခုံကမူ အထီးကျန်ဆန်စွာ ဝေါင်စင်းစင်း ကျန်ရှိနေသေးသည်။

ထိုင်ခုံပေါ်တွင် တက်ထိုင်မည့်သူမရှိ။

ထီးမွေနန်းမွေ ဆက်ခံမည့်သူ မရှိတော့သော ရာဇပလ္လင်လို ထိုင်သူမဲ့နေသည်။

ထိုထိုင်ခုံလွတ်၏ မျက်နှာချင်းဆိုင်တွင် လူတစ်ယောက်ရှိနေသည်။

ထိုသူ၏ကိုယ်ပေါ်တွင် အစိမ်းရောင်ဖျော့ဖျော့ ဝတ်စုံကို ဝတ်ဆင်ထားပြီး တွေမှိုင်နေ၏။

သူ့လက်တစ်ဖက်က မေးစေ့ကို ကိုင်ကာ စားပွဲခုံလွတ်နေသော နေရာကို ငေးစိုက်ကြည့်နေသည်။

ထိုလူကား လျှိုရွှေဖုန်းပင်တည်း။

လျှို့ရွှေဖုန်းသည် လီချိန်ကြိုးအား တမ်းတ လွမ်းဆွတ်နေခြင်းလား။

အတိတ်အကြောင်းများကို စဉ်းစားနေခြင်းလား မပြောတတ်။

တွေဝေငိုင်ကာ ရပ်နေ၏။

ထိုအချိန်တွင် လူခြောက်ယောက်သည် ပန်းခြံ လမ်းကျဉ်းကလေးထဲမှ လျှောက်လှမ်းဝင်လာကြသည်။

သူတို့ အမူအရာက အေးဆေး တည်ငြိမ်ကာ ကြောက်ရွံ့ထိတ်လန့်မှု စိုးစဉ်းမျှမရှိ။

လျှို့ရွှေဖုန်းသည် ထိုလူတစ်စု ဝင်ရောက်လာခြင်းကို ငြိမ်သက်စွာပင် ကြည့်နေသည်။

လူခြောက်ယောက်ကလည်းအခန်းတွင်းသို့ ဟိတ်ဟန်တကြီးဖြင့် ဝင်ရောက်လာကြသည်။

လျှို့ရွှေဖုန်း ဦးခေါင်းကို ညင်သာစွာ မော့လိုက်လျှင် ထိုသူတို့၏ ခြေလှမ်းများ ရပ်တန့်သွားကြသည်။

သူတို့၏ ရင်ထဲတွင်လည်း တုန်လှုပ်သွားမိကြသည်။

လက်တစ်ဖက်ကို မေးစေ့တွင် ထောက်ထားပြီး သဲ့သဲ့ကလေး ပြုံးနေသော ကိုယ်ဒတော်လေးတစ်ယောက်ပမာ ဖြစ်နေသည့်လူသည် လူအကာ ထိတ်လန့်ကြောက်ရွံ့ကြသည့် ဝင်းမှူးကြီးလျှို့ရွှေဖုန်း ဖြစ်နေသောကြောင့်ပင်တည်း။

လျှို့ရွှေဖုန်းသည် လူခြောက်ယောက်ကို ကြည့်လိုက်ရုံနှင့် အဆင့်မြင့်ပုဂ္ဂိုလ်များ ဖြစ်ကြောင်း သိသည်။ တို့ထက်မကဤမျှ ဟိတ်ဟန်ကြီးသူများသည် သိုင်းလောကတွင် မုံယုံမိသားစုမှ



လွဲ၍ အခြား မိသားစု မဖြစ်နိုင်မှန်းလည်း သူ နားလည်ထားသည်။

ထိုသောအခါ သူ့ရင်ထဲတွင် ဖော်မပြနိုင် လောက်သော ဒေါသများ တည်လာသည်။

ဟိတ်ဟန်ကြီးမှု၏ ခါးသီးရက်စက်ခြင်းကို သူ ဒေါသဖြစ်စွာ ပြန်မြင်လာသည်။

သူ့ငယ်စဉ်ဘဝသည် မည်သူကမှ အလိုမရှိသော ခွေးဝဲစား တစ်ယောက်ပမာ ဖြစ်ခဲ့ရသည်။

သူ ဆယ့်နှစ်နှစ်သား အရွယ်တွင် လူတကာ၏ နှိပ်စက်ညှဉ်းဆဲခြင်းကို ခံခဲ့ရသည်။

မိဘမဲ့ ကလေးတစ်ယောက် ဖြစ်သည်မို့ သူ့ ခန္ဓာကိုယ်တွင် အညစ်ညစ် အထေးထေး ပေကျံနေခဲ့သည်။

ကျွေးမွေးစောင့်ရှောက်သူ မရှိသဖြင့် တစ်ခါ တစ်ရံတွင် အမှိုက်ပုံထဲမှ အစားအစာကို ရှာဖွေစားသောက်ခဲ့ရသည်။

တစ်ခါတလေ အငတ်ခံခဲ့ရသည်။

တစ်ခါတစ်ခါ်ကြား သူဖုံနှီးစားများထံမှ စားကြွင်းစားကျန်များ တောင်းရမ်း စားသောက်ခဲ့ရသည်။

သူ့ဘဝ၏ မာန်ဗီနေသော ခွေးဆိုးများနှင့် လုယက်အာရှာဖွေ စားသောက် ခဲ့ရသည့် အဖြစ် မျိုးလည်း ကြုံခဲ့ရသေးသည်။

ဆယ့်သုံးနှစ်သား အရွယ်ရောက်သောအခါ သိုင်းပညာကို စတင်သင်ကြားခဲ့သည်။

သူ့အား ခွေးကောင်ဟု ခေါ်ဆိုခဲ့သူများ၊ ချိုးနှိမ် စော်ကားခဲ့သူများကို ရန်ငြိုးရှိသည်ဖြစ်စေမရှိသည်ဖြစ်စေ လုံးဝအရေးမစိုက်တော့ဘဲ အကုန်သတ်ဖြတ်ပစ်လိုက်သည်။

ထိုအချိန်မှစပြီး သူ့အသွင်ကလည်း ပြောင်းလဲ လာလေသည်။

သူ့အနေအထားက ကိုယ်တော်လေး တစ်ယောက်ဟန်ပန်ဖြစ်လာခဲ့သည်။

သို့သော်....

သူ့ငယ်စဉ်ဘဝ၏ ခါးသီးသော အတွေ့အကြုံကိုမူ ဘယ်တော့မှ မေ့ဖျောက်၍ မရခဲ့။

အစုတ်စုတ် အပြတ်ပြတ် အညစ်ညစ် အပတ်ပတ်ဖြင့် အသက်ရှင်သန်ဖို့ အရေး ခွေးတစ်ကောင်လို ရှုန်းကန် စားသောက်ခဲ့ရသော သူ့အသွင်ကို ကြည့်ပြီး ထိတ်လန့်တကြီး အော်ဟစ် ရှောင်ရှားသွားခဲ့ကြသော ရွှံ့ရှာ စက်ဆုတ်ဟန်၊ နောက်ဆုတ်တွေ့ထွေးသွားကြသော သနားစရာ သတ္တဝါတစ်ကောင်လို ချိုးချိုးနှိမ်နှိမ် ကြည့်သွားကြသော မိန်းမပျိုကလေးများကို သူမမေ့။

အထက်လွှာဟု သူတို့ကိုယ်သူတို့ ထင်မှတ် အမည်တတ်ကြသော မိန်းကလေးများကို သူရွံမုန်းလာသည်။

ဖျက်ဆီး ပစ်ချင်လာသည်။

နာကြည်းလာသည်။

ယခု သူ့မျက်စိထဲတွင် ထိုကဲ့သို့သော မိန်းကလေးကို မြင်တွေ့နေရသည်။



ထိုမိန်းကလေး၏ အဝတ်အစားများကို ဆွဲချုတ်ကာ အချက်တကွဲအကျိုးနည်း ဖြစ်အောင် ဖန်တီးလိုသည့် စိတ်ရိုင်းများ ဝင်လာမိသည်။

သို့သော် ထိုမိန်းကလေးကို ထိဖို့ပင် မလွယ်ကူမှန်းသူသိသည်။

သိုင်းလောကတွင် ချောမောလှပပြီး မြွေပွေးပမာ အဆိပ်ပြင်းလှသည့် မိန်းမစားမျိုး ဖြစ်သည်။

ထိုမိန်းကလေးကား မုံယုံခရှာင်ယဲပင်တည်း။

မုံယုံခရှာင်ယဲသည် လျှို့ရှဖုန်း ဘာကို စဉ်းစားနေမှန်း မတွေးခေါ်နိုင်။

ကိုယ်တော်လေး တစ်ယောက်လို ချောမောခံ့ညားသူတစ်ယောက်က ရက်စက်ကြမ်းကြုတ်လှပြီး သူမအစ်ကို မုံယုံလို့ ယုံကို သတ်ဖြတ်ပစ်လိုက်သည့် ဝင်းမှူးလျှို့အား အခဲမကြေဖြစ်နေမိသည်။

ယခုလိုကိုယ်တိုင်တွေ့ဆုံရသောအခါ စိတ်ထဲတွင် ပုံဖော်ထားသော လူတစ်ယောက်နှင့် မတူညီသဖြင့် ရင်ထဲတွင် အံ့ဩနေမိသည်။

မုံယုံရှောက်ယဲ မျက်လုံးအစုံကို ညင်သာစွာ ပဒ့ိတင်မိလိုက်သည်။

မုံယုံစုချင်းကမူ တည်ငြိမ်စွာပင် စကားစလာ၏။

'ကျုပ်တို့ မုံယုံမိသားစုက စုစုပေါင်း လူကိုးယောက်ထားခဲ့ကြတယ်၊ တစ်ယောက်က ပန်းခြံထဲမှာ သေဆုံးသွားတယ်၊ နှစ်ယောက်ကတော့ ထောင်ချောက်ထဲ မိသွားကြတယ်၊ ကျန်တဲ့ ခြောက်ဦးကတော့ ကျုပ်ရယ်၊ ကျုပ်သမီးရယ်၊ သံမဏိသည်

ခြေ သိုင်းသမားနဲ့ မုံယုံလူငယ်သုံးဦးပဲ၊ ကျုပ်တို့တစ်တွေ လီချိန်ကြီးရဲ့ ဝိညာဉ်ကို ဂါရဝပြုဖို့ ရောက်လာခဲ့တာပဲ'

မုံယုံလူငယ်ဆုံးဦးကား မုံယုံရှောင်ထင်၊ မုံယုံရှောင်ကျင်း၊ မုံယုံရှောင်ကျဲတို့ ဖြစ်ကြသည်။

သူတို့သုံးဦးစလုံးသည် သိုင်းပညာတွင် အဆင့်မြင့်ကြသည့် အပြင် ခန့်ချောချောကြသူများ ဖြစ်၏။

သိုင်းလောကတွင် သံမဏိသည်းခြေဟု နာမည်ရှိသော ဖူယန်ပိုင်မှာ ထိုစဉ်ကတည်းကပင် မုံယုံမိသားစုထဲတွင် ကြီးပြင်းခဲ့သူဖြစ်။

ငယ်နုံစဉ်ကပင် ခေါးဆိုးခေါးသမား ခွေကျော့ကို ယှဉ်ပြိုင် သတ်ဖြတ်နိုင်ခဲ့သဖြင့် ဖူယန်ပိုင်၏ နာမည်မှာ သိုင်းလောကတွင် ကျော်ကြားခဲ့သည်။

လက်ရှိအခြေအနေတွင် မုံယုံရှောင်ယီ၏ အချစ်ကို မျှော်ကိုးနေပြီး မျှော်လင့်ချက်အများဆုံး ရှိနေသူဖြစ်ပေသည်။

လျှိရှွေဖုန်းမျက်လုံးကို အနည်းငယ် လှုပ်ရှား ကစားကြည့်လိုက်သည်။

စကားတစ်ခွန်းမျှပင် မဆို။

'ကျုပ်တို့တစ်တွေ ခရီးဝေးက ရောက်လာကြတာကို မင်းအမြင်ပဲ၊ ကျုပ်တို့တာ လီချိန်ကြီးရဲ့ ဝိညာဉ်ကို ဂါရဝပြုဖို့ ရောက်လာကြတဲ့သူတွေဆိုတော့ ကျုပ်တို့အတွက် နေရာထိုင်ခင်း စီစဉ်ပေးဦးမှပေါ့'

မုံယုံစုချင်းက လျှိရှွေဖုန်းကို ပြောသည်။

လျှိရှွေဖုန်းက လက်တစ်ဖက်ကို ဝှေ့ယမ်းပြလိုက်ပြီး။



'ဒီမှာ အခြားထိုင်ခုံရယ်လို့ မရှိဘူး၊ ကြိုက်နှစ်သက်တဲ့နေရာမှာ ထိုင်နိုင်ပါတယ်၊ နေရာက ခင်ဗျားတို့ ထိုင်ဖို့အတွက် ကျယ်ကျယ်လွင်လွင် ရှိနေတာပဲ'

မုံယုံစုချင်း ရယ်မောလိုက်၏။

'ကောင်းပြီ၊ ဒီနေရာမှာ ထိုင်ခုံတစ်လုံး ရှိနေသားပဲ၊ ကျုပ်အတွက် တစ်ခြားနေရာမှာ ထိုင်နေစရာမလို့ပါဘူး'

လျှိရှွေဖုန်း ခန့်ပြုံးလေး ပြုံးလိုက်၏။

'ဒီထိုင်ခုံက နောင်ကြီးတို့ထိုင်ဖို့ ခုံမဟုတ်ပါဘူး'

မုံယုံစုချင်း ကျယ်လောင်စွာ ရယ်မောလိုက်ပြန်သည်။

'ဒါဆို ဒီထိုင်ခုံဟာ ရှေးရင်း ထိုင်တဲ့ထိုင်ခုံပေါ့'

'မဟုတ်ပါဘူး'

'ဒါဆို ဘယ်သူထိုင်တာလဲ'

လျှိရှွေဖုန်း ခေါင်းကို ခါယမ်းလိုက်၏။

'ဘယ်သူမှ မဟုတ်ပါဘူး'

'ကျုပ်ကို ထိုင်ခွင့်ပြုလို့ မရဘူးလား'

လျှိရှွေဖုန်းခေါင်းကို သွက်သွက်ခါယမ်းလိုက်ပြန်သည်။

'ဂိုဏ်းချုပ်ကြီးကသာ ဒီထိုင်ခုံပေါ်မှာ ထိုင်ခွင့်ရှိပါတယ်'

မုံယုံစုချင်း တောက်ကျစ်စွာပင် ရယ်မောလိုက်ပြန်သည်။

သူ့မျက်လုံးထောင့်တွင် ငါးအမြီးပမာ အကြောင်းအရေးများ ဖြစ်ပေါ်လာသည်။

'ဟုတ်ပြီ၊ ကျုပ် အဲဒီထိုင်ခုံပေါ်မှာ ထိုင်မယ်၊ ဒီထိုင်ခုံရဲ့ ဘယ်ဘက်လက်ကိုင်နေရာမှာ လျှို့ဝှက်ခလုတ်တစ်ခု ရှိတယ် ဩဇာအာဏာဂိုဏ်းရဲ့ အဆက်အသွယ်တံခါးကို ဖွင့်နိုင်တယ်

ညာဘက်လက်ကိုင်နေရာမှာ မြေပုံတစ်ချပ်ရှိတယ်၊ ဩဇာအာဏာဂိုဏ်းရဲ့ ရတနာကို ရှာဖွေတွေ့ရှိနိုင်တယ်၊ ကျောမှီမှာ ဩဇာအာဏာဂိုဏ်းရဲ့အဖွဲ့သားကို ထိန်းချုပ်နိုင်တဲ့ ခလုတ်ရှိတယ်၊ ဖင်ထိုင်ကြမ်းပြင်မှာ ဂိုဏ်းချုပ်ကြီးလီရဲ့ လက်ရေးကဗျာလက်ရာနဲ့ သိုင်းပညာ ကျမ်းစာအုပ်ရှိဘယ်၊ ကဲ...ကျုပ်ကို ထိုင်ခွင့်ပြုနိုင်ပါသလား၊ တကယ်လို့ ရနိုင်မယ်ဆိုရင် ဒီခုံရဲ့ မျက်နှာချင်းဆိုင်နေရာမှာ ရှောင်းရင်းရှိနိုင်မယ်၊ တကယ်လို့ မရနိုင်ဘူးဆိုရင်တော့ ရှောင်းရင်းဟာ ဒီထိုင်ခုံကို ဘယ်တော့မှ မတွေ့နိုင်တော့ဘူး'

ပြောပြီးသည်နှင့် မျက်လုံးအစုံကို မှေးကာ အဆိပ်ခေါးမောလျှိုရှေဖုန်း၏ မျက်လုံးထဲသို့ စူးစိုက်ကြည့်နေတော့သည်။

* * *

မုယုံစုချင်းသည် လျှိုရှေဖုန်း ပြန်ပြောလာမည့် စကားကို စောင့်လင့်နေ၏။

လျှိုရှေဖုန်းက ပြန်လည် ဖြေကြားခြင်းမပြု၊ ယက်ဘည်းချင်း ပွတ်သပ်နေပြီး တဆပ်ဆပ်ဖြင့် လက်နှစ်ချက် ခေါက်နေသည်။

မုယုံစုချင်းက ရယ်မောနေ၏။



သို့သော် သူ့မျက်လုံး အကြည့်များကမူ လျှိုရှေဖုန်းထံမှ တရွေ့စိမျှ မခွာချေ။

အညို့ခံနေရသူလို ဖြစ်နေ၏။

ထိုအချိန်တွင် ဝိညာဉ်ခန်း၏ နောက်ဘက်ဆီမှ တချတ်ချတ်အသံနှစ်ချက် ပေါ်ထွက်လာသည်။

မုယုံစုချင်းသည် ဉာဏ်ကောင်းပြီး ချစ်စရာကောင်းသည့် မြေခွေးတစ်ကောင်ပမာ ရယ်မောလိုက်သည်။

'ကျုပ်သိပြီ၊ ရှောင်းရင်း အခု အချက်ပြပြီး လူခေါ်နေတာ မဟုတ်လား၊ ခေါးဘုရင်နဲ့ ရေဘုရင်ကို ခေါ်နေတာ မဟုတ်လား၊ သူတို့နှစ်ယောက်က ဒီထိုင်ခုံရဲ့ ဘယ်ညာနှစ်ဘက်မှာ အမြဲစောင့်ကြပ်ခဲ့တယ်လေ'

မုယုံစုချင်းစကားကို ခေတ္တနားပြီး လျှိုရှေဖုန်းကို ကြည့်၏။ ထို့နောက် လှောင်ပြုံး ပြုံးကာ...

'အခုအချိန်မှာ ဩဇာအာဏာဂိုဏ်းက သူတို့နှစ်ယောက်အပြင် ဘယ်သူ့ကိုမှ ခေါ်လို့မရတော့ဘူး မဟုတ်လား'

လျှိုရှေဖုန်းမှာ အေးဆေးတည်ငြိမ်စွာပင် ရှိနေ၏။

'သူတို့နဲ့ပဲ လုံလောက်နေပါပြီ'

မုယုံစုချင်း မျက်နှာထားက တိခနဲ ပြောင်းလဲသွားသည်။ အရယ်အပြုံးမရှိတော့ မုယုံရှောင်ယီသည် ရှေ့သို့ ခြေတစ်လှမ်းလှမ်းတက်လိုက်သည်။

'ဖေဖေ....ဒီလူ့ကို သမီးပဲ ကြည့်ရှင်းလိုက်မယ်'

လျှိုရှေဖုန်းမျက်နှာအမူအရာက အေးစက်စက် ရှိနေသော်လည်း စိတ်ထဲတွင်မူ မီးအဟုန်ကဲ့သို့ လောင်မြိုက်နေသည်။

သူ မှန်းတီးနာကြည်းမိသော မိန်းမစားမျိုးလေးက 'ရှင်း လိုက်မယ်' ဟူသော စကားမျိုး ပြောဆိုလာသဖြင့် ဒေါသ ပေါက်ကွဲလာသည်။

ဒေါသကြောင့် တုန်ယင်လာသည်။

သူ့ ဘယ်လက်ကို ညာလက်ဖြင့် ဆုပ်ကိုင်ထားလိုက်၏။

တုန်ယင်နေသည့် သူ့ ဘယ်လက်ကို ရန်သူများ မြင်တွေ့ သွား၍ မဖြစ်။

မိမိ၏ အသက်အန္တရာယ်ကျရောက်သွားနိုင်ကြောင်း လျှို့ရှေ ဖုန်း သိသည်။

သူ့ မျက်လုံးအစုံကို ဖြည်းညင်းစွာ ပိတ်ပစ်လိုက်သည်။

သူ့ ရင်ထဲတွင် 'မမကျောက်....မမကျောက်' ဟူသော အမည် ကိုသာ ထပ်ပြန်တလဲလဲ အော်ဟစ် ခေါ်ငင်နေမိသည်။

တုန်လှုပ်နေသော သူ့ စိတ်ကို ကျောက်စုယုံမှသာ ထိန်းချုပ် နိုင်ကြောင်း လျှို့ရှေဖုန်း ခံစားနားလည်သည်။

မုံယုံရှောင်ယိမှာ လျှို့ရှေဖုန်း၏ အပြုအမူကြောင့် ခံပြင်း ဒေါသထွက်နေမိသည်။

သူ၏ ချောမောလှပသော ရုပ်ရုံကို အာသာငမ်းငမ်း တပ်မက်သည့် အကြည့်များဖြင့် ကြည့်နေသော ပုရိသမျက်လုံး တို့ကိုသာ သူ ကြုံတွေ့ခဲ့ရသည်။

မျက်စိပိတ်ပစ်လိုက်သည့် ဘယ်ယောကျ်ားကိုမှ မတွေ့ဆုံ ဖူးခဲ့။

လျစ်လျူရှုသည့်အပြုအမူမျိုး မခံစားခဲ့ရဖူး။



မုံယုံရှောင်ယိသည် လျှို့ရှေဖုန်း၏ မျက်လုံးအ[illegible] ထုတ်ပစ်ချင်လာသည်။

သူ့ စိတ်ထဲတွင် ဒေါသဖြစ်နေသော်လည်း လျှို[illegible] ဤမျှအထိ မရက်စက်ချင်ပြန်။

ထိုအချိန်တွင် ဝိညာဉ်ခန်းထဲသို့ လူနှစ်ယောက် ရောက်ရှိ လာသည်။

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသူ၏ မျက်နှာပေါ်တွင် လူသတ်လိုသည့်အရိပ်အငွေ့များ ဖုံးလွှမ်းနေသည်။

လျှို့ရှေဖုန်းရှေ့ သို့ရောက်လျှင် ခါးကိုင်းလိုက်ကာ....

'ဝင်းမှူးကြီး....သူတို့ကို ကျုပ်တို့ပဲ ကြည့်ရှင်းလိုက်ပါ့မယ်'

လျှို့ရှေဖုန်း ခေါင်းညိတ်လိုက်၏။

သူ့ ဟန်က ပိုင်နိုင်မှုအပြည့် အဝရှိနေသည်။

မုံယုံရှောင်ယိမှာ ဒေါသအကြီးအကျယ်ထွက်ကာ မျက်နှာ တစ်ပြင်လုံး သွေးရောင်လွှမ်းလာ၏။

အံကိုတင်းတင်းကြိတ်လိုက်ပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် နောက်ဘက်မှ လူသုံးဦးက ရှေ့သို့ လျှောက်ထွက်လာသည်။

'မမလေးအသာနေပါ၊ ကျွန်တော်တို့ပဲ ကြည့်ရှင်းလိုက်ပါ့ မယ်'

ဤစကားပြောလိုက်သူမှာ မုံယုံရှောင်ကျဲဖြစ်၏။

သူသည် သူ၏ဝမ်းကွဲအစ်မပေါ်တွင် သံယောဇဉ်နှောင် တွယ်နေမိသည်။

ယခုကဲ့သို့ ရှေ့ထွက်ပြီး ကာကွယ်မှုပေးလာသည်မှာ မုံယုံ ရှောင်ယိ၏ ကျေးဇူးစကားလိုချင်သောကြောင့်ဖြစ်၏။

...သာ အပေးခံချင်သောကြောင့် ဖြစ်၏။

...ာ်....သူ့စကားမဆုံးခင်မှာပင် ဓားရောင်တစ်ချက် ...နဖြစ်ပေါ်သွားသည်။

ဓားရိပ်က ဓားတစ်စင်းတည်းမဟုတ်၊ ဓားအလက်ပေါင်း လေးငါးဆယ်အသွင် ထွက်ပေါ်နေသည်။

ကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း ဓားအလင်းရောင်က ထက်ကြပ်မကွာ လိုက်ပါလာသည်။

သုံးကြိမ်တိတိ ရှောင်တိမ်းသော်လည်းမရ။

ဓားမဘုရင် ရောင်ချူးစံ၏ ဓားက တောင်ထုကြီးပမာ ခိုင်မြဲလှသည်။

မုယုံရှောင်ကျဲအား ပွဲဦးထွက်မှာပင် တိုက်ကွက်သုံးကွက် တည်းနှင့် ဓားမဘုရင် ရှောင်ချူးစံ၏ ဓားချက်ခအောက်တွင် အသက်ပျောက်ရတော့မည့် အနေအထားဖြစ်ခန၏။

မုယုံရှောင်ထင်နှင့် မုယုံရှောင်ကျင်းတို့က ကပျာကယာ ဝင်ရောက် ကူညီရန် ကြိုးစားလိုက်၏။

သူတို့နှစ်ယောက် ရှေ့သို့တက်လှမ်းမည့်အချိန်တွင် ရေပန်း နှစ်ခုပမာ စီးကြောင်းနှစ်ကြောင်းက သူတို့နှစ်ဦးထံသို့ တန်းခနဲ တိုးဝင် ရောက်ရှိလာသည်။

နှစ်ယောက်သား အလျင်အမြန် ရှောင်တိမ်းလိုက်ရ၏။

ရေဘုရင်ကျိုရှစန်း၏ အင်္ကျီလက်ရှည်နှစ်စ ပျံဝဲရောက်ရှိ လာခြင်းပင်တည်း။



ကျိုရှစန်းသည် မုယုံရှောင်ထင်နှင့် မုယုံရှောင်ကျင်တို့ နှစ်ယောက် မုယုံရှောင်ကျဲအား ကူညီမှုမပေးနိုင်ရန် ဟန့် တားတိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

'ထန်း....'

လက်နက်ချင်း ထိခတ်သံတစ်သံ ထွက်ပေါ်လာသည်။

ယောင်ချူးစီ၏ တောင်ထုကြီးပမာ ခိုင်မြဲလှသော ဓားမကြီးမှာ အခြားဓားမတစ်ခု၏ ဟန့်တားခြင်းကို ခံလိုက်ရသော ကြောင့်ပင်တည်း။

ဟန့်တားလာသော ဓားမကြီးမှာ မည်းနက်ပြောင်ဝင်း နေသော်လည်း အလွန်ပင် ထက်မြက်လှပေသည်။

တောင်ထုကြီးပမာ ခိုင်ခန့်လှသော ယောင်ချူးစီ၏ ဓားမ ကြီးမှာ မည်းနက်သော ဓားမကြီး၏ထိမှန်မှုကြောင့် အသွား တွင် ဆန်စေ့ခန့် ချိုင့်ဝင်သွားခဲ့ရသည်။

ယောင်ချူးစီ သူ့ဓားမကို ပြန်လည် ရုပ်သိမ်းလိုက်၏။

'ဘယ်ကောင်းတဲ့ ဓားမပါလား'

ယောင်ချူးစီနှုတ်မှ ထုတ်ဖော် ချီးကျူးစကား ဆိုလိုက် သည်။

မည်းနက်သော ဓားမကို ကိုင်ဆောင် ခုခံထားသူကား ဖူယန်ပိုင်ဖြစ်ပေသည်။

ဖူယန်ပိုင်က အေးစက်စက်ပင် ရယ်မောလိုက်၏။

'ကျုပ်ရဲ့ ဒီဓားမဟာ ဘုရင်တကာ့ဘုရင်ရဲ့ ဓားမျိုးပဲ'

ယောင်ချူးစီ တွန့်ကနဲ နှာခေါင်းရှုံ့လိုက်၏။

'ကျုပ်ကလဲ ဓားမဘုရင်ထဲက ဘုရင်တစ်ယောက်ပဲ'

'စကားရှည်မနေနဲ့၊ ဓားချက်ကို ကြည့်ပေတော့'

ဖူယန်ပိုင်က မာန်သွင်းကာ အော်ဟစ်ပြီး ဓားမနက်ကြီးကို တဝီဝီ ဝှေ့ယမ်းကာ ဝင်ရောက် တိုက်ခိုက်လေသည်။

ယောင်ချူးစီ ဓားမသုံးလက်ပြောင်းကာ သုံးချက်တိတိခုခံသည်။

သူ့ဓားမသုံးလက်လုံးသည် ဆန်စေ့ခန့် အသွားတွင် ပဲ့ချိုင့်ဝင်သွားခဲ့ရသည်။

ဖူယန်ပိုင်သည် သုံးချက်မျှတိုက်ခိုက်ပြီး အသက်ပြောင်းရှူမည့်အချိန်တွင် အေးစက်ပြင်းထန်သော ဓားအား လှိုင်းတစ်ခု ရောက်ရှိလာသည်။

အစွမ်းကုန် ရှောင်တိမ်းလိုက်သော်လည်း စွပ်ခနဲ အသံတစ်ချက်နှင့်အတူ တစ်ဘက်လူ၏ဓားသွားက သူ့ဘယ်ဘက်ရင်ဘတ်နေရာတွင် ခြောက်လက်မခန့် အစင်းကြောင်းကြီး ဟက်ခနဲ ဖြစ်သွားစေသည်။

ဒဏ်ရာမှ သွေးများက ဒလဟော ပန်းထွက်လာ၏။

ဖူယန်ပိုင် အာရုံစူးစိုက်ကာကြည့်လိုက်လျှင် ဓားမဘုရင်၏ ဘယ်ဘက်လက်တွင် ရွှေဝါရောင် ဓားမတစ်လက် ကိုင်ဆောင်ထားသည်ကို တွေ့လိုက်ရ၏။

ထိုဓားကို တွေ့ရသည်နှင့် ထိတ်လန့်တကြားဖြစ်ကာ လွတ်ခနဲ့ အော်ဟစ်လိုက်မိသည်။

'လက်ဝါး ဓားမပါလား'

ယောင်ချူးစီက အမူအရာလေးနက် တည်ငြိမ်စွာဖြင့်ခေါင်းညိတ်လိုက်သည်။



'မင်းမှာ ဓားဘုရင်ထဲက ဓားမရှိပေမယ့် ကျုပ်ကသာ တကယ့် ဓားမဘုရင်ဖြစ်တယ်'

* * *

ကျိုရှစန်း၏ ဘယ်လက် အင်္ကျီလက်စရှည်သည် ရေလှိုင်းပမာ လှုပ်ရှားနေပြီး ညာလက်အင်္ကျီလက်စရှည်က ရေတံခွန်ပမာ လှုပ်ရှားကာ မုယုံမိသားစု၏ အဆင့်မြင့်ပုဂ္ဂိုလ်နှစ်ဦးကို ဟန့်တားနေသည်။

ထိုအချိန်မှာပင် လူရိပ်တစ်ခုက ရိပ်ခနဲ ခုန်ဝင်လာပြီးအင်္ကျီစရှည်နှစ်ခုကိုလည်း ကျိုရှစန်းထံသို့ ပစ်သွင်းလိုက်သည်။

ကျိုရှစန်း ထိတ်လန့်တကြီး ဖြစ်သွား၏။

မိမိပညာဖြင့် မိမိကိုပြန်လည်တိုက်ခိုက်သော မုယုံမိသားစု၏ 'သူ့အရိုးနဲ့ သူ့ပြန်ထိုး'ဟူသည့် ထူးဆန်းသော ပညာရပ်၏ ကြောက်စရာကောင်းပုံကို သူကောင်းစွာ သိရှိထားသည်။

သူ့အင်္ကျီလက်စနှစ်ဘက်ကို အပြင်သို့ ရိုက်ထုတ်လိုက်ကာ ဘဘက်လူ၏ အင်္ကျီစနှင့် ရစ်ပတ်လိုက်သည်။

တိုက်ကွက်က အလွန်ပင် ကြည့်ကောင်းလှ၏။

ပဝါက ကနေသည့်အလား ရှိနေသည်။

တိုက်ကွက် ဆယ့်ရှစ်ကွက်ခန့်တိုက်ခိုက်ပြီးလျှင် နှစ်ယောက်စလုံး၏ အင်္ကျီစရှည်များကြိုးထုံးပမာ ငြိတွယ်သွားကြ၏။

နောက်သို့ အပြိုင်ဆွဲယူကြပြန်ရာ နှစ်ယောက်စလုံး၏ အတွင်းအားမှာ သူမသာ ကိုယ်မသာဖြစ်နေသည်မို့ ဘက်ညီသော လွန်ဆွဲပွဲတစ်ခုလို ဘယ်ဘက်မှမပါဘဲ တန်းနေ၏။

နှစ်ယောက်စလုံး မျက်နှာကွက်ကနဲ ပျက်သွားကြသည်။

အထူးသဖြင့် ကျော်ရှစန်း မျက်နှာပျက်သွားသည်က ပို၍ အကြည့်ရဆိုးနေသည်။

သူနှင့် အင်္ကျီစချင်းယှဉ်ပြိုင်သူမှာ မုံယုံရှောင်ယိဖြစ်နေသောကြောင့်ပင်တည်း။

သူ့စိတ်ထဲတွင် မုံယုံရှောင်ယီမှာ အသက် ငယ်ငယ်ရွယ်ရွယ်ဖြင့် အင်္ကျီစရိုက်အား ပြင်းထန်နေပြီး အင်္ကျီစငယ်ဖြင့်မိမိ၏ ပြင်းထန်သောအားအဟုန်ကို ခါထုတ်နိုင်ခဲ့သည်ဖြစ်၍ စိတ်ထဲတွင် ထိတ်လန့် အံ့ဩနေမိသည်။

မုံယုံရှောင်ယီ၏ စိတ်ထဲတွင်လည်း ရေဘုရင်၏အတွင်းအားကို ထိတ်လန့်တုန်လှုပ်နေမိလေသည်။

ရေလှိုင်းပမာ ရိုက်ခတ်လာသည့် အတွင်းအားက သူ့အင်္ကျီစကို နုတ်ယူ၍မရနိုင်လုနီးပါး ဖြစ်လာခဲ့၏။

အားပြောင်းအားယူနည်းဖြင့် မရိုက်ခတ်နိုင်တော့။

သူတို့နှစ်ယောက် အကြိတ်အနယ်အတွင်းအားချင်းယှဉ်ပြိုင်ဆွဲနေစဉ် ခါးဘုရင် ယောင်ချူးစီရှာ ဖူယန့်ပိုင်ကို အသာစီးမှ တိုက်ခိုက်နေနိုင်ပြီးဖြစ်၏။

ထိုအချိန်တွင် လူရိပ်တစ်ရိပ်က ဖျတ်ခနဲ လှုပ်ရှားလာ၏။



ယောင်ချူးစီသည် တစ်ဘက်လူနှင့် တိုက်ခိုက်ရာတွင် ခါးမခြောက်လက် အသုံးပြုခဲ့ပြီးဖြစ်၏။

ခြောက်ကွက်တိတိ ရင်ဆိုင်ခဲ့သဖြင့် လက်ကောက်ဝတ်နေရာတွင် ထုံကျဉ်လာ၏။

ကျော်ရှစန်းသည်လည်း ပြင်းထန်သော အားလှိုင်းတစ်ခုက သူနှင့် မုံယုံရှောင်ယီတို့၏ အင်္ကျီစဆီသို့ ရောက်ရှိလာသည်ကို ကြုံတွေ့လိုက်ရ၏။

ထိုသူသည် ယောင်ချူးစီကို တိုက်ခိုက်သလို တင်ပြိုင်နက်တည်း အင်္ကျီစဝှေ့ယမ်းကာ ကျော်ရှစန်းအား တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ကျော်ရှစန်းသည် ခြောက်ကွက်မျှ ခုခံပြီးသည်နှင့် ကမ္ဘာကြီးဇောက်ထိုးမိုးမျှော်ဖြစ်သွားအောင် အခြေအနေမဟန် ဖြစ်လာလေသည်။

မြေကြီးပေါ်သို့ လဲကျလုမတတ်ပင်ယိမ်းယိုင်သွားရ၏။

ထိုအချိန်တွင် ယောင်ချူးစီထံမှ အထိတ်တလန့် ရေရွတ်လိုက်သံက ထွက်ပေါ်လာသည်။

'လက်ဝါးခါးမ'

တစ်ဘက်လူသည် သူ့လက်ဝါးခါးမကဲ့သို့ပင် တိုက်ကွက်ကို အသုံးပြုကာ သူ့လက်ဝါးခါးမကို ခြေဖျက်လိုက်ခြင်းဖြစ်၏။

ရေလှိုင် အင်္ကျီစ'

ကျော်ရှစန်းလည်း မရှေးမနှောင်းမှာပင် အော်ဟစ်လိုက်မိပြန်၏။

တစ်ဘက်လူသည် သူ့တိုက်ကွက် အတိုင်း အင်္ဂလိပ်ဖြင့် ယောင်ချူးစီအား တိုက်ခိုက်ချိန်နှင့် တစ်ပြိုင်တည်း သူ့ကို ရေလှိုင်းအင်္ဂလိပ်တိုက်ကွက်ဖြင့် တိုက်ခြင်းဖြစ်သည်။

လူတစ်ယောက်တည်းက လူနှစ်ယောက်ကို တစ်ပြိုင်တည်း တိုက်ခိုက်လိုက်သူမှာမူ ယုံမိသားစု၏ အရှင်သခင် မုယုံစုချင် ဖြစ်ပေသည်။

သူသည် စဝင်လာကတည်းက မုယုံမိသားစု၏ကျော်ကြား လှသော သူ့အရိုးနှင့် သူပြန်ထိုး တိုက်ကွက်ဖြင့် တန်ပြန် တိုက်ခိုက်လိုက်သဖြင့် မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ဩဇာအာဏာဂိုဏ်း၏ လက်ရုံးနှစ်ဆူအား အနိုင်ယူသွားခဲ့ လေသည်။

မုယုံစုချင်သည် လက်နှစ်ဘက်ကို နောက်သို့ ပစ်ကာ အေးဆေးတည်ငြိမ်စွာရှိနေသည်။

ရေဘုရင်နှင့် ခါးမဘုရင်တို့မှာ တစ်ယောက်ကိုတစ်ယောက် ကြောင်ကြည့်ပြီး မျက်နှာပျက်နေကြ၏။

'ဟဲ ဟဲ ဟဲ မင်းတို့ ဒီလောက်လဲ စိုးရိမ်မနေကြပါနဲ့၊ ကျုပ်ကိုဟန့်တားဖို့ မင်းတို့ဝင်းမှူးကြီး လျှိုကိုသဘောထား မေးကြည့်စမ်းပါဦး'

မုယုံစုချင်က အထက်စီးလေသံဖြင့်ပြောသည်။

ယောင်ချူးစီနှင့် ကျိရှစန်းတို့နှစ်ယောက် ပြိုင်တူပင် လျှိုရွှေဖုံးကို လှည့်ကြည့်မိကြသည်။

လျှိုရွှေဖုံးက မျက်မှောင်ကြုတ်ကာ လက်ညှိုးကိုနှုတ်ခမ်း ပေါ်တွင်တေ့ထားသည်။



လက်ဟန်ဖြင့် အမိန့်ပေးခြင်းလည်းမရှိ။ သူ့အမူအရာက ...ာ်လှုပ်ရှား ဒေါသထွက်ခြင်းမျိုး လုံးဝမပြု။

ယောင်ချူးစီ ယခုမှပင် သဘောပေါက် နားလည်သွား၏။ လျှိုရွှေဖုံးအား လက်ညှိုးထိုးညွှန်ကာ အထိတ်တလန့်ဖြင့်....

'ကိုယ်....ကိုယ်တော်လေး ကိုယ်တော်လေးက....'

ယောင်ချူးစီမှာ စကားဆုံးအောင်ပင်မပြောနိုင်ဘဲထစ်ထစ် ...ငေါ့ဖြစ်နေသည်။

ကျိရှစန်းကလည်း တုန်ယင်သောအသံဖြင့်....

'ဝင်းမှူးကြီးလျှို ဂိုဏ်းချုပ်ကြီး အသက်ထင်ရှားရှိစဉ်တုန်း ...ဝင်းမှူးကြီးအပေါ် ကောင်းရှာခဲ့ပါတယ်၊ အခု ဘယ်.... ...ယ်လို'

ခါးမဘုရင်နှင့် ရေဘုရင်တို့မှာ လျှိုရွှေဖုံးအပေါ်သံသယ ...င်နေမိကြလေပြီ။

မုယုံစုချင်က ပြုံးစစအမူအရာဖြင့် လျှိုရွှေဖုံးကိုစိုက် ကြည့်ပြီး....

'ဒါတွေဟာ မင်းတို့ မသိကြလို့ပဲ ဖြစ်လိမ့်မယ်၊ အရင် ...န်းက လီချိန်ကြိုးရဲ့အနားမှာ ရေဘုရင်ကြီး ကိုန်းခုံနဲ့ လူ ...ရင် ကွမ်းကူဝူးဆိုတာ ရှိတယ်၊ နောက်တော့ သူတို့တစ်တွေ ...ိုင်းလောကထဲမှာ ဇာတ်မြုပ်သွားကြတယ်၊ ရေဘုရင်နဲ့ လူ ...ရင် အသစ်တွေ ဖြစ်ပေါ်လာတယ်၊ သူတို့ဘာကြောင့် ဇာတ် ...ြုပ်တဲ့လူက ဇာတ်မြုပ်၊ နယ်ခြားမြို့ဘက်ကို ထွက်သွားတဲ့ ...ူက ထွက်သွားလုပ်ကြရသလဲ၊ မင်းတို့သိရဲ့လား၊ သူတို့ဟာ

ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ကိုသာ နာခံပြီး ဝင်းမှူးကြီးရဲ့
မနာခံလို့ပဲ'

မုံယုံစုချင်း သခဲသာကျစွာပင် တဟင်းဟင်းရယ်
ပြီးမှ ကိုယ့်ကိုယ်ကို အသင်ကြီးဟန်ဖြင့် ဆက်ပြောပြ

'မင်းတို့ ဂိုဏ်းချုပ်ကြီးဟာ မင်းတို့ဝင်းမှူးကြီး
ယုံကြည်မှုလွန်ကဲတာ ခက်တာပေါ့၊ အခုမင်းတို့နှစ်
အလှည့်ရောက်လာပြီ၊ ပြီးတော့ ကျုပ် ဟောတိုခုံပေါ်
လိုက်မယ်၊ မင်းတို့ဂိုဏ်းချုပ်အပေါ် မလေးစားရ
နိုင်ပါဘူး၊ဒီကိစ္စတစ်ခုအတွက်နဲ့ မင်းတို့ဘာကြောင့်
အထိ ဟန့်တားနေရတာလဲ'

ဝေးမဘုရင် ယောဝ်ချူးစီနှင့် ရေဘုရင် ကျုံ
မျက်နှာ ဖြူရော်လာကြသည်။

အံ့ဩတုန်လှုပ်သောအမူအရာက ထိန်းချုပ်၍မရ။
လျှို့ရွှေဖုန်းမှာမူ လက်ညှိုးကို သွားဖြင့် ဖွဖွကာ
နေသည်။

မုံယုံစုချင်၏ စကားကို မကြားသည့်အလား ရှိ
ထိုအခန်း အပြင်ဘက်မှ စကားသံတစ်သံကချွတ်တ
ထွက်လာလေသည်။

'ကျုပ်ကတော့ ကုလားထိုင်မှာ မထိုင်ချင်ပါဘူး၊
ထဲမှာလ်နေတဲ့လူရဲ့ နှလုံးသားတည့်တည့်ကို ဓား
လောက် စိုက်ချလိုက်ရရင် ကျေနပ်ပါပြီ'

စကားသံအဆုံးတွင် အခန်းတွင်းသို့ လူတစ်အုပ်
လာသည်။ လူကိုးယောက် ဖြစ်၏။ ထိုသူများ ဝင်



အခန်းထဲတွင် လူသတ်မည့်အရိပ်အခွေ့များ လွှမ်းမိုး
သည်။

လာပုံကလည်း စစ်တပ်တစ်တပ် စစ်ချီဖြန့်သလိုပုံမျိုး
ည်ငြိမ်ငြိမ်ရှိလှ၏။ ထိုလူကိုးဦးတွင် လူဘစ်ယောက်။
သည်သာ လူသတ်ချင်သည့်အရိပ်အငွေ့ မလွှမ်းပဲနေ၏။
းလုံးထဲတွင် အငယ်ဆုံးဖြစ်ပြီး နောက်ဆုံးမှ ဝင်ရောက်
၏၊ ထိုလူငယ်အခန်းထဲသို့ ဝင်ရောက်လာလျှင် လျှို့ရွှေဖုန်း
အစုံပင့်တက်သွားသည်။

ထိုလူ၏ အသွင်သဏ္ဌာန်က သာမန်လူတစ်ယောက်ပမာရှိ
အေးအေးဆေးဆေး နိုင်လွန်းနေသည်။

လူကိုးယောက်သည် အခန်းတွင်းသို့ ဝင်ရောက်လာပြီးလျှင်
သည့် စကားကိုမျှမဆို။

သူတို့အမူအရာက တစ်စုံ တစ်ယောက်ကို မျှော်နေဟန်

သူတို့ကိုယ်စား စကားပြောမည့်သူကို စောင့်မျှော်နေခြင်း
ပေသည်။

သူတို့နေရာယူပြီးသည်နှင့် စောစောကပြောခဲ့သော စကား
ပန်းခြံတွင်းက ပေါ်ထွက်လာပြန်သည်။

'ကျုပ်တို့ဒီကို လူဆယ်ယောက်တိတိ လာခဲ့တယ်၊ ယခု
လုံး လူစုံဘက်စုံရောက်နေကြပြီ'

စကားသံနှင့်အတူ လူရိပ်တစ်ရိပ် အခန်းတွင်းသို့ပျံဝဲရောက်
၏။

ပန်းခြံမှာ အတော်ကလေး ကျယ်ဝန်းလှသည်။

ထိုသူ၏ ကိုယ်ဖော့ပညာက ပန်းခြံတွင်းမှနေ၍ အခန်း… သို့ တစ်ချက်တည်း ခုန်ပျံရောက်ရှိလာသဖြင့် အလွန်… အဆင့်မြင့်လှပေသည်။

အံ့သြစရာကောင်းနေသည်ကား ထိုပန်းခြံကို အထိအခိုက်… အရှုအနှာမရှိဘဲ လူစုတစ်စုဖြတ်ကျော်ကာ အခန်းကျွင်းသို့ ဝ… ရောက်လာနိုင်ခဲ့ခြင်းပင်တည်း။

'နောင်ကြီးမက်ရဲ့အတွင်းအားကို ကျုပ်တကယ် ချီးကျူး… မိပါရဲ့ဗျာ၊ အဆင့်မြင့်ရုံတွင် မကဘူး၊ အဆင့်လွန်နေတောင် ဖြစ်… နေတာက အံ့မခန်း စရာပါပဲ'

မုံယုံစုချင်က နောက်ဆုံးမှ ဝင်ရောက်လာသူကို ရယ်… ရယ်မောမောဖြင့် ထုတ်ဖော်ချီးကျူးစကားဆိုလိုက်သည်။

နောက်ဆုံးမှ ရောက်လာသူမှာ မက်မိသားစုအကြီးအကဲ… မက်ရှဲယုံဖြစ်နေလေသတည်း။

* * *

လီချိန်ကြိုး အသုဘခေါင်းပြင်ဆင်ရာ ခန်းမကျယ်ကြီးထဲ… တွင် အတော်ပင် လူစုံနေပေပြီ။



ဩဇာအာဏာဂိုဏ်းမှ လျိုရွှေဖုန်း၊ ဓားမဘုရင် ယောင်ချူးစီနှင့် ရေဘုရင်ကျီရှုစန်းတို့ ရှိနေကြပြီး မုံယုံနှင့် မက်မိသားစုမှ အကြီးအကဲများလည်း ရောက်ရှိနေကြ၏။

မက်ရှဲယံ အေးစက်စက် ရယ်မောလိုက်၏။

ကျောတွင် ချိတ်ဆွဲထားသော မည်းနက် ပြောင်ပြောင်းဝင်းနေသည့် ဓားအိမ်ကိုလည်း ပြန်လှည့်ကြည့်ပြန်သည်။

'ကျုပ်နာမည်ကြီးတာက အတွင်းအားပညာ မဟုတ်ဘူး၊ ဓားပညာပဲဖြစ်တယ်'

မုံယုံစုချင် နှစ်ခြိုက်စွာပင် ရယ်မော လိုက်ပြန်သည်။

'ကောင်းတယ်-သိပ်ကောင်းတယ်၊ ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင်အောင်းဖို့မသင့်ဘူး၊ ကျုပ်က ထိုင်ခုံလိုချင်တယ်၊ နောင်ကြီးက အခေါင်းကိုလိုချင်တယ်၊ အလိုဆန္ဒချင်းမတူညီတော့ ကျုပ်တို့တစ်ဘက်နဲ့တဘက်မျက်နှာ ပျက်စရာမလိုတော့ဘူးပေါ့'

မက်ရှဲယံ သဘောတူသည့် အနေဖြင့် ခေါင်းညိတ်သည်။

ဓားမလက်ကိုင်ရိုးကို လက်နှင့်ဆုပ်ကိုင်လျက် အေးစက်သော မျက်လုံးဖြင့် လျို့ရွှေဖုန်းအား ကြည့်သည်။

'ကျုပ်ကို အခေါင်း အဖုံးဖွင့်ပေးရမယ်၊ လီချိန်ကြိုးတကယ်သေတာလား ဟန်ဆောင်သေနေတာလားဆိုတာ စစ်ဆေးကြည့်ရမယ်၊ ကျုပ်ပြောတဲ့အတိုင်းမလုပ်ရင် ကျုပ်ရဲ့ဓားချက်နဲ့ အခေါင်းကို နှစ်ပိုင်းပြတ်အောင် လုပ်ပစ်လိုက် ရလိမ့်မယ်'

ထိုစဉ်…. လက်ခုပ်တီးသံနှင့်အတူ ပျင်းတွဲတွဲ ပြောဆိုလိုက်သံတစ်သံထွက်ပေါ်လာပြန်သည်။

'ခင်ဗျားတို့စကားတွေကို ကြားရတဲ့အတွက် ကျုပ်တကယ် ပဲဝမ်းနည်းတယ်၊ တကယ်လို့ ကျုပ်က ထိုင်ခုံနေရာကိုလည်းယူ မယ်၊ အခေါင်းကိုလည်း ယူမယ်ဆိုရင် ခင်ဗျားတို့ အမျက်ထွက် ကြမလားတော့မသိပါဘူး'

ထိုစကားသံကြောင့် မုံယုံစုချင်၊ မက်ရှဲယိ နှင့်လျှိရွှေဖုန်း တို့တစ်တွေ တုန်လှုပ်ခြင်း မရှိကြ။

မုံယုံစုချင်ကသာ သက်ပြင်းတစ်ချက်ချလိုက်သည်။

'အင်း...လီချိန်ကြိုး သေသွားတာနဲ့ ဗိုလ်နေရာကို ဘယ်သူ မဆိုရောက်လာကြတာပဲကိုး'

မုံယုံစုချင်၏ မှတ်ချက်ချစကားက လီချိန်ကြိုး မရှိခြင်း ကြောင့်ဘြဇာအာဏာဂိုဏ်းဌာနချုပ် စခန်းသည် သာလာယံ ဇရပ်တစ်ခုပမာ ဖြစ်သွားခဲ့ပြီဟူသော သဘော သက်ဝင်နေပေ သည်။

လျှိရွှေဖုန်းမှာ ထိုစကားကြားလိုက်ရသည်နှင့် မျက်လုံးအိမ် တွင် မျက်ရည်များ ပြည့်လျှံလာတော့သည်။

အခန်းတွင်းသို့ နောက်ထပ်လူသုံးယောက် ဝင်ရောက်လာ ကြသည်။

တစ်ယောက်က ဝတ်စုံစိမ်းကို ဝတ်ဆင်ထား၏။

တစ်ယောက်မှာ အသက်ငါးဆယ်ကျော်ခန့်အဘိုးကြီး တစ် ယောက်ဖြစ်ပြီး တစ်ယောက်မှာ ဝတ်စုံဖြူကို ဝတ်ဆင်ထား လျက်ပျင်းယိပျင်းတွဲ အမူအရာရှိသော လူငယ်တစ်ယောက် ဖြစ်ပေသည်။ စောစောက စကားကို ပြောဆိုလိုက်သည့်မှာ ထိုလူငယ်ဖြစ်၏။



လူငယ်၏ ဝတ်စုံဖြူမှာ ညစ်ပတ်ပေရေနေသည်။

'ထန်မိသားစုရဲ့ ဆယ့်ခုနှစ်ဆက်မြောက် ကိုယ်တော်လေး ထဲကြွလာမှုပဲကိုး၊ လီချိန်ကြိုး သေတာနဲ့ ဘြဇာအာဏာဂိုဏ်း ဌာနချုပ်ဟာ တကယ့်ကို ငါးစာကောင်းတစ်ခုဖြစ်သွားတော့ တာပဲ'

မုံယုံစုချင်က ပြောပြန်သည်။

လျှိရွှေဖုန်းမှာ ထိုစကားကြောင့်လက်သီးကို ကျစ်ကျစ်ပါ အောင်ဆုပ်လိုက်မိ၏။

နောက်မှ ဝင်လာကြသော သုံးဦးအနက်ဝတ်စုံစိမ်းနှင့်လူ မှာ ထန်တူတုဖြစ်ပြီး အဘိုးကြီးမှာ ထန်ကျုံချူးဖြစ်၏။ ဝတ် စုံဖြူနှင့် လူငယ်ကား ထန်မိသားစု၏ ဆယ့်ခုနှစ်ဆက်မြောက် ကိုယ်တော်လေးဆိုသော ထန်ဆုန့်ပင်ဖြစ်ပေသည်။

ထန်ကျုံချူးကပြုံးသည် ဆိုရုံလေးပြုံးလိုက်၏။

'အခုမိုးဘုရင်ကြီးကျူးကလွဲရင်လာ သင့်တဲ့လူတွေအားလုံး လာကုန်ကြပြီထင်တယ်'

မုံယုံရှောက်ယိက အေးတိအေးစက်လေသံဖြင့်....

'လုပ်သင့်တာ လုပ်ပြီးကုန်ကြပြီ'

'လီချိန်ကြိုး တကယ်မသေတာလား၊ ဟန်ဆောင်သေတာ လား'

ထန်ကျုံးချူး၏ စကားကြောင့် မက်ဟေးယိ မျက်လုံး အစုံမှ အလင်းတန်းနှစ်ခုက ရုတ်တရက်ပေါ်ထွက်လာသည်။

သူ၏ မည်းနက်သော ဓားမကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး နားထင်ကြောတွင် အကြောစိမ်းများ ထောင်ထနေသည်။

'တကယ်လို့ လီချိန်ကြိုး မသေသေးရင် အရင်အတိုင်းလိုပဲ နောင်ကြီးမက်ရဲ့ ညီတော် မက်ကျဲကို လက်သီးတစ်ချက်တည်းနဲ့ သတ်ပစ်မှာပဲ၊ အဲဒီတော့ ကျုပ်တို့တစ်တွေ ဓားစာအဖြစ် ခံလို့မရဘူး'

ထန်ဆုန့် စကားတစ်ခွန်း ဖြည့်စွက်လိုက်သည်။

မက်မိသားစု၏ အကြီးအကဲ မက်ရဲ့ယီ၏ ညီတော် မက်ကျွမ်းကျဲသည် ဩဇာအာဏာဂိုဏ်းချုပ် လီချိန်ကြိုး၏ လက်ချက်ဖြင့် သေဆုံးသွားခြင်း ဖြစ်သည်ကို သိုင်းလောကသားတိုင်း သိကြ၏။

ထန်ဆုန့်က သေွးထိုးစကားဆိုပြီးသည်နှင့် မည်သည့် အချဝတ္တုအင်အားတို့ကမျှ သူ့ဆုံးဖြတ်ချက်ကို ဟန့်တားမလာနိုင်ကြ။

ခါးကြားမှ ဓားမကိုဆုပ်ကိုင်ပြီး ရှေ့သို့ ဆက်လျှောက်သွား၏။

မုံယုံစုံချင်က လေသံသဲ့သဲ့ဖြင့်....

'ဂိုဏ်းချုပ်ကြီးလီ၊ ကျုပ်ဟာ ထိုင်ခုံနေရာကိုပဲလိုချင်တယ်၊ အခေါင်းကိုမလိုချင်ဘူး၊ ကျုပ်ကို အပြစ်တင်လို့ မရဘူး၊ ခင်ဗျားရဲ့ ညီရင်းသဖွယ်ခင်မင်တဲ့ လျှိုရွှေဖုံးဟာ လူတော်တစ်ယောက်ပဲ၊ လောကကြီးမှာ ထိုင်စရာ နေရာတွေအများကြီးရှိတယ်၊ ဒီထိုင်ခုံတစ်လုံးအတွက်နဲ့ ကျုပ်ကိုအငြင်



အခုံ လုပ်စရာမလိုပါဘူး၊ ကျောက်စုယုံဟာ ရှောက်ချူးခွေကိုစွဲလမ်းနေတယ်၊ သိုင်းလောကထဲ ပြန်လာတော့မှာ မဟုတ်ဘူး၊ ခင်ဗျားဟာ သေသွားခဲ့ပြီမို့ နောက်ထပ် ဓားချက်တစ်ချက်မိတော့ကော ဘာဖြစ်မှာလဲ၊ ခင်ဗျားလက်အောက်ကလူတွေဟာ နှံကြအကြတာမဟုတ်ဘူး၊ ဒီတော့ အပိုအလုပ်တွေကို သူတို့ဝင်စွက်ကြမှာ မဟုတ်ဘူး'

လီချိန်ကြိုးအား တိုင်တည်သလိုနှင့် လျှိုရွှေဖုံးတို့ ဝင်မစွက်စေရန် ဟန့်တားလိုက်ခြင်းဖြစ်၏။

ထိုအချိန်တွင် မက်ရဲ့ယီ၏ ခြေလှမ်းများက အခေါင်းဆီသို့ ခေါင်းမော့ကာ တည့်တည့်မတ်မတ် လျှောက်သွားပြီးဖြစ်၏။

သူ့ခြေလှမ်းများက ဖြေးဖြေးမှန်မှန်နှင့် အားမာန်ပါလှသည်။

သူ့လူသုံးဦး၏ လူသတ်လိုသော အရိပ် အယောင်များလည်း မရှိကြတော့။

သူ့ထံသို့သာ အာရုံရောက်သွားကြတော့သည်။

အခန်းထဲတွင် အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

မက်ရဲ့ယီ၏မျက်နှာ အမူအရာက တည်ငြိမ်နေသည်။

ဟာထန်က အခေါင်းထဲမှလူအသက်ရှိသည်ဖြစ်စေ အသက်ဆင်းမဲ့နေသည်ဖြစ်စေ အခေါင်းကို သူ့ဓားမဖြင့် ထက်ပိုင်းခုတ်ဖြတ်မည့် အသွင်ဖြစ်နေသည်။

အလေ့ာင်းဆီသို့ရောက်ရန် ခြေလှမ်း ဆယ်သုံးခန့်သာ လို
ာသည်။

မက်ရဲ့ယ၀်၏ လက်မောင်းသက်ချ်တွင် သွေးကြောများ
ောင်ထနေသည်။

ရိုသမျှအင်အားကို လက်ထဲသို့ပို့လွှတ်ထားသည်။

သူ့ဦးခေါင်းက နောက်သို့ တစ်ချက်လှည့်မကြည့်။

အခေါင်းထဲမှ လူကိုသာ အကြည့်ရောက်နေသည်။

အခေါင်းထဲမှ လ၀်ချိန်ကြီးသည် အသက်ရှိစဉ် ကာလက
့ညီတော်၏မျက်နှာကို ကြေမွအောင် ထိုးနှက်သတ်ဖြတ်ခဲ့
ည်။

ထိုညီတော်မက်ကျွမ်းကျဲကို တစ်ဦးတည်းသောညီရင်း ဖြစ်
နေသဖြင့် သူအလွန်ချစ်သည်။

လ၀်ချိန်ကြီး၏ လက်သီးချက်သည် မက်ကျွမ်းကျဲကို တစ်
ျက်တည်းနှင့် သေအောင် သတ်နိုင်ခဲ့။

သို့သော် ကြေမွပျက်စီးသွားသော သူ့မျက်နှာကို ကြည့်
ီး မက်မိသားစုမှာ စိတ်မချမ်းမြေ့ဖြစ်ခဲ့ရသဖြင့် ဒေါသ
ာန်စွယ် ကြီးခဲ့ရသည်။

မက်ရဲ့ယ၀်၏ ခြေလှမ်းက အလေ့ာင်းဆီသို့ ဖြည်းဖြည်း
နှံမှန် လျှောက်လှမ်းနေဆဲ။

သူ့ အနက်ရောင် ဝတ်စုံရှည်၏ အနောက်ကျောဘက်မှာ
ည့်လေတိုက်ခတ်တိုင်း ပြန့်ကားလာသည်။

သူ့အားအင်တို့ကာ လက်ဖါးမှတစ်ဆင့် ခေါင်းဆီသို့ပို့လွှတ်
ိုက်သည်။



ထိုခေါင်းမ တစ်ချက်တည်းဖြင့် အခေါင်းကို ထက်ပိုင်း
ဖြတ်နိုင်သည်ကို သူသိသည်။

သူ့ယုံကြည်ချက်က ခေါင်းမ ဆွဲမထုတ်ခင် ကတည်းက
အနိုင်ရရှိနေပြီဖြစ်၏။

'ရပ်လိုက်စမ်း'

အားမာန်ပါသော ကျယ်ပြောလာသည့် ဟန့်တားသံတ
က ရုတ်တရက် ထွက်ပေါ်လာသည်။

မှက်ရဲ့ယ၀် ခြေလှမ်း ရပ်တန့်သွား၏။

ဟန့်တားသံကို ကြောက်ရွံ့သောကြောင့် မဟုတ်၊
တားသူကို သုတ်သင်ရှင်းလင်းပစ်ရန်အတွက် ဖြစ်သည်။

ဟန့်တားသူမှာ လျှိုရှေဖုံးဖြစ်၏။

လျှိုရှေဖုံး၏ လေသံက အခါတိုင်းနှင့်မတူ စိတ်လှုပ်
အပြည့်ပါဝင်နေသည်။

'ဂိုဏ်းချုပ်ရဲ့အလောင်းကို ဘယ်သူပဲ ထိချင်ထိချင်ကျ
အလျင်လာသတ်နိုင်မှ ဖြစ်လိမ့်မယ်'

ယောင်ချူးယ၀်နှင့် ကျ၀်ရှုစန်း၏ အမူအရာများ ပြ
တက်ကြွလာသည်။

လျှိုရှေဖုံးသည် သူတို့၏ ဝင်းမှူးကြီး အစစ်အမှန်
ဂိုဏ်းချုပ်ကြီး လ၀်ချိန်ကြီး၏ ညီနောင် အစစ်အမှ
ဖြစ်သည်ဟူသော သံသယအတွေးများ သူတို့ရင်ထဲ ဦး
ထဲသို့ ပြန်လည်ရောက်ရှိလာသည်။

မက်ရှဲယ်သည် ခြေလှမ်းကို ရပ်တန့် လိုက်သော်လည်း လျှိုရှေဖုံး၏စကားသံဆုံးသောအခါတွင်ကား ရှေ့သို့ ဆက်လျှောက်ပြန်သည်။

ညဘက်လက်က ဓားနှောင့်ပေါ်သို့ အသာတင်ထားသည်။

သူခြေလှမ်းလိုက်စဉ်တွင် လျှိုရှေဖုံးက ရိပ်ခနဲ ခုန်ဝဲကာ လမ်းချိုးကြီး၏ အလောင်းရှေ့သို့ရောက်သွားသည်။

မက်ရှဲယ်ခြေလှမ်းမရပ်။

သဘောကျစွာ ရယ်မောလိုက်၏။

သူ့ရယ်မောသံက မိုးခြိမ်းသံလိုပင် ကြောက်စရာ ကောင်းနေ၏။

'ကောင်းတယ်၊မင်းကိုအရင်သတ်ပစ်လိုက်ရင်နောက်ကြောင်းအေးသွားလိမ့်မယ်'

မက်ယဲ့နှင့် လျှိုရှေဖုံးတို့ ခြေလှမ်း ငါးလှမ်းခန့်သာ ကွာဝေးတော့သည်။

ဓားမဟုတ်ရင် ယောက်ျားယ်နဂို ရေဟုရင် ကျမ်းရှစန်းတို့ ဇောချွေးများ ပြန်လာသည်။

ကျောက်စုယုံက ပြန်ရောက်မလာသေး။

သူတို့၏ အခြေအနေကိုစရာဆို၍ လျှိုရှေဖုံးတစ်ယောက်သာ ကျန်တော့သည်။

လျှိုရှေဖုံးပြီးလျှင် ဩဇာအာဏာဂိုဏ်းသည် ရေသောက်မြစ် ပြတ်သော သစ်ပင်တစ်ပင်ပမာ ရှိခဲ့တော့မည်။

မက်ရှဲယ်ရှေ့သို့ ခြေလှမ်းတစ်လှမ်း ထပ်တိုးပြန်သည်။



ထန်ဆုန့် တိုးတိုးညည်းညည်းပင်ရယ်မောလိုက်၏။

ဩဇာအာဏာဂိုဏ်းနှင့် မက်မိသားစုတို့၏ ပြဿနာသည် ထန်မိသားစုနှင့် မဆိုင်။

ကြက်နှစ်ကောင်မောမှ ညက်နေသောယာ အလုပ်ကိုသိမ်းကာ ဖမ်းယူလိုက်မည်ဟုကြံစည်ထား၏။

မုယုံစုချင်ကလည်း ထိုအတွေးမျိုးဖြင့်ပင် ငြိမ်နေ၏။

မျက်လုံးအစုံကို မှေးကာ ရယ်မော၏။

သူ့မျက်နှာတွင် ကောက်ကျစ်မှုအရိပ်အငွေ့များ အပြည့်လွှမ်းနေသည်။

လျှိုရှေဖုံးနှင့် မက်ရှဲယ်တို့ကား ခြေသုံးလှမ်းစာ ဓားတကမ်းစာအကွာသို့ ရောက်ရှိလာခဲ့ကြလေပြီ။

* * *

လျှိုရှေဖုံးလက်ထဲတွင် ဓားမရှိ။

သို့သော် သူ့တစ်ကိုယ်လုံးတွင် ရက်စက်မှုအပြည့် ရှိနေ၏။

သိုင်းလောကသားအပေါင်းတို့သည် သူတို့၏ စိတ်ဓာတ်ကို ကောင်းကောင်းသိကြသည်။

ရက်စက်မှုတွင် သရဖူဆောင်းသူအဖြစ် သိထားကြသည်။

သူ့တွင် အဆင့်မြင့်တိုက်ကွက် သုံးကွက်ရှိသည်။

ထိုအဆင့်မြင့်တိုက်ကွက် သုံးကွက်ကို သူ၏ သွေးသော
နှောင်တော် လီချိန်ကြိုးပင် ခန့်မှန်းရခက်နေသည်။

မက်ရဲ့ယ°ခေါးကိုဆွဲထုတ်လိုက်သည်။ သူ့ခေါးတွင်အသွားမ
ခေါးနှောင့်သာရှိသည်။

ထိုအချိန်တွင် ခေါးမရောက် အလင်းတန်းတစ်ချက်က
ခနဲ ဖြစ်သွား၏။ နူးညံ့သိမ်မွေ့သော လူက လျှပ်တစ်ပြ
လျှပ်ရှားလာခြင်းဖြစ်သည်။

တစ်ချက်ခုန်လိုက်သည်နှင့်လျှို့ရွှေဖုံး၏နောက်ကျောသိ
ရောက်သွားသည်။

လျှို့ရွှေဖုံး၏အာရုံက မက်ရဲ့ယ°ထံတွင် ရောက်နေ
တွင် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ခေါးချက် အလွန်ပြင်းထန် မြန်ဆန်သည်။

နောက်ကျောမှနေ၍ လျှပ်တစ်ပြက် တိုက်ခိုက်ခြင်း
သည်မို့ ကြောက်စရာကောင်းလှသည်။

ခေါးချက် တစ်ချက်တည်းဖြင့် လျှို့ရွှေဖုံးအား အသက်
နှုတ်ယူသွားနိုင်သည်။

သို့သော် လျှို့ရွှေဖုံးသည် နယ်နယ်ရရမဟုတ်။ ထိ
လျှပ်ရှားလာသည်နှင့် ပြန်လှည့်ကာ အားကုန်တုံ့ပြန်လိုက်

တဒင်္ဂအတွင်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်။

လက်မောင်းတစ်ဘက်က လေထဲတွင် မြောက်တက်သွာ

သွေးများဖြာခနဲ လွင့်စဉ်ကုန်သည်။



လျှို့ရွှေဖုံးတွင် လက်မောင်းတစ်ဘက်က ငုံးတိုတိုကြီး ဖြစ်
သွားသည်။

သူ့မျက်နှာသည် စက္ကူဖြူတစ်ချပ်လို ဖြူရော်လာသည်။

နူးညံ့သိမ်မွေ့သော မျက်နှာထားနှင့်လူသည် မြေကြီးပေါ်
သို့ လဲကျသွားသည်။

နှဖူးပြင်မှာ ထက်ခြမ်းကွဲနေပြီး သွေးများ စီးထွက်နေ၏။

ချက်ချင်းကား သေဆုံးခြင်းမရှိသေး။

အတွင်းအားအခြေခံကောင်းသည်မို့ နှလုံးသွေးမရပ်အောင်
ခေတ္တထိန်းချုပ်ထားနိုင်သေးသည်။

'မှင်း....မင်း ဘယ့်နှယ်ကြောင့် ကျုပ် ကျုပ်ကို မို့ရဲ့ယ°
လို့ ထင်ရတာလဲ'

သေအံ့မူးမူး လူက တုန်ယင်ထစ်ငေါ့စွာမေးသည်။

လျှို့ရွှေဖုံး ဒဏ်ရာအရှိန်ကြောင့် အံကိုတင်းတင်း ကြိတ်
လိုက်သည်။

'ဘာကြောင့်လဲဆိုတော့ မင်းဟာ မက်ရဲ့ယ°ဖြစ်နေလို့ပဲ'

ဤအဖြေကား အရှင်းဆုံးသော အဖြေဖြစ်ပေသည်။

မက်ရဲ့ယ°သည် သူ့ညီနောင်ကိုးဦးနှင့်အတူ ခန်းမထဲသို့
ဝင်လာခဲ့သည်။

သူ၏တည်ငြိမ်သိမ်မွေ့လှသောအမူအရာကို လျှို့ရွှေဖုံးသတိ
ပြုမိသည်။

မည်မျှပင် ဟန်ဆောင် ဖုံးကွယ်ပါစေ၊ မက်ရဲ့ယ°မှာ
လျှို့ရွှေဖုံး၏ မျက်လုံးအကြည့်အောက်တွင် ဘူးပေါ်သလို
ပေါ်ခဲ့ရသည်။

ဤသို့ အမြင်စူးရှ အကဲခတ်ကောင်းသဖြင့်လည်း လျှိုရှေဖုံးတစ်ယောက် ဤမျှအထိ အသက်ရှည်ရှည် နေနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

နူးညံ့သိမ်မွေ့သောသူမှာ မက်ရဲ့ယီအစစ်ဖြစ်သည်။

ခါးနှောင့်ကိုင်ဆောင်ထားသူမှာ သူ့လက်အောက်တပည့် ကြီးမက်ကျေဖြစ်ပေသည်။

သူ့တပည့်၏အသက်က သူ့ထက်ပိုပြီးကြီးနေ၏။

မထင်မှတ်စရာ ကောင်းသော်လည်း အမှန်စင်စစ်မှာ ထို အတိုင်းသာဖြစ်၏။

သိုင်းလောက ပုဂ္ဂိုလ်အပေါင်းတို့သည် မက်မိသားစု၏ အကြီးအကဲ မက်ကျေစန်း သေဆုံးပြီးနောက် သူ့အရိုက်အရာ ကို မက်ရဲ့ယီဆက်ခံခဲ့သည်ကိုသိကြ၏။

သို့သော် မက်ရဲ့ယီ၏အသက်အရွယ်နှင့် ပုံပန်းသဏ္ဌာန် ကိုမူ မက်မိသားစု၏ ထိပ်သီးပုဂ္ဂိုလ်အချို့မှတစ်ပါး မည်သူမျှ မသိရှိကြ။

မက်ရဲ့ယီသည် အသက်ဆယ့်ခုနစ်သားအရွယ်တွင် မက် မိသားစု၏ အရှင်သခင်ကြီး ဖြစ်ခဲ့သည်။

သက်တမ်းဆယ်နှစ် ကျော်ကြာခဲ့ပြီမို့ ယခုသူ့အသက်မှာ နှစ်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသည်။

လီချိန်ကြိုး၏လက်ချက်ဖြင့် မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်း ပျက်ဖြစ်သွားရသော မက်ကျွမ်းကျဲသည်မက်ရဲ့ယီ၏ ညီတော် မဟုတ်။ နောင်တော်သာဖြစ်သည်။



သို့သော် မက်ကျွမ်းကျဲသည် မက်ရဲ့ယီကို အစ်ကိုဟုသာ ခေါ်ခဲ့သည်။ အကြီးအကဲတစ်ယောက်ကို မည်သူမျှညီဟုမခေါ် ခဲ့ပေ။ သူ့အရှိန်အဝါနှင့် ဆန်းကြယ်သောစိတ်သဘောထား ကိုဖခင်ဖြစ်သူကပင် ကြောက်လန့်ရသည်။

ဤသို့သော မာန်ဟုန်ပြင်းခဲ့သည့် လူတစ်ယောက်သည် ယခု သော်ကား လျှိုရှေဖုံး၏လက်ချက်ဖြင့် အသက်ထွက်ခဲ့ရချေပြီ ဖြစ်၏။ လျှိုရှေဖုံး အသုံးပြုခဲ့သောတိုက်ကွက်မှာပန်းချောင်း တမ်းနဘေးတွင် ထင်းမှုနှင့် တိုစန်းတို့ကို တိုက်ခိုက်သည့် တိုက်ကွက်မဟုတ်၊ ဒုတိယတိုက်ကွက်သာဖြစ်သည်။ သူ့တွင် နောက်ထပ်တိုက်ကွက်တစ်ကွက်ကျန်ရှိနေပေသေး၏။ ထိုအဆင့် မြင့်ပညာကို ထုတ်မသုံးရသေး။

မက်ရဲ့ယီ သေဆုံးပြီမို့ သူ့လူများ လှုပ်ရှားလာကြသည်။

သူတို့သည် အသက်ကို ပဓာနမထားတော့ဘဲ အစွမ်း ကုန် တိုက်ခိုက်လာကြသည်။

လျှိုရှေဖုန်းသည် ဒဏ်ရာ ၇ ရှိလျက်မှပင် လီချိန်ကြိုး၏ အခေါင်းကို အစွမ်းကုန် ခုခံကာကွယ်နေသည်။

ယောင်ချူးယီနှင့် ကျိရှူစန်းတို့ကလည်း တိုက်ပွဲတွင်းသို့ ဝင်ရောက်ကာ ရင်ဆိုင်တိုက်ခိုက်သည်။

ထိုအချိန်တွင် မုံယုံစုံချင်သည် လေထဲ၌ ခုန်ပျံတက် လာသည်။

သူသည် ထိုင်ခုံနေရာတွင် ထိုင်ချင်သည် ဆိုသော်လည်း သူ့ကိုယ်ရိပ် လှုပ်ရှားဦးတည်မှုက အခေါင်းဆီသို့ဖြစ်၏။

လျှိုရှေဖုန်းသည် ထိုင်ခုံကို ဂရုမစိုက်နိုင်တော့။

အခေါင်းသည် ထိုင်ခုံထက် ပိုအရေးကြီးသည်။

လီချိန်ကြိုး၏ ရုပ်ကလာပ်သည် အသက်ဝိညာဉ်မရှိတော့သော်လည်း ထိုင်ခုံထက်ပို၍ တန်ဘိုးရှိသည်ဟု လျှိုရွှေဖုန်း သတ်မှတ်ထားသည်။

လီချိန်ကြိုး အလောင်းကို အထိမခံနိုင်။

မုယုံစုချင်၏ စိတ်ထဲတွင် လျှိုရွှေဖုန်းသည် လီချိန်ကြိုး၏ ရုပ်ကလာပ်ကို အကာအကွယ်ပြုမည် မဟုတ်ဟု ထင်ခဲ့သည်။

လျှိုရွှေဖုန်းက အခေါင်းကို ဂရုတစိုက် ရှိနေသောအခါ အခေါင်းဆီသို့ရောက်သွားသည်။

အခေါင်းရှေ့သို့ ရောက်လျှင် လက်ဝါးရိုက်ချက်တစ်ချက်တည်းဖြင့် အခေါင်း အဖုံးကို ရိုက်ဖွင့်လိုက်သည်။

လျှိုရွှေဖုန်းစိတ်ထဲ ထိတ်ပျာသွားပြီး အားကုန်ထုတ်ကာ မုယုံစုချင်ထို တိုက်ခိုက်ဟန့်တားရန်ပြင်သည်။

ထိုအချိန်တွင် မက်ကျေလက်သဲအစုံက သူ့မျက်နှာကို ကုတ်ချလိုက်သည်။

မျက်လုံးထောင့် နှာခေါင်း နှာတံနှုတ်ခမ်း၊ မေးစေ့တို့မှာ လက်သည်း အခြစ်ရာကြောင့် အသားဖတ်များ ကွာကျလာသည်။

လျှိုရွှေဖုန်း၏ ချောမောခန့်ညားမှုတို့ ရုတ်ခြည်း ပျောက်ကွယ်သွား၏။ မျက်နှာတွင် သွေးချင်းချင်း နီရဲနေလေပြီ။



မုယုံစုချင်သည် အခေါင်းအဖုံးကို ဖွင့်လိုက်သည်နှင့် ကြောင်အမ်းအမ်း ဖြစ်သွားတော့သည်။

အခေါင်းထဲတွင် လီချိန်ကြိုး အမှန်တကယ်ပင် ရှိနေ၏။ အဖုံးဖွင့်လိုက်သော်လည်း မတ်တတ်ရပ် လှုပ်ရှားခြင်းမရှိ။

မုယုံစုချင်သည် အတွေ့အကြုံ များပြားလှသည်မို့ တစ်ချက်ကြည့် လိုက်ရုံနှင့်ပင် အခေါင်းထဲမှ လီချိန်ကြိုးသည် အသက်မရှိတော့မှန်း သိလိုက်၏။

မည်သို့ပင်ဖြစ်စေ တကယ်သေတာလား ဟန်ဆောင်သေတာလား ကွဲကွဲပြားပြား လက်ဝါးတစ်ချက်တော့ အပိုဆုပေးပေးလိုက်မည်ဟု ဆုံးဖြတ်မိသည်။

ဤအချိန်တွင် လျှိုရွှေဖုန်းသူ့နောက်သို့ရောက်လာသည်။ ခုန်ဝင်လာခြင်းဖြစ်၏။

မုယုံစုချင်သည် ရန်သူကို မည်မျှ အထင်သေးပါစေ၊ လျှိုရွှေဖုန်းလို ပုဂ္ဂိုလ်တစ်ယောက်ကိုကား အထင်မသေးရဲ။

လျှိုရွှေဖုန်း၏ အသွင်သဏ္ဌာန်က အသက်ချင်းလဲ့လှယ်မည့်ဟန် ဖြစ်နေသည်။

လီချိန်ကြိုး၏ ခန္ဓာကိုယ်ကို ထိသူမှန်သမျှအား အပြတ်အသတ် ချေမှုန်းမည့်ဟန်ဖြစ်နေသည်။

မုယုံစုချင် သတိထားကာ နောက်ပြန်လှည့်၍ ခံသည်။ ထိုအချိန်တွင် အလင်းတန်း ငါးခုက ရုတ်တရက်ထွက်လာပြီး လီချိန်ကြိုး၏ အလောင်းဆီသို့ ဝင်ရောက်လာသည်။

ထန်ဆုန့်စတင်လှုပ်ရှားကာ ကူတို့ဟူသော လက်နက်ပုန်းဖြင့် ပစ်လွှတ်လိုက်ခြင်း ဖြစ်ပေသည်။

ထိုလက်နက်ပုန်းသည် ပစ်လွှတ်လိုက်သည်နှင့် ရန်သူကို ကူးတို့ပို့သလို လဲကျသေဆုံး သွားစေနိုင်မည် ဖြစ်၏။

ထန်ဆုန့်၏ လက်နက်ပုန်းသည် လျှိုရွှေဖုန်းပင် မရှောင်တိမ်းနိုင်ချေ။

ယခုလက်နက်ပုန်းကား လျှိုရွှေဖုန်းထံသို့ ပစ်လွှတ်သည် မဟုတ်။ လီချိန်ကြိုးထံသို့ ပစ်လွှတ်လိုက်ခြင်းဖြစ်၏။

လက်နက်ပုန်းကို ရှောင်တိမ်း၍လည်း မရတော့။

သို့သော်.... လျှိုရွှေဖုန်းရုတ်ခြည်းပင် ခုန်လွှားလိုက်၏။

မုံယုံစုချင်ကလည်း လျှိုရွှေဖုန်းထံသို့ လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်လိုက်သည်။

'ဖြောင်း....ဖြောင်း'

လက်ဝါးရိုက်ချက်က လျှိုရွှေဖုန်း၏ ခြေထောက်ကို ထိမှန်ကာ အရိုးကျိုးသံများ ပေါ်ထွက်လာ၏။

လျှိုရွှေဖုန်း၏ ခန္ဓာကိုယ်တမူ အခေါင်းနဘေးသို့ ရောက်ရှိသွားပြီး လီချိန်ကြိုး၏ ကိုယ်ပေါ်သို့ မှောက်ချပြီး ဖြစ်နေသည်။

'ဒုတ်...ဒုတ်....ဒုတ်....ဒုတ်....ဒုတ်....'

ထန်ဆုန့် လက်နက်ပုန်း ငါးခုစာ လျှိုရွှေဖုန်း၏ ကျောပြင်ပေါ်သို့ နစ်ဝင်သွားတော့သည်။

လျှိုရွှေဖုန်း၏ ခန္ဓာကိုယ် တွန့်ဆာနဲ ဖြစ်သွား၏။



လက်နက်ပုန်း ဒဏ်ကြောင့် မသေသည့်တိုင် ဒုက္ခိတဘဝသို့ရောက်ရှိကာ သိုင်းလောကအတွက် အသုံးမကျသည့် လူတစ်ယောက်အဖြစ်သို့ ရောက်ရှိသွားပေတော့မည်။

* * *

မုံယုံစုချင်နှင့် ထန်ဆုန့်တို့နှစ်ယောက် အံ့အားသင့်သွားကြသည်။

လျှိုရွှေဖုန်းသည် လီချိန်ကြိုး၏ အလောင်းကို အသက်စွန့် ကာကွယ်ပေးခဲ့သည်။

သူတို့စိတ်ထဲတွင် သေဆုံးနေပြီဖြစ်သော အလောင်းတစ်ခုကို လျှိုရွှေဖုန်းကမျှ၍ စွန့်စွန့်စားစား ကာကွယ်ပေးလိမ့်မည်မဟုတ်ဟု ထင်မှတ်ခဲ့သည်။

ယခု သူတို့တွေးဆချက်မှာ မှားယွင်းသွားခဲ့ရချေပြီ။

သို့ဆိုလျှင်....အခေါင်းထဲတွင် မည်သို့သောလျှို့ဝှက်ချက်များ ရှိနေလေသနည်း။

လက်ရှိအခြေအနေတွင် အင်အား အကောင်းဆုံးက သူတို့နှစ်ယောက်သာရှိနေကြသည်။

အခေါင်းထဲမှ လျို့ဝှက်ချက်အတွက် ထိပ်တိုက် တွေ့ဆုံရမည့်မှာ သူတို့နှစ်ယောက်သာဖြစ်သည်။

မုယုံစုချင်သည် ဉာဏ်ကောင်းသူတစ်ယောက်ဖြစ်၏။

'ကျုပ်တို့မိသားစုနှစ်စု အငြင်းမပွား ပြဿနာမရှာကြရင် ကောင်းမယ်လို့ ကျုပ်ထင်တယ်၊ ဒီကိစ္စရှင်းပြီးတာနဲ့ ရလာမယ့် အကျိုးအမြတ်ကို ခွဲဝေယူကြမယ်၊ လူတိုင်းလူတိုင်း ဝေစုကိုယ်စီရစေရမယ်'

ထန်ဆုန့်ကို စကားဖြင့် စည်းရုံးသည်။

ထန်ဆုန့်မှာ သူ့ထက်ပို၍ ဉာဏ်ကောင်းသူ တစ်ယောက်ဖြစ်၏။

'ကောင်းပြီ၊ တခြားလူတွေက ကျုပ်တို့မိသားစုနှစ်စု တိုက်ခိုက်လာကြမှာကို မျှော်လင့်နေကြတယ်၊ ကျုပ်တို့က ခိုက်ရန်မဖြစ်ဘဲ နေပြလိုက်ကြမယ်'

မုယုံစုချင် ရယ်မောလိုက်၏။

အတွေ့အကြုံဗဟုသုတ ကြွယ်ဝကာ ဝါရင့်သူတစ်ယောက်ပီပီ မြွေမြွေချင်း ခြေမြင်၏။

ဩဇာအာဏာကိုထိန်းနိုင်ရန်မှာ မိသားစုကို ရှင်းပြီးလျှင် ထန်မိသားစုအား စိစိညက်ညက် ချေပစ်မည်ဟုလည်း သူ့စိတ်ထဲတွင် ကောက်ကျစ်စွာ ဆုံးဖြတ်ထားသည်။

ထိုဆုံးဖြတ်ချက်နှင့်အတူ လွတ်နေသော ထိုင်ခုံပေါ်သို့ ထိုင်ချ၏။

'ဟုတ်ဘယ်၊ ဒီလိုလုပ်တာဟာ တို့မိသားစုနှစ်ခုအတွက် အကောင်းဆုံးပဲ'



သူ့စကားမှဆုံးခင်မှာပင် နောက်ကျောဘက်ဆီမှ ရှတ်တစ်ရက် လေဘိုးသံများထွက်ပေါ်လာသည်။

လက်နက်ပုန်းလေတိုးသံ။

လက်နက်ပုန်းများက ထာမန်လက်နက်ပုန်းတို့ထက်ကြောက်စရာကောင်းလှသည်။

မုယုံစုချင်မှာ ထိုင်ခုံအောက်သို့လျှောချပြီး မြေကြီးပေါ်တွင် ကမန်းကတန်း လူးလှိမ့်ရှောင်တိမ်းလိုက်ရသည်။

လက်နက်ပုန်းသုံးခုက သူ့ခေါင်းပေါ်မှ ကျော်ဖြတ်သွားကြသည်။ လက်နက်ပုန်းတစ်ခုက အင်္ကျီတောင်လံစကို ရှမ်ခနဲ ဖောက်ထွက်သွားသည်။

အသားကိုထိမှန်လုနီးပါးပင် ဖြစ်သွားသဖြင့် ဒေါသထွက်ကာ မြေကြီးပေါ်မှ ခုန်ထလိုက်သည်။

ဤမျှ ကောက်ကျစ် ယုတ်မာလှသည့် လူယယ်ထန်ဆုန့်ကို ဒုတိယအကြိမ် အခွင့်အရေး မပေးနိုင်တော့။

သူခုန်ထလာသည့်အချိန်တွင် လူသုံးဦးကျသွားသည်။

သူ့မိသားစုထဲ မုယုံရှောင်ရဲ့နှင့် မုယုံရှောင်ထင်တို့သည် ထန်ထူ၏လက်ချက်ဖြင့် အသက်ထွက်သွားသည်။

ဖူယန်ပိုင်မှာမူထန်ကျွင်းချူး၏လက်ချက်ဖြင့် သေဆုံးသွား၏။

မုယုံရှောင်ယာနှင့် မုယုံရှောင်ကျင်တို့ မသေဆုံးရခြင်းမှာ ထန်ကျွင်းချူးက ငဲ့ညှာခြင်းကြောင့် ဖြစ်ဖွယ်ရာသာဖြစ်နိုင်ပေ၏။

မုယုံစုချင်း နှံအကြီးအကျယ်ပင် ဒေါသထွက်သွားမိ၏။

သို့သော် ဒေါသထွက်ဟန် မပြရဲ။

သူ့ထက်ပို၍ ဇောက်ကျစ်ပြီး ကြောက်စရာကောင်းသော လူငယ်သည် သူဒေါသထွက်လာမည့် အချိန်ကို စောင့်ဆိုင်းနေကြောင်း သူသိသည်။

ဤလိုလူမျိုးနှင့် ရင်ဆိုင်တွေ့ဆုံရလျှင် ဒေါသထွက်ခြင်းသည် ကိုယ့်ခေါင်းကိုယ်တူးသလို ဖြစ်နေပေသည်။

အထူးသဖြင့် မှုံယုံစုချင် ဒေါသမထွက်ရဲခြင်းမှာ သူ့သမီး မှုံယုံရှောက်ယံ ကြောင့်ပင် ဖြစ်သည်။

သူ့တွင် ချစ်စရာမျိုးဆက်ဆို၍ထိုသမီးကလေးတစ်ယောက်သာ ကျန်ရစ်တော့သည် မဟုတ်ပါလား။

မှုံယုံစုချင် ရယ်မောလိုက်သည်။

အားတင်းကာ ရယ်မောလိုက်ခြင်း ဖြစ်သော်လည်း သူ့ရယ်ဟန်က အတော် သဘာဝကျလှသည်။

'မင်းဟာတကယ့်ကို ကြောက်စရာကောင်းတဲ့ သူငယ်ပဲ၊ ဒါပေမယ့် ကျုပ် ချီးကျူးပါတယ်၊ ထန်မိသားစုရဲ့ လူသုံးယောက်ထဲမှာ ထန်ဖိန်ဟာ မေ့မကြီးထန်ရဲ့ သင်ကြားပေးတာကို ခံယူခဲ့ရတယ်၊ ကျင်တဲ့ မင်းနဲ့ ထန်ကျဲကိုတော့ မယ်မယ်ကြီးထန်ကိုယ်တိုင် သင်ကြားပေးခဲ့တယ် မဟုတ်သား၊ တကယ့်ကို အစွမ်းထက်လှပါပေတယ်၊ ဒါပေမယ့် မှုံယုံမိသားစုမှာ မင်းလိုလူမျိုး မရှိခဲ့ဘူး'

မှုံယုံစုချင်စကားဆုံးသည်နှင့် သက်ပြင်းတစ်ချက်ချလိုက်၏။

ထိုသက်ပြင်းက သူ့စိတ်အကျဉ်းအကျပ်ကို ဖြေဖျောက်လိုက်ခြင်း၊ သူလူသတ်တော့မည့် အရိပ်အငွေ့ကို တစ်ယောက်လူမသိအောင် ဖုံးကွယ်လိုက်ခြင်းပင် ဖြစ်ပေသည်။



ထန်ဆုန့် ပြုံးလိုက်သည်။

'ကျုပ်က ကြောက်စရာ မကောင်းပါဘူး၊ နောင်တော်ကျဲကသာ တကယ့်ကို ကြောက်စရာကောင်းတယ်'

မှုံယုံစုချင်က ထိတ်လန့်သော အမူအရာဖြင့်....

'နောင်တော်ကျဲဆိုတာ ထန်ကျဲကို ပြောတာလား'

ထန်ဆုန့်ပျင်းကြောဆန့်လိုက်သည်။

'နောင်တော်ကျဲဟာ တစ်ယောက်ပဲရှိတယ်၊ ထန်မိသားစုရဲ့ ဆယ့်ခုနှစ်၊ ဆယ့်ခြောက် လူဟာလဲ တစ်ယောက်ပဲရှိတယ်'

မှုံယုံစုချင် မယုံကြည်နိုင်အောင် ဖြစ်သွား၏။

'ထန်မိသားစုရဲ့ လူငယ်ကဲမှာ မင်းထက်သာတဲ့လူ ရှိသေးသလား၊ ကျုပ်အမြင်တော့ မရှိဘူးလို့ထင်တယ်'

'သူက ကျုပ်ထက်ပိုအဆင့်မြင့်တာပေါ့၊ အခုလက်ရှိအခြေအနေမှာ နောင်တော်ကျဲ ဘယ်ဆီကို ရောက်နေမှန်းတောင် မသိဘူး'

'တကယ်တော့ မင်းတစ်ယောက်တည်းနဲ့တင် လုံလောက်နေပါပြီ၊ သူတို့မလာလဲ အရေးမကြီးပါဘူး'

ထန်ဆုန့်ရယ်မောကာယပ်တောင်ကို ခတ်နေ၏။

အသွင်က အေးချမ်းတည်ငြိမ်နေသည်။

သူ့စကားလုံးတိုင်းကမူ တစ်ဖက်လူ၏ နှလုံးသားအတွင်းသို့ အပ်ချောင်းများ ပစ်ရိုက်သည့်ပမာ စူးရှလှ၏။

'ဒီအချိန်မျိုးမှာ ကျုပ်ကို ဘာကြောင့် ဒီအကြောင်းတွေလာပြောနေရတာလဲ၊ အခွင့်အရေးရှာပြီး ကျုပ်ကိုသတ်မလို့လား'

မုံယုံစုချင်၏ အမူအရာ ဒေါသထွက်ခြင်း အလျဉ်းမရှိ။ သက်ပြင်းတစ်ချက်ကိုသာချလိုက်မိသည်။

'အမှန်အတိုင်းပြောရရင် ကျုပ်အခွင့်အရေးကို ရှာနေတာပဲ၊ ဒါပေမယ့် အခုထိရှာလို့မတွေ့သေးဘူး'

ထန်ဆုန့်မျက်လုံး မှေးစင်းကာပြုံးနေ၏။

'ခင်ဗျားစကားက ကျုပ်ကို မြှောက်ပင့်ပြောနေတာတွေချည်ပဲ၊ ကျုပ်ကိုပတိ ဖြစ်စေပြီးမှ လျှပ်ဘပြက် သတ်ဖြတ်ဖို့ ခင်ဗျားကြံစည်နေတယ် မဟုတ်သား'

မုံယုံစုချင်စိတ်ကို လျှော့ချလိုက်သည်။

ထန်ဆုန့်က ယပ်တောင်ကိုသာ လေးလေး မှန်မှန်ခတ်နေ၏။

'ကျုပ်ဟာသူတစ်ပါးကို အခွင့်အရေးပေးတဲ့ လူစားမျိုးမဟုတ်ဘူး၊ ခင်ဗျားမှာ ပိုင်ပိုင်နိုင်နိုင်မရှိသေးလို့ မသွှဲရှားရဲတာမဟုတ်လား'

မုံယုံစုချင်စိတ်ထဲတွင် ထန်ဆုန့်အား အစိမ်းလိုက် ဝါးစားပစ်ချင်လောက်အောင် မုန်းတီးနေမိသည်။

'မဝံ့ရဲလို့မဟုတ်ဘူး၊ မပိုင်နိုင်သေးလို့ပဲ၊ လှုပ်ရှားလိုက်တာနဲ့ တစ်ဖက်လူကို အလဲဖြိုပိုင်နိုင်တယ်လို့ သေချာနိုင်မယ်'

ထန်ဆုန့်ယပ်တောင်ကို ပြန်စုပိတ်လိုက်၏။

လက်ဝါးပြင်ထဲသို့ ယပ်တောင်ဖြင့် တစ်ချက်ရိုက်လိုက်ပြီး....။



'ခင်ဗျားဟာ လက်နက်ပုန်းပစ်တဲ့ ပညာကို သင်ထားဖို့သင့်တယ်၊ စောစောကစကားပြောတဲ့အချိန်တွေဟာ လက်နက်ပုန်းပစ်ဖို့ အချိန်ကောင်းတွေပဲ'

ပြောရင်းမှ မျက်နှာတည်ထားပြီး ဆက်ပြောပြန်သည်။

'တကယ်တော့ ခင်ဗျားဟာ အချိန်ဆွဲနေတာပဲဖြစ်တယ်၊ ကျုပ်တို့ရဲ့ဟာကွက်ကို အလစ်ချောင်းနေတယ်၊ ဒီအတွက် ကျုပ်တို့ရဲ့ အကောင်းဆုံးတိုက်ကွက်ထဲ ဝင်သွားမိတယ်'

မုံယုံစုချင် ကြောင်နန ဖြစ်သွားသည်။

ထန်ဆုန့် ဘာအဓိပ္ပာယ်နှင့် ဤစကားပြောလာခဲ့ရသည်ကို သူမသိ။

'ကျုပ်ပြောတဲ့စကားရဲ့အဓိပ္ပာယ်ကို ခင်ဗျားမသိဘူးမဟုတ်လား၊ အခုခင်ဗျားနောက်ကျောမှာ ယားကျိကျိဖြစ်မနေဘူးလား'

မုံယုံစုချင် ထခုန်မိမတတ် ဖြစ်သွား၏။

ရယ်ခမောခြင်းမရှိတော့ဘဲမျက်နှာလည်း အကြီးအကျယ်ပျက်သွား၏။

သက်ပြင်းချဖို့လည်း အချိန်မမီ။

သူ့နောက်ကျောနေရာတွင် အနည်းငယ်တုံ့ကျဉ်လာသည်ကို ခံစားလိုက်ရသောကြောင့်ပင်တည်း။

'ခင်ဗျားရဲ့အတွင်းအား တကယ့်ကိုနက်ရှိုင်း ပါပေတယ်၊ အခြားလူတစ်ယောက်သာဆိုရင် အစောကြီး ကတည်းကလဲကျသွားလောက်နေပြီ၊ ဒါပေမယ့် အခုအချိန်ထိ လဲမကျသေးရင်လဲ အားစိုက်ထုတ်နိုင်တော့မှာ မဟုတ်ဘူး'

ထန်ဆုန့်၏စကားက မုံယုံစုချင်၏ အသည်းကိုအပ်နှင့်ဆွသလို ဖြစ်နေ၏။

'ကျုပ်ရဲ့လက်နက်ပုန်းဟာ ခင်ဗျားရဲ့အင်္ကျီစကို ထိမိရုံနဲ့ ခင်ဗျား အဆိပ်သင့်သွားစေနိုင်တယ်၊ ခင်ဗျားဟာ အခုစောကြီးကတည်းက အရေးနိမ့်နေပြီ၊ ခင်ဗျားရဲ့မာန်မာနတွေ အစွယ်ကျိုးသွားပြီ၊ အခုသေမယ့်အချိန်ကို ရောက်နေပြီ၊ ကျုပ်ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲဆိုတော့ ခင်ဗျားကိုယ်တိုင်က ဝံပုလွေအိုကြီးလို ကောက်ကျစ် လွန်းနေတယ်၊ ဘယ်ကိုစွပ်ပြီးမဆို ခင်ဗျားလိမ်ညာလို့ မရနိုင်ဘူး'

ထန်ဆုန့် အားပါးတရပင် ရယ်မောလိုက်ပြန်သည်။

'ခင်ဗျားဟာ ကိုယ့်ကိုယ်ကို လူတော်တစ်ယောက်၊ ညဏ်ကြီးရှင်တစ်ယောက်လို့ ထင်နေတယ်၊ ဒီလောကကြီးမှာ ခင်ဗျားထက်ညဏ်ကောင်းတဲ့လူ ဘယ်လောက်များသလဲဆိုတာ ခင်ဗျားမသိတာ ခင်ဗျားညံ့တာပဲ'

ပြောပြောဆိုပင် လက်နက်ပုန်းကို ရုတ်တရက် ပစ်လွှတ်လိုက်သည်။

သူသည် ဘယ်သောအခါမျှ တစ်ဘက်သားကို အခွင့်အရေးမပေး၊ မုံယုံစုချင် သေရတော့မည်။

မုံယုံရှောင်ယိနှင့် မုံယုံရှောင်ကျင်းတို့ နှစ်ယောက် ထိတ်လန့်ကာ အော်ဟစ်ပြီး ရှေ့သို့ခုန်တက်လာကြ၏။

ထန်ထူထူက လက်နက်ပုန်းပစ်ခတ်မည် အပြုတွင် ထန်ကျှမ်းချူးက ဟန့်တားထားလိုက်သည်။

ညီအစ်မနှစ်ဖော်ကို ကာခုကွယ်ပေးလိုက်ခြင်းပင်တည်း။



ထိုအချိန်တွင် သူ့နောက်ကျောဘက်ဆီမှ တဒုတ်ဒုတ်အသံထွက်ပေါ်လာသည်။

သူ့ကိုယ်ပေါ်တွင် လက်နက်ပုန်းဆယ်ချောင်းမကစိုက်ဝင်နေသည်ကို သူသိလိုက်သည်။

လက်နက်ပုန်းက နာကျင်ခြင်းတော့မရှိ။

ထုံကျဉ်ယားယံခြင်းသာ ဖြစ်ပေါ်စေသည်။

ထုံကျဉ်ယားယံခြင်းကပင် ထန်ကျင်းချူးအား ကြောက်ရွံ့တုန်လှုပ်စရာ ဖြစ်လာစေတော့သည်။

သူ့အား လက်နက်ပုန်းနှင့် ပစ်ခတ်လိုက်သူမှာ ထန်ဆုန့်ဖြစ်နေလေသည်။

ထန်ဆုန့်သည် လက်နက်ပုန်းကို မုံယုံစုချင်ထံ ပစ်လွှတ်ပြီးသည်နှင့် ထန်ကျှမ်းချူးထံသို့ ပစ်လွှတ်လိုက်ခြင်းဖြစ်၏။

* * *

ထန်ကျှမ်းချူးသည် တုန်ယင်လှုပ်ခတ်သော အမူအရာဖြင့် ထန်ဆုန့်အားနောက်ပြန် လှည့်ကြည့်လိုက်သည်။

'မင်း မင်း မင်း ဘာယ်လိုလုပ်တာလဲ၊ ငါမင်းရဲ့ ဦးလေးအရင်းပဲ'

ထန်ဆုန် ပြုံးစိစိလုပ်နေ၏။

သို့သော် သူ့စကားသံ၌ကားမူ ပြတ်သားလှချေသည်။

'လိုအပ်ရင် ခင်ဗျားမပြောနဲ့၊ ကျုပ်အဖေကိုတောင် သတ်ထင့်ရင် သတ်ပစ်ရလိမ့်မယ်'

'မင်း မင်း ဘာကြောင့် ငါ့ကိုသတ်ရတာလဲ'

ထန်ဆုန် ယပ်တောင်ကိုဖြန့်ကာ ညင်သာစွာ ရပ်နေသည်။

'မယ်မယ်ကြီးကပြောထားတာ တစ်ခုရှိတယ်၊ ဦးလေးလတ်မိန်းမလိုက်စားတာ ကိစ္စမရှိပါဘူးတဲ့၊ တကယ်လို့ အလုပ်ကိစ္စကို ထိခိုက်လာတယ်ဆိုရင်တော့ သူ့ကိုဗြဲ့ညှာစရာ မလိုဘူး၊ ထန်မိသားစုအတွက် အကျိုးယုတ်အောင်လုပ်မယ့် သူကိုဘယ်သူပဲဖြစ်ဖြစ် အမြစ်ပါ ကျွန်အောင် ရှင်းပစ်ရမယ်တဲ့'

ထန်ဆုန်၏မျက်နှာ အမူအရာက အေးစက်လာသည်။

'စောစောက ဒီချာတိတ်မနှစ်ယောက်ကိုသတ်ပစ်ဖို့ ဦးလေးလတ်ကို အချက်ပြခဲ့တယ်၊ ဦးလေးယတ် က မသတ်ဘူး၊နောက်တစ်ခါ ထန်ထူထူက သတ်မယ်လုပ်တော့ ဟန့်တားလာပြန်တယ်၊ ဒါကြောင့် ဦးလေးလတ်ကိုအရင်သတ်ပြီးမှ လျှို့ရွှေဖုံးနဲ့ ဒီချာတိတ်မနှစ်ယောက်ကို သတ်ပစ်ရတော့မယ်'

'မင်း ငါ့ကို သေဒဏ်ခတ်ဖို့ အာဏာမရှိဘူး၊ ကျွင်းစန်းလာလိမ့်မယ်၊ သူအခုချက်ချင်းပဲ ရောက်လာလိမ့်မယ်၊ ပေး.... အခုမြန်မြန်ဖြေဆေးပေး'

ထန်မိသားစုထဲမှ ထန်ကျွင်းစန်းသည် အပြစ်ရှိသူကိုသေဒဏ်ပေးသည့်တာဝန် ယူထားသည်။



သို့သော် နောင်တော်လတ်ဖြစ်သော ထန်ကျွမ်းချူးသည်ပင် ထန်ကျွင်းစန်းကိုမသိ။ သူ့ထက် အသက်များစွာငယ်သည်ကိုသာ သိထားလေသည်။

ထန်ဆုန် ရယ်မောလိုက်ပြန်သည်။

ဖြေဆေးကိုကား ထုတ်မပေး။

ပေးမည့်ဟန်လည်းမရှိ။ သူသည်လည်း သူ့ဦးလေးတွေ ထန်ကျွင်းစန်းကို ကွေ့မြင်ဖူးခြင်းမရှိ။

ထန်မိသားစုထဲတွင် ထန်တိန်ကျိုးနှင့် ထန်ကျွင်းစန်းတို့သည် အထူးအဆန်း အလျှို့ဝှက်ဆုံးသော လူနှစ်ယောက်ဖြစ်သည်။

ထန်ဆုန်သည် သူ့လုပ်ရပ်ကို သူသဘောကျနေ၏။

ထန်မိသားစု၏ ပြစ်ဒဏ်ခတ်ခြင်း အလုပ်ကို သူလုပ်ပေးခဲ့ပြီ။

သူ့လက်ချက်ဖြင့် ထန်ကျွမ်းချူး သေဆုံးသွားရချေပြီ။

ထန်ကျွမ်းချူးသေလျှင် သူ့ဖခင်သည် အလိုအလျောက်ရာထူးတိုးမြင့်သွားပေမည်။

နောင်တစ်ချိန် ထန်မိသားစုထဲတွင်လည်း ဂုဏ်ရှိန်မြင့်တက်မည်လည်းဖြစ်သည်။

ယခုအချိန်တွင် မက်ရှဲယီမှာ လျှို့ရွှေဖုံး၏ လက်ချက်ဖြင့်အသက်သေဆုံးသွားခဲ့ပြီဖြစ်၏။

စုံယုံစုချင်သည်လည်း ထန်ဆုန်လက်ချက်ဖြင့် သေဆုံးချေပြီ။

သိုင်းလောကတွင် ကျန်ရှိသော မိသားစုဂိုဏ်းကြီး သုံးဂိုဏ်းအနက် ထန်မိသားစု ဘစ်စုဘည်းသာ ခေါင်းဆောင်မှုရှိ တည်တည်ငြိမ်ငြိမ်နေနိုင်သည်။

သည်အတွက် ထန်ဆုန့်ဝမ်းသာသည်။

လျှိုရွှေဖုံးကို သတ်ဖြတ်ခြင်းအတွက် သူ့လက်တစ်ဘက် ပြောက်လိုက်ရသော ရှိသည်ဟုလည်း တွက်ဆထားသည်။

သူ့အဖို့ ထိပ်တိုက်ရင်ဆိုင်ရမည့်သူ မရှိတော့။

ညြစာအာဂိုဏ်း၏ အာဏာက သူ့လက်တွင်းသို့ သက်ဆင်းရောက်ရှိရန်သာ ရှိတော့၏။

ထို့ကြောင့် သူသည် လျှိုရွှေဖုံးကို သတ်ဖြတ်ရန် စိတ်ဆုံးဖြတ်လိုက်သည်။

လျှိုရွှေဖုံးမှာ သေလုမြောပါးအချိန်သို့ ရောက်ရှိနေသော်လည်း အားမာန်အပြည့် ရှိနေသေးသည်။

မုယုံရှောင်ယိနှင့် မုယုံရှောင်ကျင်းတို့ ညီအစ်မနှစ်ဦးသည် ဒဏ်ရာမရှိသေးသော်လည်း ခုခံနိုင်မည့် အင်အား မရှိတော့။

ထို့ကြောင့် ယခုအချိန်တွင် မည်သူ့ကို အသတ်သင့်ဆုံးဖြစ်ကြောင်း လျှိုရွှေဖုံးနားလည် သဘောပေါက်သည်။

သူလုပ်ရှားဟန်ပြင်စဉ် ရှောင်ချူးစနှင့် ကျိရှစန်းတို့သည် အကြိတ်အနယ် ခုခံတိုက်ခိုက်ရင်းမှ ရုန်းထွက်ကာ လျှိုရွှေဖုံးအား ကာကွယ်ပေးထားကြသည်။

သူတို့ကိုယ်ပေါ်တွင် ဒဏ်ရာအတော်များများ ရရှိနေ၏။ ဒဏ်ရာများမှာ မက်ကွေ့၏လက်ချက်များသာ ဖြစ်၏။



မက်ကွေ့သည် မက်ရဲယိအားအထားရဆုံးသော တပည့်ဖြစ်၏။

သူ၏ သိုင်းပညာသည် ကျန်မက်မိသားစု ရှစ်ယောက်ထဲတွင် အမြင့်ဆုံးဖြစ်၏။

ရှောင်ချူးစသည် ဒဏ်ရာရသားလျက်မှ ဓားမကြီးကို ဝေ့ယမ်းကာ....

'ကိုယ်တော်လေး လျှို၊ ဂိုဏ်းချုပ်ကြီးဟာ အာဇာနည်ယောကျ်ားကောင်းတစ်ယောက် ဖြစ်တယ်၊ကိုယ်တော်လေးဟာ လူစွမ်းကောင်း တစ်ယောက်ဖြစ်တယ်၊ ကျုပ်တို့တပ်တွေ မသေမချင်း တိုက်ပွဲဝင်ကြစို့'

ကျိရှစန်းကလည်း အင်္ကျီလက်စကို ဝေ့ယမ်းကာ အနီးသို့ တိုးကပ်လာသည်။

တစ်ဖက်မှ မုယုံရှောင်ယိနှင့် မုယုံရှောင်ကျင်းတို့လည်း ထန်ဆုန့်၏ နောက်ကျောဘက်ဆီသို့ တိုးဝင်သွား၏။

ဖခင်ကိုသတ်သည့်ရန်ကြွေးအား အပြေလည်ပေးဆပ်တော့မည်ဖြစ်၏။

ထန်ဆုန့် ရယ်မောလိုက်သည်။

'မင်းတို့တပ်တွေဟာ ဖအေကိုရှိသေတတ်တဲ့မိန်းမတွေပဲ၊ လူစွမ်းကောင်း ပီသပါပေတယ်၊ ဟား....ဟား....ဟား၊ဒါပေမယ့် မင်းတို့ဟာ ငြိုးငွေ့စရာကောင်းတဲ့ လူစွမ်းကောင်းတွေပဲ၊ဒီနေ့ မင်းတို့တစ်တွေအားလုံး ကျုပ်ငရဲပြည် ပို့ပေးလိုက်ပါမယ်'

ပြောပြောဆိုဆိုပင် လက်ဟန်ပြင်ကာ တိုက်ခိုက်ရန်ပြင်၏။

သူ့ထံသို့ တိုးဝင်ရောက်ရှိလာသူများက ရေဘုရင်၊ ဓားမဘုရင်၊ မုယုံရှောင်ယိနှင့် မုယုံရှောင်ကျင်းယုံ ဖြစ်ကြသည်။

သူတို့တွင်သာမက လျှိရှေဖုံးသည်ပင် ဝင်ရောက် လာသည်။

သို့တိုင် ထန်ဆုန့်မကြောက် ဂရုလည်းမစိုက်၊ သူ့လက်နက်ပုန်းကို သူအပြည့်အဝယုံကြည်ထားလေသည်။

အတွင်းအားဘက်တွင် ထန်ကျဲကို မမီသော်လည်း လက်နက်ပုန်းပစ်ခတ်သည့်ပညာတွင် ထန်ကျဲက သူ့လောက်မတော်။

ပေါ့ပါးသော ယပ်တောင်ရွက်ထဲတွင် ဆယ့်တစ်မျိုးသောအဆိပ်လက်နက်ပုန်းတို့ကို တပ်ဆင်ထားသည်။

ထိုအထဲမှ နှစ်မျိုးမှာ သိုင်းလောကတွင် တွေ့ရခဲသော လက်နက်ပုန်းများဖြစ်၏။

အသံကိုပင် မကြားနိုင်ချေ။

ယပ်တောင်ပေါ်မှ ခလုပ်တစ်ခုကို နှိပ်လိုက်သည်နှင့် အားလုံး တစ်ပြိုင်တည်း ပစ်လွှတ်နိုင်စွမ်းရှိသည်။

ဤသို့သော တိကျသည့် စီစဉ်မှုမျိုးကို ထန်ကျဲပင် သူ့လောက် မဖန်တီးတတ်။

ထိုအချိန်တွင် တစ်ခါမျှ မကြားဖူးသော စကားသံ တစ်သံက ရုတ်တရက် ထွက်လာသည်။

'လူစွမ်းကောင်းဆိုတာ ငြီးငွေ့ရိုးထုံးစံမရှိဘူး၊ ညီငယ်-မင်းမသေနိုင်တော့ဘူး'

ထန်ဆုန့် နောက်သို့ လှည့်ကြည့်လိုက်သည်။



လက်သီးတစ်လုံးက လေထဲတွင် ပျံဝဲလာကာ သူ့မျက်နှာကို ဝုန်းကနဲ ထိမှန်သည်။

ထန်ဆုန့်၏ ခန္ဓာကိုယ်မှာ ကော်ပတ်ရုပ် တစ်ရုပ်ကိုမြှောက်တင်လိုက်သလို လွင့်စဉ် မြောက်တက်သွားသည်။

မြေကြီးပေါ်သို့ ပြန်ကျလာသောအခါတွင်ကား သူ့ခန္ဓာကိုယ်၌ အသက်ဝိညာဉ်မရှိတော့။

သူ့ထံသို့ လက်သီးပစ်သွင်း ဝင်ရောက်လာသူကား လဲချိန်ကြိုးဖြစ်လေသတည်း။

လဲချိန်ကြိုး ထွက်ပေါ်လာသည်နှင့် မာန်ဝင့်ခဲ့သော ထန်ဆုန့်မှာ စကားတစ်ခု တစ်ခွန်းပင် မဆိုနိုင်။

တစ်စုံတစ်ရာသော လှုပ်ရှားမှုကိုပင် မပြုနိုင်ဘဲ ဦးခေါင်းကြေမွ သေဆုံးသွားစေခဲ့သည်။

လဲချိန်ကြိုးသည် လျှိရှေဖုံးထံသို့ တစ်ချက်ချင်း လျှောက်လှမ်းသွားသည်။

မိမိ၏အသက်မရှိသော ရုပ်ကလပ်အခုလောင်းအဘုကို လျှိရှေဖုံးသည် အသက်စွန့် ကာကွယ်မှု ပေးခဲ့၏။

လက်မောင်းတစ်ဖက် ဆုံးရှုံးကာ ထန်ဆုန့်၏ လက်နက်ပုန်းများ ကိုယ်ပေါ်သို့ စိုက်ဝင်ခံခဲ့၏။

လျှိရှေဖုံးသည် မိမိမသေသေးခြင်းကို မသိရှိ။သေဆုံးသည်ဟု ထင်မှတ်ကာ ဇောဇိသိခဲ့သည်။

လဲချိန်ကြိုးသည် လျှိရှေဖုံး၏ ခန္ဓာကိုယ်ကိုအသာဖေးမ ထားလိုက်၏။

ထိုအချိန်တွင် လီချိန်ကြီး လုံးဝမစဉ်းစားမိသော အဖြစ်အပျက်တစ်ခုက ရုတ်တရက် ပေါ်လာခဲ့သည်။

'ဝုန်း'

ခေါင်းတလားကြီးသည် အစိတ်စိတ်အမွှာမွှာကွဲကြေကာ ခေါင်းတလားထဲတွင် လဲလျောင်းနေသူမှာ ဆတ်ခနဲ ထထိုင်ပြီး လက်တစ်ဖက်ကို ဝေ့ယမ်းလှုပ်ရှားလိုက်သည်။

မည်းနက်ပြောင်လင်းသော အလင်းတန်းတစ်ခုက လီချိန်ကြီး၏ မျက်ခုံးအစုံအကြား သေကွင်းသေကွက်နေရာသို့ဦးတည်ပြေးဝင်လာသည်။

ဤအချိန်တွင် လီချိန်ကြီးမှာ အထူးသတိဝီရိယရှိထားသော အချိန်ဖြစ်၏။

မိမိ၏အပေါ်တွင် သစ္စာဖောက်လုပ်ကြံမည့်လူများ ရှိနေသည်ကို သိသဖြင့် အစီအစဉ်တစ်ခု လျှို့ဝှက် လုပ်ဆောင်ခဲ့သည်။

မိမိနှင့် ကိုယ်ပွားတူညီသော နုံ့နုံ့အအလူတစ်ယောက်ကို ဆုန်မိန်ကျုံးနှင့် ကောင်းစုလန် တို့ကို သတ်စေလျက် မိမိသေဆုံးသည်ဟု သတင်းလွှင့်ခဲ့သည်။

ထိုသတင်းဖြင့် မိမိအား လုပ်ကြံမည့်လူများကို ဖော်ထုတ်မည်၊ သုတ်သင်ရှင်းလင်းမည်ဟု အစီအစဉ်များ ချထား၏။

သူ့သံသယက လျှို့ရွှေဖုံ့အပေါ်တွင် အများဆုံးသက်ဝင်နေသည်။

ခေါင်းတလားထဲကလူကိုမူ သတိမပြု။



နုံ့နုံ့အအလူတစ်ယောက်ဖြစ်ပြီး သေဆုံးနေပြီဟုပင် ယူဆခဲ့သည်။

ထိုနုံ့နုံ့အအလူကား အလွန်မှပင် ဉာဏ်ကောင်းသော သူတစ်ယောက် ဖြစ်နေခဲ့သည်။

အသက်ရှူမှုကို အခိုက်အတန့် ပိတ်ဆို့ထား လူသေဟန်ဆောင်နေခဲ့သည်။

အခွင့်အလမ်းပေါ်လာသည်နှင့် လီချိန်ကြီးအား လုပ်ကြံလာတော့သည်။

ထိုနုံ့နုံ့အအလူကား အခြားသူမဟုတ်။

သိုင်းလောကတွင် လျှို့ဝှက်လွန်းသော ထန်မီသားစုတွင်ပင် သိသူမရှိသလောက် သိုသိပ် ခြေရာဖျောက်လွန်းသော ထန်ကျဲ့ဖြစ်နေလေသတည်း။

## အခန်း ( ၄ )

ထန်ကဲ့သည် အလွန်ပင် ဉာဏ်ကောင်းသူ တစ်ယောက် ဖြစ်၏။

မည်မျှပင် ဉာဏ်ကောင်းသူဆိုစေကာမူ လူတစ်ယောက်သာလျှင် ဖြစ်သည်မို့ အမှားရှိတတ်သေးသည်။

လီချိန်ကြိုးသည် ဉာဏ်ကောင်းသူ တစ်ယောက်ဖြစ်၏၊

သို့သော် ခြေလှမ်းတစ်လှမ်း တွက်ကိန်းတစ်ကိန်းမှားယွင်းခဲ့သဖြင့် ထန်ကဲ့အတွက် လုပ်ကြံမှုအခွင့်အရေးတစ်ခု ရရှိသွားစေခဲ့သည်။ မှတ်မှတ်သော လက်နက်ပုန်း ပစ်လွှတ်မှုကို ခုခံရှောင်တိမ်းရန် နောက်ကျသွားခဲ့သည်။



သို့သော် ထန်ကဲ့အတွက် အခွင့်အရေးသည်သာ သည်ဟု မဆိုနိုင်၊ သူထင်မှတ်မထားသော မစဉ်းစားမိသော ကိစ္စတစ်ခုက ပြောင်းလဲဖြစ်ပေါ်လာသည်။

ထိုသူကား လျို့ရွှေဖုံးဖြစ်၏။

ထန်မိသားစု၏ လက်နက်ပုန်းသည် အလွန်ပင် အစွမ်းထက်လှသည်။

အထူးသဖြင့် ထန်ဆုန့်၏ လက်နက်ပုန်းက ပို၍ ကြောက်စရာကောင်းသည်။

ထန်ဆုန့်မှာ မိမိထက် ဝါနုသော်လည်း လက်နက်ပုန်းပစ်ခတ်သည့်နေရာတွင် ပို၍ ထူးချွန် ထက်မြက်သည်ကို ထန်ကဲ့ သိထားသည်။

ထို့ကြောင့် ထန်ဆုန့်၏ လက်နက်ပုန်းကို သူယုံကြည်သည်။

လျို့ရွှေဖုံးသည် မသေသေးသည့်တိုင် မြေကြီးပေါ်မှ ထနိုင်တော့မည်မဟုတ်ကြောင်း ထန်ကဲ့တွက်ဆထားသည်။

သို့သော် သူလက်နက်ပုန်းပစ်ခတ်ချိန်မှာပင် လျို့ရွှေဖုံးက ရုတ်တရက် လှုပ်ရှားလာသည်။

သူ၏ တစ်ဖက်တည်းသော ညာလက်ကို ဝှေ့ယမ်းလိုက်လျှင် အလုံးငယ်လေး တစ်လုံး ပြေးထွက်သွားသည်။

ထိုအမည်းရောင် အလုံးငယ်ကား မက်ရှဲယီ၏ နဖူးပြင်တွင် ကွဲအက်သွားစေသော ပစ္စည်းဖြစ်၏။

မိုးကြိုးဘောလုံးဟုလည်း ခေါ်၏။

ထိုမိုးကြိုးဘောလုံးသည် ထန်ကျဲပစ်လွှတ်လိုက်သော ပြောင်ဝင်းသည့် အမည်းရောင် လက်နက်ပုန်းကို တိကျစွာမှန်သည်။

ထိုလက်နက်ပုန်းနှစ်ခုတို့ ထိမှန်သည့် အချိန်တွင် တိုးညင်းသော ပေါက်ကွဲမှု တစ်ခု ဖြစ်ပေါ်လာ၏။

လီချိန်ကြိုးသည်လည်း သေတွင်းမှ လက်မတင်ကလေး လွတ်ကင်းသွားတော့သည်။

ထန်ကျဲ နောက်သို့ ဆုတ်သွားသည်။

ဩဇာအာဏာဂိုဏ်းကို ရှင်းလိုလျှင် လီချိန်ကြိုးကို အရင်ဆုံးသတ်ဖြတ်ရမည် ဖြစ်၏။

လီချိန်ကြိုးကို သတ်လိုလျှင် လျိုရွှေဖုန်းကို အရင်သတ်ရမည်ဖြစ်၏။

ဤကား သိုင်းလောကတွင် ဆိုစမှတ်ရှိခဲ့သော စကားရပ်တစ်ခု ဖြစ်ပေသည်။

ယခု ထိုစကားရပ် မှန်ကန်နေချေပြီ။

လျိုရွှေဖုန်းသည် သူမသေခင်ချိန်မှာပင် လီချိန်အား စာယ်တင်ပေးခဲ့ပြီးဖြစ်၏။

ထန်ကျဲသည် နောက်သို့ ဆုတ်ရင်းမှ လက်နက်ပုန်းကြိုးအားလုံးကို ပစ်လွှတ်သွားခဲ့၏။

သို့သော်....လီချိန်ကြိုးလို ပုဂ္ဂိုလ်တစ်ယောက်ကို သတိရှိနေစဉ်တွင် မည်သူမျှ လက်နက်ပုန်းနှင့် လုပ်ကြံ၍ မရ။

လျိုရွှေဖုန်း ချေဖျက်လိုက်သဖြင့် သူ့ကို လုပ်ကြံလာသည့် ပြောင်းဝင်သည့် အမည်းရောင် အလင်းတန်း ပျောက်သွားသည်။



လီချိန်ကြိုးမှာ ထိုအလင်းတန်းထက် သုံးဆမျှပို၍ မြင်းထန် ကြောက်စရာကောင်းသော အဟုန်မြန်စွာ ခုန်လွှားဝင်ရောက်သွားခဲ့ပြီး ဖြစ်သည်။

နောက်ဆုတ်လိုက်သော ထန်ကျဲမှာ သူ့နောက်ကျောဆီသို့ ပြင်းထန်သော အားလှိုင်း တစ်လှိုင်းဝင်ရောက်လာသည်ကို ခံစားလိုက်ရ၏။

သူပစ်လွှတ်ခဲ့သော လက်နက်ပုန်းများက သူ့ထံသို့ ပြန်လည်ဝင်ရောက်လာ၏။

လီချိန်ကြိုးက လက်သီးအားလှိုင်းဖြင့် နောက်ပြန်ရိုက်ထုတ်လိုက်ခြင်း ဖြစ်သည်။

'စွပ်....စွပ်....စွပ်....'

လက်နက်ပုန်းအားလုံးက ထန်ကျဲ၏ ခန္ဓာကိုယ်တွင်းသို့ စိုက်ဝင်ထိမှန်ကုန်သည်။

ထန်ကျဲမှာ လုပ်ကြံမှု မအောင်မြင်သည့်ပြင် သူ့လက်နက်ပုန်းနှင့်သူ စခန်းသိမ်းသွားရပေတော့သည်။

လျိုရွှေဖုန်းသည် လီချိန်ကြိုးကို ဆိတ်ငြိမ်စွာဖြင့် ငေးငိုင်ကြည့်နေမိသည်။

ကြည့်နေရင်းမှ သူ့မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျလာသည်။

သူ့ဒူးနှစ်ဖက်က အလိုအလျောက် ထောက်ထားပြီး ဖြစ်နေသည်။

လက်မောင်း ပြတ်တောက်နေသည့် နေရာမှ သွေးများက အောက်သို့ တစ်စက်စက်ကျနေသည်။

'အစ်ကိုကြီး ပြန်လာပြီ၊ ကျွန်တော်အစ်ကိုကြီးနဲ့ အတူတူ လက်တွဲနိုင်ပြီ'

လျှိုရွှေဖုံးငိုရှိုက်လျက်မှ ပြောလာ၏။

လမ်ချိန်ကြိုးသည်လည်းလျှိုရွှေဖုံးနှင့်မျက်နှာချင်းဆိုင်လျက် ဒူးထောက်ထိုင်ချလိုက်သည်။

နူးညံ့ညင်သာသိမ်မွေ့စွာဖြင့်-

'ညီငယ်ကို အစ်ကိုကြီး အထင်မှားခဲ့မိတာ ခွင့်လွှတ်ပါကွာ၊ မင်းကိုငါစိတ်ထဲမှာ ထန်ကျဲလို့ ထင်မှတ်နေခဲ့မိတယ်၊ ဒါကြောင့် သေချင်ဟန်ဆောင်ပြီး မင်းကို စမ်းသပ်ကြည့်လိုက်မိတာပဲ'

လျှိုရွှေဖုံး ခေါင်းငိုက်စိုက်ချလိုက်သည်။

'တကယ်တော့ ကျွန်တော်မကောင်းလို့ အခုလိုဖြစ်ရတာပါ၊ အလုပ်တစ်ခုခုလုပ်တိုင်း အစ်ကြီးနဲ့ကျွန်တော် ရန်ဖြစ်ခဲ့ရတယ်၊ ဒါပေမယ့် အစ်ကိုကြီးရယ် ကျွန်တော်ဟာ ဉာဏ်ချာတဲ့ လူတစ်ယောက်ဖြစ်ခဲ့ပေမယ့် အစ်ကိုကြီးအပေါ်မှာ တစ်ခါမှ မလိမ်ညာဝံ့ပါဘူး'

လမ်ချိန်ကြိုးက လျှိုရွှေဖုံး၏ပခုံးကို လက်ဖြင့်သပ်ကာ နှစ်သိမ့်သည်။

'လူစွမ်းကောင်းဆိုတာမျက်ရည်မကျဘဲမနေဘူး၊ဒီနေ့မင်းဟာငါ့အတွက်နဲ့ လက်မောင်းတစ်ဘက် ပြတ်ခဲ့ရတယ်၊ ဒီအတွက် ငါတစ်သက်လုံး စိတ်ချမ်းသာနိုင်တော့မှာ မဟုတ်ဘူး'

'ဒီလိုမပြောပါနဲ့ အစ်ကိုကြီးရယ်

'ကဲ ဒူးထောက်မနေပါနဲ့တော့၊ ထစမ်းပါဦး'



'အစ်ကိုကြီးအရင်ထပါ၊ အစ်ကိုကြီးထပြီးမှ ကျွန်တော်ထရဲမယ်....'

လမ်ချိန်ကြိုး ကြည်လင်စွာ ပြုံးလိုက်သည်။

ထို့နောက်လျှိုရွှေဖုံးကို ထူပင့်ကာ အဘူတူမတ်တတ် ထရပ်လိုက်ကြသည်။

ထိုအချိန်တွင် အားလုံးငြိမ်သက် တိတ်ဆိတ်နေပြီးဖြစ်၏။

တဒင်္ဂဖြစ်ပျက်ခဲ့သော အဖြစ်အပျက်၊ မသေဆုံးသော လမ်ချိန်ကြိုး၊ သေဆုံးပြီဟု ယုံကြည်နေသော ခေါင်းထဲမှ လမ်ချိန်ကြိုးနှင့်အတူ ထန်ကျဲတို့ကြောင့်အားလုံးမှာအံ့အားသင့် မှင်တက်နေမိကြခြင်းလည်း ဖြစ်သည်။

လမ်ချိန်ကြိုး ရောက်ရှိလာပြီး မကြာခင်မှာပင် ဆုန့်မိန်ကျူးနှင့် ကောင်းစုလန်တို့လည်း ရောက်ရှိလာကြသည်။

သူတို့ရောက်ရှိလာသည်နှင့် တစ်ခဏမျှငြိမ်သက်သွားခဲ့သော တိုက်ပွဲက ပြန်လည်စလာသည်။

သူတို့နှစ်ယောက်သည် မုယုံရှောက်ယိ နှင့် မုယုံရှောင်ကျင်းတို့ကို တိုက်ခိုက်သည်။

မက်မိသားစုမှာ အခြေအနေ မဟန်နိုင်တော့မှန်း သိသော်လည်း ဇွတ်ကြိတ်မှိတ်ပေတေကာ ယောင်ချူးစီ၊ ကျိုရှူစန်းတို့နှင့် တိုက်ခိုက်သည်။

* * *

လီချိန်ကြိုးသည် မို့ချိုရေကန်အနီး ကောက်ပဲသီးနှံခင်း ထဲတွင် မြက်စာခြောက်ရုပ်တစ်ခုအတွင်း ဝင်ရောက်ခိုအောင်း နေခဲ့သည်။

ရှောက်ချူးရှေနှင့် ကျောက်စုယုံတို့၏ အခြေ အနေကို နားနှင့်သော မျက်စိနှင့်ပါ တွေ့မြင်ကြားသိခဲ့ရသည်။

ကျောက်စုယုံနှင့် ရှောက်ချူးရှေတို့၏ တစ်ဦးပေါ်တစ်ဦး မိတ်ဆွေကောင်းပီသမှုကို ချီးကျူးခဲ့မိသည်။

သူလိုအဆင့်မြင့် ပုဂ္ဂိုလ်တစ်ဦးပင် တစ်ဘက်လူ၏စိတ်ခေတ် ကို မခန့်မှန်းနိုင်အောင် ဖြစ်ရသည်။

ထိုစဉ်က သူ့အတွက် ကံကောင်းထောက်မခဲ့သည်။

စာခြောက်ရုပ်အတွင်းမှ ခြေတစ်လှမ်းစော၍ ထွက်သွား နိုင်ခြင်းက သူ့အတွက် ကံကောင်းခဲ့သည်။

သို့မဟုတ်လျှင် သူ့လျှို့ဝှက်ချက်များ ပေါက်ကြားသွား နိုင်ပေသည်။

ထိုအတွက် သူသည် ရှောက်ချူးရှေတစ်ယောက် တစ်စုံ တစ်ဦး ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသည်ကို မသိရှိ။

မို့ချိုရေကန်မှတစ်ဆင့် ဌာနချုပ်စခန်းကို တိုက်ရိုက်ပြန် လာခဲ့သည်။

သူအလာနောက်ကျသောကြောင့် လျှိုရှေဖုံး ဤသို့ဖြစ် သွားခဲ့ရခြင်းဟုလည်း ဆိုနိုင်ပေသည်။

'မင်းဟာ ပန်းချောင်းခေါးဂိုဏ်း ဌာနချုပ်ထဲမှာ သံမဏိ ကြေးပြားနဲ့တောင်ပိုင်းရှောင်လင်ဂိုဏ်းချုပ် တိုယန့်ကိုသတ်ပစ် တယ်လို့ ရှိုစန်းဆီက ကြားမိတာနဲ့ မင်းအပေါ်ငါ သံသယ



ဖြစ်လာမိတယ်၊ ဒီလောကကြီးထဲမှ ထန်မိသားစုလက်နက်ပုန်း ပစ်ခတ်နည်းပညာထက် ဘယ်သူအဆင့်ပိုမြင့်နိုင်မှာလဲ'

လီချိန်ကြိုးက ရယ်ရယ်မောမောပင် ပြောသည်။

လျှိုရှေဖုံး မချိပြုံးပြုံးလိုက်သည်။

'ကျွန်တော်ဟာ တကယ်တော့ ထန်မိသားစုထဲကလူပဲ'

လီချိန်ကြိုး ထိတ်လန့်တကြား ဖြစ်သွား၏။

'ဘာ...ဘယ်လို ပြောလိုက်တယ်'

လျှိုရှေဖုံး သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျွန်တော့်အဖေဟာ ထန်မိသားစုထဲက ဘိုးဘိုးကြီး ထန်ဖြစ်ပါတယ်'

'အို...'

လီချိန်ကြိုးအာမေဋိတ်သံ ပြုလိုက်မိသည်။

လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ခန့်က ထန်မိသားစု၏ ဘိုးတော်ကြီးထန်သည် သိုင်းလောကတွင် ဇာတ်မြုပ်နေထိုင် လိုက်ပြီး မိသားစုအရေးကိစ္စကို ဂရုမစိုက်တော့ချေ။

သူ့တွင် သားတစ်ယောက် သမီးတစ်ယောက် ကျန်ရစ် ခဲ့သည်။

ယောကျ်ားမှာ ဘိုးဘိုးကြီးထန်ဖြစ်ပြီး မိန်းမမှာ မယ်မယ် ကြီးထန်ဖြစ်အည်။

သဘာဝထုံးစံအတိုင်းဆိုလျှင် ဘိုးဘိုးထန်သည် မိသားစု၏ အိမ်တောင်ဦးစီး ဖြစ်ရပေမည်။

သို့သော် မယ်မယ်ကြီးထန်သည် အလိုလောဘ ကြီးသူ တစ်ယောက်ဖြစ်၏။

သူကိုယ်တိုင် အိမ်ထောင်ဦးစီးလုပ်ရန် အရေးဆိုသောအခါ ဘိုးဘိုးကြီးထန်နှင့် ခိုက်ရန်ဒေါသဖြစ်လာသည်။

ဘိုးဘိုးကြီးထန်တို့မိသားစုအတွင်းမှ မြှောင်းထုတ်တိုက်ခိုက်ခဲ့သည်။

ထိုအချိန်ကစပြီး ထန်မိသားစုကို မယ်မယ်ကြီးထန်က ဦးဆောင်ခဲ့သည်။

နှစ်ပေါင်းခြောက်ဆယ်အတွင်း သိုင်းလောက၏ကြောက်မက်ဖွယ်ရာအကောင်းဆုံး၊ အင်အားအတောင့်တင်းဆုံးသော မိသားစုကြီးတွင် ထိုအချိန်မှစ၍ မိန်းမဦးဆောင်ဦးစီး ဖြစ်လာတော့သည်။

သို့နှင့် ဘိုးဘိုးကြီးထန်မှာ သိုင်းလောကတွင် နှစ်ပေါင်းငါးဆယ်မျှ လေလွင့်ရင်း သူ၏လက်နက်ပုန်း ပညာအဆင့်မနိမ့်သော်လည်း မယ်မယ်ကြီးထန်ကိုမူ သွားရောက်မယှဉ်ပြိုင်ရဲ၊ မိမိ၏မိသားစုထဲမှလူအချင်းချင်း တိုက်ခိုက်ရမည်ကို ရင်ထဲတွင်မချိ။

သို့သော် ထန်မိသားစုအပေါ်တွင်ကား အလွန်ပင် ရန်ငြိုးဖြစ်ခဲ့ရ၏။

နောက်ဆုံး ထိုစိတ်နှင့်ပင် ကွယ်လွန်သွားခဲ့ရသည်။

သူ မသေခင် အချိန်၌ သူ၏ပညာရပ်အားလုံးကို တပည့်တစ်ယောက်အား သင်ကြားပေးခဲ့ကြောင်း သတင်းထွက်ပေါ်လာသည်။

စည်ထွမည်ဝါဟူ၍ သိုင်းလောကသားတို့ မသိရှိကြ။



ယခုအခါ ထိုတစ်ဦးတည်းသောတပည့်သည် လျှိုရွှေဖုန်းဖြစ်နေပေတော့သည်။

လီချိန်ကြိုးသည် ဘိုးဘိုးကြီးထန်၏ တစ်ဦးတည်းသောတပည့်မှာ မိမိနှင့်အတူ နှစ်ပေါင်းများစွာ နေခဲ့သော ဖသွေးသောက်ညီအစ်ကို လျှိုရွှေဖုန်းဖြစ်လိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ချေ။

'ဒါဆို တောင်ပိုင်းရှောင်လင်ဂိုဏ်းချုပ် ဟိုခန်းကို သတ်ဖြတ်ခဲ့တဲ့ လက်နက်ပုန်းက နတ်ကြေပြားပေါ့'

လျှိုရွှေဖုန်းက နှမ်းနှမ်းကလေး ပြုံးလိုက်၏။

'နတ်ကြေးပြားလို့ ခေါ်ဖို့မသင့်ပါဘူး၊ တကယ်တော့ အဲဒီကြေးပြားကို သေမင်းတစ်ထောင် ကြေးပြားလို့ ခေါ်ပါတယ်'

လီချိန်ကြိုး ခေါင်းညိတ်လိုက်၏။

'မယ်မယ်ကြီးထန် တီထွင်တဲ့ သေမင်းတမန်လက်နက်ပုန်းက အတော်ကို ကြောက်စရာကောင်းလှတယ်လို့ ကြားဖူးတယ်၊ ဒီကြေးပြားဟာ ဘိုးဘိုးကြီးထန်က အဲဒီလက်နက်ပုန်းကိုချေဖျက်ဖို့တီထွင်ခဲ့တာ မဟုတ်လား'

လျှိုရွှေဖုန်း သူပြောလိုရာကိုသာ ပြောသည်။

'မယ်မယ်ကြီးထန်မှာ နောက်ထပ် လက်နက်ပုန်းတစ်မျိုးရှိသေးတယ်၊ ပိုပြီး တောင် ကြောက်စရာကောင်းလှတယ်၊ လျှပ်တစ်ပြက် မုန်တိုင်းလို့ ခေါ်တယ်၊ စောစောက ထန်ကျဲပစ်လွှတ်ခဲ့တဲ့ အမည်းရောင်အလင်းတန်းဟာ အဲဒီလက်နက်ပုန်းပေါ့'

လီချိန်ကြိုး ခေါင်းခါယမ်းလိုက်၏။

'အင်း....ကြေမွပျက်စီးသွားတာ နှမြောစရာကောင်းတာပဲ'

လျှိုရှေဖုန်း ဝမ်းနည်းသောလေသံမျိုးဖြင့်....

'ကျွန်တော့်မှာရှိတဲ့ အဖိုးတန်သုံးခုထဲမှာ နှစ်ခုပဲ ကျန်တော့တယ်'

'ဟုတ်တယ်၊ သိုင်းလောကသားတွေ မင်းကိုရတနာသုံးခုရှိတယ်လို့ အမည်ပေးခဲ့တယ်၊ နောက်တစ်ခုကကော'

လျှိုရှေဖုန်း ရယ်မောလိုက်၏။

'ဘာလဲ ဂိုဏ်းတစ်ခုလုံးနဲ့ လဲလှယ်ဖို့ စဉ်းစားလာပြန်ပြီလား....'

လူချိန်ကြိုး သဘောကျစွာ ရယ်လိုက်သည်။

'ဟုတ်တယ်၊ တခယ့်ကိုစဉ်းစားလာမိတာ'

သူတို့နှစ်ယောက်မှာ စကားပြော ကောင်းနေကြသည်။ နှင်းသည် မြူမှုန်ကင်းရှင်းသူများအဖို့ နောက်ဆံငင်စရာ သိုသိပ်စရာ အကြောင်းမရှိသဖြင့် စကားပြော အပေါက်အလမ်းတည့်ရမည်မှာ ဓမ္မတာဖြစ်၏။

'တော်ပါတော့ ကျွန်တော်ဘာဂိုဏ်းမှ မလိုချင်ပါဘူး၊ အစ်ကိုကြီးဟာ ကျွန်တော့်အတွက် ဂိုဏ်းတစ်ခုပဲ၊ ကျွန်တော်ဟာ အစ်ကိုကြီးနောက်ကိုသာ လိုက်ရမယ်၊ အစ်ကိုကြီးနဲ့ မမကျောက်တို့အပေါ်မှာ သစ္စာရှိရမယ်'

လျှိုရှေဖုန်းက လေးနက်စွာပြောသည်။

လူချိန်ကြိုးကလည်း တည်ကြည်သော အမူအရာဖြင့်....

'ဂိုဏ်းကိုမလိုချင်လို့မရဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီဂိုဏ်းကို တည်ထောင်ခဲ့တာ မင်းလဲပါတယ်၊ ဒါကြောင့် မှင်းလဲပိုင်ဆိုင်သင့်တယ်'



လျှိုရှေဖုန်းက တမင်ပင် စကားလမ်းကြောင်းပြောင်းသည့်အနေနှင့်....

'တကယ်တော့ ကျွန်တော့ရဲ့အဆင့်မြင့်ပညာ သုံးခုဆိုတာ ဘာမှမဟုတ်လှပါဘူး'

ပြောပြောဆိုဆိုပင် သူ့အင်္ကျီကိုဖွင့်ပြလိုက်သည်။

သူ့အတွင်းခံအင်္ကျီအောက်တွင် စိမ်းဖန့်ဖန့် အတွင်းခံအင်္ကျီ တစ်ထည် ရှိနေပေသည်။

'ကျွန်တော့်ဆရာဟာ ထန်မီသားစုထဲက မောင်းထုတ်ခံခဲ့ရတယ်၊ အဲဒီအချိန်မှာ သူဘာပစ္စည်းမှယူမသွားဘူး၊ တိုက်ပွဲတစ်ရာသံမဏိအင်္ကျီကိုပဲယူသွားတယ်၊ ဒီအင်္ကျီဟာ ဘယ်လောက်ထက်မြက်တဲ့ လက်နက်နဲ့ တွေ့ပါစေ ခုခံနိုင်စွမ်းရည်ရှိတယ်၊ သိပ်ကောင်းတဲ့လက်နက်နဲ့ ထိမှန်ရင်တောင် အားအဟုန်ကို တစ်ဝက်လောက် လျော့ကျသွားစေနိုင်တယ်'

လျှိုရှေဖုန်းသည် အင်္ကျီကိုပြန်ဖုံးလိုက်ပြီး ရယ်မောလိုက်လေသည်။

'ကျွန်တော်ဟာ ဒီပစ္စည်းအားကိုးနဲ့ တောင်ပိုင်းရှောင်လင်ဂိုဏ်းကလူတွေ ဝိုင်းဝန်းတိုက်ခိုက်တာကို ရှောင်ထွက်နိုင်ခဲ့တယ်'

လူချိန်ကြိုး၏ မျက်နှာအမူအရာကပြုံးတုံ့တုံ့ဖြစ်လာ၏။

သူ့အပြုံးသည် မုယုံစုချင်အပြုံးနှင့်မတူ။ မုယုံစုချင်ရယ်မောလိုက်လျှင် တစ်ဖက်လူအား ခနဲ့လိုက်သလို သက်ရောက်စေသည်။

လူချိန်ကြိုး၏အပြုံးက အပူအပင်ကင်းမဲ့ပြီး တောက်ပလက်လွင်၏။

သူတို့နှစ်ဦး၏အပြုံးကို အမှတ်တမဲ့ကြည့်လျှင် တူသလို ထင်ရ၏။

တစ်ဖန်လီချိန်ကြိုး၏အပြုံးသည်ယန်ခွမ့်ဟူနှင့်တူသယောင် ရှိသည်။

မတူညီသည့် အရာမှာ တစ်ယောက်က သိမ်သိမ်မွေ့မွေ့ ပြုံးပြီး တစ်ယောက်က အားပါးတရရယ်မောခြင်းဖြစ်၏။

'ဒါကြောင့် ထန်မိသားစုရဲ့ လက်နက်ပုန်း ထိမှန်ပေမယ့် မင်းကို မသေစေနိုင်တာကိုး'

'မသေစေနိုင်တာ မဟုတ်ဘူး၊ ဖောက်မဝင် နိုင်တာပါ၊ ဒီသံမဏိအင်္ကျီဟာ အဆိပ်ကိုဖြေနိုင်တယ်၊ ထန်ဆုန့်ရဲ့ လက်နက်ပုန်းက ဘယ်လောက်ပဲ ကြောက်စရာကောင်းနေပါစေ၊ ဘာမှ အသုံးမဝင်ပါဘူး'

'ဒါတွေအားလုံးဟာ မင်းရဲ့လျှို့ဝှက်ချက်နဲ့ မင်းရဲ့အသက်ကို ကယ်တင်နိုင်မယ့်အကွက်တွေချည်းပဲ၊ ဘာကြောင့် ဒါတွေပြောပြ ရတာလဲ'

'ဒီဟာတွေအစ်ကိုကြီးအတွက် အကျိုးရှိကောင်း ရှိနိုင်မယ် လေ၊ အစ်ကိုကြီးကိုမှ မပြောပြရင် ကျွန်တော် ဘယ်သူ့ကို ပြောပြရမှာလဲ'

လီချိန်ကြိုး ခေါင်းအောက်သို့ စိုက်ကာ အတန်ကြာ ငြိမ်သက်နေပြီးမှ....

'ညီငယ်ဒီနေ့ကစပြီး အစ်ကိုကြီး ပိုင်ဆိုင်တာ မှန်သမျှ မင်းလဲ ပိုင်တယ်လို့ သတ်မှတ်လိုက်တော့'

လျှို့ရှေဖုန်း ခေါင်းခါယမ်းလိုက်သည်။



မျက်လုံး အရောင်က တဖျပ်ဖျပ် တောက်လက်နေသည်။

'မဟုတ်ဘူး မမှကျောက်ပိုင်ဆိုင်တာဖြစ်တယ်'

လီချိန်ကြိုး ကြောင်အမ်းအမ်း ဖြစ်သွား၏။

'တို့သုံ ယောက် ပိုင်တာပေါ့'

လျှို့ရှေဖုန်း ဘာမျှမပြောတော့။

သူ့ အတွေးအာရုံများကမူ လွင့်မျောနေသည်။

တစ်ခုသော အတိတ်၊ ကုသိုလ်ကြမ္မာ နည်းခဲ့ရသော ငယ် ဘဝဆီသို့ ရောက်ရှိသွားတော့၏။

❋ ❋ ❋

တစ်ခုသောနွေရာသီအချိန်။

လျှို့ရှေဖုန်းကလေး၏ တစ်ကိုယ်လုံးမှာ ညစ်ပတ်နေရေနေ သည်။

ထမင်းဘစ်နပ်အတွက် ခွေးတစ်ကောင်လို အောက်တန်း ကျကျရှာဖွေ စားသောက်နေရသဖြင့် သူ့ အသွင်အပြင်က ပြောင်ပြောင်ရောင်ရောင်မရှိ။

စုတ်ပြတ်နွမ်းလျလှသည်။

ရာသီဥတုဒဏ်ကို ကာကွယ်သည့် ဝတ်စုံမျိုး မချုပ်လုပ် မဝတ်ဆင်နိုင်သဖြင့် အအေးဒဏ်က သူ့ကို နှိပ်စက်နေသည်။

နှာရည်များ တရွဲရွဲသိုကျနေသည်။

ခဏခဏညစ်ရဖန်များသဖြင့် နှပ်ညှစ်ချင်စိတ်ပင် မရှိတော့ စီးကျလာသည်တို့ကို တရှုံးရှုံး ရှုံ့သွင်းနေရသည်။

နှပ်စီးကြောင်းက နှာခေါင်းမှ စီးကျလာလိုက် ပြန်ဝင် သွားလိုက် ဖြစ်နေသည်။

သူ့ခြေလှမ်းက ခန့်ညားထည်ဝါလှသော တိုက်ကြီး တစ်ခု၏ ရှေ့တွင် ခြေစုံရပ်လိုက်မိသည်။

ထိုအဆောက်အအုံရှင်တို့ထံမှ စားကြွင်း သောက်ကြွင်း ကလေးများ ရလိမ့်နိုးဖြင့် လာရောက်တောင်းခံရခြင်း ဖြစ်၏။

သူ့လိုပင် ထိုအဆောက်အအုံရှေ့တွင် တောင်းရမ်းရမ်း နေသည့် ကလေးများက မနည်း။

မှတ်မှတ်ရရ ထိုစဉ်က သူ့အသက် ဆယ့်နှစ်နှစ် ခန့်သာ ရှိသေးသည်။

လျှို့ရှေ့ဖုန်းကလေးတို့ တောင်းခံနေစဉ် ခြံဝင်းယံမှ ကြောင် ကလေးတစ်ကောင်က အပြင်သို့ ခုန်ထွက်လာသည်။

ကြောင်ကလေး၏ မျက်လုံးက ဝင်းပြောင် တောက်လက် နေကာ အမွေးအမျှင်များက နှင်းပွင့်ကဲ့သို့ ဆွတ်ဆွတ်ဖြူဖွေး နေသည်။

အလွန်ပင် ချစ်စရာ ကောင်းသော ကြောင်ကလေး တစ်ကောင်ဖြစ်နေသည်မို့ သူနှင့်အတူ တောင်းရမ်း နေသော ကလေးအချို့မှာ ကလေးများပီပီ ကြောင်ကလေးကို ချစ်မြတ်နိုးလာသည်။

သူတို့ ညစ်ပတ် ပေရေနေသော လက်ဖြင့် ကြောင်ကလေး ကို ချစ်ခင်ယုယစွာ ကိုင်တွယ်မိကြသည်။

ကြောင်ကလေးမှာ သူတို့၏ လက်များကြောင့် အမွေး အမျှင်များ ညစ်ပတ်ပေရေသွားရသည်။

ထိုအချိန်တွင် ဝတ်စုံစိမ်း ဝတ်ဆင်ထားသော အစေခံ အချို့အပြင်ဘက်သို့ ထွက်လာကြသည်။



ထိုအစေခံများမှာ ကြောင်ကလေးအား လာရောက်ရှာဖွေ ကြခြင်း ဖြစ်၏။

ကြောင်ကလေး ညစ်ပတ်ပေကျံနေသည်ကို တွေ့ရလျှင် အော်ဟစ်ဆဲဆိုလာကြတော့သည်။

'ခွေးကောင်တွေ သခင်မလေးရဲ့ကြောင်တော့ မင်းတို့ရဲ့ လက်တွေကြောင့် ညစ်ပတ်ကုန်ပြီ'

'သူ့အမေကလွှား မျိုးမစစ်တဲ့ကောင်တွေ သခင်မလေးကို ဘယ်လိုပြောရတော့မလဲ၊ အတော်ဒုက္ခပေးတာပဲ'

'ဘာမှပြောမနေနဲ့ ဒီကောင်တွေ့ရဲ့ လက်ကို ရိုက်ချိုး ပစ်ကြ'

အိမ်စေတို့မှာ နိုင်ထက်စီးနင်းလုပ်လာကြသော ကရုဏာမဲ့ သူများဖြစ်ကြ၏။

ပြောပြော ဆိုဆိုပင် တောင်းရမ်းနေကြသော ကလေး အချို့ကို ဖမ်းဆူကာ ရက်ရက်စက်စက် ထန်ကျောက် ရိုက် ကြတော့သည်။

တချို့ကလေးများ အမယ်လေး ဘာလေး အော်ဟစ်ကာ ဆူညံငိုယိုကြ၏။

မရိုက်နှက်ရန် တောင်းပန်ကြ၏။

အိမ်စေများက လူမဆန်စွာပင် ရိုက်နှက်ပြန်သည်။

အော်ဟစ် မောင်းထုတ်လိုက်လျှင် ရသည့်အလုပ်ကို ပုံကြီး ချဲ့ကာ အငြိုးဖြင့် မန်မဲရိုက်နှက်ကြ၏။

အော်ငိုသံများ တောင်းပန်သံများက အဆောက်အအုံ ခြံဝင်းကြီး၏ ရှေ့တွင် ဆူညံနေသည်။

လျှိုရွှေဖုန်းကမူ တောင်းပန်ခြင်း အလျဉ်းမရှိ။

အံ့ကြိတ်ကာ အရိုက်ခံခဲ့သည်။

သူ့အား ရိုက်နှက်နေသော အဒေစခံနှစ်ဦးကို စူးစူးဝါးဝါး ပင် ပြန်လည် စိုက်ကြည့်နေသည်။

အဒေစခံနှစ်ဦး ပို၍ ဒေါသဖြစ်လာ၏။

'ဒီလောက်ရိုက်တာတောင် မင်းက တစ်ချက်မှ မညည်းဘူး၊ တစ်ခွန်းမှတော့ မတောင်းပန်ဘူး၊ တကယ့်လူစွမ်းကောင်းလေးပေါ့၊ ဒီလောက်တောင်သတ္တိကောင်းတဲ့အကောင် အရိုးကွဲအောင် ရိုက်ပြလိုက်မယ်'

လျှိုရွှေဖုန်း စိတ်ထဲ မခံအောင့်အီးနိုင်တော့။

ထိုစကား ပြောသူ၏ မျက်ခွက်ကို လက်သီးတလုံး ပစ်သွင်းလိုက်သည်။

'ခွပ်'

'အား ကျွတ်ကျွတ် ...'

ထိုသူမှာ အမှတ်မထင်နှာခေါင်းကို အထိုးခံလိုက်ရသဖြင့် နှာကျိုးစွာ သွေးဟာစ်ညည်းညူနေမိသည်။

အခြားအိမ်စေတို့လည်း မိမိတို့၏လူကို တောင်းရမ်းစားသောက်နေသည့် ကလေးတစ်ယောက်က ပြန်လည် တိုက်ခိုက်လာသဖြင့် ဝိုင်းအုံပါကြသည်။

လူကြီးတစ်ယောက်ကို ရင်ဆိုင်ရန် ဝန်လေးမည် ဖြစ်သော်လည်း ကလေးတစ်ယောက်ကိုမူ သူတို့က ဂရုစိုက်ကြ၊ ခြေထောက်ဖြင့်ကန်သူကန် လက်သီးနှင့် ထိုးသူထိုး၊ ဟက်ဝါးဖြင့် ရိုက်သူရိုက်နှင့် လျှိုရွှေဖုန်းမှာ အလူးအလိမ့် ခံနေရတော့သည်။



လျှိုရွှေဖုန်း၏ မျက်နှာတပြင်လုံး ဖူးရောင် ညိုမည်းသွားသည်။

နှာခေါင်းမှ သွေးများ တသွင်သွင်ယိုစီးကျလာ၏။

ဤမျှနာကျင်သည့်တိုင် လျှိုရွှေဖုန်းမှာ တစ်ချက်ကလေးမျှ ညည်းညူ၊ တောင်းပန်စကား တစ်ခွန်း မျှမဆို။

မျက်ရည်တစ်စက်မျှ မကျ၊ နာကျင်ဟန်မပြ။

အိမ်စေများက အညွှာအတာကင်းမဲ့စွာ ရက်စက်နေကြတော့သည်။

ထိုအချိန်တွင်နုပျိုသော မိန်းမငယ်တစ်ယောက်၏ ခက်ထန်သော စကားသံတစ်သံက ရုတ်တစ်ရက် ဖုံးလွှမ်းလာသည်။

'ရပ်လိုက်ကြစမ်း'

အိမ်စေတို့မှာ ရုတ်ခြည်းပင် ခြေလက်များ ရပ်တန့်သွားကြသည်။

လျှိုရွှေဖုန်းသည် ထိုးနှက်ခံထားရခြင်းကြောင့် နှာခေါင်းမှ သွေးလျှံကာ ပါးစပ်မှသွေးများ ယိုစီးကျနေ၏။

လည်ပင်းမှာ ကျိုးလုမတတ်ပင် ယိမ်းငိုက်နေ၏။

လူ့မျက်လုံးအစုံတွင် ဖြူဖွေးဝင်းဝါသော ခြေထောက်တစ်စုံကို တွေ့လိုက်ရ၏၊

ဝင်းဝါသော အသားအရေတွင် ကြောင်ဖြူအမွေးဖြင့် ယက်လုပ်ထားသလို ဆွတ်ဆွတ်ဖြူသော ဖိနပ်တစ်စုံကိုလည်း တွေ့ရ၏။

ထိုဖိနပ်နှင့် ခြေအစုံသည် သူ့ထံသို့ လျှောက်လာ၏။

အဖြူရောင်ဂါဝန်ကြီးမှာ မြေကြီးနှင့် ရှပ်တိုက်လုနီးနီးဖြစ်နေသည်။

ထိုမိန်းမပျိုလေးသည် ညစ်ပတ်ပေရေသောမြေကြီးကို ဂရုမစိုက်ဘဲ သူ့ထံ လျှောက်လှမ်းလာ၏။

ညစ်ပတ်ပေရေနေသော သူ့အဝတ်အစားနှင့် ကိုယ်ခန္ဓာကို အရွံအရှာမရှိဘဲ သူ့မျက်နှာမှသွေးများကို ယုယကြင်နာစွာ သုတ်ပေးလာသည်။

ဤမိန်းကလေးသည် သူ့ထက်အသက်ကြီးလျှင် အလွန်ဆုံး လေးနှစ်ပင်ရှိမည်။

သို့သော်ထိုမိန်းကလေးကို သူမေ့မကြည့်ရဲ၊ ထိုမိန်းကလေး၏မျက်နှာကို သူမကြည့်ဝံ့။

မိန်းကလေးသည် လျှိုရွှေဖုံးကိုတအောင့်လောက် စိုက်ကြည့်ပြီးနောက် သူ့နံဘေးမှအိမ်စေအား....

'ဘာဖြစ်လို့ သူ့ကိုရိုက်ရတာလဲ'

လျှိုရွှေဖုံးနှင့် တောင်းရမ်းစားသောက်နေသော ကလေးများကို ရိုက်ခဲ့သော သူရဲကောင်းပမာ ဖြစ်ခဲ့သော အိမ်စေများမှာ ကျားရှေ့ရောက်သော ယုန်သူငယ်လို ကြောက်ရွံ့ထိတ်လန့်ကာ ထင်တီးထစ်ငေါ့ဖြစ်နေသည်။

'သူ... သူ....သူက သခင်....သခင်မလေးရဲ့ကြောင်ကို ညစ်ညစ်ပတ်ပတ်အောင်လုပ်ခဲ့'

'ညစ်ပတ်အောင်လုပ်တာနဲ့ ဒီလောက်အထိ ရိုက်နှက်ရသလား'

ထိုမိန်းကလေးက ကြောင်ပိုင်သခင်မလေးဆိုသူ ဖြစ်ပေ၏။



ထိုမိန်းကလေး၏ စကားသံကသူကြားဖူးခဲ့သောဗျပ်စောင်းသံထက်ပင် ချိုလွင်သာယာသည်ဟုလျှိုရွှေဖုံးစိတ်ထဲထင်မှတ်မိလေသည်။

'ဪ....ရှင်တို့က ကျွန်မအတွက်နဲ့ ဒေါသ ဖြစ်ခနတာပေါ့နော်'

အိမ်စေတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

'မ....မ ...ဟုတ် မဟုတ်ပါဘူး'

'မဟုတ်ရင် ဒီနေရာက ထွက်သွားကြစမ်း၊ သူဟာဆိုရင် စိတ်ခေတ်ကြံခိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်'

အိမ်စေတို့ လူခွဲထွက်သွားကြ၏။ သခင်မလေး ဆိုသူကနောက်ဆုံးကျန်ရှိနေသည့် အစေခံတစ်ယောက်အား....

'အားလို.... သူ့ကိုနောက်ဘက် ခြံဝင်းထဲ ခေါ်သွားပြီး ဆေးကြောသန့်စင်ပေးလိုက်၊ အထိန်းတော်ကြီးဆီ အပ်ပြီး ကျွန်မဆီ ခေါ်လာခဲ့ဖို့ ပြောလိုက်ပါ'

အားလိုဆိုသော အိမ်စေက ကျိုးနွံစွာပင် ဟုတ်ကဲ့ဟု ပြောလိုက်၏။ သူ့စကားအဆုံးတွင် ဝတ်စုံဖြူနှင့်သခင်မလေးဆိုသောမိန်းကလေးသည် နောက်သို့လှည့်ကာ အဆောက်အအုံကြီးအတွင်းသို့ ပြန်ဝင်ရောက်သွားတော့သည်။

လျှိုရွှေဖုံးနှ်းစိတ်များ အကြီးအကျယ် လှုပ်ရှားသွားရသည်။ မြေကြီးပေါ်သို့ ဒူးထောက်ချကာ ကန်တော့မိမတတ်ပင်ဖြစ်သွား၏။ သူသည်ငယ်ရွယ်သော်လည်း စိတ်ခေတ်ကြံ့ခိုင်သည်။ မိမိကို အထင်သေးသူများအား မုန်းတီးရှံရှာသည်။ သူတစ်

ပါး၏ ကိုယ်ချင်းစာနာမှုကိုလည်း စိုးရိမ်သည်။ သို့သော် ယခုမိန်းကလေးသည် သူ့ကိုအထင်မသေး။ သူ့ကိုသနားယူရမှာ သက်ခြင်းလည်းမရှိ။ နောင်တစ်ချိန်တွင် စိတ်မာတ်ကြံ့ခိုင်သည့် ယောကျ်ားမျိုးဖြစ်နိုင်သည်ဟုသာ ပြောခဲ့သည်။

ထိုစကားက လျှိုရွှေဖုန်း၏ နှလုံး အိမ်ကိုသံမှိုစွဲသလို စွဲထင်သွားခဲ့၏၊ သူ့စိတ်ဓာတ်ကိုပို၍ မာကျောကြံ့ခိုင်အောင် တွန်းအားပေးခဲ့သည်။

အားလိုသည် သူ့ကိုခေါ်ဆောင်သွားကာ ရေးမိုးသန့်စင်ဆေးကြောပြီး အဝတ်စအားများ လဲလှယ်ဝတ်ဆင်ပေးသည်။ လျှိုရွှေဖုန်းသည် အားလို၏ အပြုအမူကို ကြောင်လျက်သားဖြစ်နေကာ စကားတစ်ခွန်းမဆိုမိ။ အားလိုကို ကြိုက်သလို စီမံစေသည်။

အားလိုစိတ်ထဲတွင်က သိပ်ပြီး ရှင်ပျံ လန်းဆန်းခြင်းမရှိ။ အမိန့်ကို မဖီဆန်ရဲ၍သာ ပေါက်လွတ်ပဲစား ကာလကာချေ တစ်ယောက်ကို ပြုစုပေးနေရသည့်ကို မကျေနပ်။

လျှိုရွှေဖုန်းမှာ သူ့သခင်မလေးဆိုသော မိန်းကလေးကိုသာ စဉ်းစားနေမိသည်။ နောက်ပြန်လှည့် ထွက်သွားသည့်အချိန် နေရောင်ခြည်၏ အလင်းရောင်ဖြင့် သူမ၏ပါးလွှာသော ဇာပဝါနောက်ကျောပြင်ကို မြင်မိကာ ခန္ဓာကိုယ်အနေအထားကို ခန့်မှန်းမိသည်။

ဘာကြောင့်ရယ်မသိ သူ့စိတ်ထဲတွင် သန့်ရှင်းစင်ကြယ်စွာ ရှိသချစ်ခင်သည့် စိတ်ပေါ်လာ၏။ သူမနှင့်ကစ်ကြိမ်လောက် အနည်းဆုံး ထပ်တွေ့ချင်နေ၏။ ထိုတစ်ကြိမ် တွေ့ရလျှင်ပင်



သူ့စိတ်ထဲတွင် သေပျော်ပြီဟု မှတ်ထင်နေ၏။ မိန်းကလေး၏ ကျောရိပ်ကို ကြည့်ကာ လှပသော ချစ်စရာကောင်းသော သူတစ်ယောက် ဖြစ်ရမည်ဟု သူ့စိတ်ထဲတွင် ယုံကြည်နေမိသည်။

အားလိုဆိုသော အိမ်စေကြီးသည် ဆေးကြောသန့်စင်ပြီးလျှင် ဝဝတုတ်တုတ် မိန်းမကြီး တစ်ယောက်ထံသို့ လျှိုရွှေဖုန်းကို ခေါ်ဆောင်အပ်နှံသည်။ ထိုမိန်းမကြီးအနားသို့ ကပ်ပြီးလည်း စကာ တီးတိုး သတွတ်တွတ်ပြောသည်။ ထို့နောက် ပြန်လှည့် ထွက်ခွာသွား၏။

ထိုမိန်းမကြီးသည် လျှိုရွှေဖုန်းကို အဝတ်အစားများ လဲလှယ်ဝတ်ဆင်ပေးသည်။ ထိုအချိန်တွင် တံခါးအပြင်ဘက်မှ လူရိပ်တစ်ရိပ် ဖြတ်ကျော်သွား၏။ အဘော်ကို ချောမောလှပသော အရိပ်တစ်ရိပ်ဖြစ်၏။ သခင်မလေးဆိုသောမိန်းကလေး၏ အရိပ်တစ်ရိပ်ပင် ဖြစ်၏။ လျှိုရွှေဖုန်း၏ နှလုံးသားများ တဒိတ်ဒိတ်ခုန်လာ၏။

ထိုအချိန်တွင် အခန်းတွင်းသို့ လူတစ်ယောက် ဟိတ်ဟန်တကြီးဖြင့်ဝင်ရောက်လာသည်။ ထိုသူ၏ကိုယ်ပေါ်တွင် ကတ္တီပါဝတ်စုံကို သေသပ်ကျနစွာဝတ်ဆင်ထားသည်။ သူသည်အခန်းတွင်းသို့ရောက်သည်နှင့် ကျီးကြည့်ကြောင်ကြည့် ကြည့်နေ၏။

ဝဝတုတ်တုတ် မိန်းမကြီးက ပါးစုံကြီး နှစ်ဖက်အပေါ် ထောင်တက်သွားအောင် ရယ်ပြုံးလိုက်သည်။

'ကိုယ်တော်လေးပါလား၊ သခင်မလေးဒီကနေ အခုပဲ ဖြတ်သွားတယ်'

ကတ္တီပါဝတ်စုံနှင့်လူ မရယ်ချင်ပဲ ရယ်လိုက်၏။

'ဘာကိုယ်တော်လေးလဲ၊ ကျွန်တော်က ကျောက်မီသားစုထဲကို ရောက်သေးတာမှမဟုတ်ဘဲ'

'ရယ်စရာတွေ ပြောနေပြန်ပါပြီ၊ ဒါကအခန်းနဲ့အမြန် ဖြစ်လာရမယ့်ကိစ္စပဲ၊ သခင်မလေးနဲ့ ကိုယ်တော်လေးဟာ နေနဲ့လ ရွှေနဲ့မြပဲ၊ ကိုယ်တော်လေးကိုမှ မယူချင် ဘယ်သူ့ကို ယူရမှာတုံး'

ကတ္တီပါဝတ်စုံနှင့်လူ သဘောကျသွားသည်။

နွားပြာကြီး အောက်သွားမရှိသလို တဟဲ့ဟဲ ရယ်မောပြီး မိန်းမကြီး လက်တွင်းသို့ ရွှေတုံး တစ်တုံး ထည့်ပေးလိုက်သည်။

'ဒေါ်ကြီးက သိပ်စကားပြောတတ်တာပဲ၊ ဒါလေးကို လက်ခံပါနော်'

မိန်းမကြီးမျက်နှာပြင်တစ်ခုလုံး ဝင်းလက်သွားသည်။

'အို....ဒီလက်ဆောင်က တန်းဖိုးကြီးလွန်းလှပါတယ်'

'ဒုန်း'

'ဝုန်း'

'ဗွမ်း'

အသံဗလံများ ဆက်တိုက်ထွက်ပေါ်လာသည်။

လျှို့ရွှေဖုန်းသည် အရိုက်အနက် ခံထားရသည့်ဒဏ်ကြောင့် မြဲမြဲစွာမရပ်နိုင်ပဲ စင်ခုံနားထင်ဖြင့်ဝင်တိုက်မိသည်။

စင်ခုံပေါ်မှ ရေဇလုံက မှောက်သွားပြီး သူ့တစ်ကိုယ်လုံး ကိုရွဲရွဲစိုသွားစေသည်။



ကတ္တီပါနှင့်လူ မျက်မှောင်ကြုတ်သွားသည်။

'ဒီချာတိတ်က ဘယ်သူလဲ'

ဝဝတုတ်တုတ်မိန်းမကြီးက ထိုသူ ကျေနပ်စေရန် အမြင်ကပ်သောလေသံဖြင့်....

'ဘယ်က လေလွင့်ညစ်ပတ်နေတဲ့ ကောင်လေးမှန်း မသိပါဘူး၊ သခင်မလေးက သူနဲ့တွေ့မလို့တဲ့လေ'

ကတ္တီပါဝတ်စုံနှင့်လူ မျက်နှာရှုံ့မဲ့သွားသည်။

'ဒီကောင်ကို အပြင်ဘက် မောင်းထုတ်လိုက်'

မိန်းမကြီး အခက်ကြုံသွား၏

ဘာပြောရမှန်းမသိပဲ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။

ကတ္တီပါဝတ်စုံနှင့်လူက ဆက်လက်၍....

'သခင်မလေးကို ဒီလို အောက်တန်းစား ဆန်တဲ့ လူတွေနဲ့ ဘယ်တွေ့ပေးလို့ဖြစ်မလဲ၊ သူ့ကိုမောင်းထုတ်လိုက်စမ်းပါ၊ ဖြစ်လာမယ့် ပြဿနာကို ကျုပ် တာဝန်ယူတယ်'

မိန်းမကြီး သည်တော့မှ ရယ်မောလာနိုင်၏။

'ဟုတ်....ဟုတ်ကဲ့'

'ထွီ....'

လျှို့ရွှေဖုန်းက သူ့ကို မောင်းမှထုတ်ခင်ပင် တံတွေး ချက် ကြမ်းပြင်ပေါ်ထွေးချပြီး ပြေးထွက်သွားတော့သည်။

အနိုမ်ခံရသော်လည်း သူ့စိတ်တွင် နူးညံ့နေသည်။

တစ်လမ်းလုံးပြေးနေပြီး၊ ဇာပဝါနှင့် ကျောရိုက်၊ ဖြူဖွေးသန့်စင်သော ခြေထောက်၊ နူးညံ့ကြင်နာဖွယ် စကားသံတို့ကို သာ ကြားယောင်နေသည်။ ထိုမိန်းကလေးနှင့် နောက်ထပ်တစ်

ကြမ်း တွေ့ဆုံနိုင်ရန် မျှော်လင့်ချက်ကာ ကုန်ဆုံးသွားပြီဖြစ်သော်လည်း သူ့စိတ်ထဲတွင်မူ လူစွမ်းကောင်းတစ်ဦးဖြစ်အောင် ကြိုးစားမည်ဟုသော ဆုံးဖြတ်ချက်က ခိုင်မာသွားခဲ့သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကရုဏာတရားရှိသော သခင်မလေး ဆိုသူနှင့် အဆင့်အတန်း တူညီအောင် ကြိုးစားပြီး ပြန်လည်ရှာဖွေ တွေ့ဆုံမည်ဟုလည်း ဆုံးဖြတ်ထားလိုက် လေတော့သည်။

လျှို့ရွှေဖုန်းသည် ပထမဦးစွာ ဘိုးဘိုးကြီးထန်နှင့် တွေ့ဆုံ ...းခဲ့သည်။ သူ၏စိတ်ဓာတ်ခိုင်မာပုံ၊ ကိုယ်ခန္ဓာကျစ်လျစ်ပုံတို့ ...ကြည့်ပြီး ဘိုးဘိုးကြီးထန် သဘောကျခဲ့သည်။ သူတတ် ...းထားသော ပညာတို့ကိုလည်း တစ်ဦးတည်းသော တပည့် ...ဖြစ် သတ်မှတ်ကာ လျှို့ဝှက်စွာ ပညာ သင်ကြားပေးခဲ့ လေသည်။

ဘိုးဘိုးကြီးထန်ထံမှ ပညာအကုန် ရရှိပြီးသော အခါတွင် ဘိုးဘိုးကြီးထန်ကွယ်လွန်သွားခဲ့သည်။ ထို့နောက်သူလည်းသိုင်းလောကထဲသို့ ဝင်ရောက်ခဲ့သည်။ သူ သိုင်းလောကထဲ ပထမ



ဆုံး ဝင်ရောက်လာစဉ်တွင် လဲချိန်ကြိုးနှင့် ဆုံတွေ့ကာ ညီနောင်ဖွဲ့ခဲ့ကြသည်။

သူတို့နှစ်ယောက်သည် သိုင်းလောကတွင် အခက်အခဲမျိုးစုံကို ရင်ဆိုင်တွေ့ကြုံခဲ့ရသော်လည်း စိတ်ဓာတ်မလျှော့ဘဲ တက်ညီလက်ညီ ကျော်ဖြတ်ခဲ့ကြသည်။

ထိုစဉ်တုန်းက သူသည် ငယ်စဉ်ကာလက တွေ့ကြုံ ခဲ့ရသော ကရုဏာရှင် မိန်းကလေးအကြောင်းကို လဲချိန်ကြိုးအား ထုတ်ဖော်မပြောခဲ့။ ကရုဏာရှင် မိန်းကလေး၏ သတင်း ကိုလည်း စုံစမ်းရန် သတိမရသေး။ မိန်းကလေးနှင့် အဆင့်အဘန်း တူညီအောင် သူ့တက်လမ်းအတွက်သာ အားကြိုးမာန်တက် လုပ်ဆောင်ခဲ့သည်။ သူ အရွယ်ကောင်း သည့်အချိန် အောင်မြင်မှု တက်လမ်း ရှိနေသည့် အချိန်တွင် သူမအား ကျေးဇူးတုံ့ ပြန်မည်ဟုလည်း စိတ်ကူးထားခဲ့သည်။

သည့်နောက်သူနှင့်လဲချိန်ကြိုးအပါအဝင် လူခုနစ်ယောက် ဩဇာအာဏာဂိုဏ်းကို ဖွဲ့စည်း တည်ထောင်သည်။ အမျိုးမျိုးသော အခက်အခဲ ပြဿနာများ၊ အသက်လု တိုက်ပွဲများ ဆင်နွှဲပြီးမှ ဩဇာအာဏာ ဂိုဏ်းကို ထူထောင် နိုင်ခဲ့လေသည်။

လူခုနစ်ဦးထဲတွင် ငါဦး ငသ ဆုံးခဲ့သည်။

ထိုအချိန်တွင် သူသည် ကရုဏာရှင်မိန်းကလေး၏ ဂေဟာ အဆောက်အအုံသို့ သွားရောက် ရှာဖွေခဲ့သည်။ သူ အရွယ် ရောက်ပြီး အောင်မြင်မှုလည်း ကြီးကြီးမားမားပင် ရရှိနေ

ပြီမို့ သူ့စိတ်ကူးဗိမာန်လေးကိုအစောင်အဘည်ဖော်ရန်ကြိုးစားသည်။

ထိုအဆောက်အအုံသို့ ရောက်သောအခါ မိန်းကလေးသည် ကတ္တီပါဝတ်စုံနှင့် လူငယ်ကို သက်မထပ်နိုင်သဖြင့် မိသားစုထဲမှ ထွက်ခွာသွားခဲ့ကြောင်း သတင်းများကို ကြားခဲ့ရသည်။ ထိုသတင်း နောက်ပိုင်းတွင် မိန်းကလေးနှင့် ပတ်သက်သည့် အကြောင်းအရာတို့ကို သူမရတော့။ မျှော်လင့်ချက် အဆောက်အအုံ ကလေးလည်း လေထဲတွင် ပျောက်ကွယ် သွားခဲ့ရလေသည်။

သို့သော် သူ့နှလုံးသားထဲတွင်မူ ထိုမိန်းကလေး၏နွေးထွေးသောမေတ္တာတရား၊ ကရုဏာတရားကမည်သို့မျှ ပျောက်ပျက် မသွား။

အချိန်ကြာလာသည်နှင့်အမျှ ဩဇာအာဏာဂိုဏ်း၏ အင်အားက တောင့်တင်းလာသည်။ သူ့ နာမည် သတင်းကလည်း သိုင်းလောကတွင် ကျော်ကြားလာသည်။ အစုတ်စုတ် အပြတ်ပြတ်နှင့် တောင်းရမ်းစားသောက်ခဲ့ရသည့် ဘဝနှင့် အခြားနားကြီး ခြားနားလာသည်။ ကရုဏာရှင်မိန်းကလေးနှင့် ပြန်လည်ဆုံတွေ့လာလျှင် သူ့ကိုယ် ညစ်ပတ်စုတ်ပြတ် ပေရေနေခဲ့သော ချာတိတ်ကလေးဖြစ်ကြောင်း မှတ်မိနိုင်တော့မည် မဟုတ်။

သို့သော် သူ့ကိုယ်ပေါ်တွင်ကား ကရုဏာရှင်မိန်းကလေး၏ အထိန်းတော်ကြီး လဲလှယ်ဝတ်ပေးလိုက်သောအစိမ်းရောင်ဝတ်စုံကိုမူ အမြဲတစေ ဝတ်ဆင်ထားခဲ့သည်။ ကြာလာသောအခါ အကျီအရောင်က ဆေးသားကွာပြီး အဖြူရောင်ပင် သမ်းလာ



သည်။ ထွားကျိုင်းလာသော သူ့ခန္ဓာကိုယ်နှင့်လည်း မတော်တော့။ သို့တိုင် မိန်းမပျိုကလေးကို သတိရသောစိတ်၊ မိန်းမပျိုလေးကိုတွေ့လျှင် မှတ်မိနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်တို့ဖြင့် သူ့ကိုယ်ပေါ်တွင် အစိမ်းရောင်ဝတ်စုံကိုသာ အမြဲတမ်း နှစ်ခြိုက်စုံမက်စွာ ဝတ်ဆင်ထားလေသည်။

နောက်ဆုံးတွင် သူနှင့် ထိုကရုဏာရှင်မိန်းကလေးတို့ ဆုံမိကြသည်။ ကောင်းသော ဆုံမိခြင်းကား မဟုတ်။ သူ့ ဘဝအတွက် တစ်သက်လုံး စိတ်မချမ်းမမြေ့ ဖြစ်ရမည့် တွေ့ဆုံခြင်းမျိုးသာ ဖြစ်ပေသည်။

တစ်နေ့...ထိုတစ်နေ့ကား သူ့ဘဝတွင် ဘယ်နေ့ ဘယ်ခါမှ မေ့မရနိုင်သော နေ့တစ်နေ့ဖြစ်၏။

လီချိန်ကြိုးသည် အကြည်လင် အရွှင်ပျဆုံး ပြုံးလျက် သူ့ကို လာရောက်တွေ့ဆုံသည်။ သူအချစ်အနှစ်သက်ဆုံး ဇနီးနှင့်လည်းမိတ်ဆက်ပေးသည်။ လီချိန်ကြိုး၏ဇနီးသည်ကျောက်စုယုံတို့ကို တွေ့မြင်ရသောအခါ လျှို့ရွှေဖုန်းမှာ နှလုံးသားတစ်ပြုံလုံး ပါးစပ်အတွင်းမှ ခုန်ထွက် သွားရသလို ခံစားမိစားမိတော့သည်။ သူ့ဘဝအတွက်လည်း နာကြည်း ကြေကွဲမိတော့သည်။

လီချိန်ကြိုး၏ ချစ်ဇနီးကျောက်စုယုံမှာ သူအနှစ်နှစ် အသလက တိတ်တခိုးကြိတ်၍ မြတ်နိုးရသော ကရုဏာရှင် မိန်းကလေး ဖြစ်နေသောကြောင့် ပင်တည်း။

လျှို့ရွှေဖုန်းရင်ထဲတွင် လောင်မီးကျသလို ခံစားနေရသော်လည်း စိတ်ခံတက်ကြွဲခိုင်ထိန်းချုပ်နိုင်သူပီပီ ရယ်ပြုံးနှုတ်ဆက်

နိုင်ခဲ့သည်။ သူက စွဲလမ်းတကြီးဖြင့် မှတ်မိသိရှိနေသော်လည်း ပြောင်းလဲသွားသည့် သူ့ဘဝ သူ့ရုပ်ရည်ကိုမူ ကျောက်စုယုံက လုံးဝမမှတ်မိခဲ့။ ဤလူငယ်သည် သူ့စိတ်နှင့် အသက်ရှင်နေရသော သူတစ်ယောက်ဖြစ်ကြောင်း မသိရှိခဲ့။

မိမိချစ်မြတ်နိုးရသူတစ်ယောက်က မိမိ၏ အစ်ကိုလိုဖြစ်နေသော သူ၏ဇနီးခင်ပွန်း ဖြစ်သွားရသည်ကို မြင်ရလေတိုင်း သူ့စိတ်ထဲတွင် ကြိတ်ခြေမရ ဖြစ်နေရသည်။ အရာရာကို အလိုမပြည့်သလို ခံစားနေရသည်။ ဒေါသစိတ်အစိုင်အခဲက ရင်ထဲတွင် အမြဲတမ်း သန္ဓေတည်နေခဲ့သည်။

သည့်နောက် သူ့စိတ်က ကြမ်းတမ်းလာသည်။ မိမိဘာသာ အလိုမကျဖြစ်တိုင်း ရက်စက်မှုကို ပြုလာတတ်သည်။

ကျောက်စုယုံကို စွဲလမ်းသည့်စိတ် ဖြေဖျောက်နိုင်ရန် အခြားမိန်းကလေးများနှင့် အစားထိုးခဲ့သည်။ မည်မျှ ချောမောလှပသည့် မိန်းကလေး ဖြစ်စေ၊ မည်မျှကြင်နာယုယ ပြုစုတတ်သည့် မိန်းကလေးဖြစ်စေ သူ့ရင်ထဲက ချစ်၍မရခဲ့။ မေတ္တာထား၍ မရခဲ့။ အမှားအယွင်း အနည်းငယ်ပြုမိလျှင်ပင် ထိုမိန်းကလေးကို အကဲပစ်ရဲသည့် ကြမ်းတမ်းရက်စက်မှုများ ဝင်ရောက်လာသည်။

ကျောက်စုယုံနှင့် ပေါ်သက်ပြီး သူ့အသိစိတ်က လိချိန်ကြိုးကို မုန်းတီးလာသည်။ သို့သော် သူ့အသိတရားက မုန်းတီးခွင့်မပေး။ မိမိအပေါ် ညီအရင်းတစ်ယောက်လို သဘောထားသော အရာရာတွင် မိမိကို လိုက်လျောတတ်သော၊ မိမိထက် သိုင်းပညာစွမ်းရည်ပါ ထက်မြက်သော လိချိန်ကြိုးကို လေးစား



စိတ်က ပိုလွန်ကဲလာသည်။ ထို့ပြင် ကျောက်စုယုံက လိချိန်ကြိုးအပေါ် အချစ်ကြီးမှုကို တွေ့မြင်နေရပြန်သောအခါ ကျောက်စုယုံကို စိတ်မချမ်းမြေ့ဖြစ်မည်ကို သူမလိုလား၊ မဖန်တီးရက်။

သို့နှင့် လျိုရွှေဖုန်းမှာ အလိုမကျခြင်း၊ မကျေနပ်ခြင်း၊ စွဲလမ်းတမ်းတခြင်း၊ နာကြည်းကြေကွဲခြင်းတို့ကို ခံစားလျက် ရက်စက်သူတစ်ယောက်ဝသို့ ရောက်ရှိလာခဲ့တော့သည်။

* * *

လျိုရွှေဖုန်း အတွေးများက လွင့်မျောနေဆဲ။

စိတ်အာရုံ ပျံ့လွင့်နေသဖြင့် သူ့ခန္ဓာကိုယ်က ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီး ဖြစ်နေ၏။

'ညီငယ်....'

လိချိန်ကြိုး၏ ကရုဏာသံ လွှမ်းသော ညင်သာသည့် စကားသံကြောင့် လျိုရွှေဖုန်း အတိတ်မှ လန့်နိုးခဲ့ရသည်။

'ဘာဖြစ်လို့ သွေးတိတ်အောင် မလုပ်ရတာလဲ'

လိချိန်ကြိုးက ပြောပြောဆိုဆိုပင် လျိုရွှေဖုန်း၏ ဘယ်ဘက်လက်မောင်းရင်းမှ သွေးကြောမကြီးကို ထိုးပိတ်လိုက်

သည်။ တစ်ဆက်တည်းပင် အနာကို ကျပ်စည်းပေးသည်။ ထိုအချိန်တွင် လီချိန်ကြိုးမှာ လျို့ရွှေဖုန်းဆီသို့သာ အာရုံ ရောက်နေသဖြင့် မိမိကိုယ်မိမိကာကွယ်မှုပြုရန် မေ့လျော့နေခဲ့၏။

အကယ်၍ လျို့ရွှေဖုန်းကသာ လုပ်ကြံလိုက်လျှင် လက်တစ်ချက် ဆန့်ထုတ်သည်နှင့် လီချိန်ကြိုး အသက်ကို လွယ်ကူစွာ သတ်ဖြတ်နိုင်ပေသည်။ သို့သော် ကျောက်စုယုံသည် လီချိန်ကြိုး၏ ဇနီးသည်ဟူသော အသိဝင်ပြီးကတည်းက သူသည် လီချိန်ကြိုးအပေါ် ပို၍ သစ္စာစောင့်သိခဲ့သည်။ လီချိန်ကြိုး၏အန္တရာယ်ကို အသက်ပေးကာကွယ်ခဲ့သည်။ ထိုအကြောင်း အချက်များကို သိရှိနိုင်လေမည်လားဆိုသည်ကို လီချိန်ကြိုးမှ တစ်ပါး မည်သူမျှမသိ။

'ညီငယ်...မင်းဟာ ငါ့အတွက်၊ ဂိုဏ်းအတွက်နဲ့ လက်တစ်ဘက် အဆုံးရှုံးခံခဲ့ရပြီနော်'

လီချိန်ကြိုးက ကြင်နာစွာ ပြောသည်။

လျို့ရွှေဖုန်း ခပ်နွမ်းနွမ်း ကလေး ပြုံးလိုက်၏။

'ဂိုဏ်းမရှိရင် ကျွန်တော်တို့ ဘယ်ရှိနိုင်တော့မလဲ၊ ဂိုဏ်းချုပ်ကြီးမရှိရင် ကျွန်တော်တို့ တစ်တွေလဲ ဘယ်လိုလုပ် အသက်ရှင်နိုင်တော့မှာလဲ'

လီချိန်ကြိုးသည် လျို့ရွှေဖုန်း၏ ဒဏ်ရာကို ပတ်တီးစီး ပေးပြီးပြီမို့ သက်ပြင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

'မင်းစဉ်းစားကြည့်စမ်း၊ ငါသာ ဒီလိုဟန်မဆောင်ခဲ့ရင် သူတို့တစ်တွေ ပန်းခြံထဲကို ဘယ်ဖြတ်ကျော်ရဲပါ့မလဲ'

'ဟုတ်ပါတယ်၊ မထင်မှတ်ဘဲ....'



လျို့ရွှေဖုန်းစကားကို ဆက်မပြောဘဲ တွေဝေနေ၏။

လီချိန်ကြိုးက သူ့ကို ဖျတ်ခနဲ ကြည့်ပြီး ရယ်မောလိုက်၏။

'မင်းတစ်ခုခုကို စဉ်းစားနေတာ မဟုတ်လား၊ မင်းစဉ်းစားနေတဲ့အကြောင်း ငါ့ကို ပြောပြနိုင်သလား၊ ဒီကိစ္စကို တို့တစ်တွေ အတူတူ ဖြေရှင်းကြတာပေါ့၊ အရင်တုန်းကလိုပဲ အတူတူ တိုက်ပွဲဝင်ကြတာပေါ့'

လျို့ရွှေဖုန်း၏ စိတ်အစဉ်က မြူနှင်းတွေထဲတွင် လွင့်ပါးနေသလို ဖြစ်နေသည်။

ပြတ်နေသော လက်မောင်းပေါ်သို့ ညာလက်ကို တင်လိုက်သည်။

'တစ်သက်တာမှာ တိုက်ပွဲတွေ အများကြီး ကြုံတွေ့ခဲ့ရတာပဲ၊ ဒါပေမယ့် တစ်ကိုယ်တော် တိုက်ပွဲမျိုး ဖြစ်နေတယ်'

လီချိန်ကြိုး အံ့သြတုန်လှုပ်ခြင်းမရှိ။

သူ့ဘဝတွင် အထီးကျန်ဆန်မှုကို လျို့ရွှေဖုန်း အရိပ်အမြွက် ထုတ်ပြောခြင်းဖြစ်ကြောင်း သူနားလည်၏။

တိုးညင်းစွာ ရယ်မောလျက် အဝေးဆီသို့ ငေးမျှော်ကြည့် လိုက်မိသည်။

'အင်း...အခုလောက်ဆို စုယုံရောက်လာသင့်ပြီ'

လျို့ရွှေဖုန်း ဦးနှောက်တစ်ခုလုံး ဝုန်းခနဲ မြည်ဟည်းသွား သည်။

မြူနှင်းထဲမှ စိတ်အာရုံသည်လည်း လေပြည်နေခြည်တွင်းသို့ ရောက်ရှိကာ လန်းဆတ်လာသည်။

သူ့မျက်နှာတစ်ပြင်လုံး ပူစပ်ပူလောင်ဖြစ်ကာ ကျောအလယ်တွင်လည်း စိမ့်ခနဲ အေးသွားမိသည်။

ရင်တစ်ပြင်လုံးကား လျှော်တော်လဲသလို လှုပ်ခတ်သွား၏။

လီချိန်ကြီး၏ စကားသည် ကမင်းသက်သက် ပြောလိုက်သည်လား။

အမှတ်တမဲ့ ရေရွတ်လိုက်သည်လား၊ လျို့ရွှေဖုန်း မသိ။

အရာအားလုံးသည် လီချိန်ကြီးအား ဖုံးကွယ် လိမ်ညာ၍ မရနိုင်အောင်ဖြစ်နေပြီလား ဟူသော အခဘူးကမူ သူ့ခေါင်းထဲသို့ ဝင်ရောက်လာ၏။

အခန်း (၅)

---

ဩဇာအာကာဂိုဏ်းချုပ်၏ အတင်းနားထောင်ရာ ခန်းမဆောင်ကြီးကား လှုပ်ရှားမှုတို့ဖြင့် ပြည့်မွမ်းနေ၏။

ခါးမဘုရင် ယောင်ချူးစီ၊ ရေဘုရင် ကျိုရှို့စန်းတို့သည် မက်မီသားစုဝင် ကိုးဦး နှင့် အကြိတ်အနယ် တိုက်ခိုက်နေ၏။ ကောင်းစုလန်၊ ဆုန့်မိန့်ကျူးတို့နှစ်ယောက်မှာ မုယုံရှောင်ယီ၊ မုယုံရှောင်ကျင်းတို့နှင့် တိုက်ခိုက်နေကြသည်။ လီချိန်ကြီးနှင့် လျို့ရွှေဖုန်းကား နွေးထွေးသော အကြင်နာတရားများဖြင့် တစ်ယောက်နှင့်တစ်ယောက် စကားစမြည်ပြောဆိုနေကြသည်။

ထိုအချိန်တွင် မက်ကေ့မှာ ယောင်ချူးစီနှင့် ကျိုရှို့စန်းတို့၏ တိုက်ပွဲစက်ဝိုင်းအတွင်းမှ ရုတ်တရက် ခုန်ထွက်လာသည်။

လဲချိန်ကြိုးမှာ လျှို့ရှုဖုန်း ဒဏ်ရာကို ဂရုစိုက်နေသဖြင့် တိုက်ပွဲကို ကျောခိုင်းထားသည်။

မက်ကွေ့သည် တိုက်ပွဲမှ ခုန်ထွက်လာသည်နှင့် လဲချိန်ကြိုး၏ နောက်ကျောအား ဓားအိမ်ဖြင့် အမှတ်တမဲ့ဝင်ရောက် ခုတ်ပိုင်းသည်။ သူ့ဓားအိမ်မှာ ဓားမထက်ပင် ပို၍ လေးလံ၏။ ဓားချက်ကလည်း တစ်သက်တာတွင် အပြင်းထန်ဆုံး အားမာန်အပြည့် အရှိဆုံး ဖြစ်၏။

မက်ရှဲယီသည် သူ၏ ပြင်းထန်သော ဓားချက်ကို လက်နက်မဲ့ဖြင့် တုံ့ပြန်လျှင် ခံနိုင်မည်မဟုတ်ဟု ထုတ်ဖော် ပြောဖူးသည်။ မက်ရှဲယီ ခုခံနိုင်သော်ငြားလည်း လဲချိန်ကြိုး ခုခံနိုင်သည်ကို လျှို့ရှုဖုန်း ကောင်းစွာသိသည်။ အတူတူအနေကြာလာသဖြင့် သူတို့နှစ်ယောက်မှ တစ်ယောက်အကြောင်းတစ်ယောက် သိနေလို ယုံကြည်မှုလည်း ရှိသည်။ သို့အတွက် လျှို့ရှုဖုန်း ဘာမျှ မလှုပ်ရှား။ အသာပင် စောင့်ကြည့်နေ၏။

လဲချိန်ကြိုးက မက်ကွေ့ထက်ပို၍ မြန်သည်။ ပို၍အားမာန် အပြည့်ပါသည်။ နောက်သို့ ဆတ်ခနဲလှည့်ကာ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ ထိုလက်သီးကား သူ့လက်နက်ပင်တည်း။ သူ စိတ်အရဆုံး၊ အယုံကြည်ဆုံးသော လက်နက်ပင်တည်း။ သိုင်းလောကတွင် ထင်ရှားသော လက်သီးတစ်လုံးပင်တည်း။

'ဝုန်း...'

လဲချိန်ကြိုး လက်သီး တစ်လုံး ပစ်သွင်းလိုက်သည်နှင့် မက်ကွေ့၏ ဓားအိမ်မှာ တုန်လိမ်ကွေးကောက်ကာ အသုံးမဝင်တော့သည့် ဓားတစ်လက်အဖြစ်သို့ ရောက်ရှိသွားသည်။



မက်ကွေ့ မျက်နှာပျက်သွားသည်။

သူ့လက်ထဲမှ ကွေးကောက်သွားသော ဓားအိမ်လိုပင် ရှုံ့တွသွားသည်။

ထိုအချိန်တွင် ရေဘုရင် ကျိုရှို့စန်းသည် သူ့နောက်ကျောဘက်သို့ ရောက်ရှိလာသည်။

အင်္ကျီလက်ရှည်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး သူ့လည်ပင်းကို ရစ်ပတ်သည်။

သို့သော်....

သူ့အင်္ကျီစ မဝှေ့ယမ်းခင် အချိန်မှာပင် မက်ကွေ့သည် ကပျာကယာ နောက်သို့လှည့်ပြီး ကျိုရှို့စန်းကို တိုက်သည်။

သူ့လက်ထဲတွင် တုန်လိမ်နေသော ဓားအိမ်မရှိတော့။

ဓားငှနောင့်သာရှိသော ဓားမှကာသာ လက်နက် အဖြစ်ရှိနေ၏။

ဒင်းလျှင်အမြန်ပင် ကျိုရှို့စန်း၏ ဝမ်းဗိုက်ကိုလှမ်းထိုးသည်။

လဲချိန်ကြိုး လက်ပိုက်ကြည့်မနေနိုင်။ ဆတ်ခနဲ လက်ကို ဆန့်ထုတ်ကာ မက်ကွေ့၏ သွေးကြောကို ဖမ်းချုပ်လိုက်သည်။

သွေးကြောကို ဖမ်းချုပ်လိုက်သည်နှင့် သူ့ရာထဲတုန်လှုပ်သွားရ၏။

မက်ကွေ့၏ အတွင်းအားက လွန်စွာနက်ရှိုင်းနေပြီး သူ၏ ပြင်ပ ပုံသဏ္ဌာန်နှင့် များစွာကွာခြားနေသည်။

အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်း။

ထောင်ချောက် တစ်ခုခုများ ပေလား။

လ^ချိန်ကြိုး စိတ်ထဲအလျင်အမြန် စဉ်းစားလိုက်စဉ်မှာပင် ပြောင်းလဲမှုများ ဖြစ်ပေါ်လာ၏။

လက်နက်ပုန်း လေတိုးသံများက သူ့နောက်ကျောဘက်မှ ဝင်ရောက်လာသည်။

လက်နက်ပုန်း ပစ်ခတ်သူသည် သူနှင့် နှစ်ပေခန့် အကွာလောက်တွင်ဖြစ်နေ၏၊

လက်နက်ပုန်း ပစ်ခတ်နိုင်မှု စက်ကွင်းသည် သူ့အတိုင်းအတာနှင့် သူရှိသည်။

သိပ်ဝေးလျှင် ထိရောက်မှုမရှိသလို နီးလွန်းလျှင်လည်း ပစ်ခတ်၍ မရ။

လက်တစ်ကမ်းအကွာမှ ပစ်ခတ်လျှင် ရန်သူသည် သူ့သက်မထုတ်ခင်မှာပင် တိုက်ကွက်ထုတ် အနိုင်ယူသွား နိုင်ပေသည်။

သို့သော်....

ယခု လက်နက်ပုန်း ပစ်ခတ်သူသည် နီးလွန်းလျှင်ကြုံတွေ့ရမည့်အခက်အခဲကို ကျော်လွှားအောင်မြင်ခဲ့ ဟန်တူသည်။

ခရီးတို လက်နက်ပုန်းကို တိကျသေချာစွာ ပစ်ခတ်လာ၏။

ထိုသို့သော တိုက်ခိုက်မှုကို မည်သူမျှ ရှောင်တိမ်းနိုင်မည် မဟုတ်။

ဤမျှ တိုတောင်းသော အကွာအဝေးအတွင်း လက်နက်ပုန်း ပစ်ခတ်သူမှာ မည်သူမျှ ထင်မှတ်မထားသော သူတစ်ယောက်ဖြစ်၏။



လ^ချိန်ကြိုးက ဝင်ရောက်ကယ်တင်ပေးနေသည့် ကျ^ရှို့...န်းပင်တည်။

တစ်ပြိုင်နက်တည်း အချိန်မှာပင် မက်ကေ့သည် ရှိသမျှ...အားမာန်တို့ကို ထုတ်ညှစ်တိုက်ထုတ်လိုက်၏။

သူ့အင်္ကျီမှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေကာ သူ့ခန္ဓာကိုယ်က တစ်ဆခန့် ပို၍ကြီး...သလို ထင်မှတ်ရ၏။

သူ့လက်နှစ်ဖက်သည် ပြာနှမ်းနှမ်း အရောင်သို့ ပြောင်း...လဲသွားသည်။

လ^ချိန်ကြိုး အံ့အားသင့်သွား၏။

သဲနီလက်ဝါး၊ သံနက်လက်ဝါး သံလက်ဝါး ဝိညာဉ်နုတ်...ဝါးတို့ကို တွေ့ဖူးသော်လည်း အပြာရောင် လက်ဝါးကို...သူမတွေ့ဖူး။

ရန်သူက ရှေ့နောက်မှ ညှင်ပူညှပ်ပိတ် တိုက်ခိုက်လာ...သည်။

တိုက်ခိုက်သူသည် ထန်ကျွဲထက်အဆသင့်မနိမ့်။

သူဘာလုပ်ရမည်မသိ။ ရှောင်တိမ်းရန် အချိန်မမီတော့။

ထိုသို့တောင်းလှသော အချိန်မှာပင် မာဖီသံတစ်ချက်နှင့်...အတူ ခါးစည်းကြိုးရှည်တစ်ချောင်းက ကျ^ရှို့စန်းပစ်လွှတ်...လိုက်သော ရွှေရောင်အကြေးခွံငါးခုကို ရစ်ပတ်သွားသည်။

...တစ်ချိန်တည်းမှာပင် မက်ကေ့၏လက်ဝါးက လ^ချိန်ကြိုး...၏ ရင်ဘတ်ကို ထိမှန်သွားသည်။

'ပြောင်း'

'ယား'

လဲချိန်ကြိုး အော်ဟစ်ကာ နောက်သို့ဆုတ်လိုက်၏။

သူ့ခန္ဓာကိုယ်က ကျီရှို့စန်းကို ဝင်တိုက်ပြီး နှစ်ယောက်စလုံး နောက်သို့ပြိုင်တူ ဆုတ်ခွာသည်။

လက်ဝါးတမူ နောက်သို့မဆုတ်။ မက်ကွေ့၏ဘယ်ဘက်လက်မှ ပြုတ်ထွက်ကာ လဲချိန်ကြိုးထံသို့ ထပ်ကြပ်မကွာ လိုက်ပါသွားသည်။

မက်ကွေ့သည် ညာလက်ဖြင့်သာ သူ၏ဓားမကို ဆုတ်ကိုင်ထားခဲ့သည်။

လူအားလုံးအာရုံမှာ လက်နက်ရှိသော ညာလက်ဆီသို့သာ ကရှုထားနေ၏။

သူ၏ဘယ်ဘက်လက်ကို မည်သူမျှသတိထားမိမည် မဟုတ်။ အမှန် တကယ်တွင်ကား သူ့ဘယ်ဘက်လက်သည် အတုဖြစ်သလို လက်နက်ပုန်းလည်း ဖြစ်နေပေသည်။

လဲချိန်ကြိုးသည် နောက်သို့ဆုတ်ရင်းမှ ဆတ်ခနဲဒူးထောက်ထိုင်ချလိုက်၏။

အပြာရောင်လက်အတုကြီးက ကျီရှို့စန်းထံသို့ ဝှီးကနဲ ခပြေး ဝင်သွား၏။

ကျီရှို့စန်းကလည်းခေသူမဟုတ်။ လဲချိန်ကြိုး၏ ဝင်တိုက်ဆောင့်မြင် ခံလိုက်ရသော်လည်း ကျွမ်းတစ်ချက်ပစ်လိုက်သဖြင့် အပြာရောင်လက်အတုက သူ့ခန္ဓာကိုယ်အနီးမှ ကျော်ဖြတ်သွားသည်။

ထို့နောက်လဲချိန်ကြိုးနှင့် ကျီရှို့စန်းတို့ မြေကြီးပေါ် ပြန်ကျလာ၏။



ထိုအချိန်တွင်မင်လူရိပ်တစ်ရိပ်က ကျီရှို့စန်းထံသို့လွှားခနဲ ခုန်ဝင်သွားသည်။

လျှို့ရွှေဖုန်း ရင်ထဲတုန်လှုပ်သွား၏။

သူ့မျက်လုံးအိမ်ထဲတွင် သူ့နှလုံးသားထဲတွင် ကရုဏာရှင်သခင်မလေး၏ ကျောရိပ်။

ကျောက်စုယုံ၏ ကျောရိပ်။

* * *

ကျီရှို့စန်းသည်မြေကြီးပေါ်သို့ ခြေချမိသည်နှင့် ရွှေရောင်ဝါးအကြေ ပြား ဆယ့်ခြောက်ပြားခန့်ကို ရုတ်တရက်ပစ်လွှတ်လိုက်သည်။

သူပစ်လွှတ်လိုက်ချိန်နှင့် ကျောက်စုယုံ ခုန်ဝင်လာချိန်တာ တစ်ဆက်တည်းလိုလို ကျနေသည်။

ကျောက်စုယုံမှာ ဤမျှတိုတောင်းသောအချိန်ကာလအတွင်း ကျီရှို့စန်းက လက်နက်ပုန်းဖြင့် ပစ်ခတ်လာနိုင်လိမ့်မည်ဟု မထင်ခဲ့။

ကျောက်စုယုံသည် ဤမျှတိုတောင်းသော အကွာအဝေးအတွင်း ဤမျှများပြားသော လက်နက်ပုန်းတို့ကို ဖမ်းနိုင်မည်

မဟုတ်။ ထို့ပြင်ပေါ်ခတ်လာသော လက်နက်ပုန်းက ရွှေရောင်ငါး အကြေးပြားလက်နက်ပုန်းဖြစ်၏။

ရွှေရောင်အပြားများက သုံးချပ်တစ်တွဲ သုံးချပ်တစ်တွဲဖြင့် ခန္ဓာကိုယ်တစ်ဝိုက်ကို တိုက်ခိုက်လာသည်။

ဤသို့သော ရွှေရောင်ငါးအကြေးခွံ လက်ပုန်းမျိုးကို သိုင်းလောကတွင်ထန်မိသားစု တစ်စုသာ အသုံးပြုနိုင်၏။

ထို့ပြင် ထန်မိလားစုထဲတွင်လည်း တစ်ယောက်တည်းသာ အသုံးပြုနိုင်၏။

ထိုသူကား တချွေပမာပေါ်လာလိုက် ပျောက်သွားလိုက်နှင့် ကိုယ်ရောင်ဖျောက် လျှို့ဝှက်လွန်းသော ထန်ကျင်းစန်းဖြစ်ပေသည်။

ကျောက်စုယုံသည် လီချိန်ကြိုးမသေသေးသည်ကိုတွေ့လိုက်ရခြင်း၊ လီချိန်ကြိုးအန္တရာယ်အတွင်း ကျရောက်ရင်ဆိုနေပြီကို တွေ့လိုက်ရခြင်း တို့ကြောင့်သိုင်းပညာ ပြန်ကောင်းလာခဲ့သည်။

စိတ်မာန်တက်ကြွကာ အတွင်းအားလည်း ပြန်ပြည့် လာခဲ့သည်။

လီချိန်ကြိုး အတွက်ဆိုလျှင် သူသည် အသေခံရန် အသင့်ရှိနေ၏။

လေထဲတွင် ခုန်အုပ်နေချိန်တွင်ပင် ရွှေရောင်ငါး အကြေးခွံ လက်နက်ပုန်း ဆယ့်နှစ်ခု ဟန့်တားလိုက်နိုင်၏။

ကျန်လက်နက်ပုန်းများကိုမူ သူ မဖယ်ရှားနိုင်။



လီချိန်ကြိုး သေမည့်အစား ထိုလက်နက်ပုန်းများ အထိခံကာ လီချိန်ကြိုးကိုယ်စား သူသေလိုက်မည်ဟု ဆုံးဖြတ်ထားသည်။

လက်နက်ပုန်း လေတိုးသံများကို သူ အဆက်မပြတ် ကြားနေရသည်။

သို့သော်....

သူ့မအသားပေါ်တွင် နာကျင်ခြင်း မလုံးဝရှိ။

အကြောင်းဟူမူ ဝတ်စုံစိမ်းနှင့် လူတစ်ယောက်သည် မ၏ကိုယ်ပေါ်သို့ ခုန်လွှား အုပ်မိုးထားလိုက်သောကြောင့် ဖြစ်ပေသည်။

ရွှေရောင်ငါး အကြေခွံ လက်နက်ပုန်းများအားလုံးထိုသူ၏ ခန္ဓာ ကိုယ်ပေါ်သို့ ထိမှန်ဝင်ရောက်သွားသည်။

ထိုသူမှာ နာကျင်ခြင်း လုံးဝမရှိ။

ထန်မိသားစု၏လက်နက်ပုန်းသည် သေဖို့သာရှိနေ၏။

နာကျင်ခြင်းမရှိချေ။

ထိုဝတ်စုံစိမ်းနှင့်လူကား လျှို့ရွှေဖုန်းပင်တည်း။

လျှို့ရွှေဖုန်း ရင်ထဲတွင် နွေးထွေးသွားသည်။

သူတစ်သက်လုံး စွဲလမ်းခဲ့သော နောက်ကျောရိပ်ကို ထိတွေ့နိုင်ခဲ့ပြီး သူမြတ်နိုးခဲ့ရသော သူတစ်ဦး ၏ အန္တရာယ် ကာကွယ်ပေးနိုင်ခဲ့ပြီး သူ့စိတ်တွင် ယနေ့လောက် ကြည်နူးမိန်းမောမှုမျိုး မဖြစ်ခဲ့ချေ။

အကြေးပြားနှစ်ပြားက သူတို့ခန္ဓာကိုယ်ကို မထိမှန်။

အချို့ထိမှန်သော ကြေးပြားများက သံမဏိ အကွင်းခံ အင်္ကျီ ကြောင့် အပြင်သို့ လွင့်ကန်ထွက်သွားကြသည်။

ဘယ်ဘက်ခြေမျက်စိ၊ ညာဘက်ပေါင်၊ ညာဘက် ဒူးဆစ်နှင့် ဝမ်းဗိုက် တွင်းသို့ကား တစ်ချက်စီ ထိမှန် ဝင်ရောက်ခဲ့ရသည်။

ထို့ပြင် နှစ်ချပ်က သူ့လည်ဂုတ်နေရာနှင့် တစ်ချပ်က သူ့ပါးပြင်ထဲသို့ စိုက်ဝင်ခဲ့ရသည်။

သူလှုပ်ရှားလိုက်သည်နှင့် သွေးများက စိမ့်ထွက် လာသည်။

သွေးအရောင်က နီကျဲကျဲ ဖြစ်နေ၏။

လျှို့ရှေဖုန်း ရယ်မောလိုက်သည်။

ဂိုဏ်း ချုပ်ကြီးအဘွက်သူ့ ဘယ်ဘက်လက်ကိုစတေး ခံခဲ့ထေသည်။

ကျောက်စုယုံအတွက်သူ့ အသက်ကို အဆုံးရှုံးခံခဲ့သည်။

သူ့စိတ်ထဲတွင် သေရကျိုးနပ်သည်ဟု ခံစားမိသည်။

သူ့ကို သတ်ဖြတ်သူကလည်း ထန်ကျွင်းစန်း။

ထန်မိသားစု၏ အဆင့်မြင့်ပုဂ္ဂိုလ်ဘစ်ဦး၏သက်ချက်ကြောင့် သေလျှင်လည်း သူ့အတွက် အသေဖြောင့်နိုင်သည်။

သို့သော်....

သူ့နှုတ်ဖျားမှ စကားတစ်ခွန်းလောက်တော့ ပြောသွားချင်သည်။

တစ်ချိန်က အရှိုင်းအစိုင်းချာတိတ်ကလေး၊ အစေခံများရိုက်နှက်မှုကြောင့် သွေးယိုစီးကျလာခဲ့ရသည့် တောင်းရမ်း စားသောက်ခဲ့ရသူကလေး။



မျက်နှာပေါ်မှ သွေးများကို ကျောက်ကိုယ်တိုင်တိုသုတ် ပေးခဲ့ရသည့် အိမ်ခြေ[illegible] ကျောက်စုယုံအား [illegible]

သို့သော်....

သူမပြောနိုင်ချေ။

သူ့နှုတ်ဖျားမှ စကားတစ်ခွန်းမျှ ထွက်ပေါ် လာနိုင်ခြင်း မရှိချေ။

* * *

အမှန်တကယ်တွင် လီချိန်ကြိုးသည် ကျိုရှို့စန်းကို အေးအေးဆေးဆေးပင် ထိန်းချုပ်နိုင်၏။

ကျိုရှို့စန်း၏ ရွှေရောင်သား အကြေးခွံပြားက မြန်ဆန်ပေမယ့် သူ့လက်သီးက ပို၍ မြန်ဆန်လှသည်။

တုံ့ပြန်မှု တစ်ချက်ကလေးနှေးသွားရခြင်းသည် မက်ကျေ့၏ လက်ဝါး ရိုက်ချက်တစ်ချက် ထိမှန်ခံခဲ့သောကြောင့် ဖြစ်သည်။

ထိုလက်ဝါးကို နောက်သို့ ခုန်ရှောင်ရင်း လက်ဝါးအားတစ်ဝက်ကို ကျိုရှို့စန်း၏ ခန္ဓာကိုယ်ပေါ်သို့ ပို့လိုက်၏။

သို့သော်....

လက်ဝါးမှ အဆိပ်ကြောင့် တုံ့ပြန်မှုအနည်းငယ် နှေးသွားရသည်။

ထိုနှေးသွားရခြင်းကမျက်စိတစ်မှိတ် လက်ဖျစ်တစ်တွတ်စာလောက်သာ ကွာခြား၏။

သူ့လက်သီးကိုမူ ဝှေ့ယမ်းလိုက်ပြီး ဖြစ်နေသည်။

ကျောက်စုယုံကို ကယ်တင်လိုက်သော်လည်း မရနိုင်တော့။

ထိုအချိန်တွင် လျှိုရွှေဖုန်းက ကျောက်စုယုံ့ရှေ့မှ ဝင်ရောက်အုပ်မိုး ဟန့်တားလိုက်သည်။

သူ့လက်သီးချက်ကြောင့် ကျိုရှို့စန်း လဲကျသွားခဲ့လေသည်။

မက်ကွေ့ တုန်လှုပ်သွား၏။

သူ့စိတ်ထဲတွင် ဆုံးဖြတ်ချက် တစ်ခုကို အပိုင်အနိုင် ချလိုက်သည်။

သည်တစ်ကြိမ်တွင် ထန်မိသားစု၏နှစ်ပေါင်း ခြောက်ဆယ်အတွင်း သိုသိုသိပ်သိပ်နှင့် တုန်လှုပ်ဖွယ်ကောင်းသော လုပ်ကြံမှုကို အကောင်အထည် ဖော်လိုက်ခြင်းဖြစ်၏။

အချိန်ကြာကြာ နှစ်ကြာကြာဖြင့် သည်းညည်းခံ လုပ်ကြံသည့်တိုင် သူတို့၏ အစီအစဉ်က မအောင်မြင်ခဲ့။

လုပ်ကြံ ခြင်းသည် ယောကျ်ား မဆန်သော လုပ်ရပ်ဖြစ်၏။

ယောကျ်ားမဆန်သော သူရဲကောင်းမဆန်သော လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့်တိုင် အောင်မြင်မှုမရှိခဲ့။



မက်ကွေ့၏ ရင်ထဲတွင် တုန်ယင်သော ခံစားမှုနှင့် ရှုံးနိမ့်ခြင်း၏ အရသာကို တွေ့ထိခံစားနေရသည်၊

အောင်မြင်မှုမရလျှင် အသက်လစ်ထွက်သွားရမည် ဆိုသောအခြေအနေကိုလည်း သူသိထားသည်။

'ညီလေးလျို'

လီချိန်ကြိုး ဆို့နင့်ကြေကွဲသောအသံဖြင့် အော်ဟစ်လိုက်သည်။

ကျောက်စုယုံမှာ ယခုပင် သူ့ရှေ့တွင် ဆီးခံ ထားသူသည် လျှိုရွှေဖုန်း ဖြစ်ကြောင်း သိရှိလိုက်ရတော့သည်။

သူမရင်ထဲ လှုပ်ခတ်သွားမိသည်။

လျှိုရွှေဖုန်းကို လီချိန်ကြိုး၏ ယုံကြည် ကိုးစားမှု ယူပြီး သစ္စာဖောက် တစ်ယောက် ဖြစ်သွားမှာ သူမ စိုးရိမ် မိခဲ့လေသည်။

လျှိုရွှေဖုန်းသည် သူမကို တစ်စုံတစ်ရာ သိုသိပ် လျှို့ဝှက်ထားသည်ဟုလည်း စိတ်ထဲ၌ ခံစားနေမိသည်။

လီချိန်ကြိုး၏ ခန္ဓာကိုယ် ကျောခပေးလိုက်သည့်အခါတိုင်း လျှိုရွှေဖုန်း၏မျက်ဝန်းအစုံတွင် ရက်စက်တော့မည့် အရိပ်အယောင်မျိုး ဖြစ်ပေါ်လာသည်ကို သူမ အမြဲ သတိပြုမိသည်။

ထိုထိန်ဝှက်ထားသည့် အရာကား သူမကိုတိတ်တခိုး ချစ်နေခြင်းဖြစ်ကြောင်း မသိချေ။

ထိုရက်စက်မည့် မျက်နှာအမူအရာသည် လျှို့ရှေ့ဖုံး၏ရင်ထဲမှ နာကျင်ခြင်းကို ဖော်ပြနေခြင်း ဖြစ်ကြောင်း ကျောက်စုယုံ မသိ။

ယနေ့ သူ့မျက်စိနှင့် တတ်အပ် မြင်တွေ့ခဲ့ရ သည်ကား ခင်ပွန်းသည်၏ ဝိညာဉ်စင်ရှေ့တွင် နောက်ဆုံး အချိန် အထိ အသက်ကို ငဲ့ခနမထားဘဲ နှစ်တိုက်ခိုက်နေသူမှာ လျှို့ရှေ့ဖုန်း ဖြစ်နေ၏။

လျှို့ရှေ့ဖုန်းအပေါ် တင်ရှိနေသော သံသယ သည်လည်း အငွေ့အဖြစ် လွင့်စဉ် ကွယ်ပျောက်သွားရ၏။

လျှို့ရှေ့ဖုန်း၏ တစ်ကိုယ်လုံးတွင် သွေးအလိမ်းလိမ်း ဖြစ်နေသည်။

သူမထံသို့ မျှော်ကြည့်နေသည့် မျက်လုံးအစုံကို တွေ့ရလျှင် ကျောက်စုယုံ ဝမ်းနည်းစိတ်မကောင်း ဖြစ်လာရသည်။

ဤမျက်လုံး တစ်စုံကို တရင်းတနှီး သိကျွမ်းခဲ့ဖူးသည် ဟုလည်း ခံစားလာရ၏။

သေခါနီး အချိန်သို့ ရောက်သည့်တိုင် တစ်ချက်လေး ညည်းညူခြင်းမရှိသည့် ကြံ့ခိုင်ပြတ်သားသော သတ္တိမျိုးကို မြင်တွေ့ဖူးသည်ဟု ခံစားလာရသည်။

ထိုအချိန်တွင် လီချိန်ကြိုးသည် ရှေ့သို့ ရိုင်ခနဲ ပြေးတက်သွားပြီး လျှို့ရှေ့ဖုန်း၏ ခန္ဓာကိုယ်ကို ဖေးမ ပေးထားလိုက်လေသည်။

ကျောက်စုယုံသည် လီချိန်ကြိုး၏ နံဘေး နောက်နားလောက်တွင် ဒူးထောက်ထိုင်ချလိုက်သည်။



သူ့လက်နှစ်ဖက်က ဒူးပေါ်သို့ တင်ထားပြီး သူ့ ဆံနွယ်များက ပါးနှင့်ဖက်ပေါ်သို့ ဝဲကျနေသည်။

မက်ကေ့သည် လွတ်မြောက်ရန် ဆုံးဖြတ်ပြီးကာမှ လီချိန်ကြိုးဘက်သို့ လှည့်ကြည့်လိုက်မိသည်။

လီချိန်ကြိုး၏ မျက်နှာက နာကြည်းဝမ်းနည်းမှု အပြည့်ရှိနေသည်။

လျှို့ရှေ့ဖုန်း သေဆုံးသွားရသည့်အတွက် တိုက်ခိုက်လိုစိတ် လုံးဝ ကင်းပျောက်သွားရသလိုရှိ၏။

ကျောက်စုယုံသည်လည်း ဝမ်းနည်းလွန်းကာ ခါတိုင်းအချိန်လို ဖျတ်လတ်မှုမရှိ။

မက်ကေ့ ခေါင်းထဲ ဖျတ်ခနဲ စဉ်းစားလိုက်၏။

ဤဇာတ်အာကာဂိုဏ်းမှ လီချိန်ကြိုးကို ဖြစ်စေ၊ ကျောက်စုယုံကို ဖြစ်စေ၊ လျှို့ရှေ့ဖုန်းကိုဖြစ်စေ တစ်ဦးဦး ကို သတ်ပစ်နိုင်လျှင် သိုင်းလောကတွင် နာမည်ကြီး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နိုင်ပေသည်။

ထိုအတွေးကြောင့် မက်ကေ့ရင်ထဲ လှုပ်ခုန်သွားသည်။

သူတို့သည် သည်းခံသိုသိပ်စွာ လှုပ်ရှားခဲ့သည့် အစီအစဉ်သည် တစ်ဝက်ဆုံးရှုံးသွားပြီဖြစ်၏။

ကျိုရှို့စန်းသေဆုံးသွားခဲ့ပြီ။

ကျန်လှုပ်ရှားမှု၏ တစ်ဝက်ကား သူ့တာဝန်သာ ဖြစ်ပေသည်။

ဤတာဝန်ကို ကျေပွန်လျှင် ထန်မိကားစု၏ အာဏာကို သူ့နောင်တော်ဆီမှ လုယူနိုင်တော့မည် ဖြစ်၏။

ထိုစိတ်ကြောင့်ပင် မက်ကွေ့သည် လီချိန်ကြိုး တို့အား အလစ်ဖမ်းကိုတ်ခိုက်ရန် ဆုံးဖြတ်သွားလိုက်သည်။

ထိုအချိန်လေးအတွင်းမှာပင် ကြည်လင်နေသော အသံက လေး တစ်သံက ရုတ်တရက် ပေါ်ထွက်လာတော့သည်။

'ဦးလေးလတ်'

မက်ကွေ့ တုံ့ခနဲ ဖြစ်သွားသည်။

ထိုအသံရှင်ကို သူကောင်းစွာ သိသည်။

သူ၏တူတော် ထန်ဖန်း၏ အသံပင်တည်း။

စုချမ်းနယ်၏ ထန်မိသားစုတွင် ဒုတိယမျိုးဆက် ကိုယ်တော်ကြီး ငါးယောက်ရှိသည်။

ထန်ရှောင်စွန်း၊ ထန်တိန်းကျိ၊ ထန်ကျင့်ရှာ၊ ထန်ကျွင်းစန်းနှင့် ထန်ကျွင်းချူးတို့ ဖြစ်ကြသည်။

ထန်မိသားစု၏အတွင်းအပြင်ကိစ္စအဝဝကိုကို သူတို့ငါးဦး က ဦးဆောင်ဖြေရှင်းခဲ့သည်။

မယ်မယ်ကြီးတန့်မှလွဲလျှင် သူတို့ငါးဦးသည် ထန်မိသားစု၌ အာဏာအရှိဆုံး ဖြစ်၏။



ထန်တိန်ကျိတွင် ချစ်စဖွယ်ကောင်းသော အဲ့နာမည်တစ်ခု ရှိသည်။

လက်မြန်တစ်ထောင် မီးအိမ်ရှင် ဟူ၏။

မီးအိမ်ရှင်မှာ သူ၏ လက်နက်ပုန်း ဖြစ်သည်။

လက်မြန်တစ်ထောင်ကလည်း သူ့ လက်နက်ပုန်းတစ်မျိုးပင် ဖြစ်သည်။

လက်မြန်တစ်ထောင်ကား သူ၏ ဘယ်ဘက်လက်ဖြစ်၏။

တစ်ချိန်က သူသည် ရန်သူကို ဘယ်ဘက်လက်မောင်း ခုတ်ဖြတ်ကာ ခန္ဓာကိုယ်မှ လွင့်စဉ်စေလျက် ပစ်ခတ်တိုက်ခိုက် ခဲ့ဖူးသည်။

ထိုတိုက်ကွက်ကြောင့် ရန်သူကိုလည်း အနိုင်ယူစေခဲ့သည်။

လူတစ်ယောက်သည် မိမိ၏ လက်မောင်းကို ခုတ်ဖြတ်ပြီး လက်နက်ပုန်းလုပ်လာသည်ကို ကြည့်ခြင်းဖြင့် ထိုလက်နက်ပုန်း၏ တန်ဖိုးထက်မြက်ပုံကို သိနိုင်ပေသည်။

လီချိန်ကြိုးသည် အဝိုက်မိကာ လက်မြန် တစ် ထောင် ၏ တိုက်ကွက်အမိခံရကာ အဆိပ်သင့်သွား၏။

သို့သော် သူ့အတွင်းအားက အလွန် အဆင့်မြင့်လွန်းလှပြီ ဖြစ်သည်ဖြင့် လက်အတု၏ အတွင်းအားအဟုန်ကို နောက်ဘက်မှ ကျိရှို့စန်းထံသို့ ပို့လွှတ်ခဲ့သဖြင့် အဆိပ်က သူ့ခန္ဓာကိုယ် ထဲသို့ မဝင်နိုင်ချေ။

အနည်းငယ် အဟာန့်အတားတော့ဖြစ်သွားခဲ့သည်။

ယခုတစ်ဖန် လျှို့ရှေဖုန်းအပေါ် အာရုံစိုက်နေသဖြင့် အနည်းအကျဉ်း သင့်ခဲ့ရသော အဆိပ်က သူ့ခန္ဓာကိုယ်အတွင်းမှ အကုန် အပြင်မထုတ်နိုင်သေး။

ထိုအချက်ကို မကာကွေ့ တစ်ဖြစ်လဲ ထန်တိန်ကျိ သိသည်။

ထို့ကြောင့် အသက်စွန့်ကာ အန္တရာယ်ကို ရင်ဆိုင်ကြည့်မည်ဟု ဆုံးဖြတ်ခဲ့သည်။

ထိုအချိန်မှာပင် အော်သံတစ်သံက ထွက်ပေါ်လာသည်။

ထိုအော်သံက သူ့အစ်ကို ထန်ရှောင်၏ သမီး ထန်ဖန်း၏ အသံဖြစ်နေပေသည်။

ထန်မိသားစု၏ အားကောအမြင့်ဆုံး မယ်မယ်ကြီးထန်ဘည် ထန်ဖန်းကို အချစ်ဆုံး ဖြစ်၏။

ထန်ဖန်း၏ ဖခင် ထန်ရှောင်စွန်ကလည်း မယ်မယ်ကြီးထန်၏ အရိုက်အရာကို ဆက်ခံနိုင်သူတစ်ယောက် ဖြစ်ပေသည်။

ထန်ဖန်းသည် ဝိုးမစောင်မပေါ်တွင် မြွေဘုရင်၏သက်ချက်ဖြင့် အဆိပ်သင့်ခဲ့သည်။

ထိုအဆိပ်ကို မယ်မယ်ကြီးထန် ကိုယ်တိုင်ပင် ဖြေပေးခဲ့သည်။

သည့်နောက်ပိုင်းတွင် မယ်မယ်ကြီးထန်က ထန်ဖန်းကို သိုင်းလောကအတွင်းသို့ သွားရောက်စေခြင်းမပြုဘဲ ရဲတိုက်တွင်သာ နေစေခဲ့သည်။

ထန်ဖန်း မနေနိုင်။

ရှောက်ချူးရွှေကို သက်ရောက်သော စိတ်ဖြင့် ရှုပ်ပြောင်းရှုပ်လှဲ ပြုလုပ်ကာ သိုင်းလောကထဲသို့ ထွက်လာခဲ့သည်။



သူသည် ရှောက်ချူးရွှေနှင့် ကျောက်စုယုံတို့ အပေါ် သံသယဖြစ်ကာ လေ့လာစောင့်ကြည့်ခဲ့သည်။

ထိုအခါ ရှောက်ချူးရွှေနှင့် ကျောက်စုယုံတို့၏ ရိုးသားဖြူစင်သော မိတ်ဆွေကောင်း ပီသမှုကို တွေ့ခဲ့ရသည်။

လီချိန်ကြိုးအပေါ် ရှောက်ချူးရွှေက မိတ်ရင်း ဆွေရင်း တစ်ယောက်လို လေးစားသည်ကို သိခဲ့ရသည်။

သို့နှင့် သူသည် ဝတ်စုံစိမ်းဝတ် လူတစ်ယောက်အဖြစ် ဟန်ဆောင်ကာ လီချိန်ကြိုး သေဆုံးသည့်သတင်း ကျောက်စုယုံကို ပေးသည်။

ထို့နောက် ကျောက်စုယုံအား သူသည်ထန်ဖန်းဖြစ်ကြောင်း တီးတိုးထုတ်ဖော် ပြောဆိုကာ ညီဇာအာကာဂိုဏ်းသို့ အတူတကွ သွားရောက်ရန် ပြောဆိုခဲ့သည်။

ကျောက်စုယုံ ယုံကြည်စွာပင် လိုက်ပါလာသည်။

ထန်ဖန်း သူ့ဇစ်မြစ်ကို ရှောက်ချူးရွှေအား ထုတ်ဖော် ပြောပြခြင်းမပြုခဲ့။

ရှောက်ချူးရွှေသည် လီချိန်ကြိုးနှင့် ကျောက်စုယုံတို့ကို မိတ်ဆွေကောင်းအဖြစ် သတ်မှတ်ထားသည်မို့ ယခုအချိန် ဆိုလျှင် ရောက်လာသင့်ပေပြီ။

ရှောက်ချူးရွှေ ဘာကြောင့် ရောက်မလာနိုင်ရသည်ကို ထန်ဖန်း မစဉ်းစားတတ်။

ခန်းမဆောင်၏ အဝင်ဝနားတွင် ငေးကြောင်ကာ တိုက်ပွဲ အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

သူတို့ရောက်လာသောအခါ ထန်မီသားစုက ဩဇာအာဏာဂိုဏ်းကို လှုပ်ရှားတိုက်ခိုက်နေပြီ ဖြစ်သည်။

လျှို့ရွှေဖုန်း လဲကျသွားသည်။

သူ့ဦးလေးငယ်လည်း လီချိန်ကြိုး လက်ချက်ဖြင့် သေဆုံးခဲ့သည်။

လီချိန်ကြိုးနှင့် ကျောက်စုယုံတို့သည် လျှို့ရွှေဖုန်း သေဆုံးခြင်းအတွက် အလွန်ပင် ဝမ်းနည်းကြေကွဲနေရသည်။

ထိုအခွင့်ကောင်းကိုယူကာ သူ့ဦးလေးမကျေနပ်ဘဲ ဟန်ဆောင်ထားသော ထန်တိန့်ကျိုးက တိုက်ခိုက်တော့မည်ကို သူ့စိတ်ထဲ အလိုလိုသိနေသည်။

သူသည် ဩဇာအာဏာဂိုဏ်းကို ကျေနပ်နှစ်သက်ခြင်းကား မရှိ။

သို့သော် ရှောက်ချူးရွှေနှင့် လီချိန်ကြိုး၊ ကျောက်စုယုံတို့၏ ခင်မင်မှုများ မိတ်ဆွေပီသမှုများကို သူ ပြန်ခံစားလာမိသည်။

ရှောက်ချူးရွှေချက်နှာကြောင့် လီချိန်ကြိုးနှင့် ကျောက်စုယုံတို့ အသက်မသေစေလို။

သို့သော် ထန်မီသားစု၏ လျှို့ဝှက်သိုသိပ်အပ်သော အစီအစဉ် သူ့ကြောင့် ပျက်ယွင်းသွားရမည်ကိုလည်း မလိုလား။

မယ်မယ်ကြီး ထန့်သည် သူ့ကို ဘယ်လောက်ပဲချစ်ချစ်၊ မယ်မယ်ကြီးထန်၏ အစီအစဉ်အား ဖျက်ဆီးလျှင် ကြီးမားသော ပြစ်ဒဏ်ခတ်ခံရမည်ကို သူ စိုးရိမ်သည်။



ထန်ဖန်း သူ့ သိုင်းလောကထဲ ထွက်လာရခြင်းသည်လည်း ထင်ထင်ပေါ်ပေါ် မဟုတ်။

မယ်မယ်ကြီးထန် မသိဘဲ ခိုးကြောင်ခိုးဝှက် ထွက်လာရခြင်း ဖြစ်သည်။

ထန်ဖန်း ဘာလုပ်ရမည်နည်း။

နောက်ဆုံးတွင် ကြံရာမရတော့ဘဲ ဦးလေးလတ် ဖြစ်သူ ထန်တိန့်ကျိုး၏ နာမည်ကို ထုတ်ဖော်ခေါ်ဆိုလိုက်မိသည်။

သူ ဟစ်ခေါ်လိုက်သည့်အသံက ထိရောက်မှုရှိသည်။

သတိလစ်ဟင်းနေသော ကျောက်စုယုံ၏ အသိကို ပြန်လည်နိုးကြားလာစေခဲ့သည်။

မိမိတို့အား လုပ်ကြံမည့်သူ ထန်တိန့်ကျိုး ရှိနေပါသေးသလား ဆိုသည်ကို ပြန်တွေးမြင်လာသည်။

ထန်တိန့်ကျိုးမှာ နဂိုကပင် မဝံ့မရဲ ဖြစ်နေရသည့်အထဲ ထန်ဖန်းက ဟစ်အော်ခေါ်လိုက်သဖြင့် တုံ့နှေးသွားရသည်။

ထိုအချိန်တွင် ကျောက်စုယုံ လှုပ်ရှားလာသည်။

မတ်တတ်ထရပ်ခြင်းမဟုတ်။

ထခုန်လိုက်ခြင်းမျိုးလည်းမဟုတ်။

ရွက်ကြွေတစ်ရွက်လိုအလိုက်သင့်ကလေးလွင့်မျောလာသည်။

ထန်တိန့်ကျိုး ဘာလုပ်ရမည်နည်း။

သူ မျက်မှောင်ကြုတ်သွားမိသည်။

စောစောက လုပ်ကြံမှုအတွက် ဆယ်ပုံလျှင် ရှစ်ပုံခန့် ပိုင်နိုင်နေရာမှ ယခုအခါတွင် ငါးပုံခန့်သာ ကျန်ရှိတော့သည်။

သူသည် ပိုင်နိုင်တိကျမှု လုပ်ကိုင်တတ်သူ တစ်ယောက် ဖြစ်သည်။

ကျောက်စုယုံကို သတ်နိုင်ဖို့ အခွင့်အရေးကသူ့ထက်ငါးဆယ် ရာခိုင်နှုန်းသာ ရှိသည်။

တစ်ဖန် အချိန်မရွေး ပြန်လည် သတိဝင်လာမည့် လီချိန်ကြိုး၏ ရန်ကလည်း ရှိနေသေးသည်။

ထို့ပြင် သူ၏ လက်မြန်တစ်ထောင် လက်နက်ပုန်းကို ပစ်လွှတ်ခဲ့ပြီးပြီမို့လည်း ရယူ၍ မဖြစ်တော့။

မည်သည့် လက်နက်ဖြင့် မနိုင်နိုင်သော ကိစ္စကို တိုက်ခိုက်ရမည်နည်း။

အကောင်းဆုံးအနေဖြင့် သူ့ခေါင်းထဲတွင် လျှပ်တစ်ပြက် စဉ်းစားလိုက်သည်။

ကျောက်စုယုံက ရောက်လာတော့မည်။

သူဘာလုပ်ရမည်နည်း။

ထန်ဖန်း၏ လက်ကိုဆွဲကာ အခန်းထဲမှ ရိပ်ခနဲ ပြေးထွက်သွားတော့သည်။

တွေဝေခြင်း တုံ့နှေးခြင်းမရှိ။

သူ့အရိပ်နှင့် ထန်ဖန်းအရိပ်က နဂါးငွေတန်းပမာ လျှင်မြန်စွာ ပြေးထွက်သွားတော့သည်။

ကျောက်စုယုံသည်လည်း သည်တော့မှ ဟင်းခနဲ သက်ပြင်းချလိုက်မိတော့သည်။

* * *



လျို့ရှွေဖုန်းသည် မိမိ၏ အောက်ပိုင်းတစ်ခုလုံး ခံစားမှုမရှိတော့သလို ထင်မှတ်လာရသည်။

သူ့ခါးဆစ်တစ်နေရာတွင်လည်း စစ်ခနဲ နာကျင်စွာ ခံစားလိုက်ရ၏။

သည့်နောက် သူ့စိတ်ထဲတွင်မည်သည့်နာကျင်မှုမျှမရှိတော့။

သူ့ရင်ထဲတွင် ဝမ်းနည်းကြေကွဲနေမိသည်။

ငယ်စဉ်က ဆင်းရဲဒုက္ခရောက်ခဲ့ရသည့် ပုံသဏ္ဌာန်ကို ပြန်မြင်လာသည်။

အစားဆင်းရဲ၊ အနေဆင်းရဲခဲ့သော်လည်း စိတ်မဆင်းရဲခဲ့ရသည်ကို ပြန်လည်တမ်းတလာမိသည်။

သူ့နှုတ်မှ အော်ဟစ်ပစ်လိုက်ချင်သည်။

စကားအများကြီး ပြောလိုက်ချင်သည်။

အသံက ထွက်မလာ။

မေးစေ့က မလှုပ်ရှားနိုင်တော့။

လျှာကလည်း ထုံကျဉ်ကာ ခွေလိပ်လာသည်။

မိမိသည် လူ့လောကကြီးမှ အပြီးအပိုင် ခွဲခွာသွားရတော့မှာပါလားဟူသော အသိကို လျို့ရှွေဖုန်း သိလိုက်သည်။

အရာရာအားလုံးကို စွန့်လွှတ်ရတော့မည်။

ပိုင်ဆိုင်သမျှ ပစ္စည်းတို့ကို ခွဲခွာထားခဲ့ရတော့မည်။

သူ့ရင်ထဲမှ အချစ်မေတ္တာတရားတို့ကိုမူ သူချန်မထားနိုင်၊ ချန်ထားခွင့်လည်းမရှိ၊ နှလုံးသားထဲတွင်အတူ သိမ်းဆည်းသယ်ဆောင်သွားရတော့မည် ဖြစ်သည်။

အုံ့ပုံးမှုတ္တာ၏ ထားသိုစရာနေရာမရှိသည့်အဖြစ်ကို တွေးမိသောအခါ သူ့မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာရသည်။

ထိုအချိန်တွင် သူ့နားထဲသို့ စကားသံတစ်သံ ဝင်ရောက်လာသည်။

'ညီလေးရယ်၊ မမကျောက်ချစ်တဲ့သူဟာ မင်းပါပဲကွာ'

လ°ချိန်ကြိုး၏ လှိုက်လှဲဆို့နစ်သော စကားသံ။

လျှို့ရှေဖုန်းရင်ထဲ တုန်လှုပ်သွားသည်။

'တကယ်ပဲလား-အမှန်တကယ်ပဲလား၊ ဒီစကားကို လ°ချိန်ကြိုးက ဘာကြောင့် ပြောလိုက်ရပါလိမ့်၊ ငါ့ရင်ထဲက နှလုံးသားကို သူထွင်းဖောက်မြင်နေသလား၊ အို...မဟုတ်ဘူး...မဟုတ်ဘူး...မမကျောက်ကို ငါချစ်တာ ဟုတ်ဘူး၊ ဂိုဏ်းချုပ်ကြီးကိုသာ ချစ်တာ၊ ငါက သေရင္ဒတော့မယ်၊ သေရမယ့်လူတစ်ယောက် စိတ်ချမ်းသာအောင် ငါ့ကို နှစ်သိမ့်နေတာ၊ ငါ့ကြောင့် သူတို့စိတ်ထဲ အနှောင့်အယှက် အခု အခဲ မဖြစ်စေနဲ့၊ မဖြစ်သင့်ဘူး၊ ဒါ မဖြစ်သင့်ဘူး'

လျှို့ရှေဖုန်း ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းကို တစ်ပြိုင်နက်တည်း ခံစားနေရသည်။

ထိုအချိန်တွင် ကျောက်စုယုံအနီးသို့ ရောက်ရှိလာသည်။

ကျောက်စုယုံ ရောက်လာပြီ သိသော်လည်း လူရိပ်ကို သူ့မျက်လုံးထဲတွင် မသဲကွဲတော့။ ကျောက်စုယုံကိုကြည့်ပြီး သူ့နှုတ်ခမ်းက ပြုံးလိုက်ချင်သည်။

ပြုံး၍မရ။



မမအတွက် အသက်ပေးရတာ ကျွန်တော် ဝမ်းသာပါတယ် ဆိုသော စကားမျိုးကို ပြောဆိုချင်သည်။

လျှာက လှုပ်၍ မရ။

မေးက ဟ၍ မရ။

အားတင်းကာ အပြုံးတစ်ခုက ကျိတ်မှိတ်ပြုံးလိုက်သည်။

မချိပြုံး။

ထိုအချိန်သည် သူ့ထွက်သက်ဖြစ်၏။

လျှို့ရှေဖုန်း သေဆုံးခဲ့ပြီ။

လ°ချိန်ကြိုးသည် လျှို့ရှေဖုန်း၏ လက်ပေါ်တွင် မျက်နှာကို မှောက်အပ်လိုက်သည်။

ကျောက်စုယုံ အနီးသို့ရောက်လာပြီမို့ စောစောက လ°ချိန်ကြိုးပြောခဲ့သော စကားကို ပီပီသသပင် ကြားသိခဲ့သည်။

'ဟင်း...ဂိုဏ်းချုပ်ကြီး၊ ဘာကြောင့် ခုနက စကားကို ပြောလိုက်ရတာလ'

ကျောက်စုယုံ တုန်ယင်သော အသံဖြင့် မေးသည်။

လ°ချိန်ကြိုးက လျှို့ရှေဖုန်း၏ လက်ပေါ်တွင် မျက်နှာအပ်ထားရာမှ မပီမသအသံဖြင့်....

'သူ့ကို လူ့ပြည်ကနေ စိတ်ချမ်းချမ်းသာသာနဲ့ ထွက်သွားစေချင်လို့ပါပဲကွယ်'

ကျောက်စုယုံ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ရှေ့သို့ ခြေလှမ်းနှစ်လှမ်းတက်ကာ-

'ကျွန်မ....ကျွန်မ စိတ်ထဲမှာ အဲဒီလို မရှိဘူးဆိုတာ၊ ဂိုဏ်းချုပ်ကြီး သိပါတယ်နော်'

လီချိန်ကြိုး ခေါင်းမော့လာ၏။

သူ့မျက်လုံးအစုံက အခန်းပြင်ဘက် အဝေးထင်နေရာဆီသို့ ငေးရီကြည့်နေသည်။

'သိပါတယ်၊ မင်းစိတ်ထဲမှာ အဲဒီလို မရှိဘူးဆိုတာ ငါသိပါတယ်'

ကျောက်စုယုံမှာ သည်တော့မှပင် စောစောကလီချိန်ကြိုး လျှို့ရွှေဖုန်းအား ပြောခဲ့သော စကားအပေါ် သံသယ ရှင်းသွားတော့သည်။

'သူဟာ ငါ့ရဲ့ ညီငယ်ကောင်းတစ်ယောက် ဖြစ်တယ်၊ သူ့အပေါ်မှာ သံသယ ဖြစ်ခဲ့မိတာ ငါ့အမှားပဲ'

လီချိန်ကြိုးက နာကျင်ကြေကွဲသောအသံဖြင့် ပြောသည်။

ကျောက်စုယုံကလည်း စိတ်မကောင်းဖြစ်စွာဖြင့်....

'ကျွန်မလဲ သူ့ကို အမြင်မှားခဲ့မိတယ်'

ပြောရင်းမှပင် ကျိုရှိုစန်း၏ မျက်နှာပေါ်မှ အမွှေးပါးကို ခွာချလိုက်သည်။

အားရေတု အမွှေးပါးက ဗျိခနဲ ပြဲသွားသည်။

'ဒီလူဟာ ကျိုရှိုစန်း မဟုတ်ဘူး'

ကျောက်စုယုံက အံ့အားသင့်ဟန်ဖြင့် ပြောသည်။

လီချိန်ကြိုးက တုန်လှုပ်ခြင်းမရှိ။

'ရေဘုရင်ဟာ အစောကြီးကတည်းက သေဆုံးခဲ့ပြီ၊ တကယ်လို့ သူဟာ ရှိုပန်းဖြစ်ခဲ့ရင် ဂိုဏ်းထဲမှာဇာတ်ပွဲကတဲ့ အချိန် တုန်းက ကျားမကြီးရဲ့ဦးခေါင်းကို ယူလာပြမှာ မဟုတ်ဘူး၊



သူငါနဲ့နေခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး၊ ဒီအချက်လေးကို တောင်မှ မရိပ်မိနိုင်ခဲ့ဘူး'

'ဒါ....ဒါဆိုရင် ဒီလိုလူကန္တာ ဘယ်သူလဲ'

လီချိန်ကြိုးက နာကျည်းသောလေသံဖြင့်....

'အဆိပ်ဘုရင်ထန်ကျင့်စန်းပဲ၊ သူဟာ အလှူသတ်နိုင်တဲ့ အပြင် ရုပ်ပြောင်း ရုပ်လွှဲ ပြုလုပ်တတ်တယ်၊ မျက်နှာပေါ်က အရေ ပြားဟာ ရှိုစန်းရဲ့ မျက်နှာဖုံးအစစ်ပဲ'

စကားကို ခေတ္တရပ်ကာ ငေးငိုင်တွေဝေနေသည်။

သူ့မျက်လုံးအိမ်ထဲတွင် ဒေါသရိပ်များ၊ နာကြည်း ရိပ် များ လွှမ်းနေ၏။

'ထန်မိသားစုကို ငါတို့လျှစ်လျူရှုခဲ့မိတယ်၊ ဒီနေ့မှာ ဩဇာ အာဏာဂိုဏ်းရဲ့ အင်အားဟာ ဆုတ်ယုတ်တဲ့ အချိန် ရောက် သွားပြီမို့ မိုးဘုရင်ကြီးကျူးကလဲ အလွှတ်ပေးမှာ မဟုတ်ဘူး၊ တစ်စခန်း ထလာဦးမှာပဲ၊ ကျုပ်တို့တစ်တွေ တစ်ဖက်နဲ့တစ် ဖက် ခိုက်ရန်ဒေါသတွေဖြစ်ကြ၊ အလိုလောဘတွေနဲ့ သံသယ တွေ ဖြစ်တာ ထန်မိသားစုအတွက် အကျိုးရှိပြီး အင်အား တောင့်တင်းသွားခဲ့ပြီး သိုင်းလောကမှာ နေရာမှန်မှန် မြဲမြဲနဲ့ ရပ်တည်နေနိုင်တဲ့ အခြေအနေ မျိုးလဲ ရောက်သွားခဲ့ပြီ'

ကျောက်စုယုံ ခေါင်းညိတ်လိုက်မိသည်။

'ဟုတ်တယ်၊ ကျွန်မတို့တစ်တွေ ထန် မိသားစုံကို အထင် သေးခဲ့မိကြတယ်'

လီချိန်ကြိုး ဘာမျှ ပြန်မပြော။

တိုက်ပွဲဘက်ဆီ ခေါင်းလှည့်ကာ အသံကျယ်ကြီးဖြင့် ရုတ်တရက် အော်ဟစ်ပစ်လိုက်သည်။

'ရပ်ကြစမ်း'

ထိုအချိန်တွင် မုံယုံရှောင်ယီ၊ မုံယုံရှောင်ကျင်းနှင့် ဆုန်မိန်ကျူး၊ ကောင်းဝူလန်တို့ အကြိတ်အနယ် တိုက်ခိုက်နေကြသည်။

ယောင်ချူးဝီကမူ မက်မီသားစုရှစ်ယောက်ကို တစ်ယောက်တည်း ရင်ဆိုင်တိုက်ခိုက်နေသည်။

မက်မီသားစုများမှာ အလွန်ပင် မာန်တက်ကာ အပြင်းအထန် တိုက်ခိုက်နေကြသည်။

သို့သော်....

လီချိန်ကြိုး အော်ဟစ်လိုက်သောအခါ အလိုလို တုန်လှုပ်သွားကြသည်။

အားလုံးပင် တိုက်ခိုက်မှုကို ရပ်တန့်လိုက်ကြသည်။

မုံယုံရှောင်ယီနှင့် မုံယုံရှောင်ကျင်းတို့လည်း အမိန့်နာခံသူများပမာ ရပ်တန့်လိုက်ကြကာ မျက်ညိုစ တို့ဖြင့် မုံယုံစုချင်၏ အလောင်းကို ထမ်းယူပြီး လှည့်ထွက် သွားကြလေတော့သည်။

မုံယုံမိသားစုကား ထိုအချိန်မှစကာ သိုင်း လောကတွင် ခေါင်းထောင် မလာနိုင်တော့။

မက်မီသားစုညီနောင်တို့မှာ အော်ဟစ်သံကြောင့် ရပ်တန့်သွားကြသော်လည်း မက်ဆုံမှာ စိတ်ကြီးသူတစ်ယောက်ဖြစ်



သဖြင့် ဒေါသသံဖြင့် သူ့ညီနောင်များကို ငေါက်ငမ်းလိုက်သည်။

'ဘာလို့ သူများစကားကို နားထောင်နေရတာလဲ၊ တို့ဘက်က လူအတွက် လက်စားချေရမယ်'

ခက်ရက်းခွလက်နက်ကိုင်ဆောင်ထားသူ မက်ဘန်က ...

'ဟုတ်တယ်'

ထောက်ခံစကားဆိုသည်။

သူ့စကားမဆုံးမီမှာပင် လူရိပ်တစ်ရိပ် လှစ်ခနဲ ရောက်ရှိလာပြီး တစ်ဖတ်ဖတ်ရိုက်ချလိုက်၏။

သူတို့နှစ်ယောက်လက်ထဲမှ လက်နက်များ ကွေးကောက်သွားကြသည်။

ထိုလက်နက်များကို ရိုက်ချလိုက်သူမှာ လီချိန်ကြိုး ဖြစ်ခဲပသည်။

'မြန်မြန်ထွက်သွားကြစမ်း၊ လက်နက်ကို စွန့်လွှတ်ပြီး သိုင်းလောကထဲမှာအေးအေးဆေးဆေးဇာတ်မြုပ်နေကြတော့၊ ဒီလိုမှ မဟုတ်ရင် မင်းတို့တစ်တွေလဲ အခု သေဆုံးသွားတဲ့ လူတွေလို မြေကြီး ထဲကို ထာဝရ မြှုပ်နှံခံကြရလိမ့်မယ်'

လီချိန်ကြိုးက လေးလံသောအသံဖြင့် ပြောသည်။

မက်မီသားစုညီနောင်တို့သည် သေရမည်ကိုကြောက်ရွံ့သောသူများ မဟုတ်ကြ။

သို့သော် သူတို့အတွက် အချည်းနှီးသေရမည်ကို မခံစားလိုသောကြောင့် လက်နက်များ အောက်သို့ချလိုက်သည်။

မက်ရှဲယိန္ဒဗီ လျှိုရွှေဖုန်း၏ အလောင်းကိုလည်း စိုက်ကြည့်မိကြသည်။

ထို့နောက် မက်ကျင်းက လေးလံသော ခြေလှမ်းများဖြင့် မက်ရှဲယိ အလောင်းကို ထမ်းပြီး တစ်လှမ်းချင်း လျှောက်လှမ်း ထွက်သွားတော့သည်။

ကျန်ညီနောင်များလည်း ဘာစကားမှ မဆိုတော့ဘဲ သူ့နောက်မှ လေးကန်စွာ လိုက်ပါသွားကြတော့သည်။

* * *

ခန်းမဆောင်ကြီး ထဲတွင် တဒင်္ဂ တိတ်ဆိတ်သွား၏။

ယောင်ချူယီ၊ ကောင်းစုလန်၊ ဆုန့်မိန်ကျူးတို့သည် လျှိုရွှေဖုန်း၏ အလောင်းကို ငေးစိုက်ကြည့်နေကြသည်။

သူတို့၏ ခြေလက်များမှာ အလိုလိုပင် အေးစက်လာကြ၏။ ဩဇာအာဏာဂိုဏ်းတွင် လျှိုရွှေဖုန်းသည် အမြဲရှိနေ၏။

သူရှိစဉ်တုန်းက ဩဇာအာဏာဂိုဏ်းသားများ သူ့ကို ကြောက်ရွံ့ကြရသည်။

ကြောက်ရသည်ကလည်း အကြောင်းရှိသည်။



ဘယ်သူတွေဘာလုပ်နေနေ သူက ထိုအကြောင်းအချက်များကို အကုန်အစင်သိထားခဲ့သည်။

ပို၍ ကြောက်စရာကောင်းသည်မှာ သူ့ ဂိုဏ်းသားတစ်ယောက် မည်သည့်ကိစ္စ စဉ်းစားနေသည်ကို သိနိုင်စွမ်းရှိသောကြောင့် ဖြစ်၏။

ယခုသော်ကား လျှိုရွှေဖုန်း သေဆုံးသွားခဲ့ပြီ။

လျှိုရွှေဖုန်း မရှိသည့်အချိန်တွင် ဩဇာအာဏာဂိုဏ်းသည် အပြောင်းလဲကြီး ပြောင်းလဲသွားမည်လော။

ပြိုကွဲပျက်စီးသွားမည်လော။

လျှိုရွှေဖုန်းသည် ဩဇာအာဏာဂိုဏ်းသားများကိုအမျိုးဆုံး ထိတွေ့ခဲ့သူ ဖြစ်၏။

လီချိန်ကြိုသည်ပင် လျှိုရွှေဖုန်းမှတစ်ဆင့် အမိန့်ပေး ခြင်းအမှုကို ပြုခဲ့ရသည်။

ထိပ်တိုက်ရင်ဆိုင်မှု အတော်များများကို ရှောင်ရှားနိုင်ခဲ့သည်။

ယခု လျှိုရွှေဖုန် မရှိသောအခါ ဘယ်လိုဖြစ်လာလေမလဲ။

လီချိန်ကြိုး တစ်ခါမျှ မစမ်းသပ်စဖူး သူ့အသက်ဖြင့်ရင်းကာ လျှိုရွှေဖုန်း၏ သစ္စာတရားကိုမူ စမ်းသပ်ခဲ့သည်။

ထိုစမ်းသပ်မှုက သူ့အတွက် အဆုံးရှုံးကြီး ဆုံးရှုံးခဲ့ရသည်။

သူ အသက်ရှင်လျက်ရှိနေပြီး လျှိုရွှေဖုန်းကမူ အသက်စွန့်ခဲ့ရလေပြီ။

'ထန်ကျွင်းစန်းဟာ ရေဘုရင်အဖြစ် ဟန်ဆောင်ခဲ့တာ အတော်ကြာပြီ ထင်တယ်၊ ကျွန်တော်တောင်မှ သူ့ကို မရိပ်မိဘူး၊ တကယ့်ကို ရေဘုရင်နဲ့ တူတာပဲ'

ယောင်ချူးယီက အသိအိတ်တလန့်သံဖြင့်ပြောသည်။

ဆုန့်မိန်ကျူးက တည်ငြိမ်စွာပင်။

'ထန်မိသားစုက ရေဘုရင်အဖြစ် ဟန်ဆောင်ဖို့ အတော်ကြာအောင် အချိန်ယူခဲ့ရတယ်၊ ရေဘုရင်ရဲ့သာမန်အချိန်မှာ ပြုမူတဲ့ လှုပ်ရှားမှုမျိုးကိုလဲ အမြဲမပြတ် စောင့်ကြည့်ခဲ့တယ်၊ ပြီးတော့မှ သူလျှို့ဝင်လုပ်ခဲ့တာ'

အောင်းစုလန်ကလည်း....

'သူတို့ရဲ့ အကြံအစည်က အာစောကြီးကားတည်းကပဲ၊ ဩဇာအာဏာဂိုဏ်းထဲမှာ ပုန်းဝပ်နေပြီး လုပ်ကြံဖို့ အသင့်ဖြစ်နေခဲ့တယ်၊ နှစ်ပေါင်းများစွာကြာတာတောင်မှ လီချိန်ကြိုးအဘဟာ ထန်ကျဲဖြစ်နေမှန်း မသိနိုင်ခဲ့ဘူး၊ တကယ့်ကို ပိဒိရှိရှိနဲ့ သည်းခံ စိတ်ရှည်တာပဲ၊ ဂိုဏ်းချုပ်ကြီးသာ တကယ်သေရင် သူ့အနေနဲ့ ဂိုဏ်းချုပ်နေရာကို ရနိုင်တယ်၊ တကယ့်ကို ကောင်းတဲ့ အကြံအစည်ပဲ၊ မက်မိသားစုရဲ့တပည့်ကြီး မက်ကွေ့တောင်မှ ထန်တိန်ကျိုးဖြစ်နေတယ်ဆိုတော့ သူတို့ဟာ လူတွေဂရုမစိုက်နိုင်ခင် အချိန်အစောကြီးကတည်းက ကြိုတင်ပြင်ဆင်ခဲ့ကြတာပဲ'

ကျောက်စုယုံ ခေါင်းညိတ်လိုက်၏။

'ဒီလောက် စိတ်ရှည်လက်ရှည်နဲ့ နှစ်ပေါင်းများစွာ ဇာတ်မြုပ်နေတာဟာ တစ်ချိန်တည်းနဲ့ အပြတ်ဖြိုဖျက်ကြဖို့ပဲ၊ ရယ်စရာ



ကောင်းတာက တို့တစ်တွေဟာ ဒီလိုလုပ်ကြံမှုမျိုးတွေ ခံခဲ့ရလို့ ရိုးနေပြီ၊ ဒါမျိုးနဲ့ လာစမ်းလို့ ဘယ်ရမလဲ'

လီချိန်ကြိုးက ရုတ်တရက် ကောက်ကာငင်ကာ....

'ရှောက်ချူးရွှေက ဘယ့်နှယ်ကြောင့် မလာသေးတာပါလိမ့်'

မဆီမဆိုင်အမေးစကားကြောင့်ကျောက်စုယုံစိတ်ထဲတုန်လှုပ်သွားရသည်။

'တကယ်ဆိုရင် ရှောက်ချူးရွှေဟာ ဂိုဏ်းချုပ်ကြီးပြဿနာဖြစ်နေမှန်း သိနေတာပဲ၊ သူမလာပဲ မနေနိုင်ပါဘူး'

'သူကကော ထန်မိသားစုရဲ့လူများဖြစ်နေမလား'

လီချိန်ကြိုးစိတ်ထဲတွင် သူ့ဇနီးသည် ရင်တုန်သွားမိမည်ကို သိနေ၏။

အဘယ့်ကြောင့်ဆိုသော် သူ့ဇနီးသည်သည် ဘာမျှမဖြစ်သလို ဟန်ဆောင်လျှင် ပို၍ လှပလာဘတ်သောကြောင့်ဖြစ်ပေသည်။

ကျောက်စုယုံက ရယ်မောကာ....

'မဖြစ်နိုင်ပါဘူး၊ ထန်ဖန်းက ကျွန်မကို သူဟာ ထန့်ဖန်းဖြစ်ပါတယ်လို့သာ ပြောခဲ့တယ်၊ ပြောပြီးတာနဲ့ ကျွန်မတို့တစ်ခါတည်းထွက်လာကြတာ၊ ရှောက်ချူးရွှေဟာ ဝတ်စုံစိမ်းနဲ့လူကို ထန်ဖန်းမှန်းမသိဘူး၊ တကယ်လို့သာ သူသိရင် ဘယ်လက်လွှတ်ခံလိမ့်မလဲ'

လီချိန်ကြိုးသည် ကျောက်စုယုံကို ငေးစိုက်ကြည့်နေ၏။

သူ့စိတ်ထဲတွင် ပိုးတဝါးဖြစ်လာသလိုလည်း ခံစားမိ၏။

'တကယ်လို့ ရှောက်ချူးရွှေဟာ ထန်မိသားစုဘက်က မဟုတ်ရင် သူ့စိတ်ဓါတ်မျိုးနဲ့ဆို ဒီကို မလာဘဲ မနေနိုင်ပါဘူး'

ကျောက်စုယုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

အတန်ကြာမှ....

'ရှောက်ချူးရွှေနဲ့ ထန်မိသားစုတို့သာ ရပ်တည်ချက်ချင်း တူညီနေရင် မစာစောတုန်းက ထန်ဖန်းဟာ ထန်တိန့်ကျိုကို ဝင်ပြီး အော်ခေါ်ဟန့်တားမှာ မဟုတ်ဘူး'

လီချိန်ကြိုး မျက်မှောင်ကြုတ်သွား၏။

'ဒါပေမယ့်....ရှောက်ချူးရွှေရဲ့ သိုင်းပညာမျိုးနဲ့ဆို ဘယ်သူမှ သူ့ကို မဟန့်တားနိုင်ဘူး၊ သူမလာအောင် မလုပ်နိုင်ပါဘူး'

ကျောက်စုယုံမှာ ထိုအချက်ကို ရှင်းမပြနိုင်ချေ။

'သူမလာနိုင်ဘူးပဲထားပါဦး၊ သူ့ရဲ့ပြည်မကြီး သွေးသောက်ညီနောင်တွေကတော့ ရောက်လာပါလိမ့်မယ်'

ထိုအချိန်မှာပင် အပြင်ဘက်ဆီမှ ဆူဆူညံညံအသံများ ကြားလိုက်ကြရ၏။

ကျောက်စုယုံ အသေအချာ နားစွင့်ထောင်လိုက်ပြီးလျှင် မျက်နှာတစ်ခုလုံး ကြည်လင်ရွှင်ပြသွား၏။

'ဟော...သူတို့ရောက်လာကြပြီ'

'မမကျောက်...မမကျောက် ဘယ်မှာလဲ'

လီမဲ့၏ အသံတစာစာ အော်ဟစ်လာသည်။

ကျောက်စုယုံ ကပျာကယာ လှမ်းအသံပြုလိုက်သည်။

ယောင်ချူးစီဘက်သို့လှည့်ကာ....

'အပြင်ဘက်မှာ ဘယ်သူတာဝန်ယူနေသလဲ'



'စင့်ကျန်းပေပါ'

ကျောက်စုယုံ ပြုံးစေ့စေ့ ဖြစ်သွား၏။

'ဒါကြောင့်မို့ တိုက်သံခိုက်သံတွေ ပေါ်နေတာကိုး'

ကျောက်စုယုံသည် အပြင်သို့ ထွက်ပြီး ဟန့်တားပေးရန် ပြောဆိုဟန်ပြင်လိုက်၏။

ထိုအချိန်တွင် လီချိန်ကြိုးက အေးဆေးတည်ငြိမ်သော လေသံဖြင့်...

'မင်းတို့အားလုံး ဒီနေရာက ထွက်သွားကြ၊ ငါ တစ်ယောက်တည်း ဒီမှာ ငြိမ်ငြိမ်ကလေး နေချင်တယ်'

ကျောက်စုယုံ၊ ယောင်ချူးစီ၊ ကောင်းစုလန်နှင့် ဆုန့်မိန်ကျူးတို့တစ်တွေ ဘာမျှ မပြောသာကြဘဲ အပြင်သို့ ထွက်သွားကြ၏။

သူတို့ထွက်သွားပြီး တခဏအကြာတွင် အပြင်ဘက်မှ တိုက်သံခိုက်သံများ ရပ်စဲသွားပြီး နူးညံ့ညင်သာသော စကားသံများအဖြစ် ပြောင်းလဲလာသည်။

ထိုအသံများကို နားထောင်ရင်း လီချိန်ကြိုး ကောင်းစွာ သိရှိလိုက်သည်။

ထိုအထဲတွင် ရှောက်ချူးရွှေမပါ။

ရှောက်ချူးရွှေ၏ အသံကို မကြားသောကြောင့်မဟုတ်။

သူ့ရင်ထဲမှ ခံစားချက်ဖြင့် ခန့်မှန်းနိုင်ခြင်း ဖြစ်၏။

ရှောက်ချူးရွှေ ဘာကြောင့် ရောက်မလာရလေသနည်း။

ရှောက်ချူးရွှေကို သူ အကြည့်မှားခဲ့လေပြီလား။

လဒ်ချိန်ကြိုးသည် လျှို့ရှေ့ဖုံနီး အလောင်းအနီးတွင် ဒူးထောက်ကာ လျှို့ရှေ့ဖုံနီး၏ ညာလက်ဖဝါးကို ဆုပ်ကိုင်ထားလိုက်မိသည်။

သူ၏ ညီနောင်တစ်ဦး လူ့လောကမှ ထွက်ခွာသွားသဖြင့် သူ့ရင်ထဲ ထိခိုက်နာကြည်းနေမိသည်။

သို့သော် သူ့စိတ်ကမူ ရှောက်ချူးရှေ့ ရောက်မလာနိုင်ခြင်းကိုသာ တွေးတောစဉ်းစားနေမိသည်။

သြဇာအာဏာဂိုဏ်း အခက်အခဲ ဖြစ်နေချိန်တွင် ရှောက်ချူးရှေ့ သိလျက်နှင့် ဘာကြောင့် ရောက်မလာနိုင်ရသနည်း။

သူနှင့် သြဇာအာဏာဂိုဏ်းသည် ရန်သူတွေ ဖြစ်ကြပေမယ့် ဝိုမေတောင်၏ ကျင်းတိန့်တောင်ထိပ်ပေါ်တွင် လဒ်ချိန်ကြိုးနှင့် ရှောက်ချူးရှေ့တို့တစ်တွေ တစ်ယောက်ကို တစ်ယောက် နားလည်ခဲ့ကြသည်။

ရှောက်ချူးရှေ့လို သိုင်းသမားကောင်းပီသသည့် စိတ်ဓာတ်မျိုးနှင့် ရှိသူတစ်ယောက်သည် ကျောက်စုယုံကို သြဇာအာဏာဂိုဏ်းသို့ တစ်ယောက်ဘည်း ပြန်ခိုင်းပြီး တိုက်ပွဲဝင်စေမည်မဟုတ်။

ထို့ပြင် ရှောက်ချူးရှေ့သည် လျှို့ရှေ့ဖုံနီးအပေါ် သံသ ဖြစ်နေခဲ့သေးသည်။

ထိုသို့ဆိုလျှင် ရှောက်ချူးရှေ့ မလွဲမသွေ ရောက်လာ ချေမည်။

ယခု ဘာကြောင့် ရောက်မလာရလေသနည်း။

လဒ်ချိန်ကြိုး အားလုံးကို ခြုံငုံတွက်ကြည့်လိုက်သည်။



အပြင်ဘက်မှ စကားသံကြောင့်လည်း ရှောက်ချူးရှေ့ အဖမ်းခံလိုက်ရခြင်းဖြစ်သည်မို့ ရောက်မလာနိုင်ကြောင်း ကြား သိလိုက်ရသည်။

ဤလောကကြီးတွင် ရှောက်ချူးရှေ့ကို ထိန်းချုပ်နိုင်သည့် လူ အလွန်ပင် ရှားလှသည်။

ထိုသူသည် မည်သူဖြစ်လေသနည်း။

## အခန်း ( ၆ )

လဲချိန်ကြိုးသည် ဂူတစ်ယောက်ကို လျှော့တွက်ထားခဲ့မိသည်။

ထိုသူကား ယန်ခွမ့်ဟူပင်တည်း။

ယန်ခွမ့်ဟူသည် ရှောက်ချူးရှေအား လက်ရဖမ်းလိုလျှင် အနည်းဆုံး တိုက်ကွက်ငါးကွက်လောက် ယှဉ်ပြိုင်ရမည် ဖြစ်၏။

ရှောက်ချူးရှေ၏ ကချေသမားမဲ့သိုင်းကျမ်း ရှောင်လဲ၊ ဝှတနီး လျှို့ဝှက်သိုင်းကျမ်းတို့သည် အချိန်ကုန်ခံ လေ့ကျင့်ခဲ့ခြင်း မဟုတ်ချေ။

သူ့သိုင်းပညာသည် လျှို့ရှေဖုန်းထက် အဆင့်မြင့်နေ၏။ လဲချိန်ကြိုးနှင့်မူ မတိမ်းမယိမ်း ဖြစ်နေသည်။



ယန်ခွမ့်ဟူက ဒါတွေကိုမသိ၊ သူသိသည်မှာ ရှောက်ချူးရှေသည် ခေါင်းမာသူ တစ်ယောက်ဖြစ်သည်။

လူသာ အသေခံမည် စိတ်ဓာတ်မျိုးရှိသူတစ်ယောက် မဟုတ်ကြောင်း ပြည်မကြီး အာဓိပတိ ရွေးချယ်ယှဉ်ပြိုင်ပွဲ စင်မြင့် ပေါ်တွင် သူ့ကို တွေ့သိရှိခဲ့ရသည်။

ထို့ကြောင့် ထွက်လာသည်နှင့် လျပ်တစ်ပြက်နည်းဖြင့် ရှောက်ချူးရှေကို ထိန်းချုပ်လိုက်သည်။

ရှောက်ချူးရှေသည် ထန်ဖန်း၏ နောက်ကျောပြင်ကို မြင်လိုက်ရသဖြင့် အလွန်ပင် စိတ်လှုပ်ရှားသွားခဲ့ရသည်။ သို့အတွက် ယန်ခွမ့်ဟူ၏ဖမ်းချုပ်ခြင်းကို အငိုက်မိခံလိုက်ရခြင်းဖြစ်ပေသည်။ ယန်ခွမ့်ဟူမှာ ဤအချိန်အထိပင် ရှောက်ချူးရှေ၏သိုင်းပညာကို အခြင်းကအပြိုင်ပင်ရှိသေးသည်ဟု ထင်မှတ်နေ၏။

သူသည် သိုင်းလောကတွင် လူထူးလူဆန်းတစ်ဦးဖြစ်သည်။ ဝါရင့်ဆရာကြီးများလိုမဟုတ်။ သူ့ဇီဇာက တစ်ဖက်လူ၏ အရိုအသေပြုခြင်းကို လက်မခံ၊ ရှောက်ချူးရှေကို ဖမ်းဆီးမိသည်နှင့် ထွက်ခွာသွားတော့သည်။ မိမိ၏ဖမ်းဆီးခြင်းသည် သိုင်းသမားကောင်းတစ်ယောက်၏ အပြုအမူဟုတ်မဟုတ်ကို အရေးမစိုက်။ ရှောက်ချူးရှေ၏သွေးကြောကိုပိတ်လိုက်ပြီး ပခုံးပေါ်ထမ်းကာ ပြေးနေ၏။

ရှောက်ချူးရှေစိတ်ထဲတွင် စိတ်ပူပင်သောကရောက်မှုကြောင့် သလုမတတ်ပင် လှုပ်ရှားနေသည်။ တောင်ကုန်းမြင့်တစ်ခုဆီသို့ ရောက်လျှင် ရုတ်တရက် ရပ်တန့်လိုက်ပြီး....

'ငါ အပေါ့သွားလိုက်ဦးမယ်'

ယန်ခွမ့်ဟူ ပြောပြောဆိုဆိုပင် ရှောက်ချူးရွှေ အား ကျောက်တုံးကြီးတစ်ခုပေါ်တွင် တင်လိုက်ပြီး လမ်းနံဘေးရှိ သစ်ပင်ချုံပုတ်အကြား၌ အပေါ့သွားနေသည်။

ရှောက်ချူးရွှေသည် ယန်ခွမ့်ဟူ၏ ပြင်းထန်သော အကြော ပိတ်မှုဖြင့် သွေးကြောပိတ်ခံထားရသော်လည်း စကားပြောနိုင် သည့် သွေးကြောကိုမူ အပိတ်မခံခဲ့ရ။ ယန်ခွမ့်ဟူ ဒရောသောပါး ပြေးလွှားနေသဖြင့် စကားပြောရန် အခွင့်မသာခဲ့။ ယခု အနား ယူတော့မှ ယန်ခွမ့်ဟူက ခပ်ပြင်းပြင်းကလေး ပစ်ချလိုက်သဖြင့် တင်ပါးအောင့်သွားသည်။ ဒါတွေကို သူအရေးမစိုက်ခဲ့။ ခေါသ တကြီး အော်ငေါက်ငမ်းတော့သည်။

'ယန်ခွမ့်ဟူ ဘာသဘောနဲ့ကျုပ်ကိုဖမ်းလာရတာလဲ၊ မြန်မြန် လွှတ်ပေးစမ်း'

ယန်ခွမ့်ဟူက အပေါ့သွားနေရာမှ သူ့ကို မျက်စောင်း လှမ်းထိုးကြည့်သည်။

'ဘာဖြစ်နေတာလဲ၊ မင်း အပေါ့သွားချင်လို့လား'

အပေါ့သွားပြီးလျှင် ရှောက်ချူးရွှေထံ သူပြန်လျှောက်လာ ခဲ့၏။

'မင်းအပေါ့သွားချင်ရင် မှင်းတောင်းဘီကို ဖြေပေးမယ် ဒီမှာပဲသွားလိုက်၊ တကယ်လို့ ကျင်ကြီးစွန့်ချင်တယ်ဆိုရင်တော့ မင်းရဲ့ဘယ်ဘက်လက်က သွေးကြောကွက်ကို ဖြေပေးမယ်'

ရှောက်ချူးရွှေ အကြီးအကျယ် ဒေါသထွက်သွား၏။



'ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ ကျုပ်ကို လွှတ် မပေးရဲဘူးမဟုတ်လား၊ ဒါနဲ့များ သိုင်းလောကရဲ့ နံပါတ်တစ် ပုဂ္ဂိုလ်လို့ ခံယူနေရသေးသလား'

ယန်ခွမ့်ဟူ မျက်လုံးအစုံကိုပင့်ကာ တဟဲဟဲရယ်မောနေ၏။

'ဒီသိက္ခာမျိုး မလိုချင်ပါဘူးကွ၊ ဒီကိစ္စကို အသာဘေးဖယ် ထားလိုက်၊ သိုင်းလောက ကလူတွေ ငါ့ကိုတွေ့ရင် သတ်ချင်စိတ် ဖြစ်လာတတ်တယ်၊ ဒါဟာ နာမည်ဆိုးတစ်ခုပဲ၊ ဒါကိုတော့ ငါလက်ခံတယ်၊ မင်းကိုလွှတ်မပေးတာက အကြောင်းရှိတယ်၊ မင်းစိတ်ဓာတ်မျိုးနဲ့ဆို တော်ကြာ ငါ့ကိုမယှဉ်နိုင်တဲ့ ကိုယ့်ကိုယ် ကိုယ် သတ်သေသွားမှာကြောက်လို့ပဲ၊ ဒါဆိုရင် မင်းကို ခေါ် လာတာ ငါ့အတွက် အကျိုးဘာရှိတော့မှာလဲ'

ရှောက်ချူးရွှေမှာ ထိုစကားကြောင့် ဒေါသပြေသွား၏။

'ကျုပ်ကိုယ်ကျုပ် သတ်မသေဘူး လို့ အာမခံပါတယ် လုပ်စရာပြောစရာရှိရင် တရားမျှမျှတတ ဖြစ်ရမှာပေါ့၊ ကျုပ်ကို အရင်ဆုံး လွှတ်ပေးစမ်းပါ'

ယန်ခွမ့်ဟူ ရယ်မောသိုက်ပြန်သည်။

'ငါ့ကို ဘယ်လိုမှ လှည့်ပတ်ပြောဆိုလိမ်ညာလို့ ရလိမ့်မယ် မထင်နဲ့၊ ငါအခု မင်းကိုထိန်းချုပ်နိုင်ခဲ့ပြီပြီ၊ ဒီလို မပိုင်နိုင်တဲ့ အပေးအယူမျိုး ဘယ်လက်ခံပါ့မလဲ၊ တကယ်လို့ မင်းဘာသာ မင်း သွေးကြောကို ဖြတ်ပစ်လိုက်ရင် ငါလက်ထဲမှာ ဘယ်လောက်ပဲ မြန်မြန် အချိန်မီတော့မှာမဟုတ်ဘူး၊ မင်းတောင်ချောက်ထဲ ကျတော့ ငါဘယ်အဝင်ခံနိုင်ပါ့မလဲ၊ ဒီကိစ္စ တရားမျှတသည် ဖြစ်စေ၊ မမျှတသည်ဖြစ်စေ ဘာမှပြောစရာမလိုဘူး၊ တစ်ချိန်

တုန်းက အဖြူရောင်ဂိုဏ်းပေါင်းစုံအပြင် ဩဇာအာဏာဂိုဏ်းနဲ့ မိုးဘုရင်ကြီးကျူးတို့တစ်တွေ ငါ့ဘို့ကိုလုပ်ကြံတာကလေ ဘာရေးမျှတမှုရှိလို့လား၊ ဒီစကားဟာ လူတွေရဲ့နှုတ်ဖျားမှာသာ ရှိနေကြတာပေါ့၊ တကယ်လက်တွေ့မှာတော့ မရှိနိုင်ပါဘူး’

ရှောက်ချူးရှေ ရှူးရှူးရှားရှားဖြစ်လာ၏။

‘အခိပတိရွေးချယ်ပွဲစင်မြင့်ရှေ့မှာ ခင်ဗျားကြီးကိုကယ်တင်ပေးခဲ့တာကို ကျေးဇူးမတင်တဲ့အပြင် အခု ကျေးဇူးကန်းနေတာလား’

‘ဟား ဟား....ဟား....ကောင်းတယ်၊ သိပ်ထိမိတဲ့စကားပဲ၊ စံမြို့ရှေ့မှာတုန်းက မင်းကို ဘယ်သူကလာကယ်ခိုင်းလို့လဲ၊ အဲဒီတုန်းက မင်းသဘောနဲ့မင်း ကယ်တင်ခဲ့ပြီးပြီမဟုတ်လား၊ မင်းတို့သဘောက ကျေးဇူးပြန်ဆပ်ဖို့ကို တောင်းတော်လိုလားတဲ့လူပေါ့၊ မင်းက ငါ့ကိုကယ်တင်လိုက်လို့ ငါကမင်းကို ကျေးဇူးပြန်ဆပ်ရမယ် ဟုတ်လား၊ ဟား...ဟား...ဟား... အခု မင်းကိုခေါ်လာတာ ကျေးဇူးဆပ်ဖို့ပဲ၊ မင်းအတွက် အကျိုးအမြားကြီးရှိနိုင်လိမ့်မယ်’

ရှောက်ချူးရှေ ထွီခနဲ တံတွေးတစ်ချက်ထွေးထုတ်ပစ်လိုက်သည်။ ယခင်အချိန်များကဆိုလျှင် ယခုလောက် ပျာယာခတ်ခြင်း ဖြစ်မိမည်မဟုတ်ချေ။ သူ့စိတ်ထဲတွင် ထန်ဖန်းကို အချိန်မီရှာဖွေရမည်မဟုတ်ပါလား။ ထန်ဖန်းအတွက် ကျရောက်လာနိုင်သည့် အန္တရာယ်ကို ကယ်တင်ပေးရမည်မို့ စိတ်လှုပ်ရှားကာဒေါသထွက်စေရသည်။

‘ဘယ်သူက ခင်ဗျားကျေးဇူးတုံ့ပြန်တာကို ခံယူချင်လို့လဲ၊ ကျုပ်ကိုမြန်မြန်သာ လွှတ်ပေးစမ်းပါ၊ ထန်ဖန်းကို အချိန်မီလိုက်ရှာရမယ်’

ယန်ခွမ့်ဟူ အာမေဍိတ်သံပြုလိုက်သည်။

ဘာမှမသိသလို ပုံစံမျိုးဖြင့်....

‘ထန်ဖန်း ဟုတ်လား၊ ဟို-မျက်နှာဖုံးစိမ်း ဝတ်ထားတဲ့ မိန်းကလေးကို ပြောတာလား၊ အဟင်း-ဟင်း အမီလိုက်သွားပြီး ဒီကောင်မကို ကျုပ် တစ်ချက်တည်းနဲ့ အသေသတ်ပစ်ရမယ်’

ရှောက်ချူးရှေမှာ ယန်ခွမ့်ဟူစိတ်ဗီဇကိုကောင်းစွာနားလည်သဘောပေါက်သည်။ သူမလုပ်ရဲသည့်အရာမရှိ။ စိတ်ထဲထင်ရာလျှောက်လုပ်တတ်သူဖြစ်သဖြင့် ကပျာကယာပင် နှုတ်ပိတ်ထားလိုက်ရသည်။ ယန်ခွမ့်ဟူသည် မိမိ၏စကား ထိရောက်သွားသည်ကို သိလိုက်ရသဖြင့် စကားတစ်ခွန်းကို ခပ်ပြတ်ပြတ်လေသံဖြင့် ဖြည့်စွက်ပြန်သည်။

‘မင်းသာ နောက်ထပ် လစ်ပြေးချင်ရင်တော့ ဒီဟာမကို ငါသတ်ပစ်မယ်၊ တကယ်ကိုသတ်ပြလိုက်မယ်၊ ငါနဲ့အတူတူ အေးအေးဆေးဆေးလိုက်ခဲ့ရင် မင်းကိုဘာမှဒုက္ခမပေးဘူး၊ သူ့ရဲ့ကောင်း အမိန့်ပေးတံဆိပ်ပြားလဲပြ ပေးမယ်၊ ကဲ....ဘယ့်နှယ်လဲ’

‘ခင်ဗျားဆီက ကျုပ်ဘာမှမလိုချင်ဘူး၊ ဒါပေမယ့် ထန်ဖန်းကိုတော့ တစ်စက်အလေးမှ မထိရဘူး’

‘ကောင်းပြီ၊ ယောကျ်ားကတိ တည်ပါစေ’

‘ခင်ဗျားကြီးကတိမတည်မှာဘဲ စိုးတယ်’

ယန်ခွမ့်ဟူ မျက်လုံးအစုံပြူးကျယ်လာ၏။

'ယန်ခွမ့်ဟူဆိုတဲ့ကောင်ဟာ တခြားအရာကို အလေးအနက်မထားပေမယ့် ကတိကိုတော့ လေးစားတယ်ကွ နားလည်လား'

'ခင်ဗျားကြီးကတိတည်ရင် ပြီးတာပဲ၊ တစ်ခုတော့ရှိတယ်၊ ကျုပ်ကိုခေါ်သွားတဲ့ နေရာမှာ ဘုရားမကြိုက်တဲ့ အလုပ်ကို မလုပ်ရင် ကျုပ်လိုက်ခဲ့မယ်၊ လုံးဝထွက်မပြေးဘူး၊ အခုကျုပ်ရဲ့ သွေးကြောကို ဘာကြောင့် ပိတ်ထားနေရသေးတာလဲ'

ယန်ခွမ့်ဟူ သက်ပြင်းချလိုက်၏။

'မင်းကိုငါယုံကြည်ပါတယ်၊ မင်းရဲ့သွေးကြောကို ပိတ်ထားရတာ မင်းထွက်ပြေးမှာစိုးရိမ်လို့မဟုတ်ဘူး၊ မင်းကိုမင်း သတ်မသေအောင် လုပ်ထားရတာပဲ၊ ငါဟာ အလုပ်တစ်ခုကိုလုပ်ရင် သူများအကူအညီကို တောင်းတတ်တာမဟုတ်ဘူး၊ သူတစ်ပါးက လာပြီး အကြံပေးစကားများတာကိုလဲ မကြိုက်ဘူး'

ရှောက်ချူးရွှေ အံ့အားသင့်ဖြစ်သွားရသည်။

'ဒါဆိုရင် ကျုပ်နဲ့အတူ ဘာသွားလုပ်မှာလဲ၊ ကျုပ်ကိုဘာကြောင့်ခေါ်လာရတာလဲ'

ယန်ခွမ့်ဟူ မျက်နှာအမူအရာက ခက်ထန်ခြင်းမရှိတော့။

'ပထမဆုံးသွားမယ့်နေရာမှာ မင်းရှိရင် ပိုပြီးအဆင်ပြေနိုင်မယ်....'

'ကျုပ်ကဘာမှုဝင်မစွက်ရင်လဲ အကျိုးရှိနိုင်တယ် ဟုတ်လား'

ယန်ခွမ့်ဟူ မဖြေကြား။ သူပြောလိုရာကိုသာ တတွတ်တွတ်ပြော၏။

'ကျန်တဲ့ တစ်ခြားနှစ်နေရာကိုတော့ ငါကိုယ်ငါတောင်မပိုင်နိုင်တော့ဘူး၊ မင်းဆိုရင်တော့ ထွက်ပြေးချင်ရင်ထွက်ပြေးခွင့်



ပြုကြလိမ့်မယ်၊ မင်းကိုငါအဲဒီအခါကျရင် စကားတချို့ပြောမယ်၊ မင်းက အဲဒီစကားတွေကို တစ်စုံတစ်ယောက်ဆီသွားပြောပေးရမယ်'

'စုစုပေါင်း သုံးနေရာတောင် သွားရမယ်ဟုတ်လား'

ရှောက်ချူးရွှေစိတ်ထဲတွင် အံ့သြကာ တုန်လှုပ်နေမိသည်။ သိုင်းလောက၏ နံပါတ်တစ်ပုဂ္ဂိုလ် အထူးဆန်းဆုံးသိုင်းသမားကြီး ယန်ခွမ့်ဟူသည် ပိုင်နိုင်မှုမရှိသည့်တိုက်ပွဲမျိုး ရှိနေသဖြစ်မည်သိုသော တိုက်ပွဲဖြစ်မည်ကို သူမစဉ်းစားတတ်။ တစ်ဖန် ယန်ခွမ့်ဟူက သူ့ကိုဘာစကားများ မှာကြားလေမည်နည်း။ သူကတော မည်သူ့ကို တစ်ဆင့်သွားပြောပေးရမည်နည်း။

လျို့ဝှက်ပဟေဠိဆန်သောစကားများကြောင့် ရှောက်ချူးရွှေစိတ်ဝင်စား အတွေးပွားလာရတော့သည်။

ယန်ခွမ့်ဟူက ခေါင်းညိတ်ပြလိုက်ပြီး လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ အဝေးဆီသို့ ငေးမျှော်ကြည့်နေသည်။ သူ့အမူအရာက ဘယ်ခါအချိန်များနှင့်မတူ။ လေးနက်မှုရှိနေသည်။

'သုံးနေရာက ဘယ်လိုနေရာမျိုးတွေလဲ'

ရှောက်ချူးရွှေက အမေးစကားဆိုပြန်သည်။ ယန်ခွမ့်ဟူ ပြုံးလိုက်ပြီး လက်မောင်းဆန့်ထုတ်ကာ အညောင်းအညာဖြေသည်။

'တို့တစ်တွေ ပထမဆုံးလင်အန်းမြို့ကို သွားကြမယ်၊ မြို့အဝင်လမ်းနံဘေးက ကွမ်းတီဘုရားကျောင်းကို သွားမယ်'

ယန်ခွမ့်ဟူသည် ပြော ပြီးသည်နှင့်ရှောက်ချူးရွှေကို ပခုံးပေါ် တင်လိုက်ပြီးလျှင် ဆက်လက်ပြေးလွှားသွားတော့သည်။

* * *

လတောင်ခြမ်းပဲ့က ကောင်းကင်ပြင်တွင် လွင့်မျောနေသည်။ အမှောင်ရင့်ကျက်လာပြီ ဖြစ်သော်လည်း လအလင်းရောင်ကြောင့် မြင်သာတင်သာရှိနေသည်။ မိုးငွေ့ကိုသယ်ဆောင်လာသော လေပြည်ကလည်း တဖြူးဖြူးတိုက်ခတ်နေ၏။

ယန်ခွမ့်ဟူသည် ရှောက်ချူးရွှေကို ထမ်းပိုးရင်း ဘုရားကျောင်းတစ်ခုရှေ့သို့ ရောက်ရှိလာသည်။ ဘုရားကျောင်းကြီးမှာ ပြုပြင်ထိန်းသိမ်းသူမရှိသဖြင့် ပျက်စီးယိုယွင်းနေပြီဖြစ်၏။ ကျောင်းပျက်ကြီးရှေ့တွင် ကုက္ကိုပင်အိုကြီးတစ်ပင်ရှိ၏။ ထိုသစ်ပင်ကြီးတပင်အောက်သို့ ယန်ခွမ့်ဟူ ဝင်ရောက်လိုက်သည်။ လအလင်းရောင်က သစ်ပင်အောက်ကို ထွင်းဖောက်မလာနိုင်သဖြင့် အမှောင်ကဖုံးကွယ်ထားသည်။

'လင်အန်းမြို့ကလူတွေကတော့ ညတိုင်းသီချင်းတကြော်ကြော်နဲ့ ပျော်လို့ပါးလို့၊ နယ်စပ်မှာရှိတဲ့ စစ်သည်ရဲမက်တွေမှာတော့



သေလိုက်ကြေလိုက်ကြရတာ၊ ဒီဘုရားကျောင်းရဲ့ နတ်ကွန်းစင်ရှေ့မှာတော့ ဘယ်သူမှလာပြီးမကန်တော့နိုင်ကြတော့ဘူး'

ယန်ခွမ့်ဟူက ညည်းညူညူလေး ရေရွတ်သည်။

ရှောက်ချူးရွှေမှာ ထိုစကားကိုကြားလိုက်ရလျှင် သွေးဆူပွက်လာ၏။

ယန်ခွမ့်ဟူသည် ပေတေဆိုးသွမ်းနေသော်လည်း တစ်ခါတစ်ရံတွင် သူ့စကားများက သဘာဝ ယုတ္တိကျလှပေသည်။

'မင်းဟာတကယ့်ကို လူစွမ်းကောင် တစ်ယောက်ဖြစ်တယ်၊ နန္ဒဦးရှသီလို အမြဲဘမ်းလင်းဆန်းနေတယ်၊ ငါ့ကျတော့ ဆောင်ရှုသီလို ချမ်းကုန်နေတယ်၊ နင်တွေကျလာတဲ့အချိန်မှာ နှင်းတွေ မြုပ်ပစ်လိုက်တော့မလိုဖြစ်လာတယ်'

ယန်ခွမ့်ဟူ ရှောက်ချူးရွှေကို ပြောပြီး အားပါးတရ ရယ်မောလိုက်၏။ သူ့ရယ်သံအဆုံးတွင် တဖျပ်ဖျပ်အသံများ ရုတ်တရက် ထွက်ပေါ်လာသည်။ မနာမဘုက်နိုင်သော လေလှိုင်းသံများကိုလည်း ကြားလိုက်ရ၏။ ရှောက်ချူးရွှေ ထိတ်လန့်တကြီးဖြစ်သွားသည်။

ကုက္ကိုပင်ပေါ်မှာ နားခိုနေကြသော ကျီးကန်းတစ်အုပ်သည် ထိတ်လန့်တကြီးဖြစ်ကာ တောင်ပံတဖျပ်ဖျပ်ခတ်လျက် မိုးကောင်းကင် အထက်ဆီသို့ ပျံတက်ထွက်ပြေးသွားကြခြင်းဖြစ်၏။ ရှောက်ချူးရွှေရင်ထဲ တုန်လှုပ်သွား၏။

'အသံမထွက်နဲ့'

ယန်ခွမ့်ဟု သတိပေးစကားပြောဆိုပြီး သူ့ကို ထမ်းလျက်မှ လမ်းနံဘေးရှိ ခြုံပုတ်တစ်ခုထဲသို့ လှစ်ခနဲ ဝင်ရောက်ပုန်းအောင်းလိုက်သည်။

အသန်ကြာသောအခါ တစ်ဟုန်ထိုး ဒုန်းစိုင်းလာသော မြင်းခွာသံများကို ကြားလိုက်သည်။ နီညိုရောင်မြင်းနှစ်စီးသည် ဘုရားကျောင်းဆီသို့ ဦးတည် စိုင်းနှင်လာကြကြောင်း ရှောက်ချူးရွှေတို့ တွေ့ရ၏။ မြင်းပေါ်မှလူ၏ အဝတ်အစား ဆင်ယင်ပုံသည် သာမန်လူတစ်ယောက်အတိုင်း ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထားသည်။

မြင်းကိုယ်ပေါ်တွင် မြင်းကုန်းနှီးမပါကြ။ မြင်း၏ ပြေးရှိန်က ပြင်းထန်သဖြင့် ခန္ဓာကိုယ်နှင့် မြင်းကျောဘက်မှာ တစ်ထပ်တည်းလို ဖြစ်နေ၏။ နှစ်ယောက်စလုံးသည် မြင်းလည်ဆံမွေးကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကြ၏။ မြင်းဇက်ကိုးသည်း မပါ။

မြင်းနှစ်ကောင်သည် ဘုရားကျောင်းရှေ့သို့ရောက်လျှင် တုံ့ခနဲ ရပ်ပြီး တစ်ချက်စီ ဟီလိုက်၏။ မြင်းဟီသံနှင့်အတူ မြင်းပေါ်မှ နှစ်ယောက်လည်း ခုန်ဆင်းလိုက်ကြ၏။ ထို့နောက် ဇရပ်ဘက်သို့လှည့်ကာ ဒူးတုပ်လျက် ဦးချ ကန်တော့လိုက်ကြပြန်သည်။

ထိုလူနှစ်ယောက်၏ အသွင်သဏ္ဌာန်ကို ရှောက်ချူးရွှေ လရောင်ကွင်း တွေ့မြင်လိုက်ရ၏။ မျက်ခုံးထူထူ၊ မျက်လုံး အစုံဝင်းလက်ကာ မာန်အပြည့်ရှိလှသည့် လူသန်ကြီးနှစ်ယောက် ဖြစ်၏။



'ဒုက္ခပဲ....ဒုက္ခပါပဲ၊ ဒီနှစ်ကောင်ကြောင့် ငါ့ကိစ္စကြီးတော့ ပျက်ရတော့မယ်ထင်တယ်'

ယန်ခွမ့်ဟု စိတ်ပျက်စွာ တီးတိုးရေရွတ်သည်။

လူသန်ကြီးနှစ်ဦးအနက် မျက်နှာတွင် အမာရွတ်ရှိသော လူသန်ကြီးက ကန်တော့ပြီး နောက် ဘုရားကျောင်းဆီသို့ မျှော်ကြည့်လိုက်သည်။

'အရှင်ဘုရား....တပည့်တော်တို့ညီနောင် ဒီနေ့ ဒီနေရာကို ရောက်ရှိလာရတာဟာ ရင်ထဲက ဆန္ဒကို ဖော်ထုတ်ပြောကြားချင်လို့ ဖြစ်ပါတယ်၊ စစ်သူကြီးရွှဲ့ရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ရင် တပည့်တော်တို့ လင်မိသားစုညီနောင်နှစ်ဖော် သေးမြွေကျွရကျွရ၊ အသက်သေရသေရ ကာကွယ်ပေးဖို့ ဆန္ဒပြုပါတယ်'

သူ့စကားသံက မပီကျယ်လှသော်လည်း ရင်ထဲမှ စိတ်သဘောထားအမှန်ကို ထုတ်ဖော်ပြောနေသည်မို့ တည်ကြည်လေးနက်မှုရှိလှသည်။ အခြား လူသန်ကြီးတစ်ဦးကမူ ဘာမှ မပြော။ ခါးကြားထဲမှ ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူ့လက်ဖမိုးတွင် အကြောများက ဖုထွက်နေသည်။ ထိုအချိန်တွင်ပင် ကြည်လင်သော ခေါင်းလောင်းသံများ တခေါင်ခေါင်တဒင်ဒင်ပေါ် ထွက်လာသည်။

ခေါင်းလောင်းသံများက တဖြည်းဖြည်း နီးကပ်လာသလို ရှိနေသဖြင့် ရှောက်ချူးရွှေ မျက်မှောင်ကြုတ်လိုက်မိသည်။ ဤကျယ်လောင်သော ခေါင်းလောင်းသံသည် ဘုရားကျောင်းပျက်၏ ဂုဏ်အင်္ဂါနှင့် မကိုက်ညီသောကြောင့်ပင်တည်း။

ယန်ခွမ့်ဟူသည် သူ့ကို ဘေးတစောင်း အနေအထားဖြင့် မျက်နှာပေးထားသည်။ မျက်ခုံးအစုံ တလှုပ်လှုပ်ဖြစ်နေသည်မို့ ယန်ခွမ့်ဟူ စိတ်လှုပ်ရှားနေမှုန်း သိသာနိုင်သည်။

လူ သန် ကြီး နှစ် ယောက် သည် တစ် ယောက် မျက် နှာ တစ်ယောက် ကြည့်ကြ၏။

'လာကုန်ကြပြီ'

မှတ်ချက်ချစကားဆိုကာ မုတ်ဆိတ်မွေးရှည်နှင့်လူသန်ကြီး လက်ကို ဆွဲလျက် မြက်ချုံပုတ်တစ်ခုထဲသို့ ဝုန်ခနဲ ဝင်ပျောက် လိုက်သည်။ လခရာင်တွင် သူတို့နှစ်ယောက်၏ ပြောင်ဝင်း နေသော မျက်လုံးအစုံကိုသာ ရှောက်ချုံ့ရွှေတို့ တွေ့မြင်နေ ရသည်။

ခေါင်းလောင်းသံသည် ပြည်ပြည်းနီကပ်လာ၏။ ထိုအသံ နှင့်အတူ ခြေလှမ်းသံ၊ မြင်းခွာသံများ ရေးယှက်ပါလာသည်။ မကြာပါချေ။ လူသွားလမ်းမပေါ်တွင် မြင်းသုံးကောင် ပေါ် ထွက်လာ၏ မြင်းသုံးကောင်၏ ရှေ့နောက်တွင် အစောင့် ဆယ်ဦး ကျော်ခန့် လိုက်ပါလာသည်။ သူတို့၏ ဖျော့တော့သော ကိုယ်ဟန်ကိုကြည့်ခြင်းဖြင့် သိုင်းလောက အဆင့်မြင့်ပုဂ္ဂိုလ်များ ဖြစ်ကြောင်း သိသာနိုင်ပေသည်။

မြင်းသုံးကောင်၏ ကကြိုးဆင်ယင်ထားမှုက မှအူညီကြ အလယ်မှလူ စီးနင်းလာသော မြင်းကုန်းနှီးသည် ရွှေရောင် ပြီး ဟိတ်ဟန် အပြည့်ရှိ၏။ မြင်းပေါ်ကလူကသည်း ရွှေရော ဖဲဝတ်ရုံကြီးကို လွှမ်းခြုံထားသည်။ ထိုသူ၏ မျက်ပေါက်



ကျဉ်းကျဉ်းရှည်ရှည်မျှောမျှောဖြစ်၏။ မျက်လုံးအစုံက အစိမ်း ရောင် သန်းနေပြီး အသားအရေက ဝကြန့်ကြန့်ဖြစ်၏။ သူ၏ မြင်းကုန်းနှီးပေါ်တွင် ခေါင်းလောင်းတစ်တွဲကို ချိတ်ဆွဲထား သည်။ မြင်းက ခြေလှမ်းတစ်လှမ်း လှမ်းတိုင်း ခေါင်းလောင်း သံများ မြည်လာသည်။ ထိုအသံကြောင့် မြင်းပေါ်မှလူ၏ ဟန်မာန်က အပြည့်ရှိနေသည်။

သူ၏ ဘယ်ဘက်မှမြင်းမှာ မြင်းနက်ကြီးတစ်ကောင်ဖြစ်၏။ အမြီးက မြူနှင်းသာ ကဲ့သို့ ဆွတ်ဆွတ်ဖြူနေ၏။ ခြေတံ မြင့်မြင့်၊ ကျောပြင် တင်သားတို့ တောင့်တင်းသည်မို့ အလွန် အမျိုးအစားကောင်းသော မြင်းတစ်ကောင်ဖြစ်ကြောင်း သိနိုင် သည်။ မြင်းပေါ်မှ လူမှာ သန်မာထွားကျိုင်းပြီး ခေါင်းတွင် ဆံမလိမ်းရဘဲ ခေါင်းတုံးက ပြောင်လက်နေသည်။ သူ့မျက်လုံး အစုံက မြူးကျယ်ဝိုင်းစက်ကာ နှုတ်ခမ်းက အရေးအကြောင်း ခြစ်ထားသည်လို မါးလှပ်သည်။ မြင်းပေါ်တွင် ထိုင်နေပုံမှာ တောင်ကြီးတစ်တောင်လို အားမာန်အပြည့်ရှိ၏။ ထိုသူသည် မွန်ဂိုရဲမက်တစ်ဦး ဖြစ်ပုံရပေသည်။

တတိယမြင်းတစ်စီးကား သူတို့နောက်မှကပ်လိုက်လာသည်။ မြင်းပေါ်မှလူသည် အလိုက်သင့်ပြုံးနေ၏။ ဟန်ပါရှက်လူမျိုး တစ်ယောက်ပင် ဖြစ်သည်။ ထိုသူကို ရှောက်ချုံ့ရွှေ မကောင်းစွာ သိရှိသည်။ တစ်ချိန်က ချန်အန်မြို့ပြင်တံတားပေါ်တွင် မိုး ဘုရင်ကြီး ကျူ့၏ တပည့် ယန်စီကျန့်မြစ် တတ်သုံးဒေါင်းကို သတ်ဖြတ်ပစ်ခဲ့သည့် သံမဏိလိပ်ခန်းပတ် ဖြစ်ပေသည်။

ရှောက်ချူးရွှေသည် ခန်းပတ်၏ မျက်နှာပိုးမကျိုးသော အမူအရာကို တွေ့လိုက်ရလျှင် စိတ်ထဲတွင် ဒေါသထွက်လာမိသည်။

မြင်းသုံးစီးသည် တဖြည်းဖြည်း နီးကပ်လာကြ၏။ ရွှေရောင်ဝတ်စုံနှင့် လူ၏မြင်းသည် တစ်ချက်ဟီသိုက်ပြီးလျှင် ချက်ချင်းပင် ရပ်တန့်သွား၏။ ခွာဖြင့်လည်း မြေကြီးကို သုံးလေးချက် ပေါက်နေသည်။

'ဒီနေရာနဲ့တူတာဘယ်'

ရွှေရောင်ဝတ်စုံနှင့်လူက ပြောသည်။ သူ့လေသံက အေးဆေးလှသော်လည်း ကြားရသူအဖို့ ကြက်သီးဖြန်းဖြန်း ထသွားလောက်အောင် သြဇာအာဏာသံပါသည်။

ခန်းပတ်သည် တဟဲဟဲရယ်မောလိုက်ကာ....

'ဟုတ်ပါတယ်၊ ဒီနေရာပါပဲ၊ မင်းသားလေးက မြင်လိုက်တာနဲ့ သိသွားတယ်ဆိုတော့ တကယ့်ကို ထက်မြက်တဲ့ မျက်လုံးအကြည့်အားပါပဲ'

ရွှေရောင်ဝတ်စုံနှင့်လူက သူ့ကို ဖျတ်ခနဲလှမ်းကြည့်သည်။

'ကျုပ်ကို ဘယ်လိုခေါ်လိုက်တာလဲ'

ခန်းပတ် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွား၏။ ထိုသူ၏ စိုက်ကြည့်ခံရမှုကြောင့် စိတ်ထဲတွင် တုန်လှုပ်သွားသည်။

ချက်ချင်းပင် စိုးစိုးရွံ့ရွံ့အမူအရာဖြင့်...

'ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော် အခေါ် မှားသွားပါတယ် ကိုယ်တော်လေး'



ရွှေရောင်ဝတ်စုံနှင့်လူ၏ မျက်လုံးအစုံက သိမ်းငှက်ပမာ အေးစက်စက်ရှိလှသည်။ ခန်းပတ်ရင်ထဲ တုန်တုန်ယင်ယင် ဖြစ်သွား၏။ ရွှေရောင်ဝတ်စုံနှင့်လူ တွန့်ခနဲ နှာခေါင်းရှုံ့လိုက်၏။

'ကျူးစွန့်ရွှေရဲ့မျက်နှာကို ထောက်ထားပြီး ဒီတစ်ခါတော့ သက်ညှာပေးလိုက်မက်၊ နောက်တစ်ခါကျူးလွန်ရင် သေဖို့သာ ပြင်ပေတော့။ မင်းတို့ကောင်တွေ ခွေးသောက်တောင် အသိဉာဏ် မရှိဘူး၊ ကြပ်ကြပ်သတိထား'

ဤစကားက အလွန်ပင်အခံရခက်စေသော စကားဖြစ်၏။ ခန်းပတ်မှာ မျက်နှာတစ်ချက် ပျက်ခြင်းမရှိ၊ ကပျာကယာပင် ကျေးဇူးတင်ကြောင်း တောင်းဆိုလိုက်ပြန်သည်။ ယန်ခွမ့်ဟူ၏ နားထင်နားက မျက်ခုံးအစုံ လှုပ်သွားသည်ကို ရှောက်ချူးရွှေ မြင်လိုက်ပြန်သည်။

ရွှေရောင်ဝတ်စုံနှင့်လူက....

'ဒီနေရာကပဲ သူတို့အလာကိုစောင့်ရင် အကောင်းဆုံး ဖြစ်လိမ့်မယ်၊ မင်းတို့ဟန်လူမျိုးမှာ စကားပုံတစ်ခု ရှိတယ်မဟုတ်လား၊ သစ်ပင်နားကနေ ယုန်အလာကို အသေစောင့်ဆိုတာလေ'

ရှောက်ချူးရွှေ ရယ်ချင်ပက်ကျိ ဖြစ်သွား၏။ စကားပုံတွင် ထိုစကားမျိုး မရှိ။ ထို့ပြင် ဘယ်သူ့ကိုပဲစောင့်စောင့် သစ်ပင်နားက ယုန်အလာကိုစောင့်ခြင်းသည် မသင့်တော်လှချေ။

ခန်းပတ်ကမူ....

'ကိုယ်တော်လေးဟာ တကယ့်ကို ဉာဏ်ကြီးရှင်တစ်ယောက်ပါပဲ၊ ဟန်လူမျိုးတွေရဲ့ စာကြမ်းပေကြမ်း စကားပုံတွေကိုတောင် သိနားလည်နေတယ်'

'ပေါက်ကရတွေ ပြောမနေစမ်းနဲ့၊ ဟန်လူမျိုးတွေရဲ့စာပေကို ဝါသနာပါလွန်းလို့ ဖေဖေက ဒီအထိ တိုက်ခိုက်လာချိန်မှာ ကျုပ်အတူတူလိုက်လာခဲ့တာ ဘယ့်နှယ်ကြောင့်စာကြမ်းပေကြမ်းဖြစ်ရမှာလဲ'

ရွှေရောင် ဝတ်စုံနှင့်လူသည် ခန်းပတ်အား ပြောပြီးလျှင် ကောင်းကင်ယံသို့ မော့ကြည့်လိုက်သည်။

'တကယ်လို့ ကျင်းနိုင်ငံကြီးသာ တစ်မိုးအောက်ကိုအုပ်ချုပ်နိုင်ရင် ကျယ်ပြန့်လှတဲ့ စာပေယဉ်ကျေးမှုတွေဟာ ကျုပ်တို့အပိုင်ဖြစ်နိုင်ပြီ'

ရှောက်ချူးရွှေသည် ထိုသူ၏စကားကိုနားထောင်ပြီး စိတ်ထဲတွင် လေးစားသွားမိသည်။ လူမျိုးခြားသက်ခံသည့်စာပေကို ဟန်လူမျိုး စစ်စစ်ဖြစ်သည့် ခန်းပတ်က ရွတ်ချစကားဆိုသဖြင့် ခန်းပတ်ကို ရှုံ့ရှာပြီးရင်း ရှုံ့ရှာမိသေးသည်။

သို့သော် ကျင်းလူမျိုးတို့သည် ဟန်လူမျိုးတို့၏ စာပေယဉ်ကျေးမှုကိုနှစ်ခြိုက်လျှင် အဘယ့်ကြောင့်နယ်မြေကျူးကျော်လာရလေသနည်း။ပြည်သူအမြောက်အမြား သေးဒုက္ခအန္တရာယ်ရောက်အောင် အဘယ့်ကြောင့် ဖနှိပ်ခဲ့ကြရလေသနည်း။ ထိုအတွေး ဝင်လာသောအခါတွင်ကား ရှောက်ချူးရွှေသည် အဝင်မကျနိုင်အောင် ဖြစ်သွားရပြန်တော့သည်။

* * *



'ကျွန်တော့်အမြင်အရတော့ ရောက်လာခါနီးပြီ ထင်တယ်၊ တစ်နေရာရာမှာ ပုန်းလျှိုနေပြီး ဒီကောင်တွေကို အငိုက်ဖမ်းတိုက်ကြရအောင်'

ခန်းပတ်က သူ့စိတ်ကူးကို ပြောလာ၏။

ရွှေရောင်ဝတ်စုံနှင့်လူမှာ ကျင်းအူကျင်း၏ တတိယမြောက်သားတော် ကျင်းမုရှ ဖြစ်ပေသည်။ ကျင်းမုရှသည် လမင်းကြီးကို မျှော်ကြည့်နေရာမှ နောက်ပြန်လှည့်လာသည်။

'သူဟာ ဟန်လူမျိုးတို့ရဲ့ စစ်သူကြီးကောင်း တစ်ယောက်ဖြစ်တယ်၊ တကယ်လို့ ကျင်းနိုင်ငံတော်ကို လက်နက်ချရင် ကျုပ်ကိုကတော့ အလုပ်မရှုပ်နိုင်ကြဲတော့ဘူးပေါ့'

ကျင်းမုရှ၏ စကားအဆုံးတွင် ခန်းပတ် ရယ်မောလိုက်၏။

'ဟ ဘာမည့်နည်းနည်းကြီးနေပေမယ့် ကိုယ်တော်လေးနဲ့ စာရင် ပိုစွန်းကြူးနဲ့ ရွှေလမင်းလို အမျှားကြီးကွာခြားနေပါသေးတယ်'

ကျင်းမုရှာ အေးစက်စက် ရယ်မောလိုက်၏။

'ထားလိုက်ပါတော့၊ ကျုပ်တို့ရဲ့ကျင်းနိုင်ငံတော်မှာပြိုင်ဘက်မရှိပေမယ့် ဒီလိုလူစွမ်းကောင်းမျိုးတော့ မပေါ်ထွက်နိုင်သေးဘူး၊ အဟင်း-ဟင်း ရဲမက်တွေက သေမှာမကြောက်ဘူး၊ အချာရှိတွေက လာဘ်မစားကြဘူး၊ ဟား....ဟား...ဟား စုန့်မင်းဆက်နိုင်ငံထဲမှာ မင်းလိုလူစားမျိုးကလဲ ရှိနေသေးတာကိုး'

ခန်းပတ် မျက်နှာအကြီးအကျယ် ပျက်သွားသည်။ ကိုယ့်အရှက်ကို ဖုံးကွယ်ဟန် သွားဖြဲကြီးနှင့် တဟဲဟဲရယ်နေ၏။

'ကျွန်တော့်လိုလူစား မျိုးက ဘာမှကောင်းတာမဟုတ်ပါဘူး။ ဟဲ-ဟဲ-ဟဲ ဒါပေမယ့် ကိုယ်တော်လေးကိုတော့အနည်းအကျဉ်းလောက် အကူအညီပေးနိုင်ပါတယ်'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

ကျောင်းမှုရှာက ပေါ့တီပေါ့ဆပြောကာ ခန်းပတ်၏ပခုံးကို ပုတ်လိုက်သည်။ သံမဏိသက် ခန်းပတ်မှာ အကြီး အကျယ် တုန်လှုပ်သွား၏။

ကျောင်းမှုရှာက တွန့်ပြုံးပြုံးလိုက်ပြီး ...

"ကျုပ်တို့တစ်တွေ စစ်သူကြီးရဲ့တိုက်ခိုက်လိုက်လို့ ကျူးရှင်မြို့ကနေ ခွေးပြေးဝက်ပြေး ပြေးခဲ့ရတယ်၊ အကြီး အကျယ် အရေးနိမ့်ခဲ့ရတယ်၊ ဒါပေမယ့် သူ့ကိုတော့ လူစွမ်းကောင်းကြီး တစ်ဦး အဖြစ် လေးစားလာမိတယ်၊ စိတ်လည်ပြီ ကျုပ်ဖခင်အောက်မှာ အမှုထမ်းရင် သိပ်ကောင်းမှာပဲ၊ မင်းတို့ စုန့်မင်းဆက် နိုင်ငံက လူတွေ သူ့အတွက် အသေခံမယ့် လူတွေ အများကြီးပဲ၊ ဘုရင်မင်းမြတ်ရဲ့ အမိန့်ပြားနဲ့ ဆယ့်နှစ်ကြိမ်လောက် ဆင့်ခေါ်ရုံနဲ့ မလုံလောက် သေးဘူး၊ ဒီသမ်းမှာပါကနေ သူ့ကို လုပ်ကြံဖို့တောင်ကြိုးစားနေကြတယ်'

ရှောက်ချူးဖွေ ဦးနှောက်ထဲ ဝူန်းခနဲ မြည်ဟည်းသွား၏။ နှလုံးသွေးများ ပွက်ပွက်ဆူတလာသည်။ စစ်သူကြီး ရှဲ့ ဆိုသော စကားတစ်လုံးကို ကြားသိရသည်နှင့် သူ့စိတ်များက မိုးပြိုသလို တုန်လှုပ်သွားရသည်။

တစ်ချိန်တုန်းက ပန်းချောင်းဓားဂိုဏ်းထဲတွင် စစ်သူကြီးရှဲ့ ဖေး၏မိခင် အဖိုအမ ခားဝိဇ္ဇာတို့နှင့် တွေ့ဆုံပြီး စစ်သူကြီးရှဲ့



အား ဝိုင်းဝန်းကူညီပေးရန် ကတိစကား ဆိုခဲ့သည်။ ယခု ရောက်လာမည့်သူကား စစ်သူကြီး ရှဲ့ဖေးများ ဖြစ်နေသည်လား။

'ကိုယ်တော်လေး မသိသေးဘူး ဖြစ်ပါလိမ့်မယ်၊ ရှဲ့ဖေးဟာ ကျောင်းနိုင်ငံတော်နဲ့ ကမ္ဘာ့ ရန်သူတွေဖြစ်တယ်၊ ကျွန်တော်တို့ရဲ့ နန်းတော်ထဲက အရာရှိကြီးတွေနဲ့လဲ ရန်သူတွေဖြစ်တယ်၊ ဘယ်သူပဲဖြစ်ဖြစ် မြဲမြဲ အောင်မြင်ချင်ရင် တခြား တစ်ဖက်ကတော့ လဲကျသွားရတာပဲ၊ ကျွန်တော့်ရဲ့ အမဘ်ကြီး ချင်းဟာ စစ်သူကြီးရှဲ့ကို အသေအလဲ အခဲမကျေ ဖြစ်နေတာကိုပဲကြည့်တော့'

ကျောင်းမှုရှာ စဉ်းစားဟန်ပြုပြီး ရယ်မောလိုက်ပြန်သည်။

'စုန့်မင်းဆက်နိုင်ငံဟာ သိပ်ကို ကြီးမားလှပါတယ်၊ မြေကြီးထဲက လဲ တန်ဖိုးကြီးတဲ့ ရတနာပစ္စည်းတွေ ရနေလျက်နဲ့ ရှဲ့ဖေး တစ်ယောက်ကိုတောင် မသဒ္ဓါကြဘူး၊ အင်း... လောကမှာ လူစွမ်းကောင်းတွေအားလုံး သေကုန်ကြရတာ ဒါကြောင့်ကိုး၊ ကိုယ့်အချင်းချင်းက ညီညွတ်မှု မရှိကြလို့ကိုး၊ ကြည့်စမ်း၊ မင်းမှာ ဒီလောက်ဥဏ်ရှိလိမ့်မယ်လို့ ကျုပ် မထင်ခဲ့မိဘူး'

ခန်းပတ်သည် ချီကျူးခံရသည်ဟု ယူဆကာ ကျေနပ်ပီတိ ဖြစ်သွားမိသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အထင်တကြီး ဖြစ်သွားမိသည်။

'တခြားကိစ္စတွေမှာ ကျွန်တော် လုပ်ဆောင်နိုင်မှ လုပ်ဆောင်နိုင်ပါလိမ့်မယ်၊ ဒါပေမယ့် မိုးဘုရင်ကြီး ကျူးနဲ့ဆူ လိုက်နေရပြီး နေ့စဉ်အတိုင်း တက်မလှည့်ရတာမို့ အခြေအနေ

ကို ကြည့်ပြီး နေရပါတယ်၊ ဒီတစ်ခါ ပိုင်ပိုင်နိုင်နိုင် ဖြစ်ဖို့ ကိစ္စဟာ ကျွန်တော် လေ့ပြောကြီးသာ မဟုတ်ပါဘူး၊ တကယ့် ပညာအစစ်အမှန် အနည်းငယ် ရှိလို့ပါပဲ'

ကျောင်းမှူးမှာ သက်ပြင်းကို ညင်သာစွာ ချလိုက်၏။

'ရွှေဖေးဟာ ဘုရင့်အမိန့်ကို နာခံပြီး ညဲတွင်းချောင်းပဲ လင်အန်းမြို့ကို သွားနေပြီး နန်းတော်ထဲ ရောက်တာနဲ့ ချင်ကွေ့က သူ့ကို သတ်ပစ်မှာ သေချာတယ်၊ ကျုပ်ဖခင်သာ အမိန့် တစ်ချက် ပေးလိုက်ကြည့်ပါ၊ ချင်ကွေ့ မနာခံဘဲ နေမှာ မဟုတ်ဘူး၊ မင်းကို ဘာကြောင့် စေသွတ်ပြီး လမ်းတစ်ဝက်ကနေ လုပ်ကြံခိုင်းရတာပါလိမ့်၊ နောက်ပြီး စဉ်းစားမရနိုင်တာက ကျုပ်ဖခင်ဆီကနေ ကျုပ်ကိုပါ အဘုလိုက်ပြီး ကူညီဖို့ အတန်တန် တောင်းဆိုတာတဲ့'

ခန်းပတ်စိတ်ထဲတွင် ကျောင်းမှူးမှာ သူ့ကို အထင်ကြီးရှိနေပြီဟု ထင်မှတ်လိုက်မိသည်။ သူ့အတွက် ထုထူးတက်လမ်းရှိနေပြီဟုလည်း တွက်ဆလိုက်၏။

'ကိုယ်တော်လေး ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် နန်းမြို့တော်ထဲမှာ ရွှေဖေးရဲ့လူတွေ ရှိတယ်၊ သူတို့ဟာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရွှေဖေးကို ကယ်ကြမှာပဲ၊ အထူးသဖြင့် တန်စုကျုံးနဲ့ လျို့ချိဘိုလို စစ်သူကြီးတွေက သူပုန်နဲ့ပူးပေါင်းပြီး တစ်စုံတစ်ခု လုပ်ပါရင် ပြဿနာတွေ ရှုပ်သွားနိုင်တယ်၊ အမတ်ကြီး ချင်ကွေ့ဟာ ဒီအချက်ကို စဉ်းစားမိလို့ ကျုပ်ငြင်ခုတ် ကျုငုပ်မကျန်ရအောင် အခုလို ကြားဖြတ်ပြီး လက်ဦးမှု ရအောင် လုပ်ကြံလိုက်တာပဲ'



'ဒါဆိုရင် မိုင်ပေါင်း ရာနဲ့ချီတဲ့ နေရာကနေ ရွှေနန်းတော်ကို ပြန်လာရတာ ရွှေဖေးအတွက် အချည်းအနှီး ဖြစ်သွားတာပေါ့'

ခန်းပတ် ပါတိပြုံးပြုံးလိုက်၏။

'တကယ်လို့ သူသာ ကျွန်တော်တို့ လက်ချက်နဲ့ အသက်ခံသွားရရင် မနက်ဖြန် လင်အန်းမြို့ကို မရောက်ခင်မှာ အမတ်ကြီးက သူ့ကို အမိန့်အာဏာ ဖီဆန်တဲ့အတွက် တစ်ဖွဲ့လုံးကို သတ်ပစ်ဖို့ အမိန့်ချမှတ်လိုက်တာပေါ့'

ရှောက်ချူးရွှေမှာ နားထောင်ရင်းမှပင် အံ့ကြောစိမ်းများ ထောင်ထလာသည်။ လက်ဖဝါးတွင်လည်း ချွေးစများ ပြန်လာ၏။ ယင်းခွမ့်ဟူသည် ရုတ်ခြည်းပင် ရှောက်ချူးရွှေ၏ စကားပြောနိုင်သော ဘွေးကြောကို ထိုးပိတ်ပစ်လိုက်တော့သည်။

သူ၏ ငွေရောင်ဆံပင်များ ထောင်တက်နေပြီး လှုပ်ရှားမှုက မရှိ။

ကျောင်းမှူးမှာ စကားစလာသည်။

'သိပ်ကောင်းတဲ့ အကြံအစည်ပဲ၊ မင်းတို့က တောင်ပိုင်းသားတွေဆိုတော့ တိုက်ပွဲဝင်ပြီး သေရမှာကို ကြောက်တတ်ကြတယ်၊ အကြံဉာဏ် ကြီးကြတယ်၊ ရွှေဖေးဟာ ဒီတစ်ခါက်တော့ ဘုမသိ ဘမသိနဲ့ သေရတော့မယ်'

ခန်းပတ် နှစ်ခြိုက်စွာပင် ရယ်မောလိုက်၏။

'ဘုမသိ ဘမသိနဲ့ သေသွားရတဲ့လူတွေ မနည်းတော့ဘူး၊ ဒီရက်အတွင်းမှာ ရွှေဖေးကို တစ်လမ်းလုံး လိုက်ကာယ် ကြတဲ့လူတွေ ကျုပ်တို့ရဲ့လူတွေနဲ့ ဒါမှမဟုတ် နန်းမြို့က မင်းမှုထမ်းတပ်

ဖွဲ့ အမင်္ဂကြီးရဲ့ လူယုံတပ်ဖွဲ့တွေရဲ့ လက်ချက်နဲ့ သေကုန်ကြပြီ၊ တစ်ခါတုန်းက မှေ့ကျင်ရွာမှာ ပြည်သူလူထုတွေ စုဝေးပြီး ရွှဲ့ဖေးအလာကို စောင့်နေကြတယ်၊ နောက်ဆုံး သူတို့လဲ ကျုပ်တို့လက်ချက်နဲ့ အကုန် အသတ်ခံလိုက်ကြရတယ်၊ တစ်ရွာလုံးကလူတွေ သေလိုက်ကြတာ အလောင်းတွေကိုမြင်မကောင်းဘူး....'

'မင်းတို့ စုန့်မင်းရဲ့လက်ချက်က အမတော့်ကို ရက်စက်လှတာပဲ၊ ကျုပ် မသိဘူးများ ထင်နေသလား၊ သူများ သားမျိုးသမီးပျိုကို ဖျက်လိုဖျက်ဆီး၊ အိုးအိမ်ကို မီးရှို့၊ လူသတ်ပစ္စည်းလုကြတာတွေဟာ နောက်ဆုံးတော့ ကျုပ်တို့ ကျင်း စစ်သည်တွေအပေါ် အပြစ်ပုံချလာတာပဲ၊ ဒါဟာ မင်းတို့ တစ်တွေရဲ့ လှည့်ကွက် ပညာတွေပဲ'

ခန်းပတ် ရုတ်တရက် ကြောင်သွားသည်။ ဘာ ပြန်ပြောရမည် မသိ။ ထစ်ထစ်ငေါ့ငေါ့ဖြင့်....

'ကိုယ်တော်လေးဟာ အလွန်ပဲ ဗဟုသုတ နှံ့စပ်လှပါတယ်၊ ကျွန်....ကျွန်တော်တို့....'

ကျင်းမှုရှာက ခန်းပတ်၏စကားကို ရယ်မောခြင်းဖြင့် ဖြတ်တောက်လိုက်သည်။

'တကယ်တော့ ဒါဟာ ဘာမှမဟုတ်လှပါဘူး၊ မိုးဘုရင်ကြီးကျူးက ကျုပ်တို့တွေအတွက် လမ်းဖွင့်ပေးတယ်၊ ဒါဟာ ကြီးမြတ်လှတဲ့ လုပ်ရပ်လုပ်ဆောင်ချက်တစ်ခုပဲ၊ အခု ဒီကိစ္စ အောင်မြင်ရင် ကောင်းကောင်းဆုချမယ်'



ခန်းပတ်သည် မြေကြီးပေါ်တွင် ဆတ်ခနဲ ဒူးထောက်ထိုင်ချလိုက်သည်။

'ကိုယ်တော်လေးကို ကျွန်တော်မျိုး ကျေးဇူးအထူးပဲတင်လှပါတယ်'

ကျင်းမှုရှာက ပြုံးစိစိဖြင့်....

'ထ ပါ....ထ စမ်းပါ၊ ဒီတစ်ပွဲက အောင်မြင်မယ်၊ မအောင်မြင်ဘူးလားဆိုတာ မသိသေးပါဘူး၊ တွန်း ...မင်းတို့ရဲ့ စုန့်မင်းဆက်ဟာနေ စစ်သူကြီးကောင်းတစ်ဦးကိုရရှိခဲ့ပြီး လူကောင်းမှန်းမသိကြဘူး၊ ပြီးတော့ ရွှေနန်းဘော်ရောက်မှ အပြစ်ဒဏ်ခတ်ဖို့ကိုလဲ မစောင့်ဆိုင်းနိုင်ကြဘူး၊ ဒီလောက်တောင် အသေတကြီးဖြစ်နေကြတယ်'

ခန်းပဘ် မတ်တတ်ထရပ်လိုက်သည်။

'ဒီတစ်ခေါက် စီစဉ်လာတာက မိုးဘုရင်ကြီးကျူးရဲ့ လက်ရွေးစင် စစ်တပ်ဖြစ်ပါတယ်၊ ရွှဲ့ဖေးဟာ တိုက်ပွဲပေါင်းများစွာ တွေ့ကြုံခဲ့ရပေမယ့် အခုလို အဆင့်မြင့်သိုင်းသမားတွေနဲ့ ဝန်းရံလုပ်ကြံတာကို ဘယ်လိုမှ ခုခံနိုင်မှာမဟုတ်ပါဘူး၊ ဒီအတွက် ကိုယ်တော်လေး စိတ်ချသာနေပါ၊ ရွှဲ့ဖေးသာ နန်းတော်ထဲ ရောက်သွားရင် လုပ်ရကိုင်ရ ခက်သွားစေနိုင်ပါတယ်၊ အမတ်ကြီးက သူ့အကြောင်းကို အသေအချာစုံစမ်းပြီးပြီ၊ လာဘ်မစားဘူး၊ တစ်ကိုယ်ကောင်း မဆန်ဘူး၊ အပြစ်မဲ့ ပြည်သူတစ်ယောက်ကို မသတ်ခဲ့ဘူး၊ အောက်တန်းကျတဲ့ အလုပ်မျိုးကိုလဲ မလုပ်ဖူးဘူး၊ ဒါကြောင့် သူ့ကို အပြစ်ဒဏ်ခတ်ဖို့ အခေတ်ကလေး ခက်နေပါတယ်'

ကျောင်းမှူးရှာသည် ထိုစကားကိုကြားလိုက်ရလျှင် တဟားဟား ရယ်မောလာတော့သည်။ အားမာန်အပြည့် ရယ်မောလိုက်သည်မို့ မြင်းများသည်ပင် လန့်ဖျပ်ကာ ဟီကုန်ကြတော့သည်။

'သစ္စာဖောက်တဲ့ အမတ်ကြီးက သစ္စာရှိတဲ့ စစ်သူကြီးကို သတ်ပစ်ဖို့ အမိန့်တွေဘာတွေ ရှာရေးမလိုပါဘူး၊ ကျုပ်ရဲ့ ဖခမည်းတော်က သာ ခေါင်းတစ်ချက်ညိတ်လိုက်ရင် မင်းတို့ရဲ့ အမတ်တွေဟာ သစ္စာရှိတဲ့ အမှုထမ်းတွေဖြစ်ပါတို့ကို သတ်ပစ်ဖို့ ထမင်းစားရေသောက်သလို သိပ်ကိုလွယ်ကူပါတယ်'

ကျောင်းမှူးရှာသည် စုန့်မင်းဆက်၏ စာပေပညာကို အားကျမိသဖြင့် သူ့တိုင်းပြည်၏အမည်ကို အမျိုးအနွယ်အဖြစ် ရှေ့မှ တင်ပြီး ဟန်လူမျိုးစကားဖြင့် အမည်မှည့်ခေါ်ခဲ့သည်။ ကျောင်းနိုင်ငံ၌ သူ့အမည်ရင်းမှာ လွှီကျောင်းဖြစ်ပေသည်။

ထိုအချိန်က ကျောင်းနိုင်ငံ၏အင်အားသည် အတောင့်တင်းဆုံးဖြစ်သည်။ မွန်ဂိုများပင် သူတို့ထံသို့ လက်ဆောင်ဘဏ္ဍာ ဆက်သကြရ၏။ မြင်းနက်ကြီးပေါ်မှလူမှာ မွန်ဂိုကြီးဖြစ်၏။ အမည်မှာ ယောက်ထက်လေ့ဖြစ်သည်။ သူတို့နှစ်ဦးမှာ ကျောင်းအူကျောင်း စေလွှတ်လိုက်သော သူများဖြစ်၏။ စုန့်မင်းဆက်၏လူများက ရှဲ့ဖေးအား လုပ်ကြံသတ်ဖြတ်သည့်အခါ စောင့်ကြည့်ရန် ဖြစ်သည်။

* * *

ကျောင်းမှူးရှာ ကောင်းကင်ထက်သို့ မော့ကြည့်လိုက်၏။

'ကြည့်ရတာ ရှဲ့ဖေး ရောက်လာတော့မယ်ထင်တယ်'

ခန်းပတ်က အူမြူးဟန်ဖြင့်....

'ရှဲ့မဖေးဟာ အမိန့်ပြား ဆယ့်နှစ်ပြားတိတိနဲ့ ဆင့်ခေါ်မှုသားအဖလဲ ပြန်လာကြရတယ်၊ အခုလောက်ဆို ပင်ပန်းပြီး ဆာလောင်နေမှာပဲ၊ ဒီနေရာကနေလုပ်ကြံတာ အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်၊ ဒီတော့ ကျွန်တော်တို့ ပုန်းနေလိုက်ကြရအောင်'

ခန်းပတ်စကားသံအဆုံးတွင် မာန်ဖိသံနှင့်အတူ မွန်ဂိုတစ်ဦးက ခြေဟန်လက်ဟန် ပြလာသည်။ စကားသုံးလေးခွန်းလည်း ပြောသည်။ ထိုအချိန်တွင် ဝတ်စုံနက်နှင့် မင်းမှုထမ်းတစ်ဦး ရှေ့သို့လှမ်းတက်လာပြီး....

'မွန်ဂိုရဲမက်ကပြောတယ်၊ သူတို့တတွေ ပုန်းလျှိုးကွယ်လျှိုး မလုပ်ကြချင်ဘူးတဲ့'

ခန်းပတ် အထိတ်တလန့်ဟန်ဖြင့်....

'အမယ်လေး ရှဲ့ဖေးက အင်အားလျော့သွားပေမယ့် ထိပ်တိုက်ရင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဦးလေးလွှီ သေသေချာချာ သွားပြောလိုက်စမ်းပါဦး'

ဘာသာပြန်စကားပြောသူကား စုန့်မင်းဆက်၏ကိုယ်ရံတော် လွှီကျောင်းရှင်ဆိုသူဖြစ်၏။ လွှီကျောင်းရှင်သည် ခန်းပတ်၏သဘောထားကို မွန်ဂိုတို့အား ပြောပြလိုက်၏။ မွန်ဂိုကြီးက ခေါင်းကိုသာ တွင်တွင်ခါယမ်းနေ၏။ ခန်းပတ် ဘာမျှမတတ်နိုင်။ ကျောင်းမှူးရှာထံသို့သာ အားကိုးတကြီး မျှော်ကြည့်လိုက်၏။

ကျောင်းမှုရှာ အတန်ကြာအောင် စဉ်းစားနေပြီးမှ မွန်ဂိုရဲမက်တို့ကို စကားသုံးလေးခွန်း ပြောသည်။ မွန်ဂိုတို့၏ အမူအရာကသိပ်မကျေနပ်ချင်ကြသော်လည်း ဘာမျှ ပြန်မပြောရဲကြ။ ထိုအချိန်ဆိုကာလက မွန်ဂိုတို့သည် ကျောင်းနိုင်ငံ၏ ခြိမ်းခြောက်ခြင်းကို ခံနေကြရသည်။ အချိန်မရွေး စစ်တပ်စေလွှတ်ကာ တိုက်ခိုက်မည်ဖြစ်သည်။ မွန်ဂိုတို့သည် မိမိတို့နိုင်ငံတစ်ခုလုံး ဒုက္ခရောက်သွားမည့်အဖြစ်မျိုးကို မလုပ်ရဲကြ။

'ကောင်းပြီလေ၊ ကျုပ်တို့တတွေ ပုန်းအောင်းနေလိုက်ကြတာပေါ့'

ထိုအချိန်တွင် လေပြင်းတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာ၏။ မြက်ပင်များ လေတိုးသံကြောင့် တရှဲရှဲမြည်လာသည်။ ဘုရားကျောင်းထဲမှ ညည်းညူသံလို အသံတစ်သံကလည်း ထွက်ပေါ်လာ၏။

'ဘယ်ကလာတဲ့ လေပွေဆန်းပါလိမ့်'

ခန်းပတ် ရေရွတ်လိုက်၏။

ဘုရားကျောင်းနံဘေးသို့ ဦးဆောင်ပြီး ပုန်းအောင်းတော့မည့် အချိန်တွင် ကျောင်းမှုရှာက ရုတ်တရက် ပြောလာ၏။

'နေဦး'

ခန်းပတ် ကြောင်အမ်းအမ်းဖြစ်သွား၏။

ကျောင်းမှုရှာ မြက်ချုံပုတ်တစ်ခုကိုကြည့်ကာ....

'မြက်ချုံပုတ်ထဲက မိတ်ဆွေတွေ၊ ခင်ဗျားတို့ကိုယ်တိုင်ပဲ အေးအေးဆေးဆေး ထွက်လာကြမလား၊ ကျုပ်တို့က လာဆွဲထုတ်ရမလား'



သူ့စကားမဆုံးခင်မှာပင် လေချွန်သံနှစ်သံနှင့်အတူ လူသန်ကြီး နှစ်ယောက် ခုန်ထွက်လာကြသည်။ အမှာရွတ်နှင့် လူသန်ကြီးက....

'သစ္စာဖောက်ကောင်စစ်သူကြီးရွှဲ့ကိုလုပ်ကြံသို့ရမတဲ့လား၊ ကျုပ် လင့်ဟုန်းစင်းက မင်းနဲ့ သူ့သေကိုယ်သေ တိုက်ခိုက်ပြမယ်'

မုတ်ဆိတ်မွေးရှည်နှင့် လူသန်ကြီးကလည်း....

အရှက်မရှိတဲ့ ကျောင်းခွေးကောင်တွေ၊ ကျုပ် လင့်ကျွင်းရှင်းကလဲ စစ်သူကြီးရွှဲ့ ကိုယ်စား မင်းတို့ကို အရင်ရှင်းပစ်လိုက်မယ်'

ပြောပြောဆိုဆိုပင် တစ်ယောက်က သံမဏိဆူးချွန်၊ တစ်ယောက်က ငွေရောင်ဆူးချိတ်တို့ကို ဝှေ့ယမ်းကာ တိုက်ခိုက်လာတော့သည်။ ဝတ်စုံနက်အဖွဲ့ယောက်နှစ်ဆယ် သုံးဆယ်ခန့်သည် ခန္ဓာကိုယ်လှုပ်ရှားသွားကြပြီး ကြိုတင် လေ့ကျင့်ထားသည့်ပမာ သူတို့နှစ်ဦးအား ဝန်းရံထားလိုက်ကြသည်။ ခန်းပတ်မှာ တဟဲဟဲဖြင့် ရယ်မောနေ၏။

'ဘယ်သူများလဲ ထင်နေတာ၊ ယန်ကျိုက်.... ရှင့်ရဲ့လက်အောက် တပ်သား လင့်မိသားစု ညီနောင်နှစ်ဖော်ကိုး၊ ဟား....ဟား....ဒီလိုဆိုလဲ တို့တစ်တွေအတွက် သွေးပူလေ့ကျင့်ခန်း လုပ်ရတာပေါ့'

ထိုသူနှစ်ဦးမှာ ရွှဲ့ဖေးက သိမ်းသွင်းထားသော သူပုန်များဖြစ်၏။ စုန့်မင်းဆက်အတွက် အမှုတော်ကို ကျေပွန်စွာ

ထမ်းရွက်ခဲ့သူဖြစ်၏။ စစ်သူကြီးယန်ကျိုင်း၏ လက်အောက်တွင် အမှုထမ်းသည်။ ချင်ကွေ့တို့တစ်ခတွသည် ရွှဲ့ဖေးတို့တစ်ဘော့ အားထားရသွားမှုကို စိုးသဖြင့် ယခုကဲ့သို့ လက်ရွေးစင်တပ်ကို ရွေးချယ် စေလွှတ်ပြီး ကြိုတင် ကာကွယ်မှုပြုခဲ့၏။ တိုက်ပွဲတွင် ရှဲရှင့်ကြ၏။ တပ်သားတို့ကို တမင် လူစုခွဲကာ နယ်အသီးသီးသို့ တာဝန်ပေး စေလွှတ်ခဲ့သည်။

လင့်မိသားစုညီနောင်နှစ်ဖော်မှာ လန်ဟိုင်သို့ အပို့ခံရ၏။

မိမိတို့၏ အထက်စစ်ဗိုလ်ဟွန်းရုံသည် အစွမ်းအစမရှိ၊ အဖွဲ့တူ ညီနောင် ဆယ်ပုံ နှစ်ပုံ ခန့်မှာ ဘုမသိဘမသိဖြင့် အသက်ဆုံးရှုံး ကုန်ကြသည်။ စိတ်ထဲတွင်လည်း အလွန်ပင် ဝမ်းနည်းလာ မိသည်။ စစ်တပ်မှထွက်ပြေးကာ ရွှဲ့ဖေးတို့ တပ်ဖွဲ့ ကျူးရှင်း မြို့ကို သိမ်းပိုက်လိုက်နိုင်သည်ဟု သတင်းကြားရသဖြင့် အလွန်ပင် ဝမ်းသာသွားခဲ့သည်။ ရှေးပြင်းနှင်ကာ ရွှဲ့ဖေးတို့တပ်ဖွဲ့နှင့် အတူ တိုက်ပွဲဝင်မည်ဟု ရည်ရွယ်ထားကြသည်။

မမျှော်လင့်ဘဲ လမ်းတစ်ဝက်အရောက်၌ ရွှဲ့ဖေး၏စစ်တပ် ပြန်ရုပ်သည့် သတင်းကို ကြားရကာ လင့်မိသားစု ညီနောင် နှစ်ဖော်မှာ အလွန်ပင် ဝမ်းနည်းခဲ့ရသည်။ ဤလမ်းမကြီးပေါ်မှ နေ၍ ရွှဲ့ဖေးတို့အလာကို စောင့်ပြီး အသက်အသေခံကာ အတူ ပြန်ကြမည် ဖြစ်သည်။

သူတို့နှစ်ဦး တည်းခိုဆိုင်တွင် တည်းခိုနေကြသည့်အချိန် မမျှော်လင့်ဘဲ ခန်းပတ်တို့တစ်သိုက် ရွှဲ့ဖေးကို လုပ်ကြံကြမည့် သတင်းကြားလိုက်ကြရ၏။



ထို့ကြောင့် ဘုရားကျောင်းနံဘေးတွင် အရင် ပုန်းအောင်း စောင့်ဆိုင်းကာ စစ်သူကြီးရွှဲ့ဖေး ရောက်လာသည့်အချိန်တွင် ထွက်ပြီး သတင်းပေးမည် ဖြစ်၏။

မမျှော်လင့်ဘဲ ကျင်းမုရှာ၏ ပါးနပ်လိမ္မာမှုကြောင့် သူတို့ နှစ်ဦး ပုန်းအောင်းနေသည်ကို ရိပ်မိခဲ့သည်။ သို့ကြောင့် သူတို့ နှစ်ဦး အပြင်သို့ ခုန်ထွက်လိုက်ကြသည်။ သူတို့ အင်အားဖြင့် ရနိုင်သလောက်ကို တိုက်ခိုက်သတ်ဖြတ်ပစ်မည်ဟုလည်း ဆုံးဖြတ် ကြ၏။

ယန်ခွမ့်ဟူ စိတ်ထဲလှုပ်ရှားသွားသည်။ လင့်ညီနောင်တို့ အပြင်ထွက်ကာ တိုက်ခိုက်ကြလျှင် ကျင်းစစ်သည် အင်အားကို မည်သူမျှ ယှဉ်နိုင်မည်မဟုတ်ချေ။ ပင်လယ်တွင် လွင့်မျော နေသော သစ်ရွက်ကလေးတစ်ရွက်ကို လှိုင်းလုံးကြီးက ဖုံးအုပ် သွားသလို ရှိချေတော့မည်။ ထို့ကြောင့် အပြင်သို့ထွက်ကာ ဝင်ရောက်ကူညီတိုက်ခိုက်ပေးရန် ဟန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် သူ့ကိုယ်ခန္ဓာထဲက သွေးကြောတွေကို ဆူးချွန်ဖြင့် အထိုးခံရသလို နာကျင်စွာ ခံစားလိုက်ရသည်။ မျက်လုံးအစုံတွင် မိုက်ခနဲဖြစ်ကာ မူးမေ့လဲကျသွားလုမတတ် ဖြစ်လာရသည်။

ယန်ခွမ့်ဟူသည် လွန်ခဲ့သည့် ဆယ့်ငါးနှစ်ကျော်တုန်းက သိုင်းလောကတွင် ဟိတ်ဟန်မာန်မာနကြီးမြင့်ခဲ့၏။ အဖြူရောင် ဂိုဏ်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ မိုးဘုရင်ကြီးကျူး၏ ကိုယ်ရံ တော်များ၊ ဩဇာအာဏာဂိုဏ်း၏ လက်အောက်ခံပုဂ္ဂိုလ်များ ဝိုင်းဝန်းတိုက်ခိုက်သည်ကို ခံခဲ့ကြရသည်။ ထိုအချိန်က သူသည်

ဒဏ်ရာပြင်းထန်စွာရလျက် ထိုးဖောက်ထွက်ကာ သိုင်းလောက
တွင် ဇာတ်မြုပ်နေထိုင်ခဲ့သည်။

ပြည်မကြီး သွေးသောက်အဓိပတိ ယှဉ်ပြိုင် ရွေးချယ်ပွဲ
စင်မြင့်သို့ တက်ရောက်ခဲ့သည့်အချိန်တွင် သူ၏ သိုင်းပညာမှာ
ဒဏ်ရာကြောင့် ဆယ်ပုံ သုံးပုံမျှ ပျက်စီးသွားခဲ့ပြီး ဖြစ်သည်။
ထဲစင်မြင့်အောက်တွင် တိုက်ခိုက်သည့်အချိန်တွင်လည်း ဒဏ်ရာ
ရရှိသွားခဲ့ရပြန်သည်။ သူသည် အသက်အရွယ်ကြီးရင့်ပြီဖြစ်သလို
ဒဏ်ရာကို လုံးဝ ပျောက်ကင်းစေအောင် လုပ်ရန် မဘတ်
နိုင်တော့။ အံ့မခန်းလောက်သည့် အဘွင်းအားသည်လည်း
ပျက်စီးသွားရလေသည်။

သို့သော် ခေတ္တယာယီအနေဖြင့်မူ တောင့်ခံထားနိုင်၏။
ဒဏ်ရာဟောင်းမှ အချိန်မရွေး ရောဂါပြန်ထလာ နိုင် သလို
ဒဏ်ရာဟောင်းပေါ်တွင်ပင် နောက်ထပ်ဒဏ်ရာ အသစ်ပြန်ပေါ်
လာသဖြင့် မည်သို့မျှ ပျောက်ကင်းအောင် မပြုလုပ်နိုင်တော့။

သူသည် သူ့အတွက် အရွယ်ကြီးရင့်လာပြီကို သိရှိလာသည်။

သူ့ ရည်ရွယ်မျှော်လင့်ထားသည့် မျှော်လင့်ချက်ကြီးကား
မရှိတော့။ သို့ရာတွင် သူ့စိတ်ဆန္ဒ အလိုကိုမူ အောင်မြင်အောင်
ပြုလုပ်ချင်နေသည်။ ထို့ကြောင့် ဘာကိုမျှအရေးမစိုက်တော့။
အတွင်းဒဏ်လုံးဝပျောက်သည်အထိ စောင့်ဆိုင်းမနေတော့ဘဲ
သိုင်းလောကထဲသို့ တစ်ဖန် ပြန်ဝင်လိုက်သဖြင့် အတွင်းအား
နှစ်ဆင့်ခန့် ဆုံးရှုံးသွားပြန်သည်။

သူ၏ သိုင်းပညာမှာလည်း ယခင်ကလို မာန်မရှိတော့ဘဲ
ဘစ်ဝက်ခန့်သာ ကျန်ရှိတော့သည်။ သည်အချိန်မှစ၍ သူ့တွင်



ရောဂါဝေဒနာတစ်ခု စွဲကပ်လာတော့သည်။ ထိုဝေဒနာဖြစ်
ပေါ်လာချိန်တွင် ဒုက္ခိတတစ်ယောက်လို မသန်မစွမ်းသူ
တစ်ယောက်လို ဖြစ်လာတတ်၏။

ယခု ရောဂါဝေဒနာအစွမ်းပြလာခဲ့ပြီ။

သူ့တစ်ကိုယ်လုံး ဆူးဖြင့် အထိုးခံရသလို နာကျင်းလာ၏။
သွေးကြောများ အထက်အောက် ပြောင်းပြန်ယိုစီးကျနေသည်
ကို ထိန်းချုပ်၍မရ။ သွေးလှုပ်ရှားမှု ပြောင်းဆန်နေသော
ကြောင့် အခံရခက်လာသည်။ မျက်ဖြူလန်ကာ တစ်ကိုယ်လုံး
အေးလိုက်ပူလိုက် ဖြစ်လာသည်။ အအေးဓာတ်သည် အဆိပ်
လက်နက်ပုန်းနှင့် လက်ဝါးအား ထိမှန်သလို အတွင်းနှင့်
အပြင် ပဋိပက္ခဖြစ်လာ၏။

ယန်ခွမ့်ဟူသည် စိတ်ကိုတည်ငြိမ်အောင် ကြိုးစား ထိန်း
ချုပ်သည်။ သူ့တစ်ကိုယ်လုံးမှာ နေပူကျဲကျဲမှ လျှောက်လှမ်း
လာရသလို တစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲစိုလာသည်။ တစ်
ချက်တစ်ချက် ရေခဲမြစ်ထဲတွင် နစ်ဝင်သွားသလို တစ်ကိုယ်လုံး
အေးစိမ့်ကာ တဆတ်ဆတ် တုန်ယင်လာသည်။ ရှောက်ချူးရွှေ
သည် နံဘေးမှ ကြည့်နေရင်း ပျာယာခတ်သွား၏။ စိတ်လှုပ်
ရှားသွား၏။ သွေးကြောအပိတ်ခံထားရသဖြင့် ဘာမျှမတတ်
နိုင်။ ယန်ခွမ့်ဟူ၏ အရေးကြီးဆုံး အချိန်သို့ ရောက်နေပြီကို သိ
သော်လည်း ကယ်တင်ခြင်း မပြုနိုင်။

ယန်ခွမ့်ဟူကို အသာဘေးချိတ်ထားပြီး လင့်ညီနောင်ဘက်
သို့ အခြေအနေကို လှမ်းကြည့်လိုက်သည်။ လင့်ဟုန်စင်းနှင့်

လင့်ဟုန်ကျောင်ရှင်တို့နှစ်ယောက်သည် ဝဘ်စုံနက်များနှင့် တိုက်ခိုက်နေပြီကို ရှောက်ချူးရွှေ တွေ့မြင်လိုက်ရသည်။

* * *

လင့် ညီနောင်တို့သည် ယန်ကျိုက်ရှင့်၏ လက်အောက်ခံ သတ္တိခဲများ ပိုသလှ၏။ ယန်ကျိုက်ရှင့်၏ သံဓက်ကို လှုံ့တံသည် အလွန်ပင် မြန်ဆန်ထိရောက်မှု ရှိသှ၏။ လင့် ညီနောင် နှစ်ယောက်သည် သံဓက်စူးချွန်နှင့် ငွေရောင်စူးချွန်ချိတ်တို့ကို ယန်ကျိုက်ရှင့်၏ အကွက်ဟန်ကို အဘုယူကာ လှုံ့တံကွက်များ ပမာ အသုံးပြု တိုက်ခိုက်လာကြသည်။

မိုးဘုရင်ကျူး၏ တပည့်များ၊ ချင်ကွေ့၏ လက်ရွေးစင်တပ်သားများ၊ ကျင်းမုရှာ၏ လက်အောက်တာည့်များမှာ အဆင့်မြင့် ပုဂ္ဂိုလ်များ ဖြစ်ကြသော်လည်း တိုတောင်းလှသော အချိန်ကလေးအတွင်း၌ အသာစီး မရနိုင်ကြ။ လင့် မိသားစုညီနောင် နှစ်ဖော်သည် ဟန်တားနိုင်သရွေ့ ဟန့်တားထားမည်။ စစ်သူကြီး ရွဲ့ဖေး ရောက်လာလျှင် သစ္စာဖောက်တို့၏ အကြံအစည်ကို ပြောပြကာ စိုင်းဝန်း သုတ်သင်ပစ်မည်ဟုသော စိတ်ကူးဖြင့် အကြိတ်အနယ် အစွမ်းကုန်ပင် ခုခံတိုက်ခိုက်သည်။



ကျင်းမုရှာတို့မှာ လင့်ညီနောင်၏ အကြံအစည်ကို မသိကြ။

ကျင်းမုရှာက ခန်းပတ်ကို အသာပင် ခေါင်းညိတ် ပြလိုက် ပြလိုက်သည်။ သံဓက်လက်ခန်းပတ်က မာန့်သွင်းသံ တစ်ချက်ပေးလိုက်ပြီး....

'မင်းတို့တတွေ အသာတကြည်နဲ့ အဖမ်းခံကြစမ်း'

ပြောရင်းပင် လက်ထဲမှ သံဓက်တုတ်ရှည်ကို ဝေ့ယမ်းကာ လင့်ညီနောင် နှစ်ဦးအား လှူချမ်းခွဲလိုက်သည်။

လင့်ဟုန်စင်းက သံဓက်စူးချွန်ဖြင့် ခုခံပေးလိုက်၏။

'ထန်း....'

လက်ခုတ်ချင်း ထိခတ်သွားပြီး မီးပွင့်သွား၏။ လင့်ဟုန်စင်းမှာ တစ်ဖက် သံဓက်တုတ်ရှည်ဆီမှ ထူးဆန်းသော အစေအားလှိုင်း တစ်ခု စီးဝင်လာသည်ကို ခံစားလိုက်ရ၏။ ဤတုတ်ချက်ကို ခုခံလိုက်သည်နှင့် ခန္ဓာကိုယ် အပ်အား ဆုတ်ယုတ်ကာ အတော်ပင် အခံရ ခက်သွား၏။ ခန်းပတ်မှာလည်း တစ်ဖက်လူ၏ ပြင်းထန်သော အား တစ်ခု ရောက်လာသဖြင့် လက်ကောက်ဝတ်တွင် ထုံကျဉ်သွားရသည်။ လက်နက်ပင် လွှတ်ကျသွားလုမတတ် ဖြစ်ခဲ့ရ၏။

ခန်းပတ်သည် မြင်းပေါ်တွင် ရှိနေသည်မို့ မြင်းကို လှည့်ပြီး လင့်ဟုန်စင်းထံသို့ တစ်ဟုန်ထိုး ဝင်လာသည်။ လင့်ဟုန်စင်းမှာ အနိမ့်ပိုင်းမှ ခုခံနေရသဖြင့် သံမဏိဆူးချွန်ကို ရင်ဘတ်ရှေ့တင် ကာဆီးကားလိုက်သည်။ တစ်ချက်မျှ အသာမပေး။

တိုက်ကွက်ဆယ်ကွက်မျှ ရင်ဆိုင်ပြီးသောအခါ နှစ်ယောက်စလုံးမှာ ပြိုင်ဘက်ကောင်းများနှင့် တွေ့ဆုံနေရပြီကို သိရှိနားလည်လိုက်ကြ၏။

လင်ပီစင်းဟုန်မှာ မြင်းပေါ်မဟုတ်ဘဲ အောက်မှ ရင်ဆိုင်နေရသဖြင့် တိုက်စစ်မဆင်နိုင်။ ထို့ပြင် ညီငယ်လင်ကျန်ရှင်ကို စိုးရိမ်နေရသဖြင့် စိတ်ချလက်ချ မတိုက်ခိုက်နိုင်။ စစ်သူကြီးဖေးရွဲ့တို့ ရောက်လာကြလေပြီလားဟုနားစွင့် နေရသဖြင့်လည်း အာရုံက ကွဲသွားသည်။ ထိုအချိန် ခန်းပတ်၏ တုတ်ချက် တစ်ချက်က သူ့ကျောပြင်ပေါ်သို့ ထိမှန်ခြင်း ခံလိုက်ရသည်။

'ဗုန်း....'

'ဝေါ...'

လင့်ဟုန်စင်း သွေးတစ်လုတ်အန်ထုတ်လိုက်ရသည်။ နောက်ကျောဘက်တွင်ကည်း ငါးမန်းစွယ်စူးသလို သွေး အပေါက်ရာကြီး ဖြစ်သွား၏။ သို့သော် တိုက်ခိုက်မှု အရှိန်အဟုန်ကလျော့ကျမသွား။ သံမဏိ စူးချွန်ကို ဝှေ့ယမ်းကာ ခုခံကာကွယ်နေ၏။

တစ်ဖက်မှ လင့်ကျန်ရှင့်သည်လည်းတိုက်ခိုက် လေလေအရှိန်ပိုမြင့်လေလေ ဖြစ်၏။ ရန်သူတစ်ဦးကို သတ်ဖြတ်ပြီးတစ်ဦးကို ဒဏ်ရာရသွားစေသည်။ သို့သော် လက်နှစ်ဖက်တည်းဖြင့်သေးငယ်လေးတန်မှု ရန်သူများကို မခုခံနိုင်ချေ။ အင်အား အများစုကို တစ်ယောက်တည်းအစွမ်းဖြင့် မတွန်းလှန်နိုင်။ သူ့ကိုယ်ပေါ်တွင် လေးနေရာမှ ဒဏ်ရာ ရရှိသွားသည်။ သို့သော်



ယောကျ်ားကောင်းတို့၏ ဇွဲလုံ့လဖြင့် နောက်ဆုတ်ခြင်းကား မရှိ။

လင့်ဟုန်စင်းသည် လင့်ကျန်ရှင့်၏ အခြေအနေကို တွေ့မြင်လိုက်ရလျှင် အကြံတစ်ခု ရရှိလိုက်သည်။ ခန်းပတ် မြင်းဖြင့်ပြေးလာသည့်အချိန်တွင် မြေကြီးပေါ်သို့ ရုတ်တရက် လှိမ့်ချလိုက်ပြီး သံမဏိစူးချွန်ကို ဝှေ့ယမ်းကာ မြင်းခြေနှစ်ချောင်းကို ရိုက်ချိုးပစ်လိုက်သည်။

လင့်ဟုန်စင်း၏ ဓာသက်အရွယ်နှင့် အတွင်းအား အခြေအနေသည် ဤတိုက်ကွက်ကို အသုံးပြုခြင်းအတွက် အလွန်ပင်အန္တရာယ် များလှပေသည်။ မြင်း ခြေထောက်ကို တစ်ချက်တည်း ရိုက်မချိုးနိုင်ခဲ့လျှင် မြင်းခြေထောက်က နင်းချပေါက်ချခြင်း ခံရပေမည်။ မြင်းခွာတစ်ချက် မိလိုက်လျှင် မသေသည့်တိုင် ပြင်းယန်စွာ ဒဏ်ရာရရှိသွားနိုင်ပေသည်။

ခန်းပတ်သည် မြင်း ဇက်ကြိုးကို အချိန်မီ မဆွဲနိုင်သော်လည်း သံမဏိတုတ်ဖြင့် ရိုက်ချ လာနိုင်သည်မို့ အလွန်ပင်အန္တရာယ်များလှပေသည်။

သို့သော် လင့်ဟုန်စင်းသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် အချိန်မီအောင် လုပ်ဆောင်နိုင်ခဲ့၏။ မြင်းခြေထောက်ကို ရိုက်ချိုးပစ်လိုက်သဖြင့် မြင်းကြီးမှာ နာကျင်စွာတီလိုက်ပြီး မြေကြီး ပေါ်သို့လန့်ကျသွား၏။ မြင်း ပေါ်မှ ခန်းပတ်သည်လည်း ကျွမ်းပစ်ကျသွား၏။

လင့်ဟုန်စင်း တုံ့ဆိုင်းမနေ။ ခန်းပတ်အားသံမဏိဆူးချွန်ဖြင့် ဝှေ့ယမ်းရိုက်ချလိုက်သည်။ ခန်းပတ်ကလည်း ခေသူမဟုတ်၊

ဖျတ်လတ်မှုရှိသည်။ မြေပေါ်သို့ ချော်မချခင်ပင် ခန္ဓာကိုယ်ကို လှိမ့်ချလိုက်သည်။

'ဝှီး....'

သံမဏိ ဆူးချွန်က ခန်းပတ် ၏ နောက်ကျော သို့ စိုက်သွားသည်။ ထန်းခနဲ အသံတစ်ချက်သာ ပေါ်ထွက်လာပြီး ခန်းပတ်မှာမူ ဘာမျှမဖြစ်။ သူ့နောက်ကျောတွင် သံမဏိ ဆူးချွန်က ထိုသံမဏိပြားကို ထိမှန်သွားခြင်းဖြစ်၏။ ခန်းပတ် သည် ထိုအခွင့်ကောင်းကိုယူပြီး မြေကြီးပေါ်သို့ လှိမ့်ချလိုက် လျှင် နောက်ထပ် ရိုက်ချက်ကို ပွတ်အာသီကာ ရှောင်တိမ်းနိုင် ခဲ့၏။

သို့သော် သံမဏိ ဆူးချွန်၏ အရှိန်က ပြင်းထန်လွန်းသဖြင့် သူ့ကျောမှ သံမဏိပြားချိုင့်ဝင်သွားပြီး နောက်ကျောအသား ဆိုင်ကို ဆောင့်မိသည်။ သူ့လည်ပင်းတွင် ချိုခနဲ အရသာ ခံစားလိုက်ရပြီး သွေးတလုတ်စာ အန်ထွက်သွားတော့သည်။

ခန်းပတ်၏ နောက်ကျောတွင် သံမဏိပြားတစ်ချပ် အမြဲ တမ်း ရှိသည်။ သူသည် ရန်သူကို နောက်ကျောဘက်မှ အမြဲ တမ်း လုပ်ကြံခဲ့တတ်သူဖြစ်သောကြောင့် တစ်ဖက်လူမှာ သူ့အား လုပ်ကြံလာလျှင် ခုခံမှု အသင့်ရှိနေစေရန် ကာကွယ် ထားခြင်း ဖြစ်၏။ ယခု ထိုသံမဏိပြားက သူ့အသက်ကို ကယ်တင်လိုက်ခဲ့ချေပြီ။

ခန်းပတ် သူ့စိတ်ကို တည်ငြိမ်အောင် မပြုလုပ်နိုင်ခင်မှုပင် လဗ္ဗီဟုန်စင်း မာန်သွင်းအော်ဟစ်လိုက်၏။



'ခွေးမသား၊ သံမှုဏိလိပ်ဆိုတဲ့ နာမည်နဲ့လိုက်အောင် ကျောပြင်မှာ အခွံတပ်ထားတယ်'

လဗ္ဗီဟုန်စင်းလက်ထဲမှ သံမဏိဆူးချွန်ကို ဝှေ့ယမ်းတိုက်ခိုက် လာပြန်သည်။ ခန်းပတ်မှာ လိပ်ပြာလွင့်စဉ်မတတ် တုန်လှုပ်သွား ပြီး ထိပ်တိုက်ရင်မဆိုင်ရဲတော့။ ရှောင်တိမ်းခြင်းကိုသာ အသော အလဲ ပြုနေရ၏။

တစ်ဖက်မှ လင့်ကျွန်ရှင်သည် လူအတော်များများကို ထိခိုက်ဒဏ်ရာရအောင် တိုက်ခိုက်နေနိုင်၏။ သူ့ကိုယ်ပေါ်တွင် လည်း ဒဏ်ရာဒဏ်ချက်များက ရှစ်ချက်ခန့် ရရှိနေသည်။သို့တိုင် ရန်သူကို နောက်သို့ လိုက်လံကာ အကြိတ်အနယ် တိုက်ခိုက်နေ ဆဲပင်။

ကျင်းမုရှာသည် တိုက်ပွဲအခြေအနေကို မြင်းပေါ်မှ ကြည့် နေပြီး သက်ပြင်းဖွဖွကလေး ချလိုက်မိသည်။

'စုန့်မင်းဆက်ရဲ့ လူတွေအားလုံး ဒီလိုလူတွေချည်းပဲ ဖြစ်နေ ရင်တော့ တို့တစ်တွေ စစ်တပ်ထွက်တိုက်ရဲမှာ မဟုတ်ဘူး၊ စုန့်မင်းဆက်ကသာ စစ်ချီတက်ပြီး တိုးမြှင့်တိုက်ခိုက်လာနိုင်တယ်၊ အဲဒါဆိုရင် ဘယ်လိုမှ ခုခံနိုင်မှာ မဟုတ်ဘူး'

ကျင်းမုရှာသည် ရန်သူပင် ဖြစ်သော်လည်း လင့်ညီနှောင် ၏ စွမ်းရည်သတ္တိရှိပုံ၊ ဇွဲမလျော့ပုံတို့ကို ကြည့်ပြီး ချီးကျူးစကား ဆိုသည်။ မွန်ဂိုကြီးမှာ ကြားလိုက်လျှင် မကျေနပ်သံ ရေရွတ် လာ၏။ သူ့အသံက တိရစ္ဆာန်တစ်ကောင် မာန်ဖီသလို ကျယ်လောင်လှ၏။ ထိုမွန်ဂိုကြီး၏ အမည်မှာ ဟောက်တက်လှေ ဖြစ်ပေသည်။

ကျောင်းမှူးရှာ နောက်ပြန်လှည့်ကြည့်လိုက်၏။ သူ့နှုတ်ခမ်းတွင် ခနဲ့ပြုံးတစ်ပြုံး ခိုတွယ်နေသည်။

'ဘာလဲ၊ မင်းက မကျေနပ်လို့လား'

ဟောက်တက်လေ့က သူ့ရင်ဘတ်ကို လက်ဝါးကြီးဖြင့် ပုတ်ကာ မြည်ပြန်သည်။ ကျောင်းမှူးရှာက အကဲခတ်သလိုကြည့်ကာ-

'မင်းက စမ်းသပ်ကြည့်ချင်လို့လား'

ဟောက်တက်လေ့ ခေါင်းညိတ်ပြလိုက်၏။ သူ့အသွင်က အတော်ကလေး ကျေနပ်ပီတိဖြစ်နေပုံရသည်။

'ကောင်းပြီ၊ ဒါဆိုရင် မင်းထွက်တိုက်ပေတော့'

ကျောင်းမှူးရှာက ရယ်ရယ်မောမောဖြင့် ပြော၏။

ဟောက်တက်လေ့ မာန်သွင်းဟောက်ဟစ်လိုက်ပြီး ကျောင်းမှူးရှာ၏ ရှေ့တွင် ကျွမ်းနှစ်ပတ်ထိုးကာ အရှိသေပြုလိုက်၏။ ထို့နောက် လင့်ဟုန်စင်းထံသို့ ဝှီးခနဲ ခုန်လွှားဝင်ရောက်လွှားတော့သည်။

လင့်ဟုန်စင်းမှာ တကယ့်လူသန်ကြီးတစ်ယောက် ဖြစ်၏။ သို့သော် ဟောက်တက်လေ့နှင့် နှိုင်းစာလျှင် သေးငယ်သွားသလို ထင်ရသည်။ ဟောက်တက်လေ့သည် ဝင်ရောက်လာသောချင်းပင် လင့်ဟုန်စင်းကို ဖမ်းချုပ်ထားလိုက်၏။

လင့်ဟုန်စင်းမှာ သံမဏိဆူးချွန်ကို မဝှေ့ယမ်းနိုင်တော့။ ဟောက်တက်လေ့ ဝင်ရောက်လာခြင်းကြောင့် သူ့အတွက် အဟန့်အတား အနှောင့်အယှက် ဖြစ်သွားရသည်။ တစ်ဖက်လူ၏ ဖမ်းချုပ်အားကလည်း အလွန်ပင် ပြင်းထန်နေသည်။ အလွတ် ရုန်းထွက်၍မရ။



သို့သော် လင့်ဟုန်စင်းမှာ ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်သည်မို့ သူ့ခေါင်းထဲတွင် အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာ၏။ လက်ထဲမှ သံမဏိဆူးချွန်ကို လွှတ်ချလိုက်သည်။ ဆူးချွန်နှစ်ခု တထန်းထန်းမြည်ကာ ဟောက်ထက်လေ့၏ ခြေထောက်ကို စိုက်သွားသည်။

'အား'

ဟောက်တက်လေ့ အသည်းခိုက်အောင် နာကျင်သွားခဲ့သဖြင့် လက်အစုံမှာ အနည်းငယ် ပြေလျော့သွားသည်။ လင့်ဟုန်စင်းက ထိုအခွင့်ကောင်းကိုယူကာ ဘယ်ဘက်လက်ဖြင့် ဟောက်ထက်လေ့၏ပို့မင်းသွေးကြောညာလက်က ကျန်းမင်သွေးကြောကို ဖမ်းချုပ်လိုက်၏။ ဒူးဆစ်ဖြင့်လည်း ချီမင်းသွေးကြောကို ထောက်တိုက်လိုက်သည်။

ဟောက်တက်လေ့မှာ နပန်းပညာကောင်းပြီး အားမာန် အပြည့်ရှိသူဖြစ်သော်လည်း ပထမအချီတွင် အရေးနိမ့်သွား၏။ လင့်ဟုန်စင်း၏ သွေးကြောပိတ်ပညာမှာ အဆင့်မြင့်လှခြင်း မရှိသဖြင့် ထိရောက်မှု သိပ်မရှိ။ ဟောက်တက်လေ့က အားမာန် အပြည့်ဖြင့် တောင့်ခံပြီး ရုတ်တရက် ခေါင်းကို ငုံ့ချလိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် ဖမ်းချုပ်ထားကြသဖြင့် အကွာအဝေးက အလွန်ပင် နီးကပ်နေသည်၊ ဟောက်ထက်လေ့အခေါင်းဖြင့် တိုက်ချလိုက်သည်ကို လင့်ဟုန်စင်း အသာပင် ရှောင်ပေးလိုက်၏။ ထိုသို့ ရှောင်တိမ်းပေးလိုက်ခြင်းက သူ့အတွက် ကြမ္မာဆိုးခြင်းဖြစ်သွား၏။ အကြောင်းမူ သံမဏိ

တုတ်ချောင်းတစ်ခုက သူ့ခေါင်းပေါ် တည့်တည့်သို့ ရိုက်ချလိုက်သောကြောင့်ပင်တည်း။

'ဒုန်း'

လင့်ဟုန်စင်း ဦးခေါင်းတစ်ခုလုံးမှုကြကာ အသက်ပျောက်သွား၏။

ဟောက်ထက်လေ့ မျက်လုံးပြူးသွားသည်။

လင်ဟုန်စင်း၏ ကိုယ်ကိုလည်း လက်မှ လွှတ်ချလိုက်သည်။ လင်ဟုန်စင်း၏ ကိုယ်က ကျောရိုးမရှိသူ တစ်ယောက်ပမာ မြေကြီးပေါ် သို့ ပျော့ခွေကျသွားလေတော့သည်။

* * *

လင့်ဟုန်စင်းအား လုပ်ကြံလိုက်သူမှာ ခန်းပတ် ဖြစ်၏။ သူသည် သူ့လုပ်ကြံမှု အောင်မြင်လိုက်သဖြင့် ပီတိဖြစ်ကာ ရယ်မောနေ၏။ ဟောက်ထက်လေ့မှာမူ ခန်းပတ်အား လက်ညှိုး ငေါက်ငေါက်ထိုးကာ ဒေါသတကြီးဖြစ်သွားပြီး မှန်ဂိုလို အော်ဟစ်နေ၏။

မွန်ဂိုတို့သည် ရဲစွမ်းသတ္တိရှိကာ သူရဲကောင်းစိတ်ဓာတ် အပြည့်အဝရှိသူများ ဖြစ်၏။ လင့်ဟုန်စင်း၏ သတ္တိကို မြင်တွေ့



လိုက်ရသဖြင့် ဟောက်ထက်လေ့သည် တစ်ဖက်လူ၏ ပညာကို စမ်းသပ်ရန် ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်တွင် ခန်းပတ်က ယောကျ်ားမပီသစွာ သူရဲဘောင်းမဆန်စွာ သူ့ပြိုင်ဘက်ကို သတ်ပစ်လိုက်သောကြောင့် ဟောက်ထက်လေ့ အကြီးအကျယ် ဒေါသထွက်သွားရခြင်း ဖြစ်ပေသည်။

ခန်းပတ်မှာ သူ ဘာပြောသည်ကိုမသိသဖြင့် ကျင်းမုရှာကို သာ မျှော်ကြည့်နေမိသည်။

ထိုအချိန်တွင် လင့်ကျင်ရှင်မှာ သွေးအလိမ်းလိမ်းဖြင့် တိုက်ခိုက်နေရင်းမှလည်း မျက်စိဖွင့် နားစွင့်ထားရာ သူ့နောင်တော် သေဆုံးသွားပြီကို သိလိုက်ရသဖြင့် အကြီးအကျယ် ဝမ်းနည်း ဒေါသဖြစ်သွားရသည်။ ငွေရောင်ဆူးချိတ်ကို အဆက်မပြတ် ဝှေ့ယမ်းကာ ဝန်းရံထားသူများအား နောက်သို့ရှဲသွားအောင် ပြုလုပ်၏။ ထို့နောက် ရုတ်ခြည်းပင် ဟောက်ထက်လေ့ နောက်ကျောဘက်သို့ ပြေးဝင်လာတော့သည်။

ခန်းပတ်မှာ ဟောက်ထက်လေ့နှင့် မျက်နှာချင်းဆိုင်ရပ်နေသည်မို့ လင့်ကျင်ရှင် ပြေးဝင်လာသည်ကို မြင်၏။ ဟောက်ထက်လေ့အား သတိပေးစကားဆိုဟန်ပြင်စဉ် ကျင်းမုရှာက အသာခေါင်းခါပြလိုက်သဖြင့် လည်ချောင်းဝသို့ ရောက်လာသော စကားကို အတင်းပြန်မျိုချလိုက်ရ၏။

ကျင်းမုရှာသည် လင့်ဟုန်စင်း၏ သတ္တိဗျတ္တိရှိပုံကိုကြည့်ပြီး သဘောကျနေသူဖြစ်သည်။ ဟောက်ထက်လေ့က တိုက်ပွဲဘွင်းသို့ ဝင်ရောက်ပြီး ထိန်းချုပ်ခဲ့သည်ကို သူ့စိတ်ထဲ သိပ်ဘဝင်မကျ။ သို့သော် သူတို့နှစ်ဦး သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ရင်း

သူ့ဘာသူ ကိစ္စတုံးစေချင်သည်။ ခန်းပတ်က လုပ်ကြံလိုက်သည်ကို သူ့စိတ်ထဲတွင် လင်းဟုန်စင်းအား နှမြောနေမိသည်။

ထို့ကြောင့် လင့်ကျွင်ရှင်က သူ့ နောင်တော်အတွက် ကလဲ့စားချေရန် ဝင်ရောက်လာသည်ကို ဖွင့်ပြောမည့် ခန်းပတ်အား ဟန့်တားထားလိုက်ခြင်း ဖြစ်၏။ မင်းသားလေး ကျင်းမုရှာ၏ အမူအရာကိုကြည့်လိုက်သဖြင့် မည်သူမျှ ဟန့်တားခြင်း မပြုတော့။

ဟောက်ထက်လွှသည် ခန်းပတ်ကို မွန်ဂိုဘာသာဖြင့် မကျေမနပ် ဆဲဆိုရေရွတ်နေသည်။ လင့်ကျွင်ရှင်မှာ မွန်ဂိုဘာသာစကားမတတ်။ သူ့စိတ်ထဲတွင် ခေါင်းတုံးပြောင်ပြောင်နှင့် လူသန်ကြီး ဝင်လာသည်နှင့် သူ့နောင်တော် သေဆုံးခဲ့ရသည်ဟုသာ သိသည်။ ဒေါသစိတ် နာကြည်းစိတ်တို့ကြောင့် သိုင်းလောက စည်းကမ်းများကို အရေးမစိုက်တော့။ ငွေရောင် ဆူးချိတ်ဖြင့် ဟောက်ထက်လွှ၏ ဘယ်ညာ ပခုံးနေရာကို ရိုက်ချိတ် ဆွဲချလိုက်၏။

'စွပ်...'

'အား....'

ဟောက်ထက်လွှ ဒဏ်ရာပြင်းထန်စွာရရှိသွား၏။ သို့သော် အသံကျယ်ကြီးဖြင့် အော်ဟစ်ပြီး နောက်သို့ လှည့်မကြည့်ဘဲ လင့်ကျွင်ရှင်ကို နောက်စေ့ဖြင့် ဝင်တိုက် ဆောင့်ပစ်လိုက်သည်။

'ဒုတ်...'

ဟောက်ထက်လွှ၏ နောက်စေ့က လင့်ကျွင်ရှင်၏ ထင်းကျင်း သွေးကြောကို ထိမှန်သွားသည်။ နှစ်ယောက်သားမှာ



ဒဏ်ရာပြင်းထန်စွာရရှိသွားပြီး မူးဝေကုန်ကြ၏။ ထိုအချိန်တွင် ရွှေရောင်အလင်းတန်းတစ်ခုက ရိပ်ခနဲ ပျံဝင်ရောက်လာပြီး လက်ဝါးဖြင့် ဘယ်ညာရိုက်ချလိုက်သည်။

ရိုက်ဟန်က ပေါ့ပေါ့ပါးပါးပင်။ ဟောက်ထက်လွှနှင့် လင့်ကျွင်ရှင်တို့မှာ သစ်ရွက်ကြွေသည့်ပမာ ရိုက်ချလာသည့် လက်ဝါးဖြစ်သဖြင့် အထင်သေးနေမိကြသည်။ သို့သော် သူတို့ ခန္ဓာကိုယ်နှင့် ထိမိသောအခါတွင်ကား မိုးခြိမ်းသံကဲ့သို့ ကျယ်လောင် မြည်ဟိန်းပြီး အတွင်းဒဏ်ဖြစ်ကာ လွင့်စဉ်သွားကြ၏။

လက်ဝါးဖြင့် လှဲ့ရိုက်ချလိုက်သူကား ကျင်းမုရှာ ဖြစ်ပေသည်။ ကျင်းမုရှာ အဘယ့်ကြောင့် ဤကဲ့သို့ ပြုမူလာသည်ကို မည်သူမျှ နားလည်သဘောမပေါက်ကြချေ။ ဟောက်ထက်လွှမှာ သေဆုံးသွားပြီဟု ထင်မှတ်နေရာမှ ရုတ်ခနဲ မြေကြီးပေါ်က ခုန်ထလာသည်။ သူ၏ကြီးမားသော ခန္ဓာကိုယ်က သိမ်းငှက်ကြီး တစ်ကောင် ပျံဝဲသလို ဝဲလာပြီး ကျင်းမုရှာ၏ခေါင်းကို ခွေ့ဖက်လိုက်၏။

ကျင်းမုရှာက အော်ဟစ်မာန်သွင်းပြီး လက်ဝါးဖြင့် ရိုက်ချလိုက်ပြန်သည်။ ဟောက်ထက်လွှက လက်ကိုမလွှတ်၊ မျက်လုံး အစုံ ပြူးထွက်လာကာ ပါးစပ်မှ တတွတ်တွတ် ရေရွတ်နေ၏။ သူ ရေရွတ်သည့် စကား၏ အဓိပ္ပာယ်မှာ 'ကျုပ်ကို ဘာကြောင့် သတ်ရတာလဲ၊ ကျုပ်ကို ဘာကြောင့် သတ်ရတာလဲ' ဟူသော စကား ဖြစ်၏။

ကျောင်းမုရှာက ထိုစကားကို အရေးမစိုက်။ လက်ဝါးဖြင့်သာ ဆက်လက်ရိုက်ချသည်။ ဆယ်ချက်ခန့်ရိုက်ပြီးမှ ဟောက်ထက်လေ့၏ သံမဏိလက်မောင်းက သူ့ခါးမှ လွတ်ထွက်သွားသည်။ ကျောင်းမုရှာသည် အတွင်းအားကို လက်ဝါးအစုံသို့ ပို့လွှတ်ပြီး ပြိုင်တူ တွန်းထုတ်လိုက်သည်။ ဟောက်ထက်လေ့၏ ခန္ဓာကိုယ်ကြီးက မြေကြီးပေါ်သို့ လဲကျသွားတော့သည်။

ခန်းပတ်သည် အတန်ကြာအောင် ကြောင်၍ ရပ်နေမိသည်။ အပြင်ပန်းအမူအရာသည် တည်ငြိမ်နေသော်လည်း စိတ်ထဲတွင်မူ မင်းသားလေး ကျောင်းမုရှာ ရောက်လာပြီး သူ့အား တိုက်ခိုက်မည်ကို စိုးရိမ်နေ၏။ ကျောင်းမုရှာ ငြိမ်သက်စွာ ရပ်နေတော့ အနီးသို့ တိုးကပ်လာပြီး ချီကျူးစကား ပြောလတော့သည်။

သူတို့စိတ်ထဲတွင် ဟောက်ထက်လေ့ သေဆုံးရခြင်းကို နားမလည်ကြ။ ကျောင်းမုရှာက သတ်ပစ်သည်ကို သဘောမပေါက်ကြချေ။

ကျောင်းမုရှာတွင်ကား သူ့အကြောင်းနှင့်သူ ရှိပေသည်။

စုန်နှမင်းဆက်တို့ သူရဲကောင်းများသည် သေကြေ ကုန်ကြကုန်ကြပြီ။ သစ္စာရှိသူ မျိုးမတ်စစ်သည်တို့လည်း လာဘ်စားသစ္စာဖောက်သည့် မျိုးမတ်တို့၏ လက်ချက်ဖြင့် သေဆုံး ကုန်ကြပြီ။ စုန်နှမင်းဆက်ကို ကြောက်စရာမလိုတော့။

ကြောက်စရာကောင်းသည်မှာ မြောက်ဘက်ပိုင်းမှ မွန်ဂိုတို့သည် သတ္တိကောင်းပြီး ခွန်အားဗလ သန်မာကြ၏။ လူစွမ်းကောင်းစိတ်လည်း ရှိကြ၏။ တစ်ချိန်ချိန်တွင် ခေါင်းထောင်ထလာနိုင်စရာ အကြောင်း ရှိသည်။ ထို့ကြောင့် မွန်ဂိုတို့၏ မာန်စွယ်ကို ချိုးသည့်အနေနှင့် ဟောက်ထက်လေ့ကို သတ်ဖြတ်လိုက်ခြင်းဖြစ်ပေသည်။



'ကဲ- ရှဲဖေးတို့လဲ ရောက်လာကြတော့မယ်၊ အလောင်းတွေကို မြန်မြန်ရှင်းပစ်လိုက်၊ ကျုပ်တို့လဲ ပုန်းအောင်း နေကြရအောင်'

ထိုအချိန်တွင် တောင်လေတစ်ချက် သုတ်ခနဲ တိုက်ခတ်လာ၏။ ဘုရားကျောင်း၏ စုတ်ပြတ်ပျက်စီးနေသော တံခါးတို့က တကျွီကျွီ မြည်သွားစေ၏။

ကျောင်းမုရှာ မျက်မှောင် ကြုတ်လိုက်မိ၏။ သူ့နားထဲတွင် တိုးညင်းသော အသံတစ်သံကို ကွဲကွဲပြားပြားကြားလိုက်ရသော ကြောင့် ဖြစ်သည်။ ထိုအသံက အသက်ရှူသံ။ အားနည်းသူတစ်ယောက်၏ အသက်ရှူသံမျိုး။ အဆင့်မြင့် ပုဂ္ဂိုလ် တစ်ဦး၏ အသက်ရှူသံမျိုးနှင့် မတူ။ အဆင့်မြင့်သူ ရှူသံမျိုးဆိုလျှင် သူ ကြားနိုင်မည် မဟုတ်။ တစ်စုံတစ်ယောက် ဤအနီးတွင် ပုန်းအောင်းနေလိမ့်မည်ကို သူယုံကြည်လာသည်။

မြေပြန့်ထဲသို့ မဝင်ခင် အချိန်က မြေပြန့် သိုင်းလောကထဲတွင် လူထူးလူဆန်း မြောက်မြားစွာ ရှိသည်ကို သူ သိထား၏။ အထင်မသေးရဲ။ သူသည် လူငယ်တစ်ယောက် ဖြစ်သော်လည်း အလုပ်တစ်ခုကို နမော်နမဲ့ မလုပ်တတ်။ မိမိကိုယ်မိမိလည်း ယုံကြည်မှုရှိ၏။

'တို့ရဲ့ လျှို့ဝှက်စကားက ကျားသစ် တိုက်စစ်ဆင် ဆိုတဲ့ စကားပဲ၊ အဲဒီစကားကို ကြားတာနဲ့ အားလုံး လှုပ်ရှား ကြပေတော့။

ကျောင်းမှူးရှာက လူအားလုံးဘက်သို့ လှည့်ကာ သူ့အစီအစဉ်ကို ပြောသည်။ လူအားလုံး ဟုတ်ကဲ့ဟု ပြောဆို ခေါင်းညိတ်လိုက်ကြ၏။ ထိုသူအားလုံးမှာ ပါတိုင်းအချိန်တွင် အပြစ်မဲ့ ပြည်သူများကို နှိပ်ထက်စီးနင်း ပြုလုပ်ခဲ့သူများဖြစ်၏။ သူတို့ သိုင်းပညာ အဆင့်မြင့်သဖြင့် ဘာကိုမျှ ဂရုစိုက်ကြာသော်လည်း တစ်မိုးအောက်တစ်ယောက် နာမည်ကြီး လှသည့် စစ်သူကြီးရှဲ့ဖေးကို သတ်ဖြတ်ရမည်မို့ စိတ်ထဲတွင်ကား အနည်းငယ် လှုပ်ရှားလာမိကြ၏။

ကျောင်းမှူးရှာက လက်ညှိုးညွှန်ပြလိုက်ပြီး....

'ခန့်ပတ် မင်းက မင်းလူသိုက်ကို ခေါ်ပြီး ဟိုမှာ ပုန်းနေ'

စကားမဆုံးခင်ပင် ခုန်လွှားလျက် မြက်ခြုံ ပုတ်ဟာစ်ခုဆီသို့ ဝင်ရောက်သွားသည်၊ မြက်ခြုံပုတ်ထဲတွင် အသက် အိုမင်းသော အဘိုးအိုကြီး တစ်ယောက်နှင့် တစ်သက် မမေ့နိုင်စရာ မျက်နှာမျိုးရှိသော လူငယ် တစ်ယောက်တို့ကို တွေ့မြင်လိုက်ရလေသည်။

ကျောင်းမှူးရှာသည် အတန်ကြာ တွေဝေနေပြီးမှ သူ့ လက်ဝါးကို ပင့်မြှောက်လိုက်သည်။ ထိုနှစ်ဦးမှ တစ်ဦးဦး၏ ခေါင်းပေါ်သို့ ရိုက်ချလိုက်၏၊ သူရိုက်ချသည့်နေရာမှာလူတစ်ယောက်တုံးခနဲ လဲကျ သေဆုံးနိုင်သောပိုခွဲ့ သွေးကြော နေရာဖြစ်သည်။



သူ့လက်ဝါး ရိုက်ချက်သည် အပြင်ပန်းကကြည့်လျှင် ပေါ့ပါးပြီး အထင်ကြီးစရာမရှိ။ သို့သော် တစ်ဖက်လူအား ပြင်းထန်စွာ ဒဏ်ရာရရှိသွားစေနိုင်သည်။ ဤမျှကြာသည်အထိ မိမိ မရိပ်မိအောင် ပုန်းအောင်းနေနိုင်စွမ်းရှိသူသည် သိုင်းလောက အဆင့်မြင့်ပုဂ္ဂိုလ် ဖြစ်နိုင်သည်ဟုလည်း ကျောင်းမှူးရှာ တွက်ဆသည်။ ထို့ကြောင့် သူ့လက်ဟန်သည် ပို၍ ပေါ့ပါးသွား၏။

ဤသူနှစ်ဦးသည် သိုင်းလောက၏ အဆင့်မြင့် အဆင့်လွန် သိုင်းသမားနှစ်ယောက်ဖြစ်မှန်း သူမသိချေ။ မြက် ခြုံပုတ်ထဲသို့ သူခုန်ဝင်လာချိန်တွင် တစ်ဖက်လူသည် အေးအေး ဆေးဆေး ရှိလှ၏။ ထို့ကြောင့် သာမန်အဆင့်မြင့် ပုဂ္ဂိုလ် တစ်ဦးသာ ဖြစ်ရမည်ဟုတွက်ဆသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင်ထိုပုဂ္ဂိုလ်နှစ်ဦးက တုံ့ပြန်တိုက်ခိုက်နိုင်ခြင်း မရှိချေ။

ကျောင်းမှူးရှာ လက်ဝါးမြှောက် ရိုက်ချလိုက်သူမှာ ယန်ခွမ့်ဟူဖြစ်၏။

ယန်ခွမ့်ဟူသည် ခန္ဓာကိုယ်အတွင်းအပြင် ပင်္ဂီပကွဲ ဖြစ်ပေါ်လေလေ လှုပ်ရှားမှု မမှန်ကန်ခြင်း တို့ကြောင့် ထိုအချိန်တွင် သွေးကြောများကို အတွင်းအားဖြင့် ထိန်းချုပ် နေရ၏။

နားထဲတွင် ဗုံတီးသံများကိုကြားလိုက်၊ မြင်းခွာသံများကို ကြားလိုက် ဖြစ်နေ၏။ မျက်လုံးအစုံတွင်လည်း တိမ်တိုက်များ လွင့်မျောနေသည်ကို မြင်ယောင်လိုက်၊ ငှက်ကြီး တဝဲဝဲ ဝဲ၍ ယမ်းနေသည်ကို မြင်ယောင်လိုက်ဖြင့် မြင်ချင်ရာ မြင်တွေ့နေမိတော့သည်။ ခန္ဓာကိုယ်၏ အတွင်းအားများ ပျံ့လွင့်နေပြီး အတွင်းအားကို တစ်နေရာတည်းတွင် မစုစည်းနိုင်ချေ။

အကယ်၍ ရှောက်ချူးရှေ့ဘာသာ သူ့ဒုက္ခကို ကယ်တင်မည်ဆိုလျှင် ဖြစ်နိုင်ချေရှိသည်။ သို့သော် ရှောက်ချူးရှေ့ကို သူကိုယ်တိုင် အကြောပိတ်ထားကြောင်း စဉ်းစား သိရှိလာ၏။ သူ့အတွက် စိတ်ထဲတွင် ယောက်ယက်ခတ်လာ၏။

ဤအချိန်တွင် ကျင်းမုရှာ၏ လက်ဝါးက သူ့ ဦးခေါင်းပေါ်မှ ပိုင်ဖော့ သွေးကြောကွက် နေရာဆီသို့ ရောက်ရှိ လာသည်။ လေပွေတစ်ခုက သူ့ဦးနှောက်ကို ခွဲထုဘ်ပစ်မတတ်ဖြစ်လာသည်။ သို့သော် အားလုံးတစ်ခုကမူ သူ၏ လှဲချော်နေသော အတွင်းအားကို ပြန်လည်၊ ဖြောင့်မတ် ပေးနိုင် ခဲ့လေသည်။

မျက်စိတစ်မှိတ်အတွင်း ပြောင်းလဲဖြစ်ပေါ်လာသောအခြေအနေ။

ယန်ခွမ့်ဟူသည် အတွင်းအားကို တစ်နေရာတည်းတွင်စုစည်းပြီး လက်မောင်းနေရာသို့ လျှပ်တစ်ပြက် ပို့လွှတ်လိုက်သည်။ လက်မောင်းမှ တစ်ဖန် ပခုံး၊ ပခုံးမှ လည်ပင်းရိုး၊ လည်ပင်းရိုးမှ တစ်ဆင့် နောက်ဆုံးတွင် ဦးခေါင်းပေါ်သို့ ပျံ့သွား၏။ ထိုအချိန်တွင် ခန္ဓာကိုယ်ထဲဘွင် အဘွင်းအားတစ်ပတ် လည်ပတ်နိုင်ခဲ့ပြီမို့ ကောင်းစွာ လှုပ်ရှားလာနိုင်ပြီဖြစ်သည်။

'ဖြောင်း....ဖြောင်း'

ယန်ခွမ့်ဟူ လက်ဝါးရိုက်ချက်နှစ်ချက် ထုတ်ပစ်လိုက်ရာ တစ်ချက်က သူ့ကိုယ်သူ ကာကွယ်ပြီး တစ်ချက်က ကျင်းမုရှာကို ရိုက်ခတ်မိ၏။ ကျင်းမုရှာလည်း ရုတ်ခြည်းပင် ရှောက်ချူး



ရှေ့၏ ခေါ့ပန်သွေးကြောနေရာသို့ လက်ဝါးတစ်ချက်ရိုက်လိုက်ပြန်သည်။ ထိုအချိန်တွင် ယန်ခွမ့်ဟူ လက်ဝါးက ရုတ်တရက် လက်ချောင်းအဖြစ် ပြောင်းလဲသွားပြီး ကျင်းမုရှာ၏ ယွင်မင်နှင့် တစ္ဆန့်သွေးကြောတို့ကို ထိမှန်သွား၏။

ကျင်းမုရှာမှာ ရုတ်တရက် တိုက်ခိုက်လာသည်မို့ ရှောင်တိမ်းချိန် မရခတော့၊ မာန်သွင်းအော်ဟစ်သံ တစ်ချက်သာ ပြုလိုက်ရလေတော့သည်။

* * *

ကျင်းမုရှာ အော်ဟစ်လိုက်ခြင်းမှာ အချက်နှစ်ချက် ရှိသည်။ တစ်ချက်က ယန်ခွမ့်ဟူ၏ အကြောထိုးပိတ်လာခြင်းကို အတွင်းအားဖြင့် ပိတ်ဆို့ဟန့်တားရန် ဖြစ်၏။ တစ်ချက်မှာ မိမိရန်သူနှင့် ရင်ဆိုင်တွေ့နေရပြီ ဖြစ်ကြောင်းမိမိလူများ သိရှိစေရန်ဖြစ်၏။

ယန်ခွမ့်ဟူအတွင်းအစားမျိုးကို ကျင်းမုရှာအနေနှင့် မခုခံနိုင်။

စကားတစ်ဝက်သာ အော်ဟစ်လိုက်နိုင်ပြီး အကြောပိတ်ခံလိုက်ရတော့သည်။

ခန်းပတ်တို့ တစ်တွေမှာ အသံကြားရာဆီသို့ ပြေးလာကြတော့သည်။ ယန်ခွမ့်ဟူတို့သည် ကျင်းမုရှာ၏ လည်ပင်းကို

လက်တစ်ဖက်ဖြင့် ညှပ်ကိုင်ပြီး ပင့်မြှောက်ထား၏။ လက်ညှစ်အား အနည်းငယ် ပေးလိုက်သည်နှင့် ကျင်းမုရှာ၏ မျက်လုံး အစုံ ပြူးထွက်လာသည်။

'မင်းတို့တစ်တွေ ရှေ့ကိုတစ်လှမ်းတိုးလာရဲရင် တိုးလာကြည့်ကြစမ်း၊ မောင်ဒီခွေးကောင်လေးရဲ့ လည်ပင်းကို မင်းတို့ရှေ့တင် လိမ်ချိုးပစ်လိုက်မယ်'

ခန်းပတ်တို့ ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

ရှောက်ချူးခရှမှာ မျက်နှာအကြီးအကျယ် ပျက်သွားရတော့သည်။

သူနှင့် ယန်ခွမ့်ဟူ သိကျွမ်းသည်မှာ မကြာသေး။ သို့သော် ဒါတိုင်းအချိန်တွင်ပင် သူ၏ စိတ်ဗီဇအရ ဟော့ဗဟော့ရမ်းရမ်း ပြုတတ်သော်လည်း ဤသို့သောအချိန်မျိုးတွင် ကျင်းမုရှာကို ဖမ်းချုပ်အကျပ်ကိုင်လိမ့်မည်မဟုတ်။ သူ၏ စိတ်မြန်လက်မြန်ပုံမျိုးနှင့်ဆိုလျှင် အပြင်သို့ ထွက်ပြီး တစ်ယောက်မကျန် သတ်ဖြတ်ပစ်လိမ့်မည် ဖြစ်သည်။

ယခုနေ ဤသို့ပြုလုပ်ရခြင်းသည် အကြောင်းတစ်စုံတစ်ရာ ရှိနိုင်၏။ ယန်ခွမ့်ဟူ၏ အတွင်းအားများ ပြန်ကောင်းမလာသေးခြင်း သို့မဟုတ် လုံးဝမကောင်းနိုင်တော့ခြင်းတို့သာ ဖြစ်နိုင်ကြောင်း ရှောက်ချူးရှေ တွေးမိသည်။

ယခုအချိန်တွင် အင်အားကြီးသော ပြိုင်ဘက်နှင့် တွေ့ဆုံနေရပြီး မိမိက အကြောပိတ်ထားခြင်း ခံနေရကာ ယန်ခွမ့်ဟူသည်လည်း အတွင်းအား ပြည့်ဝခြင်းမရှိသည့်အတွက် အတော့်ကို ကြောက်စရာ ကောင်းလှသည်။ ဤပြိုင်ဘက် ရန်သူတို့သည်



ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ကြ၏။ တိုင်းပြည်အပေါ် သစ္စာဖောက်သူများ ဖြစ်ကြ၏။ အကယ်၍ မိမိနှင့် ယန်ခွမ့်ဟူကို သတ်လိုက်ပါက နောက်ထပ်သေဆုံးရမည့်သူမှာ တိုင်းပြည်၏ ကံကြမ္မာကို ပြောင်းလဲသွားစေနိုင်သော စစ်သူကြီးရှဲ့ပေးသာ ဖြစ်တော့သည်။

ထိုအချက်ကို စဉ်းစားမိပြီး ရှောက်ချူးရှေ မျက်နှာပျက်သွားရခြင်း ဖြစ်ပေသည်။

သံမဏိလက် ခန်းပတ်မှာ ကျင်းမုရှာကို ဖမ်းချုပ်ထားသော သန်မာလှသည့် ဧည့်သည်ကြီးသည် ယန်ခွမ့်ဟူ ဖြစ်ကြောင်း သိရှိလျှင် ကောစ်စွာကပင် ထွက်ပြေးသွားမည် ဖြစ်၏။ ယခုမူ ယန်ခွမ့်ဟူမှန်းမသိသဖြင့် သူ့စိတ်ထဲတွင် တုံ့ချက်စဉ်းစားနေသည်။ မင်းသားလေးက မျက်နှာသာပေးလျှင် ရာထူးကြီးကြီးမြင့်မြင့်ရရှိနိုင်သည်။

သူ့အတွက် သူ့ကိုယ်သူ ရဲဆေးတင်လိုက်သည်။

'ခင်ဗျားက ဘယ်သူလဲ၊ ကိုယ်တော်လေးကို အောက်မြန်မြန် ချလိုက်စမ်း၊ ပြောစရာရှိတာကို ကောင်းကောင်းမွန်မွန်ပြောပါ'

ယန်ခွမ့်ဟူက ခန်းပတ်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။

'ဘာပြောစရာ ရှိသေးလို့လဲ'

ခန်းပတ် ဒေါသထွက်လာ၏။

'ကိုယ်တော်လေးကို ဒဏ်ရာရအောင် လုပ်ကြည့်စမ်း၊ ခင်ဗျားကို နှစ်ပိုင်းပိုင်းပစ်မယ်'

ကျင်းမုရှာ ထိုစကားကို ကြားလိုက်လျှင် စိတ်ထဲ၌ အထူးအဆန်း ဖြစ်သွားမိသည်။ တစ်ဖက်လူသည် မိမိကိုပင် ဖမ်းဆီး

နိုင်လျှင် အတွင်းအားဖြင့် ခန်းပတ်ထက် အဆင့်မြင့်နိုင်သည်။ အလွယ်တကူပင် ခန်းပတ်ကို မောင်းထုတ်ပစ်လိုက်နိုင်သည်။ အဘယ့်ကြောင့် ဤမျှ စိတ်ရှည်လက်ရှည် ခံစကားပြောနေရသည်ကို သူ့စိတ်ထဲ သံသယ ဝင်လာ၏။

ယန်ခွမ့်ဟူ အေးစက်စက် ရယ်မောလိုက်၏။

'ငါက သူ့ကို ဒဏ်ရာရအောင် လုပ်လိုက်ရင် မင်းတို့က ဘာလုပ်နိုင်မှာမို့လို့လဲ'

ယန်ခွမ့်ဟူ လက်ကို ညှပ်အားပိုပေးလိုက်၏။ ကျင်းမုရှာမှာ လည်မျိုတွင် တင်းခနဲ ဖြစ်သွားပြီး အသက်ရှုကြပ်လာ၏။ မျက်လုံးအစုံတွင် မိုက်ခနဲ ဖြစ်လာသည်။

ခန်းပတ် ပျာယာခတ်သွား၏။ ကျင်းမုရှာ တစ်ခုခုဖြစ်လျှင် မိမိလည်း ဒုက္ခရောက်သွားနိုင်သည်ကို စဉ်းစားလာမိ၏။

'မ မ....မလုပ်ပါနဲ့'

ယန်ခွမ့်ဟူ တဟားဟားရယ်မောပြီး လက်အားကို လျော့ချပေး၏။ သူ့နှာကိုယ်ထဲရှိ အတွင်းအားကိုမူ တိဘ်တဆိတ် လည်ပတ်နေရလေသည်။

အမှန်တွင်မူ သူ့အတွင်းအား လည်ပတ်သာနိုင်သော်လည်း ခန္ဓာကိုယ်အောက်ပိုင်းဆီသို့ မလည်ပတ်နိုင်သဖြင့် ခြေထောက်နှစ်ဖက်စလုံးမှာ မလှုပ်ရှားနိုင်ချေ။

ခန်းပတ်ကလည်း ကောက်ကျစ်စွာ စဉ်းစားနေသည်။ ယန်ခွမ့်ဟူက မင်းသားလေးကျင်းမုရှာကို ထိန်းချုပ်ထားသည့်အတွက် မိမိကလည်း ယန်ခွမ့်ဟူ၏မိတ်ဆွေကို ထိန်းချုပ်နိုင်လျှင် အဆင်ပြေမည်ဟု တွက်ဆလိုက်သည်။



ထို့ကြောင့် ရိပ်ခနဲခုန်လွှားပြီး သံခဏီတုတ်ရှည်ဖြင့် ရှောက်ချူးရွှေ၏လည်ပင်းကို ထောက်ထားလိုက်သည်။

သံခဏီတုတ်ရှည်၏ ထိပ်ပိုင်း၌ ဆူးချွန်များ တပ်ဆင်ထားသဖြင့် ရှောက်ချူးရွှေအသားထဲသို့ ဆူးချွန်က စိုက်ဝင်နေသည်။ ခန်းပတ်က ဝင့်ကြွားသောလေသံဖြင့်....

'ကိုယ်တော်လေးကိုလွှတ်ပေးပါ၊ လွှတ်ပေးရင် ဒီကမိတ်ဆွေကို ကျုပ်လွှတ်ပေးမယ်၊ နို့မဟုတ်ရင်တော့....'

'နို့မဟုတ်ရင်တော့ ဘာဖြစ်သလဲ'

ခန်းပတ်မှာ ထိုအသံကြောင့် ထိတ်လန့်တကြား ဖြစ်သွားသည်။

နောက်သို့လှည့်ကြည့်လိုက်လျှင် လူတစ်ယောက် သူ့နောက်ကျောဘက်တွင်ရပ်နေသည်ကို တွေ့ရ၏။ ရန်သူ မည်သည့်အချိန်က လာရောက်ရပ်တန့်နေခြင်းကိုပင် သူမသိ။ လရောင်အောက်တွင် ထိုသူ၏ အေးဆေးတည်ငြိမ်နေသည့်အမူအရာကို တွေ့ရ၏။ အသက်က သိပ်မကြီးသေး။ သူနှင့် ရွယ်တူလောက်ပင် ရှိပေဦးမည်။

ခန်းပတ် ဒေါသတကြီးဖြစ်သွား၏။

'ငါ့လူတွေ လာကြစမ်း၊ ဒီကောင့်ကို ဝိုင်းဖမ်းလိုက်ကြစမ်း'

သူ အော်ဟစ်အမိန့်ပေးသော်လည်း သူ့လက်အောက်တပည့်တို့မှာ တစ်ယောက်မျှမလှုပ်ကြ။ သုံးကြိမ်တိုင်တိုင် အော်ဟစ်ခေါ်သော်လည်း မထူးခြား။

ခန်းပတ်မှာ ထိုအခါတွင်မှ အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားရသည်။ လရောင်အောက်တွင် သူ့လက်အောက်အဖွဲ့သာ

တို့၏ နောက်ကျောဘက်ဆီမှ လူတစ်ယောက်စီ အသီးသီး ကိုယ်ရောင်ပြလာသည်ကို တွေ့လိုက်ရ၏။

ထိုသူအားလုံးမှာ စုန့်မင်းဆက်ပြည်သူတို့၏ အဝတ်အစားများ အားလုံးဝတ်ဆင်ထားကြ၏။ လက်ထဲတွင် ဓားမြှောင်ကိုယ်စီ ကိုင်ဆောင်လျက် ခန်းပတ်၏လက်အောက်အဖွဲ့သားတို့၏ လည်မျိုကို တေ့ထောက်ထားကြလေသည်။

'နို့မဟုတ်ရင် ဘာဖြစ်မှာလဲ'

ခန်းပတ်နောက်ကျောမှလူက ထပ်မေးလာပြန်သည်။

ခန်းပတ် အံကိုတင်းတင်းကြိတ်လိုက်၏။

'နို့မဟုတ်ရင် တစ်ချက်တည်းနဲ့ ဦးကောင့်ကို သတ်ပစ်လိုက်မယ်'

'မင်းက ဘယ်သူလဲ'

ခန်းပတ်သည် သူ့နောက်မှလူကို အသေအချာ ကြည့်လိုက်သည်။ ထိုသူမှာ အသက်ငယ်ရွယ်သော်လည်း သတ္တိသေးပုံမရ။

'မင်းကကော ဘယ်သူလဲ'

ခန်းပတ်က ပြန်မေးသည်။ ထိုသူက အားပါးတရ ရယ်မောပစ်လိုက်၏။

'မင်းဟာ စုန့်မင်းဆက်ရဲ့ပြည်သူဖြစ်တယ်၊ ဘယ့်နှယ်ကြောင့် ကျင်းလူမျိုးကို ကူညီပြီး ကိုယ့်လူမျိုးကို ပြန်တိုက်ရတာလဲ'

ပြောရင်းမှပင် ယန့်ခွမ်ဟူ လက်ထဲမှ ကျင်းမုရှာကို လက်ညှိုးညွှန်ပြလိုက်၏။ ခန်းပတ်မှာ ဘာပြောရမှန်းမသိအောင် ဖြစ်သွား၏။



ကျင်းမုရှာသည် ယခုရောက်ရှိလာသောသူမှာ နယ်နယ်ရရ ပုဂ္ဂိုလ်တစ်ယောက်မဟုတ်မှန်း သိလိုက်၏၊ ဆင်ဝေ့ရှောင်ရန် သဘောဖြင့်....

'ကျင်းလူမျိုးတွေ၊ ဟန်လူမျိုးတွေလုပ်မနေနဲ့၊ လောကကြီးမှာရှိတဲ့ လူအားလုံးဟာ မိသားစုညီအစ်ကိုတွေချည်းပဲ၊ ဘာများခွဲခြားစရာလိုလဲ'

ထိုသူက ခပ်သဲသဲ့ကအသား ရယ်မောလိုက်၏။

'မင်းသားလေးကျင်းက စကားကို ဗဒလာင်ဗလဲ မပြောချင်စမ်းပါနဲ့၊ ခင်ဗျား မောက်ချန်း တိုက်ပွဲကို မှတ်မိ သေးရဲ့လား၊ ကျုပ်တို့ကို မျက်နှာချင်းဆိုင် တိုက်ခဲ့ဖူးပါတယ်'

ကျင်းမုရှာ အံ့သြားတာသင့် ဖြစ်သွားမိသည်။

ထိုသူ၏ မျက်နှာကို အသေအချာရင်းရင်းနှီးနှီး သိကျွမ်းသည်ဟု ထင်မိ သော်လည်း စဉ်းစား မရခဲ့။ ထိုသူက ရယ်မောလျက်မှ....

'မင်းတို့ဘတွေ လူသတ်၊ ရွာကိုမီးတင်ရှို့တာ မလုံလောက်သေးဘူးလား၊ လင်အန်းမြို့အထိ လိုက်ပြီး အခုနှောင့်ယှက်ပေးချင်နေတာလား'

ကျင်းမုရှာက ထိုသူကို သိသော်သည် ခန်းပတ်ကမသိ။

'အပိုတွေ လာမပြောမနေစမ်းပါနဲ့'

ထိုသူ ကွက်ခနဲ မျက်နှာပျက်သွား၏။ ရှေ့သို့လည်း ခြေလှမ်းတစ်လှမ်း တိုးတက်လာသည်။

ယက်သီးကို ဆန့်ထုတ်ပြီး ခန်းပတ်လက်ထဲ မှသံမဏိတုတ်ချည်ကို ဖမ်းဆွဲသည်။ ထို့နောက် ခြေဖသာကော်ဖြင့် တစ်ချက်

တန်ထုတ်လိုက်ရာခန်းပတ် အဝေးသို့ လွင့်ထွက်သွား၏။ ထိုသူသည် တစ်ဆက်တည်းပင် ရှောက်ချူးရှေ့ကို သူ့အနီးသို့ ဆွဲယူလိုက်သည်။

ခန်းပတ် ထိုသူ၏လက်ချက်ဖြင့် နောက်ဆုတ် သွားသည်နှင့် ကျောင်းမှုရှာမှာ ချက်ချင်းပင် လူတစ်ယောက်ကို စဉ်းစား လာမိသည်။ ထိတ်လန့်တကြီးလည်း ဖြစ်သွား၏။

'ဟင် မင်း... မင်း...'

ထိုသူက ရယ်ရယ်မောမောဖြင့် လက်ကို ဝှေ့ယမ်းကာ စကားဆက်မပြောရန် တားဆီးထားလိုက်၏။

'ဒီနေ့ မင်းဟာ အန္တရာယ်တွေ့နေပြီ၊ သူတစ်ပါးရဲ့ လက်ခုပ်ထဲရောက်နေတာမို့ မင်းကို ကျုပ် မသတ်ချင်ဘူး၊ မင်း နေရာကို မင်းပြန်သွားပါ၊ တစ်နေ့ကျရင် တိုက်ပွဲမှာ ပြန်ဆုံကြပြီး မင်းရဲ့ခေါင်းကို ငါဖြတ်ယူနိုင်အောင် ကြိုးစားမယ်'

ယန်ခွမ့်ဟူ၏စိတ်ထဲတွင် အံ့ဩမှုတို့ဖြင့် ပြည့်လျှမ်း နေလေတော့သည်။

မင်းသားလေး ကျောင်းမှုရှာမှာ ထိုစကား ကြားလိုက် ရလျှင် မျက်နှာ ပျက်သွားသည်ကိုလည်း သူ မြင်တွေ့လိုက်ရသည်။

'မိတ်ဆွေလေးက ဘယ်သူပါလဲ'

ယန်ခွမ့်ဟူက ညွှတ်ပြောင်းသောလေသံဖြင့် မေးသည်။ ထိုသူက တရိုတသေပင် လက်သီးနှစ်ဖက်ဆုပ်ကာ....

'ကျွန်တော့် အမည် ရှဲ့ယွင်းပါ၊ ဖေဖေနဲ့ အတူ နေပြည်တော်ကို ပြန်မလို့ပါ၊ လမ်းတစ်ဝက်မှာ ဒီကောင်တွေ လုပ်ကြံကြမယ်ဆိုတာ သတင်းရလို့ ရှေ့ကနေ အမှုလိုကြိုပြီး ထွက်



လာရတာပါပဲ၊ ဖေဖေ့အတွက် လမ်းမှင်းပေးတဲ့ သခင်ဘဒ္ဒပါ၊ ဒါနဲ့ ဆရာကြီးက....'

ယန်ခွမ့်ဟူသည် ရှဲ့ယွင်းဟူသော အမည်ကို ကြားလိုက်သည်နှင့် လွှတ်ခနဲ မေးလိုက်မိ၏။

'မင်းရဲ့ ဖေဖေကော'

ထိုအချိန်တွင် ကျောင်းမှုရှာက ဆခွင့်ကောင်းယူကာ ရှန်းကန်လိုက်၏။ ယန်ခွမ့်ဟူ ဖမ်းချုပ်ခြင်းမှ ရုန်းကန်ပြီးသည်နှင့် လက်နှစ်ဖက်ဖြင့် ယန်ခွမ့်ဟူ၏ ရင်ဝကို ရိုက်သည်။ ယန်ခွမ့်ဟူက ဘာမှမဖြစ်သလိုပင် ရှိနေ၏။

'ဒီအဘိုးကြီးရဲ့သိုင်းပညာဟာ ဘယ်လောက်နက်ရှိုင်းသလဲဆိုတာ ခန့်မှန်းလို့မရဘူး၊ ရှဲ့ယွင်း တစ်ယောက်တည်းအင်အားနဲ့တောင် ခုခံရခက်နေပြီ၊ ငါ့ အကြံအစည်လဲ ပျက်သွားပြီ၊ အကောင်းဆုံးက လစ်ပြေးမှ ဖြစ်လိမ့်မယ် ထင်တယ်'

မောက်ချန်တိုက်ပွဲကား ကျောင်းစစ်သည်တို့အတွက် ဆုဇဝင်တွင်လောက်သော တိုက်ပွဲဖြစ်၏။ ထိုစဉ်ကျောင်းစစ်သည် တို့သည် မောက်ချန်းမြို့ ငါးမိုင်အကွာမှ ပတ်ပတ်လည် ဝန်းရံ ထားပြီး ရိက္ခာ ဖြတ်တောက်ခဲ့သည်။ ကြာလာလျှင် ရိက္ခာ အခက်အခဲဖြစ်ကာ လက်နက်ချလိမ့်မည်ဟု ကျောင်း စစ်သည်တို့ ယုံကြည်ထားခဲ့သည်။

သို့သော် မောက်ချန်းမြို့စောင့် ဗိုလ်ရှဲ့ယွင်းနှင့် ဝမ်ကွေးတို့နှစ်ဦးက အကြံကောင်း တစ်ခုကို ထုတ်ဖော်ခဲ့သည်။ ဗိုလ်အဆင့်ရှိသူ တစ်ယောက်ကို မြို့ရိုးပေါ်တွင် စောင့်ကြပ်စေပြီး

သူတို့နှစ်ယောက်က ရှိသည့် စစ်သည်အင်အား တစ်ဝက်ခန့်မျှ ဖြင့် ကျင်းစခန်းကို သိုဖောက်မည် ဖြစ်သည်။

သူတို့နှစ်ယောက် မနက်မှ ညအချိန်သို့ကိုင် တိုက်ခိုက်ခဲ့သော ကျင်းစခန်းသည် ငါးနာရီခန့်ကို တိုက်ခိုက်နိုင်သည့်အပြင် စစ်ဦးစီးမှူး ရှ ကျင်းဝူရှာသည်း ရွှဲ့ယွင်း လက်ချက်ဖြင့်အသက်ဆုံးရှုံးခဲ့ရသည်။

ဒုဦးစီးမှူးသည်း ဒဏ်ရာပြင်းထန်စွာ ရရှိပြီး တပ်ပြန်ဆုတ်ရင်းသန်းဘက်ခြမ်းမှာ အသက် ဆုံးရှုံးခဲ့ရပြန်သည်။

ကျင်းအူကျုံးသည် ထိုဆုံးရှုံးမှုကြောင့်အသွင်ပင်ဝမ်းနည်း တုန်လှုပ်သွားရသည်။ ထို့ကြောင့် မိမိသား လက်ကျင်းမှုရှာကို တိုက်ပွဲဘွင်းသို့ စေလွှတ်ကာ မိမိ၏သိက္ခာကို ပြန်ဆယ်ဘင်ရန် တာဝန်ပေးခဲ့၏။ ကျင်းမှုရှာကလည်း စေသူမဘုန်း။ တိုက်ပွဲတွင် ရွှဲ့ယွင်းနှင့်မျက်နှာချင်းဆိုင်ဆုံပြီး ဓားဖက်နှင့် ဓားဖက် အကြိတ်အနယ် တိုက်ခိုက်ခဲ့ရသည်။

သို့ရာတွင် ရွှဲ့ယွင်းသည် တာဘယ် တိုက်စပ်မှုကြီး တစ်ယောက်ပမာ ရှိနေ၏။ တိုက်ကွက် သုံးကွက်တည်းဖြင့်ပင် ကျင်းမှုရှာ၏ လက်ထောက်စစ်ဦးစီးမှူးကို အသေအလဲတိုက်ခိုက်နိုင်ခဲ့သည်။ ကျင်းမှုရှာ ရင်မဆိုင်ရဲတော့။ မြင်းကို ဖက်တွယ်ကာ အသေအလဲ ထွက်ပြေးသွားခဲ့ရလေသည်။ ထိုအချိန်မှစပြီး ကျင်းမှုရှာသည် ရွှဲ့သားအဖကို ရင်မဆိုင်ဝံ့အောင် ကြောက်လန့်သွားရလေသည်။

ထို့ကြောင့် လမ်းတစ်ဝက်မှနေ၍ လုပ်ကြံ သတ်ဖြတ်ရန် ကြံစားသည်။ မမျှော်လင့်ဘဲ ရွှဲ့ယွင်းကိုတွေ့လိုက်ရသောအခါ



သူ ထိတ်လန့် ကြောက်ရွံ့စိတ်က ပြန်လည် နိုးကြွလာကာ ရင်မဆိုင်ဝံ့တော့ဘဲ ဆုတ်ခွာထွက်ပြေးသွားတော့သည်။

ခန်းပတ်တို့တပ်တွေ ... ဦးစီးမှူး ထွက်ပြေးပြီဖို့ စဉ်းစား တွေဝေမနေတော့ဘဲ တစ်ချိုးတည်း သုတ်ခြေတင် လစ်ပြေးကြတော့သည်။ အခြားသူများလည်း ဦးဆောင်မည့်သူမရှိကြတော့သဖြင့် လစ်ပြေးကြပြန်သည်။ လရောင်အောက်တွင် ထိုသူတစ်သိုက် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကုန်ကြ၏။ ရွှဲ့ယွင်း၊ ယန်ခွမ့်ဟူ၊ ရှောက်ချူးရွှေတို့သုံးယောက်သာ ကျန်ရှိတော့သည်။

ရွှဲ့ယွင်း၏ လက်အောက်အဖွဲ့သားများမှာသည်း တပ်မကြီးဆီသို့ တိတ်တဆိတ်ဆုတ်ခွာသွားတော့သည်။

## အခန်း (၇)

လရောင်က ကုက္ကိုရွက်များအကြားမှ ယှက်ဖြာကျနေသည်။

မိုးနံ့ကို သယ်ဆောင်လာသော လေပြည်က တသုန်သုန် တိုက်ခတ်နေ၏။ ရွှဲ့ယွှင်း၊ ရှောက်ချူ၊ ရွှေနှင့် ယန်ခွမ့်ဟူတို့မှာလည်း လရောင်အောက်တွင် ငြိမ်သက်စွာရပ်နေကြသည်။

'ကျွန်တော့်ရဲ့ လက်အောက် ညီနောင်တွေ ဖေဖေ့ကို သွားခေါ်နေကြပါပြီ'

ရွှဲ့ယွှင်း တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းသည်။

ယန်ခွမ့်ဟူ၏ မျက်လုံးအစုံက လရောင်တွင် ဝင်းလက်လာ၏။

'ဒါဆို မင်းဖေဖေ လာတော့မယ်ပေါ့၊ မင်းဖေဖေရောက်လာတော့မှာပေါ့'



ရွှဲ့ယွှင်းက ယန်ခွမ့်ဟူအား စူးရှသော မျက်လုံးအစုံဖြင့် အကဲခတ်ကြည့်သည်။ တလေးတစားလေသံဖြင့်....

'ဆရာကြီးက ကျွန်တော့်ဖေဖေနဲ့ ဘယ်လိုအကြောင်းကိစ္စများ ရှိလို့ တွေ့ချင်နေပါသလဲ ခင်ဗျာ၊ ဆရာကြီးရဲ့ခြေထောက်နှစ်ဖက်ကကော ဘယ်လိုများဖြစ်တာပါလဲ၊ ကျွန်တော့် ဆေးပညာကို နည်းနည်းပါးပါး တတ်ကျွမ်းပါတယ်၊ ကြည့်ရှုခွင့်ပြုနိုင်ပါသလား'

ယန်ခွမ့်ဟူ၏ လေသံက ရုတ်တရက် ခက်ထန်မာကျောလာ၏။

'မင်း အနားကို ကပ်မလာနဲ့၊ ငါ့ကိစ္စကို ငါလုပ်နိုင်တယ်၊ မင်းအဖေနဲ့ တွေ့ချင်တာကလဲ အရေးကြီးတဲ့ကိစ္စပြောပြဖို့ပဲ'

ရွှဲ့ယွှင်း ရှေ့သို့ပင် တစ်လှမ်းတိုးလာ၏။

'ဘာကိစ္စမို့ပါလဲ ခင်ဗျာ၊ ဆရာကြီးအနေနဲ့ ကျွန်တော့်ကို ပြောပြရင်လဲ အတူတူပါပဲ'

'ကောင်းသားပဲ၊ ဒါဆိုရင် မင်းကို ပြောပြလိုက်မယ်၊ စစ်သူကြီးရွှဲ့ဘုရင်ဆီ သွားမတွေ့ပါစေနဲ့'

'အို....'

ရွှဲ့ယွှင်းမှာ အာမေဍိတ်သံကလေးပင် ထွက်သွားရသည်။ ကြောင်အမ်းအမ်းလည်းဖြစ်သွား၏။ ယန်ခွမ့်ဟူကဆက်လက်၍....

'မင်း ဖခင်ဟာ မိဘကို ရှိသေတဲ့သူဖြစ်တယ်၊ မင်းဟာလဲ ဒီအတိုင်းပါပဲ၊ မင်း စဉ်းစားကြည့်လေ၊ ဒီတစ်ခေါက် နန်းတော်ထဲကို ပြန်သွားရင် သူ အသက်ချမ်းသာနိုင်ပါ့မလား၊ ချင်ကွေ့ဟုန်နဲ့ ဟန်ထိုဝေ့ဆိုတဲ့ အမတ်စုတ်နှစ်ကောင်က မင်းအဖေကို

အလွှတ်ပေးမတဲ့လား၊ 'ခုနကကောင်တွေဟာ ချင်ကွေ့က စေလွှတ်လိုက်တဲ့ လူတွေပဲ၊ အဲဒီအထဲမှာ အနာဂ်ရောင်သိုင်း ဂိုဏ်းသားတွေလဲ ပါတယ်၊ ပြီးတော့ ကျူးကျော်တဲ့ ကျင်းစစ်သည်တော်တွေနဲ့သဲ ပူးပေါင်းထားတယ်၊ ဒီနေရာမှာ ပုန်းအောင်းနေပြီး စစ်သူကြီးရွဲ့ကို လုပ်ကြံကြဖို့ပဲ၊ မင်းတို့သာ မသွားကြရင် ပြည်သူတွေ ဝမ်းနည်းကြေကွဲကြရမှာပဲ၊ ဒါဆိုရင် မင်းဖခင်ဟာ မင်း မိခင်အပေါ်မှာ ကောင်းနိုင်တော့မှာလား၊ မင်းကကော မင်းရဲ့ မိခင်၊ မင်းရဲ့ဇနီး သားသမီး ပြည်သူတွေအပေါ် ကောင်းနိုင်ပါဦးမလား'

ရွဲ့ယွင်း၏မျက်နှာအမူအရာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ယန်ခွမ့်ဟူမှာ ပြောလေ စိတ်မာန်တက်ကြွလာလေ အသံကျယ်လေ ဖြစ်နေ၏။

'သကယ်လို့သာ ငါ ဝင်သူကြီးရွဲ့ဖြစ်ခဲ့ရင် ရှေ့နန်းရှင်ရဲ့ အမိန့်ကို မနာခံဘဲ ညီနောင်တွေနဲ့အတူတူ ကျူးကျော်ရေးသမားတွေကို ဆုံးခန်းတိုင်တဲ့အထိ တိုက်ထုတ်ပစ်လိုက်မယ်၊ စစ်သူကြီးရွဲ့အတွက် စစ်ကူမရှိမှာကို ပူမနေကြနဲ့၊ ပြည်သူလူထုရှိတယ်၊ မျိုးချစ်ရဲဘော်တွေရှိတယ်၊ ပြီးတော့ သိုင်းလောကရဲ့ ပုဂ္ဂိုလ်ကျော်တွေရှိနေသေးတယ်'

ရွဲ့ယွင်း အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ...

'ဆရာကြီးပြောတဲ့စကားတွေက ရှေ့ထက်ကို တန်ဖိုးရှိလှပါတယ်၊ ဒါပေမယ့်...'

ရွဲ့ယွင်း စကားဖြတ်ကာ မချိပြုံးလေး ပြုံးလိုက်၏။

ယန်ခွမ့်ဟူက မျက်မှောင်ကြုတ်ကြည့်ကာ....



'ဒါပေမယ့် ဘာဖြစ်သလဲ'

'ဖေဖော ကျွန်တော့်ကို အမြဲတမ်း ဆုံးမစကား ဆိုတတ်ပါတယ်၊ ဘယ်ကိစ္စမဆို အနိုင်ရှိသလို အရှုံးဆိုတာလဲ ရှိတတ်တယ်၊ စိတ်ခေတ်မကျဖို့ စိတ်မာန်မတက်ဖို့ဘဲ အရေးကြီးပါတယ်တဲ့၊ ဒီတစ်ခေါက်အပြန် ရေးဟာ သေလမ်းကို သွားရမှာ ဖြစ်တယ်ဆိုတာ သေဖသိပါတယ်၊ ဒါပေမယ့် ရှောင်ထိမ်းလို့ မရဘူး၊ ဘုရင်မင် မြတ်ရဲ့ အမိန့်တော်ကို မနာခံဖို့ မသင့်ပါဘူး'

ယန်ခွမ့်ဟူ စိတ်ပျက်သော အမူအရာဖြင့်

'ဘုရင်မင်းမြတ်က အခုအချိန်မှာ ရုပ်သေးရုပ်လို သူများကြိုးဆွဲတာကို ကနေရတယ်၊ တိုင်းရေးပြည်ရေးကို သိတာမဟုတ်ဘူး၊ ချင်ကွေ့ဟာ မင်းတို့ မိသားစုတစ်စုလုံးကို ဒုက္ခရောက်အောင် ကြံစည်နေတယ်၊ ယောကျ်ားဆိုတာ တိုက်ပွဲထဲမှ သေချင်သေပါစေ၊ သစ္စာဖောက်တစ်ယောက်ရဲ့ လက်ချက်နဲ့ အသေခံဖို့ မသင့်ဘူး၊ စစ်သူကြီးရွဲ့ဖေးဟာ တစ်ခေတ်မှတစ်ယောက် ပြိုင်စံရှားတဲ့လူ၊ မင်းကလဲ ကိုယ့်နိုင်ငံကို အသက်ထက်အမျချစ်မြတ်နိုးတဲ့လူ၊ အခုလို ပိုက်ကွန်ထဲ တိုးဝင်တဲ့ ငါးအဖြစ်မျိုးတော့ မရောက်စေချင်ဘူး'

ရွဲ့ယွင်း ခပ်နွမ်းနွမ်းလေး ပြုံးလိုက်သည်။

'တကယ်လို့ သစ္စာရှိတဲ့ အရာရှိတွေ အမှုထမ်းတွေ သေချင်သေကြပါစေ၊ တိုင်းပြည်တစ်ခုလုံး အေးချမ်းသာယာသွားမယ်ဆိုရင် သေရတာကို နှမြောစရာမရှိပါဘူး'

ယန်ခွမ့်ဟူသည် မေးစေ့ကို လက်ဖြင့် ပွတ်သတ်နေမိသည်။

'ဘာကြောင့် ဒီလောက်တောင် ပြောမရဖြစ်နေရတာသလဲ၊ မင်းတို့ဟာ တိုင်းပြည်အတွက် အလုပ်လုပ်ပေးနေကြတာ၊ ပြည်သူပြည်သားတွေအတွက် သက်စွန့်တိုက်ပွဲဝင်နေကြတာ၊ တစ်ဦးတစ်ယောက်တည်းအတွက်မှုမဟုတ်ဘဲ၊ ဘုရင်မင်းမြတ်အတွက် တိုက်ပွဲဝင်နေကြတာမှုမဟုတ်ဘဲ၊ ဒီတော့ ဘုရင်မကောင်းရင်၊ အရည်အချင်းမရှိရင် တော်လှန်ပစ်လိုက်ပေါ့၊ ဘာအရေးစိုက်စရာလို့သလဲ'

ယန်ခွမ့်ဟူ၏ စကားများက အကျိုးအကြောင်း ဆီလျော်နေသည်။ ရှောက်ချူးရွှေပင် မနေသာတော့ဘဲ ကြားဝင်ပြောလာ၏။

'သေရတာချင်းအတူတူ အကျိုးရှိရှိနဲ့ သေဖို့ကောင်းတယ်၊ ခင်ဗျား၏ ဖခင်ဟာ တိုင်းပြည်အတွက် မရှိမဖြစ် လိုအပ်နေတဲ့ သူ ဖြစ်တယ်၊ သူ့ဘဝ တစ်စုံတစ်ခုဖြစ်သွားရင် တစ်တိုင်းပြည်လုံးကို သစ္စာဖောက်တွေက ကြီးစိုးသွားလိမ့်မယ်၊ စစ်သူကြီးရဲ့ သေဆုံးမယ်ဆိုရ တိုင်းပြည်တစ်ခုလုံးမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ဟာ ဘယ်လိုမှ လုံခြုံမှုရှိတော့မှာ မဟုတ်ဘူး၊ ဒါကြောင့်မို့လို့ အသေအချာ စဉ်းစားပါလို့ ပြောချင်ပါတယ်'

ရှဲ့ယွင်း သက်ပြင်းရှည်ကြီးဟာစ်ချက် ချလိုက်သည်။

'ဆရာကြီးတို့ပြောတာ သဘာဝကျလှပါတယ်၊ အမှန်အတိုင်းပြောရရင် ကျွန်တော့်စိတ်ထဲမှာ ဆရာကြီးတို့ နှစ်ဦးရဲ့ စိတ်ဆန္ဒအတိုင်းပဲ ရှိနေပါတယ်၊ ယောကျ်ားဆိုတာ ရဲရဲဝံ့ဝံ့ အကျိုးရှိရှိနဲ့ သေသင့်တယ်၊ သစ္စာဖောက်တွေရဲ့ လက်ထဲမှာ



အချည်းနှီး မသေဆုံးသင့်ဘူး၊ ဘုရင့်အမိန့် ပုန်ကန်တာတို့ ဘာတို့ကို ကျွန်တော်အရေးမစိုက်ပါဘူး၊ ဒါပေမယ့် ကျွန်တော် ဒီအကြောင်းတွေ ရှင်းပြပြီး ဖေဖေ့ကို ဖျောင်းဖျခဲ့ပါတယ်၊ ဖေဖေဟာ သစ္စာဆိုတဲ့စကားလုံးတစ်လုံးကို လှေနံဓားထစ်မှတ်ထားနေခဲ့တယ်၊ ကျွန်တော့်စကား ဘယ်လိုမှ အကျိုးသက်ရောက်မှု မရှိခဲ့ဘူး၊ တစ်ခါတစ်ခါမှာ စည်းကမ်းကို ဖောက်ဖျက်ရကောင်းလားဆိုပြီး သေဒဏ်ချတ်လုနီးပါးတောင် ဖြစ်ခဲ့ရပါတယ်'

ယန်ခွမ့်ဟူ စိတ်တိုလာ၏။

'စစ်သူကြီးရှဲ့က ဘယ့်နှယ်ကြောင့် အကောင်းအဆိုးကို မခွဲခြားနိုင်ရတာလဲ'

ရှဲ့ယွင်း မျက်နှာ ကွက်ခနဲ ပျက်သွား၏။

'ဆရာကြီးစကားပြောရင် လေးလေးစားစား ပြောစေချင်ပါတယ်၊ ကျွန်တော့်ဖေဖေရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမယ့် စကားမျိုးပြောလာရင် ကျွန်တော် လက်ပိုက်ကြည့်မနေနိုင်ပါဘူး'

ယန်ခွမ့်ဟူ မျက်နှာထား အနည်းငယ် တင်းမာသွား၏။ ရှောက်ချူးရွှေမှာ သူတို့နှစ်ယောက် ပဋိပက္ခဖြစ်မည်ကို စိုးရိမ်မိသဖြင့် အလျင်အမြန်ပင် စကားလမ်းကြောင်း ပြောင်းလွှဲပေးလိုက်ရသည်။

'ခင်ဗျား၏ ဖခင်ဟာ သိပ်ကို သစ္စာစောင့်သိလွန်းပါတယ်၊ ဒါပေမယ့် နန်းတော်ရဲ့အာဏာမှန်သမျှဟာ အမတ်ကြီးချင်ကွေ့ရဲ့ လက်ထဲမှာ ရောက်နေသလို ဖြစ်နေတယ်၊ ဘုရင်မင်းမြတ်

အပေါ် သစ္စာရှိတဲ့ ဟန်ဆောင်ပြီး သစ္စာမဲ့စောင့်သိတဲ့ မမှန်မကန်တာတွေ လုပ်နေတယ်၊ ဘုရင်မင်းမြတ်ကလဲ သူ့စကားတစ်ခုတည်းကို ယုံစားပြီး သူ့အလိုကျဖြစ်နေတယ်'

ရွှဲ့ယွင်း ရယ်မောလိုက်၏။

'ဒီက မိတ်ဆွေရဲ့ စကားဟာ သဘာဝကျပါတယ်၊ ဒါပေမယ့် အစိုးရိမ်လွန်ကဲနေပါတယ်၊ ချင်ကွေ့ဟာ အာဏာကို ချုပ်ကိုင်ထားပေးယုံ စစ်သူကြီးယန်နဲ့ လျိုတို့က စစ်တပ်ကို ချုပ်ကိုင်ထားပါတယ်၊ ချင်ကွေ့အနေနဲ့ ဖေဖေ့ကို ဘာမှ မလုပ်ရဲပါဘူး'

ယန်ခွမ့်ဟူ အားစက်စက် ရယ်မောလိုက်သည်။

'သူတို့က မင်းဖေဖေကို မလုပ်ရဲဘူးလို့ ထင်နေသလား'

ပြောပြောဆိုဆိုပင် မြကြီးပေါ်မှ အသောင်းများကို လက်ညှိုးထိုးညွှန်ကာ...

'ကြည့်စမ်း၊ သူတို့ဟာ မင်းအဖေရဲ့ လက်အောက်က အဖွဲ့သားဟောင်းတွေ ဖြစ်တယ်၊ အမတ်ကြီး ချင်ကွေ့ရဲ့ အကောက်ကြံတာကို ကာကွယ်ဖို့အတွက် ဒီမှာ ပုန်းအောင်းစောင့်ဆိုင်းနေရာက ခုနက ကောင်တွေနဲ့ တိုက်ပွဲဖြစ်ပြီး အသက်ပေးလှူသွားခဲ့ကြရတယ်'

ရွှဲ့ယွင်းသည် မြေပြင်ပေါ်တွင် လဲကျသေဆုံးနေသော လင်ညီနောင်နှစ်ဖော်ကို ဒူးထောက်ကာ ဦးချကန်တော့လိုက်၏။ ကောင်းရာသုဂတိသားစေရန်လည်း ဆုမွန်ကောင်းများကောင်းသည်။ ထို့နောက်ယန်ခွမ့်ဟူဘက်သို့လှည့်ကာလေးလေးမှုန်မှုန်အသံဖြင့်....



'ဆရာကြီးရဲ့ စေတနာကို ကျွန်တော်လက်ခံပါတယ်၊ ကျွန်တော်ဟာ ဖေဖေ့အတွက် လမ်းရှင်းရတဲ့တာဝန်ကို ယူရသူဖြစ်ပါတယ်၊ ဖေဖေ့လုံခြုံရေးအတွက် တာဝန်ယူရသူလဲ ဖြစ်ပါတယ်'

'မင်းတို့တတွေက မဖြစ်စလောက်ပညာလေးနဲ့ ဘာကာကွယ်ပေးနိုင်မှာတဲ့လဲ'

'ဆရာကြီးနဲ့ ဒီကမိတ်ဆွေတို့ရဲ့ အန္တရာယ်ကို ကျွန်တော်ပဲ စောစောက ဖြေရှင်းပေးလိုက်ရတယ်မဟုတ်လား'

ထိုစကားက ယန်ခွမ့်ဟူကို ဒေါသအကြီးအကျယ်ထွက်သွားစေနိုင်သည်။ သို့သော် လရောင်အောက်တွင်ရွှဲ့ယွင်း၏တည်ကြည်လေးနက်ပြီး မကြောက်မရွံ့အမူအရာကို တွေ့မြင်လိုက်ရသဖြင့် သူစိတ်ပြောင်းသွားရလေသည်။ ခါးပိုက်ထဲမှ အရာဝတ္ထုတစ်ခုကို ဆွဲထုတ်လိုက်ပြီး ကျယ်လောင်သောအသံကြီးဖြင့်....

'ဟောဒီမှာကြည့်စမ်း၊ ဒါဘာလဲ'

ရွှဲ့ယွင်း နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်သွားရတော့သည်။

* * *

ရွှဲ့ယွင်း၏ အမူအရာက လရောင်အောက်တွင် တုန်လှုပ်ချောက်ချားနေသလို ဖြစ်နေ၏။ စောစောကလို့ တည်ငြိမ်ရဲရင့်သည့် အသွင်မျိုး မရှိတော့။

'ဖေဖေ....ဖေဖေရဲ့ တစ်မိုးအောက် သူ့ရဲကောင်းအမိန့်ပေး တံဆိပ်ပြားပါလား'

ယန်ခွမ့်ဟူက တင်းမာခက်ထန်သော လေသံဖြင့်....

'မင်းဖေဖေရဲ့ တစ်မိုးအောက်သူ့ရဲကောင်း အမိန့်ပေးတံဆိပ် ပြားဆိုတာ သိတယ်မဟုတ်လား၊ မင်းလဲ သူ့ရဲကောင်းတစ်ဦး ဆိုတော့ အခု အမိန့်ကို မနာခံဘူးလား'

ရှဲ့ယွင်း ဒူးထောက်ချလိုက်သည်။ သူ့စကားသံကလည်း တုန်ယင်လှုပ်ခတ်လာသည်။

'ဆရာကြီးဆီမှာ အမိန့်ပြား ရှိနေမှတော့ ကျွန်တော်အာမခံ ရဲပါဘူး၊ ဒါပေမယ့် ဒီအမိန့်ပြားဟာ ဖေဖေတိုက်ပွဲမထွက်ခင် ဘွားဘွားကို သစ္စာဖောက်ကောင်တွေရဲ့ လုပ်ကြံဘာမခံရအောင် ပေးခဲ့တာပါ၊ ဒီအမိန့်ပြားနဲ့ သိုင်းလောက သူ့ရဲကောင်းတွေဆီက တောင်းခံခိုင်းဖို့ပါပဲ၊ အခုတော့ ဘယ်လိုကြောင့် ဆရာကြီးရဲ့ လက်ထဲ ရောက်သွားရတာပါလဲခင်ဗျား'

ယန်ခွမ့်ဟူ ကြောင်အမ်းအမ်း ဖြစ်သွား၏။ ထိုအမေးစကားကို ရှဲ့ယွင်း အဲသေအချာသိအောင် ရှင်းမပြတတ်။

'ဒီအမိန့်ပြားကို ဟိုဘာ တူမောင်လေးရဲ့ လက်ထဲက ရလာ တာပါ၊ အသေးစိတ်ကိုတော့ ငါလဲ မသိဘူး၊ စစ်သူကြီးရှဲ့ရဲ့ တစ်မိုးအောက်သူ့ရဲကောင်း အမိန့်ပေးတံဆိပ်ပြားဟာ သိုင်း လောက တစ်ခုလုံးကို အမိန့်ပေးနိုင်စွမ်းရှိတယ်လို့သာ သိထား တယ်၊ ဟိုဘ်....မင်း ဒီအမိန့်ပြားကို ဘယ်ကရလာတာလဲ'

ယန်ခွမ့်ဟူက ရှောက်ချူးရှေဘက်သို့လှည့်ကာ မေးလိုက်၏။

ရှောက်ချူးရှေ တည်ငြိမ်စွာပင်....



'ကျုပ်လဲ ကောင်းကောင်းမသိဘူး၊ မယ်တော်ကြီးရှဲ့ဟာ နောက်ဆုံးတော့ တကယ်ပဲ လုပ်ကြံခံခဲ့ရတယ်၊ ကျုပ်ခန့်မှန်းချက် အရဆိုရင် လုပ်ကြံတဲ့အင်အား နှစ်ခုရှိတယ်'

ရှောက်ချူးရှေမှာ ဉာဏ်ပညာ ထက်မြက်သူတစ်ယောက် ဖြစ်သည်မို့ မြေပြန့်သိုင်းလောက၏ အရှုပ်အထွေးကို ကောင်းစွာ နားလည်သဘောပေါက်လေသည်။

'အမတ်ကြီး ချင်ကွေ့တို့ဘပ်တွေဟာ မယ်တော်ကြီးရှဲ့ကို ပေါ်ပေါ်ထင်ထင် မလုပ်ကြံဝံ့ကြဘူး၊ မိုးဘုရင်ကြီး ကျူးရဲ့ အင်အားကို အသုံးပြုခဲ့တယ်၊ တစ်လမ်းလုံး လုပ်ကြံလာကြတယ်၊ အဲဒီအချိန်မှာ ဩဇာအာဏာဂိုဏ်းကလဲ တစ်မိုးအောက် သူ့ရဲ ကောင်း အမိန့်ပေးတံဆိပ်ပြားကို လုယူချင်နေတယ်၊ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ စစ်သူကြီးရှဲ့နဲ့အတူတူ တစ်မိုးအောက် သူ့ရဲကောင်းတွေကို စုဆောင်းပြီး သစ္စာဖောက်တွေ နိုင်ငံကို ကျူးကျော်လာတဲ့သူတွေကို တွန်းလှန်ပစ်ဖို့ပဲ၊ အဲ့ဒါကြောင့် လူလွှတ်ပြီး အမိန့်ပြားကို လုယူစေခဲ့တယ်'

ရှောက်ချူးရှေသည် ဩဇာအာဏာဂိုဏ်း၏ ရည်ရွယ်ချက် များကို သူကိုယ်တိုင် စဉ်းစားတွေးခေါ်၍ သိရှိသလို ကျောက်စု ယုံ၏ရှင်းပြချက်များကြောင့်လည်း သိရှိနေခြင်းပင်ဖြစ်ပေသည်။

'မိုးဘုရင်ကြီးကျူးဟာ ဩဇာအာဏာဂိုဏ်း လှုပ်ရှားလာ တာကို မြင်လိုက်တာနဲ့ လက်ပိုက်ကြည့်နေလိုက်ဘယ်၊ စိတ်ပျော့ သွားလို့ မရဘူး၊ ကြားထဲက အချောင်ဝင်နှိုက်ဖို့ပဲ၊ အဲဒီတုန်းက လီချိန်ကြိုးရဲ့ လက်အောက်အဖွဲ့ထဲမှာ သစ္စာဖောက်တွေ ရှိနေ ခဲ့တယ်၊ သူစေလွှတ်လိုက်တဲ့ နတ်ဆိုး ဆယ့်ကိုးဖော်စလုံးဟာ

လူအမျိုးမျိုးစိတ်အထွေထွေရှိနေကြတယ်၊မိုးဘုရင်ရှစ်ဖော်ထဲမှာတောင် သစ္စာဖောက်တဲ့လူတွေရှိနေတယ်၊ နောက်ဆုံး ဩဇာအာဏာဂိုဏ်းနဲ့ မိုးဘုရင်ကြီးကျူးတို့ အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်တဲ့နေရာမှာ မိုးဘုရင်ကြီးကျူးက အသာစီး ရသွားခဲ့တယ်'

ရှောက်ချူးရှေ့ စကားအဆုံးတွင် ယန်ခွမ့်ဟူ အေးစက်စက်ရယ်မောလိုက်၏။

'ဩဇာအာဏာဂိုဏ်း လိုချင်တာတွေက ငါစဉ်းစားထားတဲ့ဟာတွေပဲ၊ စစ်သူကြီးရွှဲ့ဟာ ဘာကြောင့် အသုံးမကျတဲ့ ရှေနန်းတော်ရဲ့အမိန့်ကို နာခံပြီး ကိုယ့်အသက်ကို အသေခံချင်နေရတာပါလိမ့်၊ သိုင်းလောကမှာ မျိုးချစ်စိတ်ရှိတဲ့လူတွေ အများကြီးပဲရှိကြတယ်၊ နှမြောစရာကောင်းတာက လီချိန်ကြိုးဟာ အတော့်ကို နုံနုံ အအ ရှိလှတယ်၊ သူနုံအလို့ မိုးဘုရင်ကြီးကျူးကို အခွင့်ကောင်းရသွားစေတယ်'

'ဒါတွေကို ဇီကမိတ်ဆွေ ဘယ်လိုလုပ်သိတာပါလဲ'

ရွှဲ့ယွင်းက ရှောက်ချူးရှေ့ကိုမေးသည်။ သူသည် အသက်ငယ်ရွယ်သော်လည်း ဖခင်အတိုင်းပင် အလုပ်တစ်ခုကို စေ့စပ်သေချာစွာ လုပ်ဆောင်တတ်ပေသည်။ ရှောက်ချူးရှေ့မှာ ရွှဲ့ယွင်းက မေးလာသောအခါ သူ့မိဘများကို ပြန်လည်သတိရပြီး မျက်ရည်ကြည်တို့ ရစ်ဝဲလာ၏။

'ဒီအကြောင်းတွေကို ဘာကြောင့် သိနေရသလဲဆိုတော့ ကျုပ်ဟာ ရှောက်ချူးရှေ့ဖြစ်နေလို့ပဲ'

ရွှဲ့ယွင်း ဆတ်ခနဲတုန်လှုပ်သွား၏။



'အခုတလော သိုင်းလောကမှာ မိုးဘုရင်ကြီးကို ဆန့်ကျင်၊ ဩဇာအာဏာဂိုဏ်းကိုအကြိတ်အနယ်ယှဉ်ပြိုင်ပြီး နယ်ချဲ့ ကျင်းစစ်တပ်ကို ရှပ်ရှပ်ချချ တိုက်ခိုက်ခဲ့တဲ့ ပြည်မကြီးသွေးသောက်အဓိပတိကြီး ရှောက်ချူးရှေ့သား'

ရှောက်ချူးရှေ့ မချိပြုံးလေး ပြုံးလိုက်၏။

'စစ်ဗိုလ်လေးရွှဲ့က ဒီလိုပြောလာတော့ ကျုပ်ကိုယ်ကျုပ် အတော်လေးပဲ ရှက်မိပါတယ်၊ ဒါတွေ အားလုံးဟာ ကိုယ်ရေးကိုယ်တာ ခိုက်ရန်ဖြစ်နေတာလောက်ပဲ ရှိပါတယ်၊ စစ်ဗိုလ်လေးရွှဲ့လို နိုင်ငံ့ အတွက် တိုက်ပွဲ ဝင်နေရခြင်းမျိုး မဟုတ်ပါဘူး'

'ခင်ဗျားရဲ့ မွေးရပ်မြေနေရာက ပန်းချောင်း ခေါ်ဂိုဏ်းကလို့ ပြောတာ ဟုတ်ပါသလား'

ရှောက်ချူးရှေ့ သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဟုတ်ပါတယ်'

ရွှဲ့ယွင်း၏မျက်နှာ အမူအရာက ရုတ်ခြည်းပင် ကြည်လင်လေးနက်လာသည်။

'ခင်ဗျားဟာ ကျွန်တော့် မိသားစုအတွက်နဲ့ ဒုက္ခ ရောက်နေခဲ့တယ်၊ ဒါကြောင့် ကျွန်တော် ဂါရဝ ပြုတာကို လက်ခံပါ'

ရွှဲ့ယွင်း ဒူးထောက်ချဟန်ပြင်ပြီး ရှောက်ချူးရှေ့ မလှုပ်ရှားနိုင်သဖြင့် ကပျာကယာပင်....

'စစ်ဗိုလ်လေးရွှဲ့ ဂါရဝမပြုပါနဲ့၊ ကျုပ် လက်မခံနိုင်ဘူး'

'နောင်ကြီး ရှောက်တို့ တစ်မိသားစုလုံးဟာ ကျုပ်တို့အတွက်နဲ့ ဒုက္ခရောက်ခဲ့ရတယ်၊ ကျုပ် အခုလို ဂါရဝပြုရခြင်းဟာ ကျေးဇူးတင်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်'

ယန်ခွမ့်ဟူမှာ အတော်ကလေး အချိန် ယူလိုက်ရ သဖြင့် အတွင်းအားများ စုစည်းလာနိုင်သည်။ လက်ဝါးကို ရင်ဘတ်ရှေ့သို့ ပို့လွှတ်ပြီး လက်လှုပ်ယမ်းလိုက်သည်နှင့် ရွှဲ့မှာ ဒူးမထောက်ချနိုင်တော့။

ယန်ခွမ့်ဟူက....

'ငါ့ရဲ့ ညီမောင်က မင်းကို ဒူးမထောက်စေချင်တော့ ဒီအတိုင်းပဲ နေလိုက်ပေါ့'

ရွှဲ့ယာ့င်းသည် အရိပ်မဲ့ အားလှိုင်းတစ်ခု သူ့ ခန္ဓာကိုယ်အား ဖေးမထားသလို ခံစားလာမိသည်။ ဘယ်လောက်ပင် အားစိုက်စိုက် ဒူးသစ်ကို မကွေးနိုင်ခဲ့။

'ဒါဆို ဆရာကြီးရဲ့လက်ထဲက တစ်မိုးအောက် သူရဲကောင်း အမိန့်ပေး တံဆိပ်ပြားက...'

ယန်ခွမ့်ဟူ စိတ်မရှည်သံဖြင့်....

'ငါ ပြောခဲ့ပြီးပြီမဟုတ်လား၊ ငါဘာမှ မသိဘူးလို့၊ ဒီက ရှောက်ချူးရွှေ လက်ထဲကနေ လုယူခဲ့တာပဲ သိတယ်'

'ဒီအမိန့်ပြားဟာ ဖေဖေကိုယ်တိုင် ဘွားဘွားကို အပ်နှံခဲ့တာပဲ၊ သိုင်းလောက ပုဂ္ဂိုလ်တွေရဲ့ အကူအညီ တောင်းခံဖို့ပဲ ပြောတယ်၊ မသင်မှတ်ဘဲ...'

ရှောက်ချူးရွှေက ကြားဖြတ်ကာ....



'တကယ်တော့ ဒီအမိန့်ပြား မရှိရင်လဲ စစ်သူကြီး ရွှဲ့ရဲ့ ကိစ္စဟာ အားလုံးရဲ့ကိစ္စသာဖြစ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ်အသေခံပြီး ကာကွယ်ပေးရမှာပဲ၊ ဩဇာအာဏာဂိုဏ်းဟာ မယ်တော်ကြီး ရွှဲ့ကို လုပ်ကြံဖို့ မဟုတ်ဘူး၊ အဲဒီတုန်းက ကျုပ်တို့တစ်တွေ မသိကြလို့၊ အဖြူအနက် ဂိုဏ်းနှစ်ခုဟာခိုက်ရန်ဖြစ်ပြီး မိုးဘုရင်ကြီးကျူးကို အသာရသွားစေတယ်၊ ကျုပ်ပန်းချောင်းမားဂိုဏ်းကို ပြန်တဲ့အချိန်မှာ လူတွေပြန့်ကျဲကုန်တယ်၊ မိုးဘုရင်ကြီး ကျူးက ကျုပ်မိဘနှစ်ပါးကို သတ်လိုက်တဲ့ သတင်း ကြားလိုက်ရတယ်၊ နောက်ပြီး မယ်တော်ကြီးရွှဲ့ကို ချုန်ကျန်း ရေတပ်စခန်းဆီ ဖမ်းဆီး ခေါ်သွားတယ်လို့ ကြားလိုက်ရတယ်၊ ဒါကြောင့် ကျုပ်မိခင်ဟာ တစ်မိုးအောက်သူရဲကောင်း တံဆိပ်ပြားကို တစ်နေရာရာမှာ ဝှက်ထားလိုက်တယ်၊ အဲဒါကို တိုက်ရိုက်ဆိုင်ဆိုင်ပဲ ကျုပ်ပြောလိုက်တယ်၊ ပြည်မကြီး သွေးသောက်အစိုပတိ ရွေးချယ် ယှဉ်ပြိုင်ပွဲမှာ ကျူးစွန့်ရွှေဟာ ကျုပ်ဆီက အမိန့်ပေး တံဆိပ်ပြားကို မြင်လိုက်တာနဲ့ အတင်း လုယူတော့တယ်၊ နောက်ဆုံးတော့ ဆရာကြီးယန်က ကြားဖြတ်လုယူသွားနိုင်ခဲ့တယ်'

ရွှဲ့ယာ့င်းတုန်လှုပ်ရပြန်သည်။

'ဆရာကြီးက ယန်အမျိုး ဟုတ်လား'

ယန်ခွမ့်ဟူ အေးဆေးတည်ငြိမ်စွာပင်....

'ဟုတ်ပါတယ်၊ ငါဟာ ယန်ခွမ့်ဟူပဲ'

'သြော်....ဆရာကြီး ယန်ကိုး၊ ဖေဖေ ဆရာကြီးရဲ့ နာမည်ကို အမြဲတမ်း ပြောတတ်ပါတယ်၊ သိုင်းလောကရဲ့ လူစွမ်း

ကောင်းတစ်ယောက်၊ အလုပ်တစ်ခုကို 'လုပ်ရင် ပြတ်ပြတ်သားသား လုပ်တယ်၊ လောကကြီးရဲ့ စည်းစိမ် အာဏာကို မမက်မောဘူးတဲ့'

ယန်ခွမ့်ဟူ မျက်လုံးအစုံ အရောင်တောက်လက်သွား၏။

'ကျုပ် အကြောင်းကို မင်းဖေဖေက ပြောတယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ ဆရာကြီးယန်ရဲ့ သိုင်းပညာဟာ သိပ်ကို အဆင့်မြင့်တယ်၊ သိုင်းလောကမှာ ပြိုင်စံရှားလောက်တယ်၊ ဒါပေမယ့်တဲ့....'

'ဒါပေမယ့် ဘာဖြစ်လဲ'

'ဒါပေမယ့် ဟော့ဟော့ရမ်းရမ်း ပြုမူခဲ့ဘယ်၊ စိတ်ထဲမှာ မှပါပေမယ့် လုပ်မိခဲ့တယ်၊ ဒါကြောင့် လူတွေ အပေါ်မှာ ကောင်းကျိုးပြုတာနည်းပြီး ဒုက္ခပေးခဲ့တာ များခဲ့တာတော့ မကောင်းလှဘူးတဲ့'

ယန်ခွမ့်ဟူ ခေါင်းမှာ အောက်သို့ စိုက်ကျ သွားလေ တော့သည်။

'မောင်ရင်လေးပြောတာ မှန်ပါတယ်'

ပြောပြီးသည်နှင့် ရုတ်တရက် ခေါင်းမော့လိုက်သည်။

'ကျုပ်မှာ နောက်ထပ် လုပ်စရာ အလုပ်နှစ်ခုရှိသေးတယ်၊ အဲဒီနှစ်ခုလုပ်ပြီးတာနဲ့ သိုင်းလောကရဲ့ အရေးကိစ္စကို ဂရုမစိုက်တော့ဘဲ ဇာတ်မြုပ်နေလိုက်မယ်၊ အခုကိစ္စက ပထမတစ်ခုပဲ'

ရှဲ့ယွင်း ငြိမ်နားထောင်နေ၏။ ယန်ခွမ့်ဟူက အမိန့်ပြားကို မြှောက်ပြလိုက်ပြန်ကာ....



'မင်းဖေဖေထုတ်ထားတဲ့ အမိန့်ပြားကို အသုံးပြုပြီး မင်းဖေဖေကို နောက်ပြန်လှည့်အောင် လုပ်ရလိမ့်မယ်၊ စစ်သူကြီးရှဲ့ကို ဒီအတိုင်း ပြန်သွားပြီး အသေခံလို့ မဖြစ်ဘူး'

ရှဲ့ယွင်း သက်ပြင်းချလိုက်သည်။

'ဆရာကြီးယန်ရဲ့ စေတနာကို ကျွန်တော် လက်ခံပါတယ်၊ ဒါပေမယ့် တစ်မိုးအောက် သူ့ရဲကောင်း အမိန့်ပြားနဲ့ ဖေဖေကို အတင်းအဓမ္မလုပ်ဖို့ မသင့်တော်ပါဘူး၊ ဒီလိုလုပ်ပါလား၊ ဆရာကြီးရဲ့ အမိန့်ပြားကို အရင်သိမ်းထားလိုက်စမ်းပါ၊ ဖေဖေ့ကို ကျွန်တော် ဖျောင်းဖျကြည့်ချင်ပါသေးတယ်၊ မဖြစ်နိုင်တော့မှ ဆရာကြီးယန်ရဲ့ အမိန့်အတိုင်းလုပ်ရင် မကောင်းဘူးလား'

ယန်ခွမ့်ဟူ ဆုံးဖြတ်ချက်ချရခက်နေသည်။

'ဖေဖေဟာ ဒီအမိန့်ပြားကို ထုတ်ရတာဟာ သိုင်းလောကပုဂ္ဂိုလ်တွေရဲ့ အကူအညီလိုချင်လို့ပါ၊ သူ့အမိန့်ပြားနဲ့ သူ့ကို အကျပ်ကိုင်တာကတော့ မကောင်းလှပါဘူး'

ရှောက်ချူးရွှေကလည်း ကြားဝင်၍....

'ဆရာကြီးယန်၊ တဏှယ်လို့ စစ်ဗိုလ်လေးရှဲ့က ဖျောင်းဖျစကားဆိုရင် အကျိုးရှိကောင်း ရှိလာနိုင်ပါတယ်၊ ဒါကြောင့် စဉ်းစဉ်းစားစား လုပ်စေချင်ပါတယ်'

ယန်ခွမ့်ဟူ ခပ်နွမ်းနွမ်းကလေး ပြုံးလိုက်၏။

'စဉ်းစားစရာ မလိုပါဘူး၊ ကျုပ်က ဟော့ဟော့ရမ်းရမ်း လုပ်တတ်ပေမယ့် စစ်သူကြီးရှဲ့ကိုတော့ အကျပ်မကိုင်ရဲပါဘူး၊ ဒီတော့ ကျုပ်တို့တစ်တွေ ဘုရားကျောင်းထဲ ဝင်ပုန်းနေမယ်၊

တကယ်လို့ မင်းက ဖျောင်းဖျနိုင်ရင်တော့ တို့တစ်တွေ အမြဲ အနေကြည့်ပြီး လုပ်ကြမှာပေါ့’

ရွှဲ့ယွင်း လက်သီးနှစ်ဖက်ဆုပ် ဂါရဝပြုလိုက်၏။

‘ဆရာကြီးရဲ့ စေတနာကို ကျွန်တော် တစ်သက်မမေ့ပါဘူး’

ထို့နောက် ရှောက်ချူးရွှေဘက်သို့ လှည့်ကာ....

‘ဒီတစ်ခေါက် ကျုပ်တို့ နန်းတော်ထဲ ပြန်မပြန် သိသလို သောမလား၊ ရှင်မလားလဲ မပြောတတ်၊ ဒါပေမယ့် နောင်ကြီး ရှောက်ရဲ့ စေတနာကို ကျုပ်တို့ ရွှဲ့မိသားစုက ကျေးဇူး အထူးတင်တဲ့အကြောင်း ပြောလိုပါတယ်၊ နောင်တစ်ခါ ကျူးကျော်သူတွေကို အချိန်ကုန်ခံ လူအပင်ပန်းခံပြီး ဝိုင်းဝန်း တိုက်ခိုက်ပေးတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်’

‘စစ်ဗိုလ်လေး ရွှဲ့ယာ နိုင်ငံအတွက် တိုက်ပွဲဝင်နေခဲ့သူဖြစ် တယ်၊ ပြောစရာရှိရင် ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောပြနိုင်ပါ တယ်၊ အားနာစရာ မလိုပါဘူး’

ရွှဲ့ယွင်း သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

‘ကျုပ်မှာ သားတစ်ယောက်ရှိတယ်၊ ရွှဲ့ယီလို့ခေါ် တယ်၊ သားလေးတစ်ခု ဖြစ်သွားမှာကို သိပ်စိုးရိမ်မိတယ်၊ အခုအချိန်မှာ သူ ငှမ်းမြို့မှာ ရှိနေပါတယ်၊ နောင်ကြီး ရှောက်အနေနဲ့ တကယ်လို့ ကျုပ်တို့ ကံကြမ္မာဆိုးခဲ့ရင် သားကလေးဆီကိုသွားပြီး စကားတစ်ခွန်းလောက်ပြောပေးပါ’

‘ပြောပါ၊ ကျုပ် ဘာပြောပေးရမလဲ’

‘အသက်ကြီး တဲ့သူကို ရိုသေလေးစား ဖေးမကူညီပေးပါ၊ တိုင်းပြည်ကိုချစ်မြတ်နိုးပါ၊ အစာတော်ခံပြီး သောချင်သေပါစေ၊



ဘုရင့်အမှုတော်ကိုတော့ ဘယ်တော့မှ မထမ်းရွက်ပါနဲ့လို့ ကျုပ်ကမှာတဲ့အကြောင်း ပြောပေးပါ’

‘ကောင်းပါပြီ၊ ကျုပ်မှတ်ထားပါ့မယ်’

ထိုအချိန်တွင် လေပွေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာ၏။ မြက်ရိုင်းပင်များ တရှဲရှဲ အော်မြည်သွား၏။

‘ဖေဖေရေ ကယ်ပြီထင်တယ်’

ရွှဲ့ယွင်းက ပြောလိုက်သည်နှင့် ယန်ခွမ့်ဟူမှာ အိုးခနဲ အာမေဋိတ်သံတစ်ချက် ထွက်သွားသည်။ ရုတ်ခြည်းပင် လေထဲ တွင် လက်ညှိုးနှစ်ချောင်း ထောက်ထုတ်လိုက်ရာ ရှောက်ချူး ရွှေ၏ ခြေထောက်ပေါ်မှ သွေးကြောကို ပွင့်သွားစေ၏။ ရှောက်ချူးရွှေ ခုန်လိုက်သည်။

ယန်ခွမ့်ဟူက အလျှင်အမြန်ပင်....

‘ငါ့ကို မြန်မြန်ကျောပိုးစမ်း’

ရှောက်ချူးရွှေ အနားသို့ လျှောက်သွားသည်။ လက်မှလှုပ် ရှားနိုင်သဖြင့် မှမယူနိုင်။ ယန်ခွမ့်ဟူမှာ ခြေထောက်ကို အသုံး မပြုနိုင်သော်လည်း မြေကြီးပေါ်သို့ လက်ထောက်လိုက်သည် နှင့် ရှောက်ချူးရွှေ ကျောပေါ်သို့ ရိပ်ခနဲ ရောက်သွားသည်။

‘သူတို့သားအဖ လွတ်လွတ်လပ်လပ် ပြောပါစေ၊ တို့တစ်တွေ အရင်သွားကြစို့၊ မြန်မြန်လုပ်’

ရှောက်ချူးရွှေ ဘာမျှမပြော။ ယန်ခွမ့်ဟူကို ကျောပိုးပြီး ဘုရားကျောင်းပျက်အတွင်းသို့ ဝင်ရောက်သွားတော့သည်။

* * *

ကျောင်းပျက်အတွင်းသို့ ရောက်လျှင် ရှောက်ချူးရွှေ သက်ပြင်းတစ်ချက်ချလိုက်သည်။ ယန်ခွမ့်ဟူက ရှောက်ချူးရွှေ ကျောပေါ်မှနေလျက်....

'မင်းက ဘာလို့ သက်ပြင်းချနေရတာလဲ၊ ဘာလဲ မင်း လက်နှစ်ဘက်ပေါ်က သွေးကြောကို ဖြေမပေးလို့လား'

'ဟုတ်ပါတယ်၊ ကျွန်တော် အခုဆိုရင် ဆရာကြီးရဲ့ တောင်း ဆိုချက်သုံးခုကို လက်ခံလိုက်ပြီပဲ၊ ကျွန်တော့်ကို လွှတ်ပေး တောင်မှ ထွက်ပြေးမသွားတော့ပါဘူး'

ယန်ခွမ့်ဟူ ရယ်မောလိုက်၏။

'မင်းစိတ်ခေတ်ကို ငါသိပါတယ်၊ ပြောတဲ့အတိုင်းလုပ်တတ် တဲ့ယောကျ်ားကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာလဲ ငါသိ တယ်၊ မင်းရဲ့သွေးကြောက်ကွက်ကို ဖြေမပေးတာက မင်းထွက် ပြေးသွားမှာ ကြောက်လို့ မဟုတ်ဘူး၊ အပြင်ထွက်ပြီး ကြား ဝင်စွက်ဖက်မှာစိုးလို့'

ထိုအချိန်တွင် မြင်းခွာသံများ ထွက်ပေါ်လာ၏။ ယန်ခွမ့်ဟူ အဲတော်ကလေး စိတ်ခေတ်တက်ကြွလာ၏။

'ရွှဲ့ဖေးရောက်လာပြီ'

ယန်ခွမ့်ဟူ ပြောရင်းမှ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက် သည်။

အပြင်ဘက်တွင် မီးတုတ်မီးစီးများဖြင့် လင်းထိန်နေသည်။ လရောင်သည်ပင် မှိန်သွားသလို ထင်ရ၏။ ရွှဲ့ယွင်းသည် လူတစ်ယောက်ကို တရိုတသေ အလေးပြုနေ၏။ ထိုသူသည်



ရွှဲ့ယွင်းနှင့် စကားသုံးလေးခွန်းပြောပြီးလျှင် ဘုရားကျောင်း ပျက်ဘက်သို့ လျှောက်လာသည်။

ယန်ခွမ့်ဟူနှင့် ရှောက်ချူးရွှေတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ယန်ခွမ့်ဟူမှာ လူစွမ်းကောင်းတစ်ယောက် အရာရာတွင် သတ္တိ ရှိရှိရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲသူတစ်ယောက်ဖြစ်သော်လည်း ယခုအချိန် တွင် ရင်တဒိတ်ဒိတ် ခုန်လာသည်။

'စစ်သူကြီးရွှဲ့ကို ဒီအချိန်မှာ တွေ့လို့ မကောင်းဘူး'

ရှောက်ချူးရွှေသည်လည်း ဘာကြောင့်ရယ်မသိ၊ သူအလွန် တွေ့ချင်သော လူတစ်ယောက် ရောက်လာသဖြင့် ရင်ထဲအကြီး အကျယ် လှုပ်ရှားလာသည်။

'ဟုတ်တယ်၊ တွေ့လို့ မကောင်းဘူး'

ရှောက်ချူးရွှေ ခေါင်းကိုင်း ညွှတ်လိုက်သည်။ ယန်ခွမ့်ဟူက ရှောက်ချူးရွှေ၏ လက်မောင်းကို ဆုပ်ကိုင်ပြီး ကျောပေါ်သို့ ခုန်တက်လိုက်သည်။

ရှောက်ချူးရွှေနှင့် ယန်ခွမ့်ဟူတို့မှာ အတန် ကြာသည်အထိ စကား မပြောဖြစ်ကြဘဲ နှုတ်ဆိတ်နေ၏။

မီးရောင်များက တဖြည်းဖြည်း လင်းလက်လာသည်။ ရွှဲ့ဖေး တို့လူသိုက် ဘုရားကျောင်း တံခါးဝသို့ ရောက်လာ ကြပြီကို သိလိုက်ကြသည်။

'ဆရာကြီး....'

ရှောက်ချူးရွှေက ရုတ်တရက် ပြောလာ၏။ ယန်ခွမ့်ဟူအ စိတ်မပါတပါဖြင့် အင်းဟု တီးတိုးထူးလိုက်သည်။ ထိုအချိန်တွင်

လူသံနှင့်မြင်းခွာသံတို့ တံခါးဝဆီသို့ တဖြည်းဖြည်း နီးကပ်လာသည်။ ရှောက်ချူးရှေ့က တီးတိုးသေသံဖြင့်....

'ဆရာကြီးယန်ကို ဒီလိုလူစားမျိုး ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် လုံးဝ မထင်ခဲ့မိဘူး'

ယန်ခွမ့်ဟူ သဲသဲကွဲကွဲ မကြားလိုက်သဖြင့်....

'ဘာကို ပြောတာလဲ'

'ဆရာကြီးယန်က ကျွန်တော့်ကို ဘယ်နေရာတွေ လျှောက်ခေါ်သွားမလဲလို့ အစပိုင်းက လျှောက်တွေးနေမိခဲ့တယ်၊ သိုင်းလောကသားတွေက ဆရာကြီးကို ဟော့ဒဟော့ချမ်းရမ်း လုပ်တတ်တဲ့ အကျင့်ကိုပဲ ပြောနေကြတယ်၊ အခုတော့ ဆရာကြီးက နိုင်ငံအပေါ် ချစ်မြတ်နိုးတဲ့ မျိုးချစ် ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်နေတာကိုး'

ရှောက်ချူးရှေ့၏ စကားအဆုံးတွင် တစ်စုံတစ်ယောက်က တံခါးတွန်းဖွင့်လိုက်သဖြင့် ကျွီခနဲ အသံထွက်လာ၏။ ယမ့်ခွမ်ဟူ ချင်ထဲ အလွန်ပင် လှုပ်ရှားသွား၏။

'စကားမပြောနဲ့၊ သူတို့လာကြပြီ'

ရှောက်ချူးရှေ့ နှုတ်ဆိတ်သွား၏။

မီးအလင်းတန်းတစ်ခုက ဘုရားကျောင်းဆောင်ထဲသို့ လင်းခနဲ တိုးဝင်လာသည်။ တစ်ဆက်တည်းပင် စစ်ဝတ်စစ်စားနှင့် လူတစ်ယောက်ကို မြင်လိုက်ရသည်။ ထိုသူ၏ ဦးထုပ်ကားကြေးဝါရောင် ပြောင်လက်နေသည်။ စစ်ဝတ်စစ်စား ဝတ်ဆင်ထားသော်လည်း အတော့်ကို တည်ကြည်ဖြောင့်မတ်မည့်အမူအရာ ရှိနေသည်။



ထိုသူ၏ နောက်ဘက်တွင် ရပ်နေသူကား ရှဲ့ယွင်း ဖြစ်သည်။

သို့သော် ရှေ့မှ လူ၏ အမူအရာက ရှဲ့ယွင်းလိုလူမျိုး မဟုတ်ဘဲ စိတ်ထဲတွင် ဟန်မာန်အပြည့် ရှိသူတစ်ယောက် ဖြစ်ကြောင်း ရှောက်ချူးရှေ့တို့ ခံစားမိသည်။ ထိုလူသည် လူနှစ်ယောက်၏ အလယ်တွင် ရပ်နေ၏။ ဘယ်ဘက်တွင် ရှဲ့ယွင်းဖြစ်ပြီး ညာဘက်တွင် ဘုရင့်စစ်ဗိုလ် အဝတ်အစား ဝတ်ဆင်ထား၏။ သူ့ခေါင်းပေါ်တွင် စစ်ဦးထုပ်ကြီး ဆောင်းထားသဖြင့် မျက်နှာကို ကောင်းစွာ မမြင်ရသော်လည်း မုတ်ဆိတ်ပါးမြိုင်းမွေးများကိုကား ထူထပ်စွာ တွေ့ရ၏။

အလယ်မှလူသည် ဘုရားကျောင်းခန်း အတွင်းထဲသို့ လှမ်းဝင်လိုက်သည်။ ကျောင်းဆောင်ထဲသို့ ဝင်လိုက်သည်နှင့် တရိုတသေပင် ဘုရားဆင်းတုတော်ကို ဦးသုံးကြိမ် ကန်တော့ လိုက်သည်။

'အရှင်ဘုရား.... အရှင်ဘုရားဟာ သစ္စာစောင့်သိတဲ့ တရားလက်ကိုင်ထားတဲ့ သူကို အစဉ်အမြဲ စောင်မ, ကြည့်ရှုခဲ့တယ်၊ တပည့်တော်တို့ ကိုးကွယ်ရာလဲ ဖြစ်ပါတယ်၊ ဒါပေမယ့် ဒီနှစ်များအတွင်းမှာ တိုက်ပွဲထဲမှာသာ အာရုံရောက်နေရတဲ့ အတွက် ဘုရားကျောင်းကို ပြုပြင်ဖို့ သတိလစ်ဟင်း ခဲ့ရပါတယ်၊ တစ်နေ့တိုင်းပြည် အေးငြိမ်းသာယာတဲ့အခါ ကောင်းကောင်း မွန်မွန် ပြန်လည်ပြုပြင်ပေးပါ့မယ်၊ သားလေးယွင် ဒီကိစ္စကို သေသေချာချာ မှတ်ထားလိုက်'

ထိုသူစာ ဘုရားရှင်ထံ တိုင်တည်ရင်းမှ ရွှဲ့ယဉ်း ဘက်သို့ လှည့်ကာပြောသည်။ ရွှဲ့ယဉ်းစာ တရှိုက်သေပင်....

'ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်'

ရှောက်ချိုးရွှေနှင့် ယန်ခွမ့်ဟူတို့နှစ်ယောက် စိတ်ထဲတွင် ပြိုင်တူပင် တုန်လှုပ်သွားကြသည်။ ထိုသူ၏ မျက်နှာ၊ အမူအရာ၊ ရုပ်ရည်တို့ကိုမတွေ့ရသေးသော်လည်း ထိုသူ မည်သူမည်ဝါဖြစ်သည်ကို သိလိုက်ကြ၏။

ထိုသူစာ စစ်သူကြီးရွှဲ့ဖေး ဖြစ်နေလေသတည်း။

ရှောက်ချိုးရွှေနှင့် ယန်ခွမ့်ဟူတို့နှစ်ယောက်မှာ ရွှဲ့ဖေးနှင့် ရွှဲ့ယဉ်းတို့ ပြောဆိုလာသည့် စကားများကိုသာ ရင်တထိတ်ထိတ်ဖြင့် နားစွင့်ထောင်နေမိကြတော့သည်။

ပြီး၏။

စာစဉ်(၁၁)ကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်ဝင်းကြွယ်

စာပေ

ကာတွန်း၊ မဂ္ဂဇင်း ရောင်း